www.burmeseclassic.com



www.burmeseclassic.com

ညီညီနိုင်ဟာ ဒီစာအုပ် (ဇော) ကို လွန်ခဲ့တဲ့ ၃၄ နှစ်၊ ၁၉၇၃–ခုနှစ်၊ ဇူလိုင်လအတွင်းက ပထမအကြိမ်အဖြစ် အုပ်ရေ (၂၀၀၀) ထုတ်ဝေခဲ့ပါတယ်။

ညီညီနိုင်ရဲ့စတုတ္ထမြောက်လက်ရာလို့ ဆိုရမှာပါ။ ဇောကို ပရိသတ်က နှစ်ထောင်းအားရစွာ ကြိုဆိုလက်ခံခဲ့ကြပါတယ်။ ညီညီနိုင်အဖြစ် ကျော်ကြားအောင်ဖန်တီးပေးခဲ့တယ်လို့ ပြောနိုင်ပါတယ်။

ဇောရဲ့ အောင်မြင်မှုတွေအဖြစ် ဗီဒီယိုခေတ်ဦးမှာ အကယ်ဒမီကျော်ဟိန်းက မျက်စိမှိတ်ပြီးလမ်းလျှောက်ကြည့်ပါ ဆိုတဲ့ အမည်နဲ့ ဗီဒီယိုရုပ်ရှင်ရိုက်ကူးအသက်သွင်းခဲ့ပါတယ်။ (မျက်စိဖွင့်ပြီးအိပ်ကြည့်ပါဆိုတဲ့ သီချင်းထက်စောပြီး တွင်ခဲ့တဲ့နာမည်ဖြစ်ပါတယ်...)

၁၉၈၁ ခုနှစ်မှာ အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ ပန်းချီလေးဝင်း၊ အကယ်ဒမီမြင့်မြင့်ခိုင်၊ ဓနုဖြူကြည်ကြည်သိန်းတို့ ပါဝင်သရုပ်ဆောင်တဲ့ တက်ဆက်ဇာတ်လမ်းအဖြစ်လည်း ထုတ်လွှင့်ခဲ့ပါသေးတယ်။

စင်စစ်အားဖြင့် ဇောဟာ **Frantic** ဆိုတဲ့ ပြင်သစ်ဝတ္ထု(အင်္ဂလိပ်ဘာသာ)ကို ညီညီနိုင်က မှီးထားခဲ့တာဖြစ်ပြီး သူတို့ဆီမှာလည်း လူကြိုက်များတဲ့ ဟောလီးဝုဒ်ရုပ်ရှင်ကားဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတော့. . . . ဇော ဘာကြောင့် လူကြိုက်များပြီး နာမည်ကြီးရပါသလဲ၊ စာဖတ်သူကိုယ်တိုင် ဇောရဲ့ ပြန်လည်ဆန်းသစ်မှုကို ရင်ခုန်ခံစားကြည့်ရအောင်...




www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူများအတွက်
ကျွန်တော်တို့ အကောင်းဆုံးကြိုးစားနေပါတယ်။
*We are trying our best for our readers.*

Dynasty
Books
No. 188, 38th Street, Kyauktada Township,
Yangon, Myanmar. phone 951 - 384219

www.burmeseclassic.com

www.burmeseclassic.com

လူသည် 'ဇော'၏ သားကောင်ဖြစ်၏။
**ကျွန်ုပ်သည်လည်း 'ဇော'၏ သားကောင်းဖြစ်ခဲ့ပါ၏။**

# သင်ကော . . .

ဇော၏ သားကောင်းပေပဲလား . . .

www.burmeseclassic.com

www.burmeseclassic.com

ှုခွင့်ပြုချက်အမှတ် ၅၀၀၁၈၉၀၂၀၈
ာ်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၇၄၀၃၀၈
ိပ်ခြင်း ပထမအကြိမ်၊ ဇူလိုင်လ၊ ၁၉၇၃ ခုနှစ်။
ဒုတိယအကြိမ်၊ ဇူလိုင်[illegible] ၂၀၀၈ ခုနှစ်။
ိရေ ၁၀၀၀
ာ်နှာဖုံးဖန်းတီးမှု ကျော်စေ
ွင်းဖွဲ့စည်းမှု Dynasty Media House
ုတ်ဝေသူ ဦးဝင်းချို၊ ရွှေဝံစာပေတိုက်၊
အမှတ် ၂၁၂၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ိပ်သူ ဒေါ်ချိုချိုအေး၊ ရွှေဝံပုံနှိပ်တိုက်၊
အမှတ် ၃၃၊ ၅၄-လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ုပ်ချုပ် ဝင်းပပ စာအုပ်ချုပ်လုပ်ငန်း။
အမှတ် ၁၉၅၊ ဗိုလ်တစ်ထောင်ဈေးလမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
ျိရေး မိုးကျော်သူစာပေ
အမှတ် ၁၈၈၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၄၂၁၉။
က်မြန်မာပြည် ဖြန့်ချိရေး ထွန်းဦးစာပေ နှင့် နဂါးစာပေ
ိုး ၁၅၀၀-ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁ |

ပတ်ဝန်းကျင်တစ်ခုလုံး ....

အကြွင်းမဲ့ တိတ်ဆိတ်ခြင်းဖြင့် ...

ပကတိငြိမ်သက်လျက်ရှိပါ၏။ ။

တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်အလည်မှ သူဇာနွယ်သည် မျက်နှာချင်းဆိုင် ရှေ့မှောက် စားပွဲကြီးနောက်က ကိုဝင်းလတ်အား အံ့သြတကြီး ငေးကြည့်နေမိ၏။

သူဇာနွယ် မြင်ရသည့် ကိုဝင်းလတ်ကား ဆံ့လည်ကုလားထိုင်နောက်မှီထက် ခေါင်းမော့ ဇက်တက်လျက် ပြုံးကြောင်ကြောင်ကြီးဖြစ်နေ၏။

အမှတ်တမဲ့ဆိုလျှင် ကိုဝင်းလတ်က သူဇာနွယ်အား လှမ်းကြည့်နေသယောင် ယောင်နှင့်၊ တကယ့်တကယ်တော့ သူ့မျက်လုံးတွေက ဘယ်သူ့ကိုမှ မမြင်နိုင်တော့ သလို ... မျက်လုံးအကြည့်နှင့် အသိအာရုံမှာ အဆက်ပြတ်နေပုံရပါသည်။

မှန်သည်။ ကိုဝင်းလတ်၏ မျက်လုံးအစုံသည် အနာဂတ်ကာလဆီသို့ နက်ရှိုင်း စွာ ဖောက်ဝင်ကာ တစ်စုံတစ်ရာကို လိုက်လံရှာဖွေနေဟန်ရှိသည်။

ထို့အတူ ... မေးဖျားအောက်ဆွဲပြီး အံကို တင်းထားသည်။ ကိုဝင်းလတ် တစ်ယောက် အတွေးရေယာဉ်ကြောတွင် နစ်မျောနေခြင်းပဲ ဖြစ်တော့သည်။

ထို့ကြောင့်လည်း သူဇာနွယ်ခမျာ ဒူးတစ်ဖက်ထောင်၍ ပေါင်ပေါ်တင်ထား သော မှတ်စုစာအုပ်ကလေးကို လက်တစ်ဖက်က ထိန်းကိုင်လျက်။ ညာလက်က ခဲတန်လေးတကြွကြွနှင့် ဆ,ကာစားရင်း ကိုဝင်းလတ်ကို စောင့်နေရှာ၏။ တစ်နည်း

www.burmeseclassic.com


အားဖြင့် ... ကိုဝင်းလတ်ပါးစပ်က ပြောလာသမျှ လက်ရေးတို လိုက်မှတ်ရန် အသင့်ရှိနေခဲ့ပါသည်။

သို့ပေမယ့် ... ကိုဝင်းလတ်ထံမှ စကားသံက တော်တော်ကြာသည်အထိ ပေါ်မလာ။

ကိုဝင်းလတ်က သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်၏။ သူ့လှုပ်ရှားမှုမှာ သံပတ်ရုပ်ဆန်လှသည်။ လက်ပတ်နာရီကို ဆယ်ကြိမ်မြောက် ကြည့်ခြင်းပါကလား ဟု သူဇာနွယ်ကတော့ မှတ်မှတ်ရရ တွက်သိခဲ့ပါသည်။

သည်တော့ ... ကိုဝင်းလတ် အတွေးလွှန်နေရုံမက စိတ်စော၍ ဇောကပ်နေကြောင်း ထင်ရှားသည်။ သို့မို့ပင် ... သူ့ကို ရှိတယ်လို့မှ မထင်နိုင် မမြင်နိုင်၊ ဂရုမစိုက်နိုင်တော့အောင် ဖြစ်နေပုံရသည်။

သူ ဘာတွေ တွေးပြီး သတိလက်လွှတ် ဖြစ်နေရပါလိမ့် ...။ သူဇာနွယ် စဉ်းစားသည်။ ငါ့အကြောင်းတွေများလား။ သူဇာနွယ် ခန့်မှန်းသည်။ အို ... သူ ငါ့ကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ သူ့မှာ မယားကြီးတစ်ယောက်လုံး ရှိနေသားနဲ့။ ပြီးတော့ သူ့မိန်းမကို သူသိပ်ချစ်တာ ...။ တကယ်လို့ သူငါ့အပေါ် စိတ်ဝင်စားတယ်ဆိုရင်လဲ အပျော်တမ်းသဘောနဲ့ ကြောရရုံလောက်ရှိမှာပါ။

သူဇာနွယ် ရင်ဖိုလာသည်။ ရုံးခန်းတစ်ခုလုံး ငါနဲ့သူနဲ့ နှစ်ယောက်ထဲရယ်။
အချိန်ကလဲ နေဝင်လို့ မိုးချုပ်တော့မယ်။

နေရာကလဲ ငါးထပ်တိုက်ကြီးရဲ့ စတုတ္ထအထပ်။

ဒီအချိန် ဒီနေရာ ပန်းဆိုးတန်းအောက်ပိုင်းဆိုတာမှာ လူသွားလူလာကျဲနေပြီ။

ယောကျ်ားဆို ဘယ်ယောကျ်ား စိတ်ချရလို့တုန်း။ ရှာန်ရတဲ့ ရသေ့တောင် ကြိုက်လောက်တဲ့မိန်းမမြင်တော့ မိုးပေါ်က မြေကြီး ဂွမ်းထိုးပြီး ဆင်းသေးတာပဲ။ အထူးသဖြင့် ကိုဝင်းလတ်ဟာ သူသိပ်ချစ်ပါတယ်ဆိုတဲ့ မယားကြီးနောက်ကွယ် ကျရင် မြာပွေတယ်လို့ နာမည်ကြီးချင်ချင်ရယ်။ ဒီတော့ သူ ငါ့ကို အိုဗာတိုင် ဆင်းခိုင်းခဲ့တဲ့ အစီပွာယ်က ဟိုလို ဒီလို အကြံနဲ့များလား။

သူဇာနွယ် အတွေးသံသယပွားမည်ဆိုလည်း ပွားလောက်ပါပေသည်။ ညနေ ၄–နာရီ ရုံးဆင်းချိန်ကတည်းက အလုပ်အရေးကြီးသည်ဆိုကာ ပြန်မလွှတ်ခဲ့သည်မှာ ယခုဆို ၅–နာရီကျော်ချေပြီ။ အလုပ်ဆို၍ စာလေးတစ်စောင် ရေးနေရသည်။

တော်တော်နှင့်မပြီးသေး ...။

သူဇာနွယ့်တာဝန်ကိုက လက်ရေးတိုလက်နှိပ်စက် စာရေးမလေးဖြစ်လေတော့ ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်သူ မငြိုငြင်ရလေအောင် သည်းခံကြိုးစားနေရပါသည်။

၁၉၆၀–ခုနှစ် ပတ်ဝန်းကျင်၊ ကုမ္ပဏီခေတ် လိုင်စင်ခေတ်ဖြစ်နေသည့်အချက်

www.burmeseclassic.com

www.burmeseclassic.com



ကို သွားစဉ်းစားမိရာမှ သူဇာနွယ့်အဖို့က အနည်းငယ် စိတ်ဖြေသာရာ ရခဲ့မိသည်။

ထိုခေတ်အခါကာလက ကုမ္ပဏီတွေမှာ သူ့ထက်ငါသာအောင် အပြိုင်အဆိုင် ကြိုးစားအားထုတ်နေကြသလို၊ အမှုထမ်းတွေမှာလည်း နေ့မအား ညမအား အလုပ်လုပ်ကြရသည်။

သည်တော့ … ကိုဝင်းလတ်အနေနှင့် သဘောရိုးဖြင့် သူ့ကိုခေါ်ထားခြင်းလည်း ဖြစ်နိုင်သည်။

ပြီး … ကိုဝင်းလတ်သည် အလုပ်တစ်ခုကို သေသေသပ်သပ် ဂရုတစိုက်လုပ် တတ်သလို၊ အခုလို စာရေးရာတွင်လည်း စိတ်တိုင်းကျရေးရန် အချိန်ယူတွေးတော နေခြင်း ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ … သူဇာနွယ်ကတော့ ကိုဝင်းလတ်ကို အလစ်မပေးဘဲ အကဲခတ်ကြည့်နေမိခဲ့သည်။

ကိုဝင်းလတ်အဖို့မူ သူဇာနွယ့်အကြည့်ကို သတိမပြုမိဟန် ရှိနေဆဲဆဲဖြစ်ပါ၏၊ တစ်လောကလုံး သူတစ်ယောက်ထဲရှိတယ်လို့များ ထင်နေရော့သလားမသိ၊ ကမ်းနားလေ နုနုအေးလေး တွေးခတ်လာသည့်တိုင်အောင် ကိုဝင်းလတ်ထား ကျောက်ရုပ်။

ထိုအတောအတွင်း … စူးစူးဝါးဝါးနိုင်လှသော တယ်လီဖုန်းခေါ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။ သူတို့နှစ်ယောက်စလုံး အလန့်တကြားနှင့်ပြိုင်ရ ရပ်ထ,လိုက်ကြသည်။

သို့ပေမယ့် … ကိုဝင်းလတ်က တယ်လီဖုန်းကို လှမ်းယူရမည့်အစား သူဇာနွယ်၏ ကုလားဆင်မျက်နှာလေးကိုသာ စိုက်ကြည့်နေလိုက်သည်၊

သူဇာနွယ်လည်း ယောင်ယောင်ကန်းကန်းနှင့် ဘာလုပ်ရမှန်းမသိဖြစ်နေ၏ တယ်လီဖုန်းကတော့ အဆက်မပြတ် အော်နေပေပြီ။

"ဘယ်သူများပါလိမ့်ကွာ … ကိုင်ကြည့်လိုက်စမ်းပါအုံး မိသူဇာရာ"

ကိုဝင်းလတ်က သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း အမိန့်ပေးလို သည့်အဆုံး၊ သူဇာနွယ်လည်း လေးကန်သော လက်လှမ်းဖြင့် တယ်လီဖုန်းခွက်ကို ကောက်ယူလိုက်ရတော့သည်။

"ဝင်းလတ် အထွေထွေရောင်းဝယ်ရေးကုမ္ပဏီက ပြောနေပါတယ်ရှင် … ဦးဝင်းလတ်၊ ဟုတ်ကဲ့ … ခဏလောက် ကိုင်ထားပါအုံးရှင် … သူ့ကို ကျွန်မ ကြည့်လိုက်ပါအုံးမယ်"

သို့ကလို အမေးအဖြေစကားတွေ ပြောလိုက်ပြီးနောက်၊ သူဇာနွယ်က စကား ပြောခွက်ကို လက်ဝါးနှင့်အုပ်ကာ … ကိုဝင်းလတ်ကိုလှမ်း၍ နှုတ်ခမ်းလှုပ် ကလေး …

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့မိန်းမ ... မမမွေးတဲ့ ဆရာ ..."

သည်တော့မှ ကိုဝင်းလတ်က ပြေးလုလုဆဲဆဲမှ ကိုယ်ရှိန်သပ်၊ ခြေလှမ်း ရှုတ်ပြီး သူဇာနွယ်လက်ထဲရှိ ဖုန်းခွက်ကို လက်ဆင့်ကမ်းယူလိုက်သည်။

"ဟလို ... ကိုကို ပြောနေတယ်လေ မွေး ... မွေး ဘာကိစ္စရှိလို့လဲ ...၊ အိုင်း ... သိပ်ကောင်းပေါ့၊ ဝက်သားနီချက်ဆိုတော့ ... ညစာ မြိန်မှာပဲ၊ ဒါပေမဲ့ မစားရသေးဘူး ... ဘာဖြစ်လို့ ... ဪ ... မွေးကို ရုပ်ရှင်လိုက်ပြရ ဦးမယ်၊ ~ ဟုတ်လား ... ခက်ပါဘိတော့ မွေးရယ်၊ ကိုကို့မှာ အလုပ်တွေ သိပ်အရေးကြီးနေတယ်လို့ ပြောထားသားနဲ့ ... ကိုကို မအားဘူးကွ၊ သိပ်လဲ ပင်ပန်းနေတယ်၊ နောက် အေးအေးဆေးဆေးမှ သွားပါလားကွာ၊ အချိန်တွေ အများကြီးရှိသေးတာပဲ"

ကိုဝင်းလတ်က အသက်မရှူသလောက် ပြောနေရာမှ ရပ်သွားပြန်သည်။ တစ်ဖက်ရှိ ဇနီးသည်က အလုည့်ယူပြောနေသောကြောင့်ဖြစ်ပါလိမ့်မည်။ မွေး၏ တတွတ်တွတ်စကားတွေက နားထောင်ခွက်ထဲမှ လျှံထွက်လာ၏။ သို့သော် ... မပီမသ မသဲမကွဲ အသံတွေအဖြစ်သာ သူဇာနွယ်ကြားနေရသည်။ ကိုဝင်းလတ်က ခေါင်းဗျင်းဗျင်းကုတ်ရင်း အော်လုနီးပါး ...

"မင်းပြောတာတွေ တစ်ခုမှမဟုတ်ဘူး မွေး ... ဘာလို့များ ကိုကို့ကို မင်း ဒီလောက် အထင်သေးနေရတာလဲကွ၊ ဟင် ... မင်းကို ကိုကို အမြဲအလိုလိုက် နေကျပဲ မဟုတ်လား ... မင်းနဲ့ပတ်သက်လို့ ကိုကို့ဘက်က ဘာတွေ ဝတ္တရား ပျက်ပြီး ချွတ်ယွင်းချက်ရှိဘူးလို့လဲမွေး။ အဲ ... ခုတလောကတော့ ကိုကို့မှာ တကယ့်ကို အလုပ်တွေ မအား ..."

မွေးက ဘယ်သို့ပြန်ဟောက်လိုက်သည်မသိ။ ကိုဝင်းလတ် စကားပြတ်သွား ရသည်။ စကားပြတ်သွားရာမှ ကိုဝင်းလတ်က သူဇာနွယ့်အား သက်သေခံစစ်ကူ တောင်းချင်သည့် အဓိပ္ပာယ်နှင့် လှည့်ကြည့်မိသည်။ ဒါပေမဲ့ ... အားနာနေသလိုလို နှုတ်လေးနေသလိုလို မွေး၏ စကားသံတွေကိုသာ နားထောင်နေလိုက်သည်။

သူဇာနွယ်ကတော့ သူ့နေရာသူ ပြန်ထိုင်ချလိုက်ပြီး ကိုဝင်းလတ်၏ ဖြစ်တွေကို ပြုံးပြုံးလေး ကြည့်နေခဲ့ရသည်။

သူ့အပြုံးက ကိုဝင်းလတ်ကို အားပေးသော အပြုံးလို့သာ ဆိုရပါမည်။

"ဟုတ်ကိုမဟုတ်ဘူးကွာ ... မင်း သံသယတွေကို ဖျောက်ပစ်လိုက်စမ်းပါ မွေး ... အိမ်ထောင်စုတစ်ခုမှာ သံသယဆိုတာ ပြိုကွဲခြင်းရဲ့အစပဲ ... ဒီတော့ ကိုကို့အတွက် ဘာမှ သံသယမဖြစ်ဘဲနဲ့ စိတ်ချလက်ချ ယုံလားလိုက်စမ်းပါ ... ဪ .. အေး ... ကိစ္စမရှိပါဘူးလေ ...'မင်းဖုန်းဆက်တယ်ဆိုကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ချက်ကင်လုပ်ပြီဆိုတာ နားလည်ပါတယ်၊ ကဲ ... ခုတော့ သိပြီ မဟုတ်လား ... ကိုကို အလုပ်တိုက်မှာပဲ ရှိနေတယ်ဆိုတာ"

ကိုဝင်းလတ်သည် မွေးကို ဖြေရှင်းရင်းတန်းလန်းမှ သူဇာနွယ့်အားလှမ်းကြည့်ထား၏။ သူဇာနွယ်၏ နှုတ်ခမ်းလေးတွေက ပြုံးနေသော်လည်း မျက်ခုံးမျက်လုံးအစုံကတော့ စိတ်ညစ်ညူးရှုပ်ထွေးစွာဖြင့် မသက်မသာ ကြုံ့လျက်ကုတ်လျက်ရှိသည်။ အထိတ်တလန့်နိုင်လှသည့်အသွင်ဆိုလျှင်လည်း မှားမည်မဟုတ်။

တယ်လီဖုန်းနားခွက်ထဲမှ မွေး၏ အသံ ပူပူဆူဆူနှင့် ထွက်လာပြန်သည်။

ကိုဝင်းလက်ခမျာ နားခွက်ကို နားမှခွာ၍ လွှင့်ပစ်လိုက်မိမတတ်ပင်ဖြစ်သွားရသည်။

သူဇာနွယ့်ကို အားတောင့်အားနာဖြစ်ရသည်ကတစ်ဖက်၊ နားပူနားဆာတိုက်နေသည့် မွေး၏ အသံကို နားမခံနိုင်သည်ကတစ်ဖက်၊ ကြားထဲက ကိုဝင်းလတ်ခမျာ အလိုလိုနေရင်း ... ဇောချွေးတွေ ပြန်လာရတော့သည်။

တကယ်တော့ ... မွေးက ကိုဝင်းလတ်ကို သူ့စာရေးမလေး သူဇာနွယ်နှင့် မဟုတ်တန်းတရား စွပ်စွဲနေခြင်းပင်ဖြစ်ပါသည်။ မွေး၏ စွပ်စွဲချက်က အထင်လွဲမှု သက်သက်သာ မဟုတ်ပါလော။ သူဇာနွယ်သည် အသားညိုချောချော၍ အသက်နှစ်ဆယ်မျှရှိသည်နှင့်အညီ ပျိုရွယ်ဆူဖြိုးတောင့်တင်းလှပသူတစ်ယောက်ဖြစ်သော်လည်း ကိုဝင်းလတ်ကတော့ မက်မောစရာ မထင်ခဲ့။ သူ့ရုပ် သူ့ဂုဏ်သရေနှင့်ဆို သူဇာနွယ့်ထက် အဆတစ်ရာသာသူတွေကို မျက်စေ့မှိတ် တမ်းတလိုက်ရုံဖြင့် ရနိုင်ချေသည်ကော။

ခုလို ... သူဇာနွယ့်ကို ခေါ်ထားရသည်ကလည်း သူ့မှာ အကြံရှိ၍ဖြစ်သည်။

သူ့အကြံသာ အထမြောက် အောင်မြင်သွားပြီဆိုလျှင် ... ကိုဝင်းလတ် တစ်ယောက် လက်ခမောင်းခတ်နိုင်ပေပြီ။ စိုးရိမ်ကြောင့်ကျနေရသော ဘဝ အကြပ်အတည်းမှ ရုန်းထွက်လွတ်ကင်းသွားပေရေမည်။ ထို့ကြောင့်ပင် ထိုအကြံကို စနစ်တကျ အကွက်ချ ကြံစည်ခဲ့သည်မှာ ကြာလှပါပြီ။

ယနေ့ညအဖို့ သူ့အကြံကို အကောင်အထည်ဖော်ရန် အချိန်ကောင်း၍ အခွင့်လည်း သင့်နေလေပြီ။

သည်တော့ ... ဘာမဟုတ်သည့် မိန်းမတစ်ယောက် နှစ်ယောက်အတွက် သူ အကြံကြီး ကြံထားသည့်ကိစ္စကိုတော့ တစ်စေ့တမျှ အပျက်မခံနိုင်။

ကိုဝင်းလတ် သတိလက်လွတ် တွေးနေလိုက်သည့်အခိုက်မှာပင် တယ်လီဖုန်းကြိုးအဆုံးမှ မွေးက တစ်စုံတစ်ခု မေးခွန်းထုတ်လာပြန်သည်။ သူကလည်း ဘာဗျာကရာ တုန့်ပြန်ခဲ့မိသည်။ တကယ်တော့ ဗလုံးဗထွေးနှင့် မေးလိုက်ခြင်းဘဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဘာ ... ဘယ်လို ပြောလိုက်တယ် မွေး ..."

"မွေးကို ကိုကိုချစ်သေးရဲ့လားလို့ပါ ကိုကို ... မွေးမေးတာ ရှင်းရှင်းကလေးပဲ၊ ကိုကို နားမလည်စရာ အကြောင်းမရှိပါဘူး ..."

မွေး၏ အသံသည် တယ်လီဖုန်းခွက်ထဲမှ ပြတ်ပြတ်သားသား ပေါ်ထွက်လာပါ၏။ သူ့ဇာနွယ်ပင်ကြားသွားပြီး ကိုဝင်းလတ်ဆီသို့ လှမ်းကြည့်ခဲ့သည်။ ကိုဝင်းလတ်ကတော့ ခြောက်ကပ်ကပ်တစ်ချက်ရယ်လိုက်ရင်းမှ ...

"အို ... ဟိုဟို ... ဒါများ အထူးအဆန်းလုပ်လို့၊ ကိုကိုဖြေနေစရာ လိုပါအုံးမလား မွေးရယ် ..."

"လိုတယ်၊ လိုတယ် ... မွေးမေးတာပဲ ဖြေစမ်းပါ၊ ဝေ့လည်ကြောင်ပတ်တွေ မကြားချင်ပါဘူး"

"ဒီမယ်မွေး ... ကိုကို တောင်းပန်ပါရစေကွာ ... ဒီအချိန်မှာ ဒါတွေ ပြောမနေပါနဲ့တော့၊ ပြောရမယ့် အချိန်လဲ မဟုတ်တော့ဘူး ..."

"ရှင် မပြောချင်ရတဲ့အကြောင်းကို မွေး သိပါတယ်လေ၊ ရှင့်အနားမှာ ဟိုကောင်မ ရှိနေလို့မဟုတ်လား ဟင် ကိုဝင်းလတ် ..."

မွေးသည် စိတ်ဆိုးမာန်ဆိုးနှင့် အသံတွေ တုန်နေပါလေသည်။ ကိုဝင်းလတ်ကလည်း အတတ်နိုင်ဆုံး ဖြောင်းဖျဖို့ ကြိုးစားရ၏။ သူ့ဇာနွယ်မှာမူ အဝေးသို့ တမင်မျက်နှာလွှဲပေးထားရှာသည်။

"ကိုကို့အခန်းထဲမှာ ကိုကိုတစ်ယောက်ထဲပါမွေး၊ ကောင်မလေးကလဲ အပြင်ခန်းမှာ သူ့အလုပ် သူလုပ်နေတာပဲ ... ဘုရားစူးရစေရဲ့၊ ကိုကို အမှန်တိုင်းပြောနေတာ ... မဖြစ်ဘူးလေ ... ခုနစ်နာရီမထိုးမချင်း ကိုကို အိမ်ပြန်ရောက်နိုင်ဦးမှာ မဟုတ်ဘူး မွေး၊ ဘာကြောင့်ဆို ၆-နာရီခွဲတိတိမှာ အရေးကြီးတဲ့အလုပ်ကိစ္စတစ်ခု စကားပြောဖို့ချိန်းထားတာရှိနေတယ်၊ မွေးသွားချင်ရင် ကိုးနာရီခွဲပွဲသွားလေ၊ ၆-နာရီခွဲကတော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး"

"ကိုကို ပြောတိုင်း မွေးက ယုံရမှာလား ကိုကို၊ မွေးကို အထူအနံ အ,အ အောက်မေ့နေလို့လား ... ဒီမှာ ... အိမ်ရှင်နဲ့အိမ်စေ၊ ကုမ္ပဏီသူဌေးနဲ့ စာရေးမ ဆိုတာ မကင်းရာမကင်းကြောင်းတွေချည်းပဲ၊ အချိန်တန်လို့ အိမ်မပြန်နိုင်အောင် အလုပ်က ဒီလောက်ပဲ အရေးကြီးနေရသလား၊ ဧကန္တတော့ မဟုတ်မှလွဲရော..."

"ကဲ ... တော်စမ်းပါတော့ကွာ...၊ မင်း မယုံဘူးဆိုရင်လဲ ... နောက်တခေါက် ထပ်ဖုန်းဆက်ကြည့်၊ ဒါမှမကျေနပ်ရင်လဲ လူကိုယ်တိုင်သာ လိုက်လာခဲ့တော့၊ ဒီထက်တော့ ကိုကိုလဲ မရှင်းတတ်တော့ဘူး ..."

ကိုဝင်းလတ်သည် တယ်လီဖုန်းကို ရီဆီဗာအိမ်ပေါ်သို့ ဒုတ်ခနဲ ဆောင့်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး စိတ်မောလူမောပစ်ထိုင်ချလိုက်၏။ သူဇာနွယ်၏ ကရုဏာရိပ်လွှမ်းသော မျက်လုံးအစုံက ကိုဝင်းလတ်ထံသို့ ဝေ့ဝဲရောက်ရှိလာသည်။ တဆက်တည်း၌ ... ခြေထောက်တစ်ချောင်းကို ကုလားထိုင်ခွန်းပေါ်တင်လိုက်ပြီး မှတ်စုလိုက်ရန် အသင့်ပြင်ထားခဲ့ပြန်သည်။

သူဇာနွယ်၏ ထမီစလေးက မလွတ်မလွတ်ဖြစ်သွား၏။ သလုံးသား ညိုပြာညက်က ဝင်းဝင်းပြက်ပြက် ပေါ်လာသည်။ ကိုဝင်းလတ်က သူဇာနွယ်ကိုကြည့်၍ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပြီး ...

"ဒီလိုပဲ မိသူဇာ ... အိမ်ထောင်ရှင်ဆိုတာ မလွတ်လပ်ရတဲ့ဘဝကတော့ ကိုယ့်ဘေးပတ်ဝန်းကျင်က လူတွေကိုတောင် အပုတ်အခတ်ခံလိုက်ရသေးတယ်။ လင်ကောင်းတော့ မယားဆိုး ...၊ မယားကောင်းတော့ လင်ဆိုးနဲ့၊ နားလည်မှု မရသမျှ ဒီအိမ်ထောင်မှာ သာယာမှုမရှိတော့ဘူးမှတ်၊ အေး ... မင်းလဲ အိမ်ထောင် ရက်သားပြုမယ်ကြံရင် ကြပ်ကြပ်သာ သတိထားရွေးပေတော့၊ အို ... တစ်ကိုယ်တည်း အပျိုကြီးလုပ်နိုင်ရင်တော့ အကောင်းဆုံးပဲ၊ ကဲ ... တို့စာတောင် ဘယ်နားရောက်သွားပလိမ့်ကွာ ..."

"လေးစားအပ်ပါသော လူကြီးမင်းခင်ဗျာ"

"အေး ဟုတ်ပြီ ... လေးစားအပ်ပါသော လူကြီးမင်းခင်ဗျား ... အောက်ဖော် ဆက်ရေး လူကြီးမင်းထံမှ ကုန်ပစ္စည်းအမှာစာကို ..."

ကိုဝင်းလတ်က သူဇာနွယ်အား စာချုပ်တစ်ဖက် လက်ပတ်နာရီပါလက်ကို မြှောက်လိုက်ပြန်သည်။ ထိုအတွင်း သူဇာနွယ်က စာရွက်ထိပ်တွင် (၂)ဟုစာမျက်နှာ နံပါတ်တပ်လိုက်ပြီး စက်ဝိုင်းလေးဝိုင်းထားလိုက်သည်။ ပြီးနောက် ... ရပ်သွား သော ကိုဝင်းလတ်အား စာပြန်ကြောင်းပေးလိုက်၏။

"လူကြီးမင်းထံမှ ကုန်ပစ္စည်းအမှာစာကို ..."

"လွန်ခဲ့သော မေလ ၂၁ ရက် (၂၁-ရက် ၅-လ ၆၀-ခု)နေ့က ကျွန်တော် များ ကျေးဇူးတင်စွာ လက်ခံရရှိခဲ့ပါသည်"

"လွန်ခဲ့သော မေလ ..."

သူဇာနွယ်က ကိုဝင်းလတ်အသံထွက်အတိုင်း တိုးတိုးရေရွတ်၍ လိုက်ရေး နေခဲ့သည်။ ကိုဝင်းလတ်က ပြူတင်းပေါက်အပြင်သို့ မျှော်ကြည့်လိုက်၏။ အပြင်လောကမှာ အမှောင်ထုက တစ်စထက်တစ သိပ်သည်းလွှမ်းရစ်လာနေသည်။ ထမ်းနားလေသည် ညကိုကြိုရင်း မြူးကြွကစားလျက်ရှိ၏။ ကိုဝင်းလတ် သူ့ လက်ပတ်နာရီကို မြှောက်ကြည့်ပြန်သည်။

သို့ကလို နာရီကြည့်လိုက်၊ သူဇာနွယ့်ကို ရေးစရာတွေ ပြောလိုက်နှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းလတ်၏ စာအဆုံးသပ်ရသွားသည်။ ထိုအချိန်၌ ညနေ ၅-နာရီခွဲကျော်ခဲ့ပေပြီ။

“ကဲ ... ဆရာ့အလုပ်က ဒါပဲမဟုတ်လား ဆရာ”

သူဇာနွယ်က အတော်ပင် ညောင်းညာသွားဟန်ရှိသော ခဲတန်ကိုင်လက်ကလေးကိုဆန့်ခါရင်း အားတက်သရော မေးလိုက်မိသည်။ ကိုဝင်းလတ်ကလည်း သူ့ဆုံလည်ကုလားထိုင်ကြီးပေါ်မှ အလူးအလဲ ထ,လိုက်ရင်းမှ ...

“နေပါအုံးကွာ ... အဲ့ဒါလေးကို တိုက်(ပ်)ရိုက်သွားပါဦး၊ ဘာကြာမှာမို့လဲ မိသူဇာရာ နော် ...”

ပြောပြောဆိုဆို ကိုဝင်းလတ်သည် အခန်းဘေးပြူတင်းပေါက်သို့ လျှောက်သွားခဲ့မိသည်။ ပြီးတော့ ... မောကြီးပမ်းကြီး လေရှူနေလိုက်သည်။ သို့ပေမယ့် ... အသက်ရှူလို့ မဝအောင် ဖြစ်နေရသည်။ သူ့နောက်မှ သူဇာနွယ်က ထလိုက်တော့မတတ်ဖြစ်သွားရာမှ ...

“သူဇာ ပြန်ချင်ပြီဆရာ ... တော်ကြာဆိုပဲ ခြောက်နာရီထိုးတော့မယ် မဟုတ်လားလို့၊ သူဇာ့အိမ်က စိတ်ပူနေမှာ စိုးရတယ်”

“ဆရာ သိပါတယ် မိသူဇာ၊ ဆရာ သိပါတယ်။ ဒါပေမဲ့ ဆရာကတော့ မိသူဇာ ခြောက်နာရီခွဲပြီးမှပြန်ပါလို့ တောင်းပန်ရတော့မှာပဲ ... ဒီတစ်ရက်ထဲပါ သူဇာရာ ... မနက်ဖြန်ဆိုလဲ ... မေဒေးနေ့ ရုံးပိတ်ရက်ကြီးဖြစ်နေတာကလား...”

သူဇာနွယ်က အထွန့်တက် အယူခံဝင်ဖို့ကြိုးစားသေးသည်။ ကိုဝင်းလတ်က သူဇာနွယ် ဘာတစ်လုံးမှမစနိုင်ခင် အရင်ဖြတ်၍ ဟန့်ဟန့်တားတားနှင့် ...

“ဆရာ့ကို စိတ်မရှိပါနဲ့ မိသူဇာ ... ဒီလောက်ကလေးတော့ ကူညီပါ ... သူဇာ တိုက်(ပ်)ရိုက်နေတုန်းမှာ ဆရာကလဲ စာတစ်စောင် ထပ်ရေးရဦးမယ်... အဲ့ဒီစာက နည်းနည်း ပိုအရေးကြီးတယ်လေ ... သန်ဘက်ခါ ရုံးဖွင့်တဲ့မနက် ဆရာမလာခင် လက်နှိပ်စက် အပြီးရိုက်ထားလိုက်ဖို့ပဲ ... တို့များရဲ့ ကြီးပွားရာ ကြီးပွားကြောင်းပဲ သူဇာရယ် ... ပင်ပန်းတယ်တော့ မထင်နဲ့ပေါ့၊ ဆရာတို့ လုပ်ငန်း ကြီးပွားအောင်မြင်သမျှ မင်းတို့လဲ အကျိုးခံစားရမှာပါ ... ဟုတ်လား”

သူဇာနွယ်ခမျာ စိတ်သိပ်ပျက်သွားပုံဖြင့် စူတူတူမူတူတူလေး ဖြစ်ချင်လာသည်။ ကိုဝင်းလတ်က သူဇာနွယ့်အပါးသို့ ကပ်၍ ပခုံးတစ်ဖက်ကို အညင်အသာ ကိုင်ချော့ခဲ့ပြန်၏။

“မကြာစေရပါဘူးကွာ ... ခြောက်နာရီခွဲအထိ များသေးရင် ဆရာ နည်းနည်း လျှော့ပေးမယ်၊ အဲ ... အလွန်ဆုံး ခြောက်နာရီ မိနစ်နှစ်ဆယ်ပဲထား ... ဘယ့်နှယ့်လဲ ကျေနပ်ပလား ... ခြောက်နာရီနှစ်ဆယ် ဟိုခနဲရောက်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို အင်တာဗျူးနဲ့ လှမ်းပြောလိုက်။ ဆရာ သူဇာနွယ့်လက်ထဲ စာထွက် ပေးပြီး ပြန်ခွင့်ပြုလိုက်မယ် ... ဟုတ်လား"

ကိုဝင်းလတ်၏ အသံက ဩဇာဓာတ်ပြည့်ဝစွာ ကြည်မြပီသလာ၏။ ညီညာ ဖြူဖွေးသော သွားတွေပေါ်အောင် ပြုံးလျက်သား ပြောခဲ့ခြင်းဖြစ်၏။ သို့နှင့်အမျှ ဝါဝင်းစိုပြေသော သူ့မျက်နှာမှာ အတတ်နိုင်ဆုံး လန်းရွှင်နေခဲ့ရပါတော့၏။

စင်စစ်တော့လည်း ကိုဝင်းလတ်ဆိုသူက အသက်သုံးဆယ်နီးပါး လူရွယ် လူချောတစ်ယောက်ဖြစ်၍ ယောကျ်ားပီသစွာပင် မိန်းခလေးတွေ ကျလောက်သည့် လက်နက်မျိုးစုံကို အသုံးချတတ်ခဲ့ပါသည်။ သူ့အပြော အပြုံး အချော့အမြှူကို ဘယ်အမျိုးသမီး ခံနိုင်ပါဦးမည်နည်း။

သို့ဖြင့် ... မ,ထဲက မ,တစ်ယောက်သာဖြစ်သော သူဇာနွယ်ခမျာလည်း နေထိဖယောင်းလို ပျော့ပျော့လေး အလျှော့ပေးခဲ့ရတော့သည်။ အင်တင်တင်လေး ခေါင်းညိတ်ပြခဲ့ရတော့သည်။

တကယ်တော့ သူ့အဖို့ကလည်း ကုမ္ပဏီပိုင်ရှင် ကိုဝင်းလတ်ကို မှီခိုအားပြု ထားရသော အစား အလုပ်သမားသာဖြစ်၍၊ 'မပြန်နဲ့'ဟု တစ်ချက်လွှတ် အမိန့်ထုတ်လျှင်လည်း ဘာမှမတတ်နိုင်။ ခုလို ချိုချိုသာသာ ချော့ချော့မော့မော့ ပြောလာသည်ကိုပင် ကျေးဇူးပြန်တင်ရဦးမယ် မဟုတ်ပါလား။

"ဒါဖြင့်လဲ သူဇာ တိုက်(ပ်)ရိုက်ရင်းနဲ့ သွားစောင့်နေမယ်နော် ဆရာ"

"အေး ... ဒီလို မိသူဇာ လိမ္မာမယ်ဆိုတာ ဆရာ သိပြီးသားပါ။ ဒါနဲ့ သူဇာ မသွားခင် ဆရာ့အခန်းမီးပိတ်ခဲ့အုံးကွ၊ ဆရာ စာရေးဖို့ စဉ်းစားစရာလေး တွေရှိသေးလို့ ... မှောင်ထဲမှာဆိုတော့ ပိုအာရုံမများရတော့သလို အတွေးပိုကောင်း တာပေါ့ကွာ ..."

သူဇာနွယ်က အခန်းပြင်ထွက်ဖို့ တာစူသွားပြီး၊ ကိုဝင်းလတ်ကလည်း စာပွဲကြီးနောက်ဖက်ရှိ ဆုံလည်ကုလားထိုင်သို့ ပြန်ထိုင်နေခဲ့သည်။ သူဇာနွယ်က မီးခလုတ်ကို ပိတ်၍၊ အခန်းတံခါးကို ဖွင့်အထွက်မှာတော့ ...

"ဩော် ... မိသူဇာရေ၊ ဆရာပြောတဲ့အချိန်မတိုင်ခင်တော့ ဘယ်လိုမှ အနှောက်အယှက် မတွေ့ချင်ဘူးနော် ... ဒီအတွက်လဲ သူဇာ့တာဝန်ပဲ"

"တကယ်လို့ မမွေးဆီက ဖုန်းလာရင်ကော ဘယ့်နှယ်လုပ်မလဲ ဆရာ"

"ဒီတော့လည်း သူ့ကိုပြောလိုက်ပေါ့၊ အဲ ... ဆရာ နိုင်ငံခြား ဧည့်သည် တစ်ယောက်နဲ့ အရေးအဝယ်စကားပြောနေတယ်။ ခြောက်နာရီခွဲတဲ့အထိ မအားဘူးလို့"

"ဟင် ... စောစောကတော့ ခြောက်နာရီနှစ်ဆယ်ဆို ..."

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဆရာမှားသွားတယ်။ ခြောက်နာရီနှစ်ဆယ် ခြောက်နာရီနှစ်ဆယ် ..."

သူဇာနွယ်လည်း အပြင်ခန်းသို့ထွက်ပြီး၊ တံခါးပြန်ပိတ်သွားခဲ့၏။ ကိုဝင်းလတ်တစ်ယောက်တည်းကျန်ခဲ့သည်။ သူက ခေါင်းတညိတ်ညိတ်နှင့် ပီတိဝေလျက်ကျန်ခဲ့ခြင်းဖြစ်ပါ၏။ သူ့မျက်နှာကတော့ အနက်အနဲ တွေးတောမှုတွေ ပြည့်လျှမ်းနေခဲ့ပါလေသည်။ သူ့နာရီကို ကြည့်လိုက်၏။ ၅-နာရီ ၄၃-မိနစ်။

မှောင်ကြီးမည်းမည်းကြားထဲမှာပင် ကိုဝင်းလတ်က လှုပ်ရှားမှုကို စတင်ခဲ့တော့သည်။ ဖေါင်တိန် လက်နှိပ်ဓာတ်မီးလေးအားကိုးဖြင့် အလုပ်လုပ်ခဲ့သည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

သူ့ရုံးခန်းနှင့်ကပ်လျက် နောက်မှ ရေအိမ်ခန်းထဲသို့ဝင်၍၊ ကြွေဇလုံကြီးတွင် လက်ဆေးသည်။ မျက်နှာသစ်သည်။ ကြွေဇလုံအထက်နံရံရှိ သစ်သားချိတ်မှ မွေးပွမျက်နှာသုတ်ပုဝါကြီးဖြင့် သူ့လက်နှင့် မျက်နှာကို သန့်စင်သုတ်သင်သည်။ သူ့လက်နှင့် မျက်နှာတွေမှာ ချွေးစီးတွေ ပြန်နေသည် မဟုတ်ပါလား။

ခု ... ဆေးကြောသန့်စင်လိုက်မှ သူ့ဦးနှောက်တွေလည်း ပေါ့ပါးသွက်လက်လာပြီး မျက်စေ့အမြင်မှာလည်း ကြည်လင်လာရတော့သည်။

သည့်နောက် ... သူ့ရုံးခန်းထဲသို့ ပြန်လာသည်။ စာပွဲအံဆွဲထဲမှ စာရွက်စာတမ်းအချို့ကို ရှာဖွေသည်။ ထိုစာရွက်စာတမ်းများကို ကျစ်ကျစ်ပါအောင်ခေါက်၍ သူ့ဂျာကင်အိတ်ထဲသို့ ထည့်လိုက်သည်။

ပြီးတော့ ... စားပွဲအောက် ကြမ်းပြင်ပေါ်တွင် ချထားသော သူ့လက်ဆွဲအိတ်အနက်ကြီးကို ကောက်ကိုင်မည့်ဟန် ပြင်လိုက်သည်။

ပြင်လိုက်မိခါမှ အမျိုးအမည်မသိသော စိုးရိမ်သောကတစ်ခုသည် သူ့ရင်ထဲမှ လိမ့်တက်လာသည်။ သူ တွန့်ဆုတ်ဆုတ်ဖြစ်သွားမိသည်။

"အို ... ဒီကိစ္စ အပြတ်ရှင်းပစ်မှ အေးမှာပါ"

သူက တစ်ကိုယ်ကြား အံကြိတ်ရေရွတ်၍ ဆုံးဖြတ်ချက်ချလိုက်သည်။ သည့်အတွက် ၂-မိနစ်လောက် အချိန်ကုန်သွားရသည်။

ထို့နောက် ... အခန်းတံခါးဝသို့ ခြေသံမကြားအောင် ကပ်ခဲ့တော့သည်။ မှောင်ထဲမို့ သတိထားလျှောက်ခဲ့ရသည်။ မှန်မှန်ကာ တံခါးရွက်ကို ကြိတ်ဖွင့်၍၊ ပွင့်ဟသွားသည့်ကြားမှ ချောင်းကြည့်လိုက်မိသည်။

သူဇာနွယ့်ကို တန်းမမြင်ရသည့်တိုင်အောင် စကားပြောသံတချို့ကိုသာ ကြားလိုက်ရသည်။

"ခြောက်နာရီနှစ်ဆယ် ဒေါင်ခန့်ထိုးတာနဲ့ နွယ်တော့ တရည္သန်ပြေးလာမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



မောင်၊ အင်းလေ ... ဒီနေ့ကို နွယ့်သူဌေး ဘာဖြစ်နေတယ် မဆိုနိုင်ဘူး၊ သူ ကြည့်ရတာတော့ ... မျောက်ငပိကိုင်မိသလိုပဲ ... အံမယ် 'တစ်ချက်တစ်ချက် တော့လဲ နွယ့်ကို အငမ်းသား မောင်ရဲ့"

သူဇာနွယ်တစ်ယောက် တယ်လီဖုန်းထဲမှ ရည်းစားစကားပြောနေခြင်းပင် ဖြစ်ပါသည်။ သူ့စကားထဲမှာ ကိုဝင်းလတ်အကြောင်းတွေပါနေသည်။

သူဇာနွယ့်အပြောကြောင့် ကိုဝင်းလတ် သဘောကျသွားသည်။ စိတ်ဝင်စား ဖြင့်လည်း မျက်လုံးတွေ အရောင်တောက်လျက် ဆက်နားထောင်နေမိသည်။

"ပြီးတော့ ... သူက မယားကြောက်ကြီးမောင်ရဲ့ ... ချစ်လို့ကြောက်တာလား လန့်လို့ ကြောက်တာလားတော့ မသိဘူးလေ၊ သူ့မိန်းမ 'မွေး'ဆိုတာက မကျွမ်းဒေါ် ကြီးပေါ့၊ နွယ်တို့က ဒါမျိုးတော့ ကြိုက်တယ်၊ မောင်လဲ သတိထားနော်၊ အ တူတူတော့ မလုပ်နဲ့၊ နားရင်းပွင့်သွားမယ် သိလား၊ သူတို့ယောကျ်ားတွေကို ခုကတည်းကနိုင်ထားမှ တော်ရုံကျတာ ... နွယ့်ကို မောင် တကယ်ချစ်ရဲ့လား ချစ်တယ်ဟုတ်လား၊ ချစ်တယ်လို့ ထပ်ပြောစမ်းပါအုံး၊ အင်း နောက်တစ်ခွန်း ... ဟုတ်ပြီ နောက်တစ်ခွန်း။ အို ဆယ်ခါပြော ... ချစ်တယ်လို့ နောက်ထပ်ဆယ်ခါ ... ဒီလိုတော့လဲ နွယ့်မောင်က ဘယ်ဆိုးလို့လဲ၊ ဒါမျိုးကြောင့် မောင့်ကို နွယ် ချစ်ရတာ"

ကိုဝင်းလတ်သည် ရှိုသဲ့သဲ့တစ်ချက်ပြုံးလိုက်မိသည်။ မိန်းမတွေဟာ ယောကျ်ား တွေကို ကြံဖန်ညှဉ်းဆဲဖို့ဖြစ်လာတဲ့ သတ္တဝါတစ်မျိုးပါလားလို့ မှတ်ချက်ချ သည်။

တဆက်တည်း၌ တံခါးရွက်ကို ပြန်ဆွဲပိတ်လိုက်သည်။

သူ့စားပွဲနောက်ပြန်ရောက်၍ နာရီကြည့်လိုက်သောအခါ ခြောက်နာရီထိုးရန် ၁၂-မိနစ်သာ လိုတော့သည်ကိုတွေ့ရ၏။

ခုထက်တိုင် သူသည် ချီတုံချတုံဖြစ်နေသေးသည်။ သူ့ဂျာကင်အိတ်ထဲ စာရွက်စာတမ်းတွေကို ထုတ်ကြည့်ရင်း ငိုင်တွေ စဉ်းစားနေမိသည်။

နောက် ... အပေါ်ဆုံးအံဆွဲကို တုန်တုန်ရီရီနှင့် ဆွဲဖွင့်ခဲ့ရာမှ အော်တိုမက်တစ် ပစ္စတိုကို ထုတ်ယူလိုက်ပြန်သည်။

ကျောစိမ့်သွားသလို ပခုံးတစ်ချက်တွန့်လိုက်ရာမှ ဂျာကင်ဘေးအိတ်ထဲ ထည့် ထားလိုက်ရင်း ဆီမန်းမန်းမိပြန်ပါ၏။

"ငါ့သေနတ်သုံးလို့တော့ မဖြစ်ဘူးထင်တယ် ... သေနတ် မပါဘဲနဲ့ကော အလုပ်ဖြစ်ပါ့မလား"

နောက်ဆုံး ... သူက ပင့်သက်ကြီးတစ်ချက် အားရပါးရ ရှိုက်သွင်းလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"အို … ဟိုရောက်မှ မီးစင်ကြည့် က,ရမယ်၊ ဒါပဲ"

စိတ်ပိုင်းဖြတ်လိုက်သည်နှင့်တစ်ချက်တည်း ကြမ်းပြင်ပေါ်မှ လက်ဆွဲအိတ်ကို ဆတ်ခနဲကောက်ကိုင်လိုက်သည်။ ပြတင်းပေါက်ကြီးဆီသို့ တန်းလျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ။ ၂ ။

ပြူတင်းပေါက် အုတ်ဘောင်ပေါ်သို့ လှမ်းတက်လိုက်သည်။

ကိုဝင်းလတ်သည် အောက်သို့ အမှတ်တမဲ့ ငုံ့ကြည့်လိုက်မိသည်မှ မျက်လုံးတွေ ပြာသွားသလို ရင်ထဲတွင် ဟာခနဲ ဖြစ်ခဲ့ရပြီး ... ခေါင်းတစ်ခေါင်းလုံး တရိပ်ရိပ် မူးမိုက်လိုက်ရပါ၏။

လေးထပ်ဆိုသည့်အမြင့်က နည်းနည်းနောနောမြင့်တာမှ မဟုတ်ဘဲကလား။

လူးလာယှက်ထိုး ပြေးလွှားနေသော ကားမီးမောင်းတွေ၊ ပုလဲသွယ်တန်းထား သကဲ့သို့ ဓာတ်တိုင်မီးရောင်တွေ၊ နီယွန်ဆိုင်းဘုတ်ရောင်စုံမီးတွေ အို ... ရှုပ်ရှက် ခတ်လို့၊ သည်အရောင်တွေက သူ့ဆီကို ဘွားခနဲ ပြေးဟပ်လိုက်သည်နှင့်အမျှလည်း သူ့အသည်းတစ်စုံမှာ ဆတ်ဆတ်ခါ တုန်သွားရသည်။

သို့ကလို အသည်းတဖျတ်ဖျတ် ရင်တလှပ်လှပ်ခံစားရမှုကို သွားကျစ်ကျစ် ကြိတ်ခြင်းဖြင့်ဖြေဖျောက်လျက် နောက်ခြေတစ်ဖက်ကို ပြူတင်းပေါက်အုတ်ဘောင် ပေါ်မှ တဖြေးဖြေး ရုတ်ယူဖို့ ကြိုးစားခဲ့မိသည်။

ဘောင်းဘီဝတ်ထားသည့်အတွက် ခဲခဲယဉ်းယဉ်းသိပ်မရှိဘဲ ရုတ်ယူနိုင်ခဲ့သည်။ သူ့လက်နှစ်ဖက်၌ လက်အိတ်ပါးလေးတစ်စုံ စွပ်ထားသောကြောင့်လည်း အကိုင် အတွယ် မြဲလှပေသည်။

သည်လိုနှင့် ပြူတင်းပေါက်အပြင်ဘက်၊ တိုက်ဘေးနံရံရှိ အလွှင်းကြမ်းပြင် နှင့် တပြေးတည်းဖြစ်နေသော အုတ်ရိုးတန်းလေးပေါ်တွင် ခြေရုံချမိလိုက်ပေပြီ။ လေးထပ်တိုက်အောက်ခြေမှ ပင့်တိုက်လာသော လေတွေက ဟူးဟူးဟဲဟဲ အသံ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးနှင့် ကိုဝင်းလတ်ကို ကလူကြည်စယ်နေသည်။ ကိုဝင်းလတ်၏ ဆံပင်တွေမှာ ဆေးအပင့်တွင် ဖွာလန်ကျဲလျက် ...

ထိုကြားထဲမှပင် ပြူတင်းအုတ်ဘောင်ပေါ်တင်ထားခဲ့သော သူ့လက်ဆွဲအိတ်ထဲက ကြိုးတစ်ထွေးကို လက်တစ်ဖက်နှင့် လှမ်းယူလိုက်ရသည်။

ကျန်လက်တစ်ဖက်ကလည်း ပြူတင်းတံခါးကို ကုပ်ကိုင်ထားရသေးသည်။ သူယူလိုက်သည့်ကြိုးကား ဆူးကောက်သုံးဘက်နှင့် သံမဏိချောင်းလေးတွင် တွဲချည်ရစ်ပတ်လျက်ရှိနေသည်။ အနီးစပ်ဆုံး ပုံသဏ္ဌာန်ကို နှိုင်းနှိုင်းရလျှင် ကျောက်ဆူးအငယ်စားလေးတစ်ခုနှင့် တူလှသည်။

တောင်တက်သမားသုံး ချိတ်တစ်မျိုးပင်ဖြစ်ပါ၏။

ကိုဝင်းလတ်က အုတ်နံရံကို ရင်ဘတ်တပြားတည်းကပ်နေအောင် အားပြုမေးထိန်းထားလိုက်ရင်း ဆူးသွားကိုယ်ထည်တွင် ပတ်ထားသော ကြိုးရစ်ကို လက်နှစ်ဖက်နှင့် ဖြေလိုက်သည်။ ပြီးတော့ ... ညာလက်က ဆူးကောက်များနှင့် တစ်တောင်ကျော်ခန့်အကွာ ကြိုးနေရာကို ကိုင်ထားလိုက်သည်။ ဘယ်လက်မှ ကြိုးကို တဖြည်းဖြည်း လျှော့ချပေးခဲ့သလို ကြိုးအဆုံးရောက်အောင်လည်း ဆွဲယူနေမိ၏။

သို့နှင့် ကြိုးအဆုံးတစ်ဖက်စ ဘယ်လက်ထဲရောက်ပြီဆိုသောအခါ ... ပြူတင်းတံခါးရွက်နှင့် ညှပ်ကိုင်လိုက်၏။ ကိုယ်ကိုလည်း တစောင်းလှည့်ထားလိုက်၏။ အုတ်ရိုးပေါ် ခွေခေါက်တင်နေသော ကြိုးတွေကို ခြေဖြင့်ယက်ထုတ်ပစ်လိုက်၏။

သည့်နောက်တော့ ... ဆူးချိတ်ကို လေထဲတွင် လေးလေးမှန်မှန် လွှဲခိုင်းစပြုတော့သည်။ ဆူးချိတ်၏ အလေးချိန်ဆွဲအားအလျောက် ကြိုးကိုင်ညာလက်မှ ကြိုးအား တစ်ပတ်ထက်တစ်ပတ်လျှော့လွှတ်ပေးသည်။ ကြိုးတန်းရှည်လာသည်နှင့်အမျှ ဆူးချိတ်၏စက်ဝိုင်းပတ်သည် ကြီးလာ၏။ လည်ပတ်မှုနှုန်းလည်း မြန်လာ၏။ သူ့မျက်လုံးတွေကတော့ ဆူးချိတ်နှင့် သူ့ခေါင်းပေါ်ရှိ အထက်ထပ် ပြူတင်းပေါက်ကို တစ်လှည့်စီ ရွေ့ကစားနေ၏။ ချိန်သားကိုက်လောက်ပြီဆိုသည်နှင့် ဆူးချိတ်ကို အလိုက်သင့် လွှဲတင်လိုက်သည်။ ကြိုးကို လက်လွှတ်လိုက်သည်။

သူ့ခြေထောက်ရှေ့ အုတ်ရိုးတန်းအောက်တွင် အိကျနေသော ကြိုးသည် ဆူးချိတ်သွားရာနောက်သို့ တန်းလန်းပါ မြောက်တက်သွား၏။ ဒုတ်ခနဲ အသံကြားလိုက်ရပြီး ကြိုးအလွန့်အတက်ရပ်သွား၏။ ဆူးချိတ်သည် အောက်ပြန်မကျတော့။ ကြိုးကလည်း တန်းနေ၏။ တစ်ကြိမ်ထဲနှင့်ပင် ချိတ်မိခဲ့ပြီ။

သူက ကြိုးစကို ဆွဲလှုပ်ကြည့်သည်။ ကြိုးကား တင်းခံနေသည်။ အပေါ်ကို လှမ်းမော့ကြည့်မိပြန်သည်။ ချိတ်သည် အပေါ်ထပ် ပြူတင်းအုတ်ဘောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



မိမိရရ သွားချိတ်နေမိပုံရသည်။

နောက်တစ်ဆင့် စမ်းသပ်သည့်အနေဖြင့် သူ့တစ်ကိုယ်လုံးအားနှင့် ကြိုးကို ခိုစီးမိသေးသည်။ အောက်ကိုတော့ ယောင်လို့ပင် ငုံ့မကြည့်မိအောင် သတိထားသည်။ ချိတ်အတွက် စိတ်ချလောက်ကြောင်း တွေ့ရသိရသည်။

သည်တော့မှ သူက ကြိုးလုံးကို လက်နှစ်ဖက်နှင့် ဆွဲကိုင်လျက် အုတ်နံရံကို မျက်နှာချင်းဆိုင် ခြေဖြင့်ကန်ပြီး အပေါ်တက်ဖို့ ကြိုးစားခဲ့တော့သည်။ ကြိုးလုံးကို တွယ်ထားသော လက်နှစ်ဖက်အား တစ်ထစ်ချင်း ရွှေ့ပြောင်း၍ သူ့ကိုယ်ကို ဆွဲတင်သည့်တစ်ချိန်တည်း၌ နံရံကိုလည်း ဘယ်ညာထောက်လှမ်းလျက် ကန်အားသုံးခဲ့ရသည်။ သူ့လှုပ်ရှားမှုမှာ နံရံပေါ်၌ ယင်ကောင်လေးတစ်ကောင် လျှောက်နေသည်နှင့်သာ တူနေပါတော့သည်။

ကြိုးတန်းတစ်လျှောက် တွယ်တက်နေစဉ် တိုက်အောက်လမ်းမကြီးဘက်မှ ကားသံတွေ ပွဲတင်ရိုက်၍ ဆူလှိုင်ပျံ့လွင့်လာ၏။ သူတွယ်တက်နေသော ငါးထပ်တိုက်ကြီးဘေး ဆယ်ကိုက်ဆယ့်ငါးကိုက်အကွာတွင် အစိုးရရုံးကြီးတစ်ရုံးဖြစ်သည့် ခြောက်ထပ်တိုက်ကြီးတစ်လုံး ရှိနေပါ၏။

တိုက်နှစ်လုံးကြားထဲမှ သူ့ကို တော်ရုံတန်ရုံနှင့် သတိပြုတွေ့မြင်မိကြလိမ့်မည် မဟုတ်ပါ။ သူကလည်း လောလောဆယ်ႇလိုရာခရီးကို ချောချောမောမောရောက်ဖို့ တစ်ခုသာ ဦးနှောက်ထဲ ထည့်ထားပါသည်။ မတော်တဆ ခြေချော် လက်ချော် ဖြစ်သွားလျှင် အသက်နှင့်ခန္ဓာ အိုးစားကွဲသွားမည်ဆိုသည်ကို သူသိပါသည်။

မကြာမီပင် ... ပဥ္စမထပ်၏ အုတ်ရိုးခုံတန်းကို ခြေ,ထောက်မိလေတော့သည်။

သည့်နောက် ... လက်နှစ်ဖက်က တစ်ဖက်ပြီးတစ်ဖက် ကြိုးစကိုလွှတ်၍ ပြူတင်းအုတ်ဘောင်ကို ပြောင်းကိုင်မိပြန်သည်။ ကြိုးဆီမှ အုတ်နံရံသို့ ကူးကာစ် လိုက်ခြင်းပဲဖြစ်ပါ၏။

သို့ဖြင့် ... အုတ်ရိုးတန်းပေါ်၌ ခါးဆန့် မိတ်မိတ်ရပ်မိသည်နှင့်အမျှ သံဆူးချိတ်နှစ်ဖက်ကို ပြူတင်းဘောင်တွင် စိုက်ဝင်နေကြောင်းကိုလည်း မြင်တွေ့ခဲ့ရ၏။ သူ့တစ်ကိုယ်လုံး ဟောဟဲဆိုက်၍ ချွေးတဒီးဒီးရွှဲနေလေပြီ။

ပြူတင်းပေါက်မှ တိုက်ခန်းထဲဝင်လိုက်သည်ဆိုလျှင်ပင် ကိုဝင်းလတ်၏ စွန့်စားခန်း ပြီးဆုံးသွားတော့သည်။ သို့သော် တစ်စိပ်တစ်ဒေသ ပြီးဆုံးခြင်းလို့သာ ဆိုနိုင်ပါသည်။ မှောင်ကြီးမည်းမည်းထဲတွင် စမ်းတဝါးဝါးလျှောက်ခဲ့ရပြန်သည်။

သူရောက်ရာအရပ်သည် သူ့ကုမ္ပဏီရုံးခန်းနှင့် တစ်ပုံစံထဲဖွဲ့စည်းထား၍ ကုမ္ပဏီသစ်တစ်ခု ဖွင့်လှစ်ရန် ပြင်ဆင်နေဆဲဖြစ်ကြောင်းကို သူကြိုလာသိရှိပြီး သားမို့ တံခါးပေါက်ဆီသို့ ရှောရှောရှူရှူ လာနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သော့ခတ်ရသေးသော တံခါးပေါက်မှ ထွက်လိုက်သည့်နောက် မီးရောင်လဲ့လဲ့လင်းနေသော ကော်ရစ်ဒါလေးတစ်ခုကို ရောက်သွားရသည်။ ကော်ရစ်ဒါ၏ မျက်နှာချင်းဆိုင်တစ်ဖက်တစ်ချက်၌ ကုမ္ပဏီရုံးခန်းတွေ စီတန်းလျက်တွေ့ရသည်။

တချို့အခန်းတွေက လူမရှိတော့သလို အခန်းတစ်ခန်းဆီမှ လက်နှိပ်စက်ရိုက်ရင်း စကားပြောသံတချို့ကြားရ၏။

"ကိုယ့်ဆီမှာလေ ... ဇာနိုင်လွန်ဆိုလဲ အရောင်စုံရှိတာပဲ၊ နူတံခမ်းဆိုးဆေးမိတ်ကပ်ဆိုလဲ အကောင်းဆုံးမှ သုံးတာ"

"ဒါဆို မင်းရတဲ့ လခလေးနဲ့ ဘယ်လောက်ပါ့မလဲကွ"

"စာရေးမလခ ခြောက်ပြားတစ်ပဲကို မျှော်ကိုးအားထားနေလို့တော့ ဒီခေတ်ကြီးမှာ ငတ်သေရုံပေါ့ကွာ၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အောက်ဆိုက်လေး ဘာလေးရှာရတာပေါ့"

"အို ကိုယ်တို့တော့ ရတာလေးပဲ ချွေတာခြစ်ချုပ် စားတော့မယ်ကွယ်။ အများတန်းတူ မဝတ်ရလဲ နေပစေတော့"

ကိုဝင်းလတ်လည်း ရှေ့ဆက်နားမထောင်တော့ဘဲ ကော်ရစ်ဒါနောက်ဖက်သို့ အသာလှမ်းခဲ့သည်။ ကော်ရစ်ဒါအဆုံးတွင် ညာဘက်သို့ ထောင့်မှန်ချိုး ချိုးဝင်လိုက်ရပြန်သည်။

'ငွေဇမ္ဗူကုမ္ပဏီ'ဟူသော ပလပ်စတစ်ဆိုင်းဘုတ်တပ် အခန်းတံခါးရှေ့တွင် ရပ်မိသည်။

တံခါးရွက်ကို သူတွန်းကြည့်သည်။ အတွင်းက ဂျက်ထိုးမထား။ အလွယ်တကူ ပွင့်သွား၍ လှမ်းဝင်လိုက်သည်။ မီးထိန်ထိန်လင်းနေသော ခေတ်မှီဧည့်ခန်းမကြီးကို တွေ့လိုက်ရသည်။

ခန်းမကြီးထဲ၌ လူတစ်ယောက်မှ မရှိ။ သို့ပေမယ့် ... ဘယ်နေရာမှာ လူရှိသည်ဆိုသည်ကို ကိုဝင်းလတ် သိ၏။ ဧည့်ခန်းနောက်ဆက် အတွင်းခန်းရှိရာသို့ သူကပ်ခဲ့၏။

အလုံပိတ် ငါးထပ်သားတံခါးချပ်ကြီးပေါ်တွင် အခွင့်မရှိ မဝင်ရ ... ဟု ရေးထားသည်။ ကိုဝင်းလတ်က တံခါးလက်ကိုင်ဘုကို အသံမမြည်အောင် လှည့်ဖွင့်လိုက်သည်။

ထို့နောက် ... သူ့လက်အိတ်တွေကို ချွတ်၍ ဘောင်းဘီနောက်အိတ်ထဲ သေသေသပ်သပ် ခေါက်သိမ်းထားလိုက်ပြီးမှ အခန်းထဲ ဝင်ခဲ့သည်။

အခန်းမှာ လေအေးစက်တပ် အခန်းကြီးဖြစ်သည်။ အခန်းအလယ်တွင် စွန်းရှိ ပါလစ်ရောင် ဖိတ်ဖိတ်တောက်နေသော ကျွန်းစားပွဲကြီးနောက် ဆိုလည်ကုလား

www.burmeseclassic.com

www.burmeseclassic.com


ထိုင်ပေါ်တွင် ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက် စာရင်းထိုင်တွက်နေ၏။

ကိုဝင်းလတ်၏ ဖိနပ်သံကြားသွားတော့ ပြုံးပြုံးပြာပြာ ခေါင်းထောင်ကြည့်၏။ ကိုဝင်းလတ်ရယ်လို့ သိသောအခါ အံ့ဩတကြီးဖြစ်သွား၏။ ကွဲမြီးတို အလိုမကျ ခြောက်ကပ်ကပ်နိုင်လှသော အသံဖြင့် ...

"ဟာဗျာ ... ကိုဝင်းလတ်ကလဲ အသံလေးဘာလေး ပေးပက်ဝင်လာရောပေါ့"

"ကျွန်တော်လဲ လောကြီးသွားတာနဲ့ ဆောရီးပဲ ဦးခင်ငွေ၊ တံခါးခေါက် ဝင်ခွင့်တောင်းဖို့ မေ့သွားတယ်"

ကိုဝင်းလတ်က ခတ်ပြုံးပြုံးလေး တောင်းပန်ရင်း အခန်းတံခါးကို နောက်ပြန် ပိတ်လိုက်သည်။ လူဝကြီးဆီသို့ လျှောက်လာသည်။ လူဝကြီးနှင့် ဘေးတိုက်ကျကျ စားပွဲထိပ် ကုလားထိုင်တွင် ဝင်ထိုင်ခဲ့သည်။

လူဝကြီးက သူ့လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်းငေးကြည့်နေရာမှ —

"ကဲ ဒီအချိန်ကြီးရောက်ခါမှ ဘာစိတ်ကူးပေါက်ပြီး ကျုပ်ရုံးပေါ်တက်လာ ရတာလဲ။ ကျုပ် ရှိနေတယ်ဆိုတာ ဘယ်လိုလုပ်သိခဲ့သလဲဟင် ကိုဝင်းလတ်"

"သိပါသော်ကောဗျာ။ ဒီအချိန်လောက်နဲ့ ခင်ဗျား မပြန်သေးတာကို သိလို့ လာခဲ့တာပေါ့။ ခင်ဗျားက ဘုန်းဘုန်းလဲ သေတဲ့အထိ အလုပ်လုပ်နေမယ့်လူစား မှတ်လား"

"အဲဒီလောက် လုပ်မှလဲ တော်ရုံကျတော့မှာပေါ့ဗျာ"

"အဲဒီလောက် လုပ်မှလဲ ငွေရမယ်၊ ချမ်းသာသထက် ချမ်းသာမယ် ပြောစမ်း ပါဗျာ။ ခင်ဗျားတို့လို ရွှေပေါင်ခံ၊ ငွေတိုးချေးစားနေတဲ့ လူတွေက သူများထက်ကို လောဘကြီးပါတယ်လေ။ အထူးသဖြင့် ခင်ဗျားက အဆိုးဆုံး။ ငွေဆိုရင် ငမ်းငမ်းကို တက်လို့"

ကိုဝင်းလတ်က တရင်းတနှီး နောက်ပြောင်လိုက်ခြင်းဖြစ်ပါသည်။ သည်တော့ လည်း ဦးခင်ငွေမှာ မချိသွားဖြဲ လုပ်နေရာမှ အားကျမခံ စကားနာထိုးတော့သည်။

"အား ... တက်ရမယ်လေ၊ လောကမှာ ဘာအရေးကြီးဆုံးလဲသိလား။ ခင်ဗျားကတော့ မိန်းမလှလေးတွေရယ် ...၊ အရက်နဲ့ မြင်းပွဲရယ်လို့ ဖြေချင်ဖြေမှာ ဘဲ။ အဲ ... ကျုပ်အနေနဲ့တော့ ငွေလို့ပဲပြောချင်တယ်၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ — ခေတ်တကာ့ခေတ် ဘယ်ခေတ်ပဲရောက်ရောက် ငွေရှိတဲ့လူတွေဘဲ တန်ခိုးကြီး ရတာမှတ်လား။ ငွေရှိရင် အာဏာရှင်ဆိုတဲ့ လူတွေကိုတောင် ထင်သလို ခြယ်လှယ် နိုင်သေးတယ်။ ဘာဝါဒ ညာဝါဒပဲ အော်အော်ဟစ်ဟစ် ငွေမပါရင်တော့ အလုပ်ဖြစ်မှာမဟုတ်ဘူး။

"ဒီမှာ ကိုဝင်းလတ် ... ဟောဒီလို လက်ညှိုးလက်မလေး ဝိုင်းပြလိုက်စမ်း။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တိုင်းပြည်သွားသွား အောက်မကျဘူးမှတ်၊ ငွေဆိုတာ လူတိုင်း နားလည်တဲ့ ကမ္ဘာသုံးစကားတစ်ခုကိုးဗျ ...။

"တက္ကသိုလ် ပညာတတ်ပြီး ထမင်းငတ်ချင်ငတ်မယ်၊ ငွေရှိတဲ့လူအဖို့က ကြီးပုတ်လောက် ရေးပြတာတောင် ဘာမှန်းမသိပေမယ့် ထမင်းမငတ်နိုင်ဘူး၊ ငွေသာ အလှအပ၊ ငွေသာ လူ့ဘဝ၊ ငွေသာ ပြဿနာတိုင်းရဲ့အခြေခံ၊ ဒီတော့ ဒီငွေရဖို့အတွက် ကျုပ် အလုပ်ကျုံးလုပ်နေတာ အဆန်းလား ...၊ ခင်ဗျားလို အမျိုးသမီးပေါင်းစုံနဲ့ အပျော်အပါး ကျူးနေတာထက်စာရင် အများကြီး တော်ဦးမှာပေါ့ ..."

"ဒီနေရာမှာ ကျွန်တော်ကြားဘူးတာတော့ မိန်းမတို့ နှုတ်ခမ်းချိုသာမှုနှင့် မိန်းမတို့၏ အတွေ့ရသကို မသိသူသည် လူမိုက်တဲ့၊ ပြီးတော့ ... လောကကြီးမှာ လေမရှိရင်မဖြစ်သလို ယောကျ်ားတစ်ယောက်အတွက် မိန်းမဆိုတာလဲ တကယ် အသုံးဝင်တာကလား အဲ ... ခင်ဗျား အဖျင်းဆုံး နားလည်ထားဖို့က အမျိုးသမီး ဆိုတာ အကောင်းဆုံး အမြည်းတစ်မျိုးရယ်လို့ပဲပေါ့၊ ခုတော့ ခင်ဗျားဟာက ငွေမှငွေဆိုပြီး ငွေတစ်ခုထဲ ရှေ့တန်းတင်ကိုးကွယ်ထားတာကိုး၊ ငွေနဲ့ပတ်သက်လို့ ခင်ဗျားရဲ့အတွေးအခေါ်တွေဟာလဲ အတော့်ကို ကြောက်စရာကောင်းနေပြီ၊ ကျွန်တော်တော့ ခင်ဗျားနာမည်ကို ဦးခင်ငွေဆိုတဲ့အစား ဦးငွေခင်လို့တောင် ပြောင်းပေးလိုက်ချင်ပြီ"

"ဦးငွေခင် ပြောင်းရုံမကလို့ ဦးငွေသရဲပဲခေါ်ခေါ် ... ကျုပ်နာမည်မှာ ငွေပါရင် ကျေနပ်တာပဲ၊ ကဲ ... နေစမ်းပါဦး ခင်ဗျားက ကျုပ်နဲ့စကားနိုင်လုဖို့ လာတာလား၊ အလုပ်ကိစ္စဆွေးနွေးဖို့ လာတာလား ... ဧကန္တတော့ ခင်ဗျားလာတဲ့ ကိစ္စဟာ ငွေရေးကြေးရေးကိစ္စပဲ မဟုတ်လား ကိုဝင်းလတ်"

"ဒါတော့ ကျွန်တော် မငြင်းပါဘူး ဦးခင်ငွေ ... ကြွေးစားရင်းရှင်းရအောင်ပဲ ဆိုပါတော့ ..."

"ကျုပ်ထင်လိုက်ရင်လွဲခဲတယ်၊ အင်း ... ခင်ဗျားလာဖို့ အချိန်ကလဲ စေ့နေပြီကို၊ ဒါနဲ့ ကြွေးဆပ်ရအောင်ဆိုပြီး ခင်ဗျားဆီမှာလည်း ငွေပါလာပုံ မရပါလား ကိုဝင်းလတ်ရဲ့"

"အိုး ... ချက်လက်မှတ်တစ်အုပ်လုံးယူလာခါမှ ငွေပါဖို့လိုဦးမှာလား ကိုယ့်ဆရာရ ... ခင်ဗျားငွေ လေးသောင်းငါးထောင်တင်မကဘူး။ ငါးသောင်းလည်း ရစေ့ရမယ်၊ အရေးကြီးတာက ငွေချေးစာချုပ်ကိုပြန်ပေးဖို့ပဲ"

"ဟုတ်မှလဲ လုပ်စမ်းပါဗျာ ... ခင်ဗျားက ချက်ရေးပေးနိုင်ရအောင် ဘဏ်မှာ ငွေသွင်းပြီးသားရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မရှိဘဲပေးပါမလား ဦးခင်ငွေရာ၊ ခင်ဗျား မယုံရင် သဘက်ခါ ဘဏ်ဖွင့်တဲ့ နေ့ကျတော့ သွားထုတ်ကြည့်ပေါ့၊ ခင်ဗျားငွေပြန်မရဘူးဆိုရင် ကျုပ်ကိုကြိုက်သလို လုပ်၊ လိမ်လည်မှုနဲ့ ဂါတ်ပဲတိုင်တိုင်၊ ဟောဒီမှာ တွေ့လား ... ချက်လက်မှတ်အုပ်၊ ခင်ဗျားဆီက စာချုပ်ပြန်ရတာနဲ့ ကျွန်တော်က ငွေငါးသောင်းရေးပြီး လက်မှတ်ထိုး ပေးခဲ့ရုံဘဲ"

ကိုဝင်းလတ်က သူ့ဂျာကင်အိတ်တွင်းမှ ချက်လက်မှတ်စာအုပ်ကို ထုတ်၍ ဦးခင်ငွေရှေ့တွင် ဇွဲ့ရမ်းပြလိုက်သည်။ ဦးခင်ငွေက မယုံနိုင်သလိုဖြစ်သွားရာမှ နားမလည်သော အမူအရာဖြင့် မျက်မှောင်ချိုလိုက်ပြီး ...

"ခင်ဗျားယူထားတဲ့ငွေက သုံးသောင်း၊ တစ်ဆယ်တိုးနဲ့ ငါးလကြာပြီဆိုတော့ လေးသောင်းငါးထောင် ပြန်ဆပ်ရမှာမှတ်လား ... ဘယ့်နဲ့ ငါးသောင်းပေးရတာလဲ"

"ဒါကတော့ လောလောဆယ် ကျွန်တော် ငွေလေးထောင်လောက် လိုချင်နေ တာကိုး ဦးခင်ငွေ၊ အဲဒီအတွက် အတိုးက တစ်ထောင်ပေးမယ်လေ၊ အားလုံးပေါင်း ငါးသောင်းဖြစ်သွားရောပေါ့ ဖြစ်မယ်မှတ်လား ဦးခင်ငွေ"

"ခင်ဗျားလာလိုက်ရင် ဖုတ်ပူမီးတိုက်ချည်းပဲ၊ အရင်တစ်ခါကလဲ မဖြစ်မနေ သဘောတော့မလိုပဲ"

"ဟုတ်တယ်လေ ... ကုမ္ပဏီပိုင်ငွေတွေကို တတိတတိနဲ့ ယူသုံးထားတာ အရေးတကြီး ပြန်သွင်းဖို့ လိုလာတာကိုးဗျ၊ ခင်ဗျားလဲသိတဲ့အတိုင်း ကုမ္ပဏီက ကျွန်တော့်နာမည်ခံထားရပေမယ့် ကျွန်တော်နဲ့ ကျွန်တော့်ယောက်ဖအပြင် တခြား ရှယ်ယာဝင် သုံးယောက်တောင်ရှိနေတဲ့ဥစ္စာ ... အကြွေးမဆပ်နိုင်လို့ စာချုပ် အတိုင်း ကုမ္ပဏီကို ခင်ဗျားလက်ထိုးအပ်ရမယ်ဆိုရင် ကျွန်တော် ခွေးလုံးလုံး ဖြစ်ရောပဲပေါ့ ... အဲဒါနဲ့ ယောက်ဖကို အကျိုးအကြောင်းပြောပြီး သူ့ငွေစာရင်းထဲ က ပေးဖို့ပြောလာရတာဗျ၊ သဘက်ခါကျတော့ သူ့ငွေစာရင်းထဲက ကျွန်တော့် ငွေစာရင်းထဲ ပြောင်းထည့်ထားလိုက်ရမှာပေါ့၊ ခင်ဗျားအနေနဲ့တော့ အသာလေး သွားထုတ်ရုံပဲ၊ ဘယ်နဲ့လဲ ရှင်းပလား"

"အခုကော ငွေလေးထောင်က ဘာလုပ်ရဦးမှာလဲ"

"ကလပ်ကြေးလေး ဘာလေးပေးရင်းနဲ့ မနက်ဖြန် မြင်းပွဲအထူးပွဲရှိတာ သွားကစားမလားလို့ဗျ ... ဒီတစ်ပတ်ကတော့ ပိုင်ကွက်ရှိနေလို့ပါ"

"ခင်ဗျားလဲ အဲဒါတွေကြောင့် မွဲတော့မှာပဲ၊ ခင်ဗျားယောက်ဖသာမ ရှင် ချက်ဆွဲရတာကြာလှပြီ ... ဒါပဲနော် ... သဘက်ခါ ဘဏ်သွားထုတ်လို့ ငွေ မရှိဘူးဆိုရင်တော့ ကျုပ်က ဘယ်သူ့မျက်နှာမှ ထောက်နိုင်မှာမဟုတ်ဘူး — ပြီးတော့မှ ... ကျုပ်ကို ရက်စက်တယ်လေး ဘာလေးမပြောနဲ့၊ လုပ်စရာရှိ ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြတ်ပြတ် လုပ်တတ်တာ"

"စိတ်ချစမ်းပါဗျာ ... ကျွန်တော်ကရော ကျွန်တော့်ဂုဏ် ကျွန်တော့်သိက္ခာနဲ့ အရှက်တကွဲ အကျိုးနည်းအဖြစ်ခံပါ့မလားလို့"

သူတို့နှစ်ယောက် အချီအချပြောသံတွေမှာ အခန်းကြီးထဲတွင် လုံးနေ၏။ ဟိန်းနေ၏။ ဒါကို သတိပြုခဲ့မိသော ကိုဝင်းလတ်က အသံလုံခန်းကြီးဖြစ်ကြောင်း တွက်မိလိုက်သည်။ ပြီးတော့ ... ငယ်ထိပ်ရှိ ဆံပင်ပါးပါးလေးကို ဖွကုပ်ရင်း ဆိုလည်ကုလားထိုင်ကြီးအား နောက်ဖက် မီးခံသေတ္တာရှိရာသို့ လှည့်ပစ်လိုက်သော ဦးခင်ငွေကို ငေးကြည့်နေခဲ့မိသည်။

ဦးခင်ငွေသည် မီးခံသေတ္တာပုလေးကို သော့ဖွင့်လိုက်၏။ အတွင်း၌ စာချုပ်စာတမ်းဖိုင်တွဲများ၊ ငွေစက္ကူထုတ်များနှင့် သံသေတ္တာလေးတစ်လုံးရှိနေသည်။ ဖိုင်တွဲတွေပေါ်တွင် စစ်သုံးခြောက်လုံးပြူးကြီးတစ်လက် ဖိထားသည်ကိုပါ ကိုဝင်းလတ် ဖမ်းမြင်လိုက်မိသည်။ သူ့မျက်လုံးတွေမှာ အရောင်တလက်လက်တောက်ပလာသည်။

ဦးငွေခင်က ဖိုင်တွဲတစ်တွဲနှင့် နှစ်ဆယ်တန်အသစ်စက်စက် ၂–အုပ်ကို ထုတ်ယူခဲ့သည်။

မီးခံသေတ္တာကို ပြန်မပိတ်ဘဲ ကိုဝင်းလတ်ဘက်ပြန်လှည့်လာသည်။ ထို့နောက် ... ဖိုင်တွဲကို လှန်လှောရှာဖွေလျက် စာချုပ်တစ်ခုနှင့် စာရွက်တစ်ထပ်ကိုနှုတ်ယူ၍ စာပွဲပေါ်တင်ထားလိုက်၏။ နှစ်ဆယ်တန်တစ်အုပ်ကို အရွက်ငါးဆယ်ရေပြီး ... ဖေါက်ချုပ်ထားရာမှ ခွဲဖြုတ်လိုက်၏။ စာချုပ်များပေါ်တွင် နှစ်ဆယ်တန်တစ်အုပ်ခွဲကိုထပ်လိုက်ပြီး လက်ဝါးနှင့်အုပ်ထားလိုက်ရင်း ...

"ကဲ ... ရှေ့ပတ္တမြား ရှေ့နဂါးစနစ်ကို သုံးကြတာပေါ့ ကိုဝင်းလတ်၊ ခင်ဗျားဆီက ချက်လက်မှတ်ရတာနဲ့ ခင်ဗျားလိုချင်တာတွေ ခင်ဗျားလက်ထဲအပ်လိုက်မယ်၊ လူချင်းခင်တာ တခြား၊ အလုပ်က အလုပ်ပဲမှုတ်လားဗျ၊ စိတ်တော့ မရှိနဲ့နော် ..."

သည်တော့လည်း ... ကိုဝင်းလတ်မှာ ခေါင်းတညိမ့်ညိမ့်နှင့် ချက်စာအုပ်ကို ဖွင့်ပြီး ငွေငါးသောင်းဟု ဂဏန်းနှင့်တစ်မျိုး စာနှင့်တစ်မျိုးရေး၍ လက်မှတ်ထိုးလိုက်သည်။ ချက်ရေးနေစဉ်အတွင်း ကော်ရစ်ဒါဆီမှ ခြေသံများနှင့် စကားပြောသံတသောသောကို ကြားလိုက်ရသည်။ စာရေးတွေ အလုပ်သိမ်း၍ ဓာတ်လှေကားဆီသို့ သွားနေကြခြင်းပဲ ဖြစ်ပါလိမ့်မည်။

ကိုဝင်းလတ်က ဒီအသံတွေကို နားစွင့်ရင်း ဦးခင်ငွေ၏ နောက်ဘက်နံရံထက်မှ လျှပ်စစ်နာရီကြီးကို မသိမသာ လှမ်းကြည့်လိုက်မိ၏။ ခြောက်နာရီထိုးချေပြီကော။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းလတ်လည်း ချက်လက်မှတ်ကို ဖြိခနဲ ဆွဲဆုတ်၍ ဦးခင်ငွေအားကမ်းပေးလိုက်သည်။ ဦးခင်ငွေက ချက်လက်မှတ်ကို သေသေချာချာစစ်ဆေးကြည့်လိုက်ပြီးမှ ပြုံးဖြီးဖြီးမျက်နှာထားကြီးနှင့် သူ့လက်အုပ်ထားသော ငွေများနှင့် စာချုပ်စာတမ်းများကို ကိုဝင်းလတ်ဖက်သို့ တွန်းပို့လိုက်သည်။

ကိုဝင်းလတ်က စာချုပ်စာရွက်များနှင့် ငွေစက္ကူများကို ဂျာကင်အတွင်းအိတ်ထဲသို့ ခေါက်ထည့်လိုက်သည်။

"ခုလိုကူညီတာ ကျေးဇူးသိပ်တင်တယ် ဦးခင်ငွေ ... ခင်ဗျားကျေးဇူးကို ကျုပ်မမေ့ပါဘူးဗျာ"

"ကိစ္စမရှိပါဘူးဗျာ ... ဆီပေးလို့ ဆန်ရတဲ့သဘောပဲ ... တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့သာ အရေးကြီးတာပါ"

ဦးခင်ငွေက သူ့အတွက် တွက်ခြေကိုက် အမြတ်ထွက်ခဲ့ရသည်နှင့်အမျှ အားရဝမ်းသာပြောလိုက်ပြီး ချက်လက်မှတ်ကို မီးခံသေတ္တာထဲ ပြန်သိမ်းမည့်အကြံဖြင့် နောက်လှည့်မည်ပြင်လိုက်၏။ သည်တွင်ပင် ... ကိုဝင်းလတ်က ထိုင်ရာမှ ဖြတ်ခနဲ ထလိုက်ကာ လက်တစ်လှမ်းအကွာရှိ မီးခံသေတ္တာကြီးအနီးသို့ ကပ်လိုက်သည်။

မြန်လှသည်။ မျက်စေ့တမှိတ် လျှပ်တပြက်အတွင်း ကိုဝင်းလတ်၏ လက်ထဲသို့ ခြောက်လုံးပြူးသေနတ်ကြီးရောက်လာ၏။ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဦးခင်ငွေမှာ ပါးစပ်ကြီးအဟောင်းသားနှင့် ကြက်သေသေ မျက်လုံးပြူးသွားသည်။

အသံပင် မထွက်နိုင်လောက်အောင် ကြောက်ဖော့လွှမ်း၍ ကိုဝင်းလတ်ကို ငေးကြည့်နေမိသည်။ ကိုဝင်းလတ်က အချိန်မဖြုန်းတော့ပါ။ ရသမျှအခွင့်အရေးကို အပြည့်အဝသုံးလိုက်သည်။

အလူးအလဲထလာပြီဖြစ်သော ဦးခင်ငွေ၏ ဟပြဲပြဲပါးစပ်ကြီးထဲသို့ ပြူးပြူးလေးနှင့် ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်ခြင်းပဲဖြစ်ပါ၏။ ဒိုင်းခနဲအသံ၊ ပြီးတော့ — ပြောင်းဝမှ မီးတစ်ပွင့်၊ ထို့နောက် ဦးခင်ငွေ၏အော်ညည်းလိုက်သံ၊ ဒါတွေက တဆက်တည်း ရောယှက်ထွေးလုံးထွက်ပေါ်လာသည်။ တိုက်ခန်းကြီးတစ်ခုလုံး ဟိန်းသွားရသည်။ ဒါပေမဲ့ ... အသံလုံခန်းကြီးဖြစ်နေ၍ အပြင်က ကြားလိုက်ရမည်မဟုတ်ပါ။ ကြားသည်ပဲထား။ ကုလားထိုင်လဲတာလောက်ပဲ ထင်စရာရှိသည်။

ကျည်ဆန်ပူပူကြီးကို မြိုချလိုက်ရသော ဦးခင်ငွေသည် လက်ထဲမှ ချက်လက်မှတ်ကို လန့်ဖယောင်း၍ လွှင့်ပစ်လိုက်ပြီး ကုလားထိုင်နောက်မှီပေါ်သို့ အရုပ်ကြိုးပြတ် လန်ကျသွားသည်။

ပထမတော့ ... မချိမဆန့် တွန့်လိန် ရုန်းထနေသေး၏။ ကျည်ဆန်က

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမှ ဦးနှောက်ကို ဖောက်ထွက်သွားတော့လည်း ပြန်ထနိုင်ဖို့ အခဲယဉ်းသွားကလား။ တဒင်္ဂအတွင်း … ကိုဝင်းလတ်၏ မျက်စေ့အောက်တွင်ပင် ငြိမ်ကျသွားရှာသည်။ အသက်ထွက်သွားပြီပေါ့။

ကိုဝင်းလတ်က ဦးခင်ငွေ၏ သနားစရာဇာတ်သိမ်းခန်းကို အစအဆုံး ငိုင်ကြည့်နေမိခဲ့သည်။

ငါ … ငါ … လူသတ်မိခဲ့ပါရောလားဟူသော အသိသည် ကိုဝင်းလတ် ဦးနှောက်ထဲသို့ စိမ့်ဝင်လာသည်။ တကယ်မှဟုတ်ရဲ့လား သူ့ကိုယ်သူ ပြန်မေးမိသည်။ ဦးခင်ငွေ၏ နောက်စေ့မှ ဒလဟော စီးကျနေသော သွေးတွေက တကယ်တကယ်လို့ သူ့ကိုပြန်ပြောနေသည်။

ဒီတော့မှ သူ့ရင်ထဲတွင် နတ်ကျသလို ကတုန်ကရင်းကြီးဖြစ်လာရတော့သည်။ စိတ်ခြောက်ခြားအလျဉ်သည် သူ့ကို ပြင်းပြင်းထန်ထန် အဆက်မပြတ် ရိုက်ခတ်နေခဲ့ပါချေပြီတည်း။ ဒါပေမဲ့ အတော်ကြာသည့်တိုင်အောင် သူ့တကိုယ်လုံး အကြောတွေဆိုင်း၍ လှုပ်မရ ကြွမရဖြစ်နေမိ၏။ အမျိုးအမည်မသိသော မျက်ရည်တစ်စက်သည် သူ့ပါးပြင်ကို ကန့်လန့်ဖြတ်လိမ့်ဆင်းလာသည်။ ဒါပေမဲ့ သူမသိပါ။ သူသည် လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားသလို အိုင်ထွန်းလာသော သွေးစီးချောင်းကြီးကိုသာ စူးစူးဝါးဝါး စိုက်ကြည့်နေမိသည်။

ထို့နောက်တော့ … သူ ဘာဆက်လုပ်ရပါလိမ့်ဟူသော အတွေးပေါ်လာသည်။ ခြောက်လုံးပြူးကို သူသတိရလိုက်သည်။ ဒီခြောက်လုံးပြူးကြီးပေါ်မှာ သူ့လက်ရာတွေ ထင်နေမည်မဟုတ်ပါလား။

သူက တဖြည်းဖြည်း အသက်ဝင်လာသည်။ ဆိုလျှင်ပင် … ဘောင်းဘီနောက်ဖက်မှ လက်အိတ်ပါးလေးတွေကို ထုတ်ယူလိုက်မိသည်။ လက်အိတ်တွေ စွပ်ပြီးနောက် ခြောက်လုံးပြူးကြီးကို ကောက်ကိုင်လိုက်သည်။ ဒီမှတဆင့် သူ့လှုပ်ရှားမှုတွေက စက်တစ်ခုလို အရှိန်ရလိုက်ပြီး သွက်သွက်လက်လက် ဖြစ်လာသည်။

ရုပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပုဝါနှင့် သေနတ်တစ်ခုလုံးကို လိုက်သုတ်ပစ်လိုက်သည်။ သေနတ်ပြောင်း၊ သေနတ်မောင်း၊ သေနတ်ဒင်းစသဖြင့် လက်ရာထင်ကျန်ခဲ့မည်ယူဆရသော နေရာမှန်သမျှ စေ့စေ့စပ်စပ် တိုက်ဖျက်ခဲ့မိသည်။

ပြီးတော့ … ဦးခင်ငွေ၏ ခြေရင်းမှ ချက်လက်မှတ်ကို ကောက်ယူပြီး ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားလိုက်ရသည်။ နောက်ကုလားထိုင် လက်တင်ပေါ်တွင် တွဲလောင်းကြီးတင်နေသော ဦးခင်ငွေ၏ လက်ထဲတွင် ခြောက်လုံးပြူး သေနတ်ကို ထည့်ပေးလိုက်မိပြန်သည်။ ဦးခင်ငွေ၏ လက်သည် သေခါစမို့ပူပူနွေးနွေးကြီးပဲ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းလတ်က လူသေကောင်၏ လက်ချောင်းလေးများကို အသေအချာ ဖြန့်ပြီး သေနတ်ဒင်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားခိုင်းလိုက်သည်။

လက်ညှိုးကိုလည်း သေနတ်ခလုတ်ပေါ်တွင် ဖွဖွရာထင်အောင် ဖိပေးလိုက်သည်။

ပြီး ... သေနတ်ကို ပြောင်းမှ တယုတယကိုင်၍ ကုလားထိုင်ဘေး ကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်။

ဒီလိုလုပ်နေစဉ် ဦးခင်ငွေ၏ မျက်နှာကြီးကို တစ်ချက်မှမကြည့်။ မကြည့်သည့် ကြားမှပင် သူ့နှလုံးသွေးတွေမှာ တဒိတ်ဒိတ်ခုန်လျက် တစ်ချက်တစ်ချက် ကြက်သီးတွေ ထ,ထသွားမိသေးသည်။ တကယ်တော့ ... သူသည် ရှိသမျှသတ္တိကို ဖျစ်ညှစ်ထုတ် ဇွတ်မိုက်လုပ်ခဲ့ရခြင်းပဲ ဖြစ်ပါသည်။

မမေ့ကောင်းသော အလုပ်တစ်ခုအဖြစ် စားပွဲပေါ်ရှိ ဖိုင်တွဲကြီးကို မီးခံသေတ္တာ ထဲသို့ နေသားတကျ ပြန်သိမ်းထားလိုက်သည်။ အထဲမှ နှစ်ဆယ်တန်အုပ်တွေကို သူ့ရှူကင်အိတ်နှင့်ဆန့်သလောက် ထိုးသိပ်ယူလိုက်သည်။ ပြီးတော့ ... မီးခံ သေတ္တာတံခါးကို ပြန်ပိတ်သည်။

အစကတော့ သူ့အသက်တမျှ အရေးကြီးသော ငွေချေးစာချုပ်ကို အရယူဖို့ သာ ကြံခဲ့သည်။ ဒါပေမဲ့ လူတစ်ယောက်လုံးလုံး သတ်ပြီးမှ အကြောင်းမထူးတော့ ဘူးဆိုကာ ခုလို ငွေတွေပါ ယူမိခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်လည်း အသက်တစ်ချောင်းကို သတ်ခဲ့ရသည်နှင့် ကာမိအောင် တန်ဖိုးတွက်ယူလိုက်ရ သည်ဟု ဆိုရမည်။

နောက်ဆုံး ... သူဝင်လာလာချင်း လက်နှင့်ထိကိုင်မိသော တံခါးဘုသီး စားပွဲစွန်းနေရာများကို လက်စသတ် သုတ်ဖျက်ခဲ့ပြန်သည်။ ဒီအပြင် သဲလွန်စတစ်ခု တလေများ ကျန်ခဲ့အုံးမလားဟူသော စိတ်နှင့် တစ်ခန်းလုံးအနှံ့ စစ်ဆေးကြည့်မိ သေးသည်။

လူသတ်သမားသည် သူပါပဲရယ်လို့ ဆက်စပ်စွပ်စွဲ မသင်္ကာစရာ ဘာမှမရှိ တော့။ သို့ဖြင့် ... ဦးခင်ငွေ ကိုယ့်ကိုကိုယ် သတ်သေသွားသည့် သရုပ်သကန် သာလျှင် အထင်းသား ပေါ်လွင်နေခဲ့ရပေလေပြီ။

ကိုဝင်းလတ်လည်း ကျေနပ်အားရစွာပင် လာလမ်းကိုပြန်ဖို့ ခြေလှမ်းပြင်လိုက် မိသည်။ ဩော် ... မီးပိတ်ခဲ့အုံးမှ ... ဟု စဉ်းစားလိုက်မိရင်း ဦးခင်ငွေ၏ အလောင်းကြီးနောက်နားမှ မီးခလုတ်ရှိရာသို့ ပြန်သွားခဲ့ရပြန်သည်။

သည်အလောင်းကြီးကို မကြည့်မိရန် ကြိုးစားထားလိုက်ရသည့်ကြားထဲက မီးမပိတ်ခင်အချိန်ကလေးမှာ ကွက်ခနဲကြည့်ဖြစ်လိုက်သေးသည်။ မသိစိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိခြင်းပဲထင်ပါရဲ့။

ဦးခင်ငွေ၏ အလောင်းကြီးရယ်လေ ... မျက်လုံးပြူးကြီးနှင့် သူ့ကို အခဲမကြေသလို စိုက်ကြည့်နေရာက၊ ပါးစပ်ကြီးဟပြီး သွားဖြဲပြနေသည်။ လက်ကားယားခြေကားယားကြီးမှာလည်း မလှမပ ကနေသည့်ပာန်။ ဒါမှမဟုတ် အခုပဲသူ့နောက်ထလိုက်တော့မည့်ပုံ။ ကျည်ထွက်လမ်းမှ သွေးတွေကတော့ ခုထက်ထိ တစ်စက်တစ်စက်နဲ့ ကော်ဇောပေါ်ကို ကျလို့။

အခန်းမီးမှိတ်၍ ကျောခိုင်းထွက်ခဲ့သည့်တိုင်အောင် အသုဘရုပ်ကြီးက သူ့မျက်လုံးရှေ့မှာ တဝဲရစ်ရစ် တရစ်ဝဲဝဲ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၃ |

ကုလားဆင်မလေး သူဇာနွယ်သည် နှုတ်ခမ်းပါးလေးကို ဝလုံးလေးလို နေအောင် ဝိုင်းလိုက်ပြီး နှုတ်ခမ်းနီ နောက်တစ်ထပ် ဆိုးလိုက်ပါ၏။ ပြီးတော့ … နှုတ်ခမ်းနစ်ချက်ကိုစေ့၍ ပွတ်ကြိတ်လျက် မိတ်ကပ်ဘူးဖုံး မှန်ဝိုင်းထဲတွင် ညီမညီကြည့်၍ အပိုအလို ညှိနေလိုက်သည်။ နောက် … မျက်ရစ်တွင် ကာချယ် တင်သည်။

မျက်တောင်ကော့ကြီးတွေကတော့ အောက်မျက်ခမ်းတိုင် ရှည်လျားညွတ်ကျ နေပါသည်။ သူက လက်သန်းကလေးနှင့် မျက်တောင်တွေကို လိုက်ကော့လိုက် သေးပါ၏။

၆–နာရီ ၁၇–မိနစ်။ သူ့စားပွဲပေါ်ရှိ အင်တာကွန်း (ခေါ်) အိမ်တွင်း စကားပြောကိရိယာကလေးကို လှမ်းကြည့်လိုက်မိသည်။

မဖြစ်သေး။ သူ့ဘေးကို ခေါ်လို့ မဖြစ်သေး။ သူ့ဘေးက သူညွှန်ကြားသလို တသွေမသိမ်းလိုက်လုပ်မှ ကြိုက်သည်။ အချိန်တိကျသည့်နေရာတွင် စက္ကန့်လေး တွေကအစ အလွတ်မပေးချင် …

ဒီတော့ … သုံးမိနစ်လောက် စောမိပြီဆိုလျှင် သူ့ကို ကြိမ်းလားမောင်းလား လုပ်ပေဦးတော့မည်။

သို့မို့ပင် … သူဇာနွယ်ခမျာ လက်ဆွဲခြင်းကလေး တပြင်ပြင်နှင့် ဇောတကြွကြွ ဖြစ်ရင်း ကြိတ်မိတ်ဆက်စောင့်နေရသည်။ ခဏအကြာတွင် သူ့ရှေ့စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာ၏။ သူဇာနွယ်လည်း တယ်လီဖုန်းသံကို ပိတ်မိအောင်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာကရာ ကောက်ကိုင်လိုက်ပြီး ...

"အမိန့်ရှိပါရှင် ... ဝင်းလတ်အထွေထွေ ရှင်၊ ဩော် ... မမမွှေးလား။ ဟုတ်ကဲ့ ဆရာ သူ့အခန်းထဲမှာ ရှိနေပါတယ်။ ဟုတ်ကဲ့ ... ညှိသည်နဲ့စကား ပြောနေတာပါ၊ ဟုတ်ကဲ့ ခဏကိုင်ထားဦးနော် မမမွှေး"

ခုလို သူဌေးကတော် သူ့ကို ဖုန်းဆက်ခဲ့သည်မှာ သူဌေးနှင့်သူ ကင်းကင်း ရှင်းရှင်း တကယ်ရှိမရှိ ဖမ်းစစ်လိုက်ခြင်းသာဖြစ်မည်ဟု သူဇာနွယ်က တွက်တွေး နားလည်လိုက်ပါ၏။

တယ်လီဖုန်းကို ဘေးချ၍ သူ့လက်ပတ်နာရီလေးကို ကြည့်မိ၏။ ၆– နာရီ ၁၉–မိနစ်နဲ့ ၁၂–စက္ကန့်ရှိချေပြီ။

ဒီလောက်ဆိုလျှင်တော့ ... သူဌေးကို ခေါ်လို့ရလောက်ပြီထင်သည်။ သူဇာနွယ်က တယ်လီဖုန်းနှင့်ယှဉ်လျက်ရှိသော အင်တာကွန်းခလုတ်ကို လက်ညှိုး လေးနှင့် နှိပ်လိုက်သည်။ ထိုအခါ ကိုဝင်းလတ်အခန်းထဲရှိ အင်တာကွန်းတွင် တတိတိ သွားမြည်တော့သည်။

ခလုတ်ကို မလွှတ်တမ်း နှိပ်ထားခဲ့သည်နဲ့အမျှ တစ်ဖက်၌ အဆက်မပြတ် သွားမြည်နေသံကို သူဇာနွယ် အတိုင်းသားကြားရသည်။ ဒါပေမဲ့ တစ်စုံတစ်ရာ တုံ့ပြန်အဖြေပေးလာခြင်း မရှိ။

ဘယ့်နှယ်ဖြစ်ပါလိမ့်။ အချိန်မစေ့သေးဘူးဆိုပြီး တမင်ပဲ ပြန်မထူးတာလား။ စဉ်းစားခန်းလွန်နေလို့များလား။ သူဇာနွယ် တွေးမရ။ ဦးနှောက်ခြောက်လိုက် ရသည်။ တယ်လီဖုန်းကို ပြန်ကိုင်လိုက်မိသည်။

"ဟလို ... မမမွှေးရေ၊ ကျွန်မ အင်တာကွန်းနဲ့ခေါ်တာတော့ သူ ပြန်မထူးဘူး။ သူ အဲ့ဒီအခန်းထဲမှာ ရှိနေတာတော့ သေချာပါတယ်။ အဲ ... နောက်ဖေးခန်းထဲ ဝင်နေသလားမှမသိဘဲ ... ဟင့်အင်း၊ သူပြန်ထွက်သွားစရာ အကြောင်းမရှိပါဘူး။ ကျွန်မကိုလဲ အလုပ်ရှိတယ်ဆိုပြီး သူစောင့်ခိုင်းထားတာ၊ ဒီတော့ ဟို့ မမမွှေး သူ့နံပါတ်ကို တိုက်ရိုက်ဆက်ကြည့်ပါလားလို့။ ဟုတ်ကဲ့ ကောင်းပါပြီ၊ ဒါပဲ မဟုတ်လား"

ဟင် ... ၆–နာရီ ၂၀–တောင် ကျော်နေပါပကော။ ဆရာကိုဝင်းလတ် ကတော့ ဘာသံမှ မပေးသေးပါလား။

"ဆရာ ဆရာ ... ၆–နာရီ ၂၀–ရှိပြီ ဆရာရဲ့၊ မမမွှေးတောင် ခုနင်းတင် ဖုန်းဆက်သွားသေးတယ်"

"အေး ... ကျေးဇူးပဲ မိသူဇာ ... မပြန်ခင် ဆရာ့ဆီ ဝင်ခဲ့အုံးနော် ..."

ကိုဝင်းလတ်၏ အသံကို ကြားလိုက်ရတော့မှ သူဇာနွယ် ရင်ပေါ့သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုဝင်းလတ်၏ အသံမှာ ကသောကမျောနိုင်လှသည်။ အင်တာကွန်းအော်သံကြားသဖြင့် နောက်ဖေးခန်းမှ အူရားဖားရား ပြေးထွက်ခဲ့ရပြီထင်သည်။ ဒီတော့လည်း ... ဆရာ့ကို သူဇာနွယ် အားနာသွားမိသည်။ တပြိုင်တည်း၌ အားနာစရာနောက်တစ်ယောက်ကိုလည်း ပြေး၍ မြင်ယောင်လိုက်သည်။

ထိုတစ်ယောက်ကတော့ မောင် (သို့မဟုတ်) ချစ်လျက်မြတ်နိုးရပါလေသော ကျော်မောင်မောင်၊ သူ့မောင်သည် ပန်းဆိုးတန်းနှင့် ကမ်းနားလမ်းထောင့်က သူ့အလာကို စောင့်ရင်း လည်ပင်းရှည်နေပေရော့မည်။ မလာမလာနှင့် ဒေါသူပုန်မွနေမလားပင် မပြောတတ်ပါ။ ရုံးဆင်းသည့် ညနေတိုင်းလိုလို သူနှင့်မောင် ကမ်းနားဆိပ်ကို လေညှင်းခံလျှောက်ပြီး အိမ်လိုက်ပို့နေကျ မဟုတ်ပါလား။ ဒါကြောင့်လည်း ... သူဇာနွယ် ပြန်ချင်လှပါပြီ။

ကိုဝင်းလတ်၏ အခန်းတံခါးရွက်နှင့် ကြမ်းပြင်ကြားမှ အလင်းရောင်လျှံထွက်လာသည်။ သူဇာနွယ်လည်း ထခုန်မတတ် ဝမ်းသာသွား၏။ ကိုဝင်းလတ်အား ခွင့်ပန်နှုတ်ဆက်ရန် အခန်းလေးထဲသို့ ဝင်ခဲ့မိသည်။ တံခါးတစ်ဘက်သို့ ရောက်မိသည်ဆိုရုံနှင့် သူဇာနွယ် ခြေလှမ်းတုံ့သွားရပါသည်။ သူ့ဆရာကိုဝင်းလတ်ဖြစ်နေပုံကို မြင်လိုက်ရသောကြောင့်ပဲဖြစ်၏။

ကိုဝင်းလတ်သည် စားပွဲခုံနောက် ခြေပစ်လက်ပစ်ထိုင်လျက် တယ်လီဖုန်းပြောနေသည်။ သူ့အသံက သူ့ကိုယ်သူမှ အနိုင်နိုင်ကြားရဖို့ရှိသည်။ အပြင်းဖျားနေသော လူမမာတစ်ယောက်လေသံပေါက်၍ သဲ့သဲ့လေးမျှ ထွက်နေသည်။ မျက်လုံးတွေကိုတော့ စုံပိတ်ထားသည်။ မျက်နှာတွင်မူ ပင်ပမ်းနွမ်းနယ်မှုအငွေ့အရောင်များဖြင့် ဖျော့တော့ပေါ်လွင်လျက် တပြိုင်ထဲ၌လည်း စိတ်အေးချမ်းသာရာရနေသလိုလို။

သူဇာနွယ် ဆက်ဝင်သွားရမလား၊ ပြန်ထွက်သွားရမလား၊ အကြံအိုက်သွားရ၏။ အဆင်ကြည့်ရတာတော့ မမမွေးနဲ့ စကားပြောနေပုံပါပဲ၊ နောက်ဆုံး — သူဇာနွယ်က သူရောက်နေကြောင်း အသိပေးလိုက်သည်။ မရဲတရဲကလေး အသံပြုခဲ့သည်။

"ဆရာ"

ကိုဝင်းလတ်က ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်၏။ သူဇာနွယ်ကို မြင်သွားသောအခါ ကုန်းထလိုက်ရင်း ခပ်သဲ့သဲ့လှမ်းပြုံးပြသည်။ သူဇာနွယ်လည်း အားတက်သွားပြီး သူပြန်တော့မည်ဟု လက်ဟန်ခြေဟန်နဲ့ပြောလိုက်သည်။ ဒါမှ — ကိုဝင်းလတ်က တယ်လီဖုန်းပြောလက်စကိုဖြတ်၍ စကားပြောခွက်ကို လက်နှင့်အုပ်လိုက်ရင်း သူဇာနွယ့်ထံ စကားပြန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ဆရာလည်း စာရေးဖို့စဉ်းစားရင်း အိပ်ပျော်သွားမိတယ်၊ ဒီတော့ ... ခုန တိုက်(ပ်)ရိုက်ခိုင်းတဲ့ဟာတွေသာ မိသူဇာစားပွဲပေါ်ထားပြီး ပြန်ပေတော့ ... သန်ဘက်ခါကျမှ စောစောလာ ဟုတ်လား ..."

"ဒါဖြင့် ... သူဇာပြန်လိုက်ပါအုံးမယ် ဆရာ"

"အိုကေ မိသူဇာ ... ဂွတ်နိုက် ဂွတ်နိုက် ... ဩော် ... မွှေးရေ ကိုကို့ တိုက်ပစ်(စ်)(တ)မလေးပြန်တော့မယ်ဆိုလို့ နှုတ်ဆက်နေလိုက်တာ၊ အေးပါကွ ... ကိုကိုလဲ ကိစ္စပြတ်သွားပါပြီ"

ကိုဝင်းလတ်က သူဇာနှယ်အား ပြန်လှန်နှုတ်ဆက်လိုက်သည့်နောက်၊ ဇနီးသည် မွှေးရှိရာ တယ်လီဖုန်းခွက်ကိုဖွင့်၍ တဆက်တည်းပြောချခဲ့ပါလေသည်။ သူဇာနှယ်လည်း ဒီတော့မှ စိတ်လွတ်ကိုယ်လွတ် ဝင့်ကျွတ်သွားသလို ရုတ်ဆို ... နောက်ဆုတ်တံခါးပိတ်ထွက်သွား၏။

တယ်လီဖုန်းကိုင်လျက် ကုလားထိုင်နောက်မှီပေါ် ပြန်လှဲချလိုက်သော ကိုဝင်းလတ်မှာ သိမ့်သိမ့်ခုန်ကြည်နူး၍ ကျန်ရစ်ခဲ့ရပါ၏။

မွှေးကိုချစ်စိတ်ဖြင့် ကြည်နူးနေခဲ့ခြင်းပဲဖြစ်ပါ၏။ မွှေးကို သူချစ်သည်။ တကယ်ချစ်သည်။ သိပ်ချစ်သည်။ ဒါပေမဲ့ သူ့အချစ်ကို မွှေး နားမလည်ပါ ...။ အများနည်းတူပင် မွှေးကလည်း သူ့အား မြာပွေသူကြီးရယ်လို့ မြင်ထားသည်။ မခက်ပေဘူးလား။

သူ့အဖို့တော့ မြာပွေရသည့်အလုပ်မှာ ဝါသနာဗီဇတစ်ခု အပျော်တမ်းကစားနည်းတစ်ခုသာဖြစ်ပါသည်။ ဒီ့ထက်ပိုလို့ အလေးအနက်မထားတာတော့ အမှန်။ သူအလဲလဲအဖယ်ဖယ်တွဲခဲ့သည့် ဣတ္ထိယအချောအလှတွေထက် မွှေးကိုသာ ချစ်တန်ဖိုးထား၏။ ဘယ်လောက်ပဲ မြာဖပွပွေ အချိန်တန်တော့ အိမ်ပြန်ခဲ့သည် သာဖြစ်၏။

ချည်တိုင်က,နွား ... ဘယ်နှစ်ပတ်ပဲ ပတ်ပတ် ... အဲဆုံးသတ်တော့ ချည်တိုင်မှာပဲပြန်ကပ်နေခဲ့မိသည့်ပမာ၊ ဒီအဖြစ် ဒီအချစ်ကို သူ့ကိုယ်သူသာ သူအသိဆုံး။

"အဟုတ်ပါမွှေး ... ကိုယ့်အလုပ်တွေ အားလုံးပြတ်သွားပါပြီ ... မပြတ်ခင်တော့ တော်တော်လေး ကြိုးစားလိုက်ရတာပေါ့ကွာ ... အလုပ်ကလဲ နည်းနည်းကြီးကျယ်တာကိုးကွ ... အခွင့်အခါလေးကောင်းတုန်း လက်လွှတ်ခံလို့ မဖြစ်ဘူး မဟုတ်လားကွ"

ကိုဝင်းလတ်က သူ့အမိပွာယ်နဲ့သူ ဖွင့်ဆိုခဲ့ပါ၏။ တဆက်တည်း၌လည်း...

"ခုတော့ ... ကိုကို မင်းနဲ့ အေးအေးဆေးဆေး စကားပြောနိုင်ပါပြီမွှေး

www.burmeseclassic.com

www.burmeseclassic.com



– အရင်ဆုံးအနေနဲ့ပြောရရင် တစ်လောကလုံးမှာ မွေးကို ကိုကို အချစ်ဆုံးဆိုတာပဲလေ၊ ဘယ်သူတွေ ဘယ်လိုလုလို့ ဘယ်လောက်ပဲ ချစ်စရာကောင်းကောင်း၊ ကိုကို့မိန်းမကိုတော့ မီမှာမဟုတ်ဘူးလို့ ကိုကို သိပါတယ်"

တယ်လီဖုန်းကြိုးအဆုံးတစ်ဖက်မှ မွေးသည် ကိုဝင်းလတ်၏ စကားကြောင့် ဆီထိငွမ်းလို ပီတိတွေ ရွှန်းရွှန်းစိုသွားရပါလေတော့၏။ ကိုဝင်းလတ်သည် သူ့ငွေးပေါက်စလေးပီပီ တောလေပွေရှုပ်နေရ၍ အိမ်ကိုပြန်တစ်ရက် မပြန်နှစ်ရက်နှင့် ခြေလှမ်းတွေ ပျက်နေသည်။ ခုလည်း ... အိမ်မပြန်ရကောင်းလားဆိုကာ ဖုန်းအခါခါဆက်၍ မကျေနပ်နိုင်သည့်အဆုံး မွေးက ရုံးရယ်လို့လိုက်လာရာမှ လမ်းတစ်ဝက်ရှိ အသိစတိုးဆိုင်တစ်ခုတွင်ဝင်၍ တယ်လီဖုန်းနှင့် ထောက်လှမ်းနေခဲ့ခြင်းဖြစ်ပါ၏။

"သွားပါ ... ခုမှ ပတ်ချွဲနပ်ချွဲ လာမလွမ်းနေစမ်းပါနဲ့ ...

စောစောတုန်းကတော့ ဝူးဝူးဝါးဝါးလုပ်ပြီး တယ်လီဖုန်းကို ဆောင့်လားချလားနဲ့ တကတည်း အပြတ်ဖြတ်တော့မလို ..."

"အဲ့ဒီစောစောက အရေးကြီးတဲ့စာတစ်စောင် ရေးနေရလို့ပါကွာ၊ စာက ရေးလို့မပြီးနိုင်ရတဲ့အထဲ မွေးတယ်လီဖုန်းကတစ်မှောင့်ဖြစ်လာတော့ စိတ်ပေါက်ပေါက်နဲ့ ပြောမိပြောရာတွေ ထွက်ကုန်ပြီး ဖုန်းချပစ်လိုက်ရတာပေါ့လို့ — ဆောရီးပဲ မွေးရာ၊ ကဲ ... အခု ကိုကို ဒေါသသံပါနေသေးလို့လား အချစ်ရယ် ဟင်၊ မွေးသိထားဖို့က ကိုကို မွေးကို တကယ်သိပ်ချစ်တယ်ဆိုတာနဲ့ ကိုကို အလုပ်ကြိုးစားနေသမျှ မွေးအတွက်ဆိုတာပဲလေ"

"မွေးကို ချစ်ရင် အိမ်ပြန်လာပါတော့ ကိုကိုရယ်နော်"

"လာပါ့မယ်ကွာ ... ဒါပေမဲ့ သိမ်းစရာ ဆည်းစာလေးတွေရှိနေလို့ ၁၅– မိနစ်လောက်တော့ အချိန်ပေးပါဦး ...၊ ၁၅–မိနစ်အတွင်း ကိုကို အိမ်အရောက် ပြန်လာမှာပါ၊ မနက်ဖြန်ဆို ရုံးပိတ်ရအုံးမှာ မဟုတ်လား"

ကိုဝင်းလတ်က စားပွဲပေါ်တွင် ပစ်တင်ပြန့်ကျဲထားလိုက်သော ချက်လက်မှတ်စာအုပ်၊ ငွေချေးစာချုပ်တွေကိုကြည့်ရင်း ပြုံးရွှင်တက်ကြွစွာ ပြောလိုက်မိသည်။

"ဪ ... ဒါနဲ့ နေပါအုံး မွေး ... မွေး စောစောက ရုပ်ရှင်ကြည့်ချင်တယ်ဆို ... ကိုကို့ဆီကို အခုလာခဲ့ပါလားဟင်၊ ဟော်တယ်တစ်ခုခုမှာ ညစာသွားစားပြီး ကိုကိုတို့ ရုပ်ရှင်ကြည့်ကြတာပေါ့ ... မကောင်းဘူးလား"

မွေးခမျာလည်း ဆွေ့ဆွေ့ခုန်ဝမ်းသာသွားသည့်ပုံဖြင့် ...

"ဟာ ... ပျော်စရာကြီးပဲ ကိုကိုရယ်၊ မွေး လာခဲ့မယ်နော်"

"လာလေ ... ၁၅–မိနစ်အတွင်း အရောက်လာခဲ့ပေတော့"

www.burmeseclassic.com

www.burmeseclassic.com


"၁၅-မိနစ်တောင် မကြာစေရပါဘူး ကိုကို၊ ၁၀-မိနစ်လောက်နဲ့လာပြမယ်၊ သော်မဆင်နဲ့ ပန်းဆိုးတန်း ဘယ်လောက်များ ဝေးတာလိုက်လို့"

မွေးသည် အားကျမခံလေး ပြန်ပြောလိုက်ပြီး ဖုန်းကိုချလိုက်သည်။ ဒီနောက်တော့ စတိုးဆိုင်ထဲမှ ထွက်ခဲ့မိတော့သည်။ စတိုးဆိုင်က ခရီးတစ်ဝက် ခရစ်လမ်းထိပ် ဒါလဟိုစီလမ်းမကြီးပေါ်ရှိနေသဖြင့် မွေးအတွက် ရှေ့ဆက်ဖို့ သိပ်မဝေးတော့ချေ။

ပထမတော့ ဆိုက်ကားစီးသွားဖို့ ကြံလိုက်မိသေးသည်။ ထိုအချိန်က သုံးဘီးကားမပေါ်သေးသဖြင့် ခရီးတိုလျှင် ဆိုက်ကား၊ ခရီးရှည်လျှင် ဂျစ်တက္ကစီ၊ မိုးဝါအငှားယာဉ်များသာရှိ၏။

ဒါပေမဲ့ ... နောက်ဆုံးတွင် ဆိုက်ကားစောင့်နေရတာ ကြာပါသည်ဆိုကာ သုတ်ခြေတင် လမ်းလျှောက်လာခဲ့မိတော့သည်။

ထိုအချိန်တွင် ... ကိုဝင်းလတ်မှာတော့ သူ့ကုမ္ပဏီရုံးခန်းထဲတွင် တယ်လီဖုန်းကိုင်ငိုင်လျက် ရှိနေခဲ့ပါသေးသည်။

သူသည် မွေးအမှူးထားရသည့် သူ့ဘဝကောင်းစားရေးအတွက် စွန့်စားခန်းကြီးတစ်ခုကိုတော့ လုပ်ခဲ့ပြီးလေပြီ။ ဦးခင်မွေကို သတ်လိုက်နိုင်ခြင်းဖြင့် နေ့တထိတ်ထိတ် ညမအိပ်တအိပ်နှင့် စိတ်သောကပွေခဲ့ရသော ဘဝမှ လွတ်မြောက်ခဲ့ရပြီလည်း ဖြစ်ပါ၏။

ဒီအတွင်း ကိုဝင်းလတ်၏ အတွေးမျက်လုံးထဲတွင် ဦးခင်မွေ၏ အလောင်းမျက်နှာကြီးက ပေါ်လာပြန်၏။ ထိပ်ပြောင်ပြောင် မျက်လုံးပြူးကြီးနှင့် သွားကြီးဖြဲလို့။ ကိုဝင်းလတ်လည်း အသေကောင်ကြီးရုပ်ကို မျက်စေ့ထဲမှ ခါထုတ်ဖျောက်ပစ်ရန် ကြိုးစားရင်း စာပွဲပေါ်မှ စာချုပ်ဆီသို့ အာရုံပြောင်းကြည့်လိုက်မိသည်။

ဒီတော့လည်း ... သူ့စိတ်ထဲမှာ အားတက်သွားရသလို ...

"အောင်ပြီ ... အောင်ပြီ ... စိတ်ညစ်စရာ စိတ်ရှုပ်စရာတွေ သွားစမ်း၊ ငါ့ဘာကိုကော တွေးကြောက်နေရအုံးမှာလဲ ငွေသူရဲကြီးအကျဉ်းသားဘဝက ငါ လွတ်ပြီ ငါ ကျွတ်ပြီ ... ဟား ဟား ဟား ဟား"

ကိုဝင်းလတ်က အရူးတစ်ယောက်လို အသံကုန်ဟစ်၍ ရယ်ပွဲစ်လိုက်မိသည်။

သို့ပေမယ့် ... သူ့ရယ်သံက ခနလေးနှင့် ပြန်ပျောက်သွားသည်။ သူ့ဇာနည်များ အခန်းပြင်မှာရှိနေအုံးမလား အတွေးဝင်လိုက်မိသောကြောင့်ဖြစ်ပါသည်။ သူက ထိုင်ရာမှထပြီး အခန်းပြင်ကို ထွက်ကြည့်မိသည်။

အပြင်ခန်းမှာ ဘယ်သူမှ မရှိတော့။

သူ့ဇာနည်ပြန်သွားတာ သေချာပေပြီ။ သူသည် တစ်ရုံးလုံး တစ်ယောက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျန်နေသောအဖြစ်ကို စိတ်ကြိုက်တွေ့သွားသလို စားပွဲရှိရာသို့ ပြုံးပြုံးလေး ပြန်ဝင်လာမိ၏။

ကဲ ... ဝင်းလတ်။ မင်း အလုပ်စပေတော့။ လက်စကျန်တာလေးတွေ အချောသပ်လိုက်ပေတော့။ သူ့ကိုယ်သူပြောရင်း နောက်ဖက်ရှိ သီးသန့်ခန်းလေးထဲ ရောက်ခဲ့ရပြန်သည်။ ကြွေရေဇလုံကြီးတွင် ကိုယ်လက်ဆေးကြောလိုက်သည်။ ရေဇလုံအထက်မှ မှန်ထဲတွင် အပြန်ပြန်အလှန်လှန်ကြည့်လျက် သူ့ဝတ်စုံမှ စွတ်ဖက်ပေကျံခဲ့သည်များကို ချွတ်တိုက် ခါထုတ်လိုက်သည်။ ထိုအတွင်း ... ဦးခင်ငွေအခန်းထဲတွင် သူလုပ်ခဲ့သည့်လုပ်ရပ်များကို ပြန်လည် စိစစ်မိသေး၏။ သူမီးတွေ ပြန်မှိတ်သည်မှာ သေချာပါရဲ့၊ ဆေးသုတ်အခန်းပြင်နေသော သူ့အခန်း အထက်မှ အခန်းတွင် ခြေရာတွေရှုပ်ရှက်ခတ်အောင် ထပ်နင်းထားခြင်းဖြင့် သူ့ခြေရာဖျောက်ခဲ့သည်ကိုလည်း သတိရလိုက်သည်။ သြော် ... လက်အိတ်တွေ – လက်အိတ်တွေ၊

သူ့ရုံးခန်းထဲသို့ ကိုဝင်းလတ်ပြန်လာသည့်နောက်၊ လက်အိတ်ပါးလေးတစ်စုံကို ကတ်ကြေးနှင့် အပိုင်းပိုင်းအစစ ညှပ်ပစ်လိုက်သည်။ ပြီးတော့ ... မီးရှို့ပစ်လိုက်သည်။ ပြာတွေကို အမှိုက်ပုံးလေးထဲ သွန်ထည့်ထားလိုက်သည်။ ငွေချေးစာချုပ်ကိုလည်း ထိုနည်းငှင်းပင် ဖျောက်ဖျက်ပစ်ခဲ့သည်။ ငွေထုပ်တွေကတော့ သူ့လက်ဆွဲ အိတ်အောက်ခြေ၌ အစီအရီ ရောက်သွားလေပြီ။

ထိုအခိုက်မှာပင် သူ့အခန်းတံခါးခေါက်သံကို ကြားလိုက်ရပါ၏။

ရော ... ဘယ်သူများပါလိမ့်။

ဦးခင်ငွေများ သူ့စာချုပ်နဲ့ ငွေတွေကို တောင်းဖို့ လိုက်လာတာလား ...။

အို ... ဦးခင်ငွေက သေနေပြီပဲဥစ္စာ ... ဘယ့်နဲ့လုပ်လာနိုင်ပါတော့မလဲလို့...။

ဒါဖြင့် ဘယ်သူ ဘယ်သူ ...

"ဘယ်သူလဲ ..."

ကိုဝင်းလတ်က အံဆွဲထဲမှ သူ့ပစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်ရင်း ထိုင်ရာ မထမေးလိုက်မိသည်။ သူ့အသံက သူကိုယ်တိုင်ပြန်လန့်သွားရအောင် အော်ထွက် သွားသည်။

"ကျွန်တော်ပါ ဆရာ ... စံငြိမ်းရယ်ပါ"

စံငြိမ်းဆိုတော့ ဒီတိုက်အဆောက်အဦးကြီး အစောင့်ပဲ။ ခုမှ ကိုဝင်းလတ်ရင်ထဲက အပူလုံးကြီး လျှောကျသွားပြီး ပစ္စတိုကို စားပွဲပေါ် ချလိုက် မိတာ ခပ်ကျယ်ကျယ်ကလေး ...

"ဝင်ခဲ့လေကွာ ... စံငြိမ်းရ"

www.burmeseclassic.com

www.burmeseclassic.com



စံငြိမ်းလည်း အခန်းထဲဝင်လာပြီး၊ ကိုဝင်းလတ်၏ စားပွဲရှေ့သို့ ကျို့ကျို့ရို့ရို့ လာရပ်သည်။ စံငြိမ်းသည် အသားမည်းမည်း ဂင်တိုတို လူငယ်တစ်ယောက် ဖြစ်ပါသည်။

"သူဌေးအခန်းထဲက မီးလင်းနေတာနဲ့ သူဌေး မပြန်သေးဘူးလားလို့ပါခင်ဗျာ — ဒီပြင်အခန်းတွေ အားလုံးကတော့ မီးမှိတ်ပြီး ပြန်ကုန်ကြပါပြီ"

"အေး ... ငါလဲ ခုတင်ပြန်တော့မလို့ပြင်နေတာ ... မင်းရောက်လာတာနဲ့ အတော်ပဲ"

ကိုဝင်းလတ်က လေသံကိုမြှင့်၍ အော်မတတ်ပြောလိုက်ပါသည်။ စံငြိမ်းသည် နားလေးသူတစ်ယောက်ပဲ မဟုတ်ပါလား။ နားလေးသူတို့၏ ရယ်စရာကောင်းသော ဓလေ့အတိုင်း သူ့လိုပင် လူတကာနားလေးမည်အမှတ်ဖြင့် စကားကိုအော်ပြောတတ်၏။

ဒီနောက်တော့ ကိုဝင်းလတ်သည် နေရာမှထကာ ကြမ်းပြင်ပေါ်ချထားသော ဓိပိတ်ပြီးသား လက်ဆွဲအိတ်ကို ကောက်ဆွဲလိုက်သလို စားပွဲထက်ရှိ ပစ္စတိုသေနတ်ကလေးကိုလည်း အိတ်ထဲထည့်ရန် ကောက်ယူလိုက်မိ၏။ ပြောင်းငွေရောင်ဒင်ကကနုကမာတပ် ပစ္စတိုကို စံငြိမ်းမြင်သွားပြီး ...

"ဟားပါး ... သေနတ်လေးက တယ်လှပါလား သူဌေးရဲ့"

စံငြိမ်း၏ စကားကြောင့် ကိုဝင်းလတ် တုန်လှုပ်သွားရသည်။ ဦးခင်ဌေး၏ အလောင်းကြီးကိုများ စံငြိမ်းမြင်ခဲ့လေပလားလို့ ဖမ်းတွေးမိလိုက်သောကြောင့် ဖြစ်သည်။ အို ... ဘာဖြစ်လို့ သူတွေ့ရမှာလဲ၊ ငါ သေသေချာချာ တံခါးပိတ်မီးမှိတ်ထားခဲ့တာပဲ ... တွေ့ခဲ့တယ်ဆိုရင်လဲ စံငြိမ်း ငါ့ဆီကို အေးအေးဆေးဆေး လာပါတော့မလားဟု သူ့ကိုယ်သူ ဖြေသိမ့်ထားလိုက်မိသည်။ ပြီးတော့ ... အိန္ဒြေမပျက်ပင် ပစ္စတိုကို သူ့ဂျာကင်ဘေးအိတ်ထဲ ထိုးသွင်းလိုက်ရာမှ ...

"သေနတ်ကလှတော့ ရှိုးထုတ်ရတာပေါ့ကွာ၊ သေနတ်ရှိတယ်ဆိုရင်လဲ တော်ရုံလူ မစော်ကားရဲဘူး၊ ဒီည ငါ့မိန်းမနဲ့ ရုပ်ရှင်သွားမလို့ ညအပြန်ညဥ့်နက်တော့ အကာအကွယ်သဘောမျိုး ဆောင်သွားရမယ်လေ၊ ခေတ်ကာလကြီးကလဲ ဘာစိတ်ချရလို့လဲ ... ကဲ ... မင်းအရင်ထွက်နှင့် ငါနောက်ကလိုက်ခဲ့မယ် စံငြိမ်း"

ကိုဝင်းလတ်က ရိုက်မစစ်ရဘဲ ပြုံးပြုံးလေး ဖြေရှင်းချက်ထုတ်ပြီး လက်ဆွဲအိတ်ကိုယူလိုက်ကာ အခန်းမီးတွေကိုမှိတ်၍ သူ့ရှေ့မှထွက်သွားသော စံငြိမ်းနောက်မှ လိုက်ခဲ့သည်။ ရုံးခန်းတံခါးသော့ပိတ်ပြီးနောက် ဓာတ်လှေကားငါးလေးအတိုင်း ဓာတ်လှေခါးထဲ လှမ်းဝင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


စံငြိမ်းက ဓာတ်လှေကားရှေ့နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်၏။ ဓာတ်လှေခါး တံခါးက အလိုအလျှောက် ပိတ်သွားသည်။ နောက် ... တန်းထားသော အတက်အဆင်းဘုခလုတ်များအနက်မှ ဘေးတွင် G.F အမှတ်အသားရေးထားသော အောက်ဆုံးထပ် ဘုသီးခလုတ်ကို နှိပ်လိုက်၏။ ဓာတ်လှေခါးလည်း ငြိမ့်ငြိမ့်နဲ့ အောက်သို့ ဆင်းသွားတော့သည်။

"တောက် ... ဒီအလုံပိတ် ဓာတ်လှေခါးတွေစီးရတာ ... သေတ္တာထဲဝင်နေရသလို မွန်းနေတာပဲကွာ၊ ငါတော့ ... ရိုးရိုးဓာတ်လှေခါးပဲကြိုက်တယ် စံငြိမ်းရေ၊ ဟိုတုန်းကသုံးတဲ့ ဓာတ်လှေခါးမျိုးလေ ... မင်းလဲ သိမှာပေါ့ ... အဲဒါမျိုးက တို့ဘယ်ရောက်လို့ ဘယ်ရောက်သွားမှန်းလဲသိတယ်၊ လေအလုံအလောက်ရတော့ အသက်ရှုလဲ ချောင်တယ်"

"ဒီကောင်ကတော့ ခေတ်မီတာပေါ့ဆရာရဲ့၊ မတော်တဆ ညပ်တာပြုတာတွေ ထဲ မရှိတော့ ကျွန်တော်တော့ ကြိုက်တယ်"

စံငြိမ်းစကားအဆုံး၌ပင် ဓာတ်လှေခါးရပ်သွား၏။ အောက်ဆုံးထပ်မြေညီသို့ ရောက်လေပြီ။ တံခါးမကြီးသို့ ဦးတည်သော လမ်းမြောင်လေးတလျှောက် သူတို့ယှဉ်ထွက်လာခဲ့ကြ၏။

"ကဲ ... ငါသွားမယ်ဟေ့ စံငြိမ်း၊ မင်း မပြန်သေးဘူးလား ..."

"ကျွန်တော် နောက်တံခါးသော့ သွားခတ်ရအုံးမယ် သူဌေးရဲ့၊ နက်ဖြန် အေးနေ့ဆိုတော့ သန်ဘက်ခါအထိ ပိတ်ထားခဲ့ရမှာ သေသေချာချာ ပိတ်သွားမှ ဖြစ်မှာခမျ"

ကိုဝင်းလတ်လည်း ကမ်းနားဘေးမှ တိုက်ခတ်လာသော လေညှင်းအေးကို တဝကြီးရှုလိုက်ပြီး စံငြိမ်းကို ကျောခိုင်းထွက်ခဲ့မိသည်။ သူ့အဖို့ ဩကာသ လောကကြီးတစ်ခုလုံးမှာ အလှကြီးလှနေသည် ထင်ရပါ၏။

သူ့စိတ်အစဉ်မှာလည်း ပကတိ လန်းဆန်းကြည်လင်နေခဲ့ရသည်။ သွက်လက် ဆော့ပါးသော ခြေလှမ်းများဖြင့် တိုက်အလွန် ပလက်ဖောင်းဘေးတွင် ရပ်ထားသည့် ဘီးလ်မင်းအနီရောင် သူ့ကားလုံးလေးဆီ လျှောက်လာမိသည်။

ကားသော့ဖွင့်ဝင်ပြီး လက်ကိုင်ဘီးနောက်တွင် ထိုင်ချ၍ တံခါးပြန်အပိတ်တွင် တိုက်ဝတွင် ရပ်လျက်ကျန်ခဲ့သော စံငြိမ်းက လက်ရမ်းနှုတ်ဆက်နေသည်ကို လှမ်းမြင်ရ၏။

သူကလည်း စံငြိမ်းကို လက်ပြန်မြှောက်ပြလိုက်၏။ စံငြိမ်းလည်း နောက်လှည့် ဝင်သွား၏။ ကိုဝင်းလတ်က ကားစက်နှိုးဖို့ ပြင်နေလိုက်သည်။

အား ... မွေးကိုစောင့်ဖို့ ချိန်းထားပါသေးလား။ သူက စက်နှိုး မောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



တော့မည့်ဆဲဆဲမှ သတိရလိုက်ပြီး၊ ဂီယာပြန်ပြောင်း၍ စက်သပ် သော့ပိတ်လိုက်ရသည်။ သူ့လက်ဆွဲအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီး တစ်လိပ်ကို မီးညှိသောက်ရင်း မွေးအကြောင်း စဉ်းစားနေလိုက်မိသည်။

မွေးကိုသူ ဒုက္ခပေးခဲ့ပေါင်း များလှပြီ။ နောက်နောင်တွင် မွေးစိတ်ဆင်းရဲရမည့်အလုပ်မျိုးတွေ ရှောင်တော့မည်။ ဒီနေ့ဒီအချိန်မှစ၍ မွေးနှင့်သူ ပျော်ပျော်ကြီး နေသွားတော့မည်။ မွေးတစ်ယောက်တည်း ခွဲမထားတော့ပါဟု သံဓိဋ္ဌာန်ချလိုက်သည်။

တကယ်တော့လည်း သူ့ဘဝတွင် အနှောင်အဖွဲ့အားလုံးမှ လွတ်လိုက်ရပြီ မဟုတ်ပါလား။

စီးပွားရေးဘီလူးကြီး ဦးခင်ငွေ၏ ဂုတ်စီး၍ သွေးစုပ်ခံရတော့မည့်ဘေးမှ ကင်းဝေးခဲ့ရပြီ မဟုတ်ပါလား။

ဒီဘေးကို တွေးကြောက်နေ၍လည်း သူက ထင်ရာတွေလျှောက်စိုင်းနေခဲ့မိခြင်း ဖြစ်သည်သာ မဟုတ်ပါလား။

ခုတော့ ... ဦးခင်ငွေထံမှ သူ့ကုမ္ပဏီလုပ်ငန်းကို အရပြန်လုနိုင်ခဲ့သည်နှင့်အမျှ သူ့ဂုဏ်သရေကို အဖတ်ဆယ်နိုင်ခဲ့လေပြီ။ ဘယ်ရမလဲ ဦးခင်ငွေရယ် ... ငွေလေး သုံးလေးသောင်းလောက်နဲ့ သိန်းချီတန်တဲ့ ကျုပ်ကုမ္ပဏီကို အပိုင်သိမ်းချင်လို့ ခံသွားရမှာပေါ့။ ဝင်းလတ်က ခင်ဗျားထက် ကွက်ကျော်မြင်တယ်နော်။ ခင်ဗျားထက်ပိုင်လို့ ဒီဇာတ်ကို က,တာလို့သာ မှတ်လိုက်ပေတော့။

ကဲ ... ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသလို ဦးခင်ငွေသေမှုနဲ့ ပုလိပ်တွေ ဘာတွေ လာစစ်ရင်ကော ...။

လွယ်ပါတယ်လေ ...။

"ဗျာ ... ဦးခင်ငွေဟုတ်လား ...။ ဩော် ...အပေါ်ထပ်က ငွေဇမ္ဗူကုမ္ပဏီပိုင်ရှင် ဦးခင်ငွေဆိုတာလား၊ အဲ ... အသားဖြူဖြူ ဝဝဖိုင့်ဖိုင့် ထိပ်ပြောင်ကြီးလေ၊ ဩတ်ကျွတ် ... ဖြစ်မှဖြစ်ရလေဗျာ ... သူ့ကိုတော့ သွားရင်းလာရင်း တွေ့ဖူးရုံပါပဲ။ မကြာခဏ လူချင်းဆုံမိလို့ မေးပြောခေါ်ထူးလောက်တော့ရှိဘူးတယ်၊ ဒီ့ထက်ပိုပြီး ရင်းရင်းနှီးနှီးတော့ မဆက်ဆံဘူးပါဘူး၊ သူများပြောလို့ ငွေတိုးချေးစားပြီး သူဌေးဖြစ်နေတယ်လို့တော့ ကြားဖူးတယ်။ သူကလဲ ကျွန်တော့်ကို မှတ်မိရုံလောက်ပဲရှိမှာပါ။ ကျွန်တော့်နာမည်တောင် သူသိမှာမဟုတ်ပါဘူး"

အဲ့ဒီလို အဲ့ဒီလို ဖိန်းလွှတ်လိုက်ရုံပေါ့။

မကျေနပ်လို့ ငါ့ကိုရှာချင်ရှာလေ။ ဦးခင်ငွေနဲ့ပတ်သက်စရာ ငါ့မှာ ဘာရှိတော့လို့လဲ။ စာချုပ်စာတမ်းတွေ ရှိသမျှ ပြာဖြစ်ကုန်ပြီမဟုတ်လား။ သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



သတ်သေတယ်လို့ ထင်ရအောင်လဲ ဖန်တီးထားခဲ့တာပဲ။

ဦးခင်ငွေကို ကြွေးကိစ္စနဲ့ပတ်သက်လို့ ငါ့ယောက်ဖ မွေးအကို ကိုအေးမြင့်ကို ရှင်းပြောခဲ့ပြီဆိုတဲ့ကိစ္စလဲ လံကြုပ်။ ကိုအေးမြင့်က ငွေစိုက်ထုတ်ပေးမယ်ဆိုတာလဲ အလကား။

ပြီးတော့ ... ဦးခင်ငွေ အသတ်ခံရချိန်မှာ ငါ ငါ့ရုံးခန်းထဲမှာ ရှိနေပါတယ်ဆိုတာလဲ သူဇာနွယ်က သက်သေထွက်လိမ့်မယ်။ လိုအပ်ရင် မွေးကတောင် အဆစ်ပါလာအုံးမယ်။ သူက ဖုန်းဆက်ခဲ့ရတာ မဟုတ်လား။

နောက်ပြီး ... ကုမ္ပဏီသူဌေးဘဝက ငါ့အနေနဲ့ လူသတ်လိမ့်မယ်လို့ ဘယ်သူထင်မလဲ။

ဒီတော့ ... စာရင်းချုပ်လိုက်ရင် ဦးခင်ငွေသေမှုမှာ ငါက ကွင်းလုံးကျွတ် လွတ်နေတာပဲပေါ့။ ဟင်း ... ဝင်းလတ်တို့ကြံလိုက်ရင် ကမ္ဘာစောက်ထိုးတောင် ဖြစ်သွားအုံးမယ်။ ဝင်းလတ်တဲ့ တစ်လတ်ထဲရှိတယ်။

ကိုဝင်းလတ်သည် စီးကရက်လေးမှိန်းလျက် သူ့ကိုယ်သူ အားမနာတမ်း ချီးကျူးနေမိရာမှ မျက်စောင်းထိုးလောက်တွင် လှမ်းမြင်နေရသော ကုမ္ပဏီတိုက် ဆားနံ့ရုံဆီသို့ အမှတ်မထင် ကြည့်လိုက်မိသည်။

ကိုဝင်းလတ်ပါးစပ်မှ လွှတ်ခနဲ အော်မိသလို မျက်နှာတစ်ပြင်လုံး သွေးမရှိ တော့သလို ဖွေးဖွေးလှုပ်သွားရသည်။ သူ့ရုံးခန်းအထက်မှ သူ့ပြူတင်းပေါက်ဝ အရောက် ကြိုးတန်းလန်းကြီးကျလို့။

ကြိုးတန်းလန်းကြီး။ တောင်တက်ချိတ်နဲ့ ကြိုးတန်းလန်းကြီး။ ဦးခင်ငွေ သေနေတဲ့အထပ်က ကြိုးတန်းလန်းကြီး။ သူပြန်ဖြုတ်ဖို့ မေ့ခဲ့တဲ့ ကြိုးတန်းလန်း ကြီး။

ဘယ်ဖြုတ်မိခဲ့ပါ့မလဲ။ သူအပေါ်ထပ်က ပြန်ဆင်းလာလာချင်း သူဇာနွယ်က အင်တာကွန်းခေါ်နေတာနဲ့ လက်ဆွဲအိတ်ဆွဲပြီး ပြူတင်းပေါက ခုန်ချပြီး ပြေးထွ လိုက်ရတာကိုး။ နောက်ပြီးတော့ ... မွေးဆီက ဖုန်းလာတာကို ကောက်ပြောနေရ သေးတော့ ကြိုးဖြုတ်ဖို့ သတိမရလိုက်ပြန်ဘူး။

နောက် ... သူဇာနွယ်က လာနှုတ်ဆက်ပြန်ရော။ ပြီးတော့ စာချုပ်မီးရှို့ ငွေဖွက်နဲ့ အလုပ်ရှုပ်လိုက်ရတာနဲ့ ဒီကြိုးကိုမေ့နေတယ်လေ။ မွေးနဲ့ပြေလည်အောင် အရေးတွေးရင်း အကြံအောင်ပဟဲ့လို့ အပိုင်တွက်ပျော်နေရတုန်း စံငြိမ်းရောက် လာတာကလား။ ကဲ ... ကြိုးဖြုတ်ဖို့စခန်းကို ဘယ်ရောက်တော့မလဲလို့။

သူဇာနွယ်ရယ်၊ မွေးရယ်၊ စံငြိမ်းရယ် ... သုံးယောက်ပေါင်း ကြိုဟ်မွှေလို့ ကြိုးဖြုတ်ဖို့မေ့ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဒီတော့ ဘာတတ်နိုင်တော့အုံးမလဲ။ မင်းဘာလုပ်ရမယ်ဆိုတာ ဦးနှောက်အေးအေးထားပြီး စဉ်းစားလိုက်စမ်း ဝင်းလတ်။

ဟုတ်ပြီ။ ပြန်တက်ဖြတ်။ ဒီတစ်နည်းပဲ ရှိတော့တာပေါ့။ ဖြစ်နိုင်ပါသေးတယ်၊ အချိန်ရပါသေးတယ်။

ကိုဝင်းလတ်သည် ကားစက်ကို နှိုး၍ အက်စယ်လီရိတ်တာကို ဖြည်းဖြည်း နင်းချလိုက်သည်။ မော်တော်ကားက တိုက်ပေါက်ဝရှေ့တည့်တည့်သို့ ဘီးလိမ့် ရောက်သွား၏။

ဟေး ... မင်း သေနတ်ကြီးထားခဲ့အုံးလေ၊ ဘာလုပ်ဖို့ယူသွားအုံးမှာလဲ၊ သေနတ်ကြီးနဲ့ပြန်တက်သွားလို့ ကောင်းပါ့မလား။ ကိုဝင်းလတ်လည်း ဂျာကင် အိတ်ထဲမှ ပစ္စတိုကို ထုတ်၍ ကားစက်ခွက်ပေါ်မှ အံဖုံးလေးတစ်ခုထဲ ထည့်ပိတ် လိုက်သည်။

ကားထဲမှ ခပ်တည်တည်ထွက်လိုက်သည်။ ကားအောက်သို့ အိခြွေရရ ဆင်းလိုက်သည်။ တိုက်ဝသို့ခြေလှမ်းမှန်မှန်လျှောက်လိုက်သည်။ နှောက်တစ်ကြိမ် ထပ်မေ့ မမှားရအောင် သူ့စိတ်ကိုသူ ထိန်းထားခဲ့ခြင်းပဲဖြစ်သည်။

ကံအားလျော်စွာပင် ရုံးစောင့်စံငြိမ်းကို မတွေ့ရ။ စကြိန်လမ်းမြှောင်အတိုင်း တက်သုတ်ရိုက်ဝင်ခဲ့သည်။ မြန်မြန်ဆန်ဆန် ဓာတ်လှေခါးပဲ စီးတက်သွားတော့ မည်ဟု တွက်လိုက်သည်။

သည်တစ်ခါတော့ သူကိုယ်တိုင်မောင်းရပေလိမ့်မည်။ အို ... ဓာတ်လှေခါး မောင်းတာပဲ သင်တန်းတက်စရာမလိုပါဘူး။

သူက ဓာတ်လှေခါးထဲဝင်လိုက်သည်။ တံခါးခလုတ်ကိုပိတ်လိုက်၏။ အတက် အဆင်းခလုတ်များမှ နံပါတ်သုံး ဘုသီးကို နှိပ်လိုက်၏။ သုံးဆိုလျှင် သူ့ရုံးခန်းရှိရာ လေးထပ်သို့ ရောက်သွားမည်မဟုတ်ပါလား။

ကိုဝင်းလတ် ဓာတ်လှေခါးထဲအဝင်နှင့် စံငြိမ်းနောက်ဖက်မှ တံခါးပိတ်ပြတ် ထွက်အလာမှာ တော့လွဲကလေးလွဲသွား၏။ စံငြိမ်းသည် တစ်နေ့တာ တာဝန်ပိုင်း ကုန်ဆုံးပြီးနောက် တစ်နေ့လုံး အနားရတော့မည့်အတွက် လေကလေး တချွန်ချွန် နှင့် အူမြူးတက်ကြွနေမိခဲ့၏။ လေကလေးတရှူရှူနှင့်ပင် မီးခလုတ်ခုံကြီးရှိရာသို့ ရောက်သွားပြီး တစ်တိုက်လုံး ထိန်းချုပ်ထားသည့် မိန်းဆွစ်ခလုတ်ကြီးကို ပိတ် ပစ်လိုက်၏။

သို့နှင့်တပြိုင်နက် ... ဓာတ်လှေခါးမှာလည်း သုံးထပ်နှင့် လေးထပ်ကြား လမ်းခုလတ်တွင် ရပ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

မမျှော်လင့်ဘဲ ဖြုန်းခနဲ ဓာတ်လှေခါးဆောင့်ရပ်သွားသဖြင့် ကြမ်းပြင်ပေါ်သို့ လဲလျက်သားကျနေရသည့် သူ့အဖြစ်ကို မှောင်ကြီးမည်းကြီးထဲမှာ ကိုဝင်းလတ် တွေ့လိုက်ရပါ၏။ ပစ်အလဲတွင် သူ့ဒူးခေါင်းနှင့် သံမဏိပြား ဓာတ်လှေခါးတံခါး တို့ သွားရိုက်မိပြီး အသက်မရှုနိုင်လောက်အောင် နာကျင်ခံစားနေခဲ့ရလေသည်။ သူ့လက်ထဲမှ လက်ဆွဲအိတ်လည်း ဘယ်လွတ်ကျသွားမှန်းမသိတော့။

ကိုဝင်းလတ်က ဝေဒနာကို ရှုံ့မဲ့ခံစားလျက် ဒူးခေါင်းကို ပွတ်ရင်း နံရံတွင် ကျောထောက်အားပြုကာ လဲရာမှထဖို့ကြိုးပမ်းမိသည်။ ပြီးတော့လည်း — အသံကုန်ဟစ်ခေါ်လိုက်သည်။

"စံငြိမ်း ..."

အသံကုန်ဆိုသည့်အတိုင်း အသံကုန်ရုံသာရှိသည်။

သူသည် နံရံတဝှမ်း ဟိုစမ်း သည်စမ်းနှင့် ခလုတ်အိတ်ကလေးကို စမ်းခဲ့၏။ ပထမဆုံး စမ်းမိသည့် ဘုသီးကို နှိပ်ချလိုက်သည်။ မထူးခြား။ ဒုတိယတစ်လုံး ပြီးတော့ ... တတိယတစ်လုံး၊ တစ်လုံးမှ အကြောင်းမထူး။

သြော် ... သူ့မှာ ဓာတ်မီးခြစ်လေးပါလာသားပဲ ...။ ဓာတ်မီးခြစ်မီးရောင်ဖြင့် အရေးပေါ်ခလုတ်ဘုလေးကို ရှာတွေ့ခဲ့ရသည်။ သူက တအားဖိနှိပ်ပစ်လိုက်မိသည်။ နားထဲမှလည်း အရေးပေါ်ခေါင်းလောင်းသံ ကြားလာရနိုးမျှော်လင့်လျက်၊ ဒါပေမဲ့ ... ဒါပေမဲ့ ... ဘာသံမှမထွက်။

ထောင်းခနဲ ဒေါသထွက်သွားပြီးတော့သာ သံမဏိနံရံကြီးကို ကျုံးကန်ထည့်

www.burmeseclassic.com



ထိုတော့သည်။ ဒုဆာစ်က စူးမြက်မြက်ဝေဒနာသာလျှင် နာသထက်နာသွားရ၏။ သူ့ပါးစပ်က ညစ်ညစ်ပတ်ပတ် ဆဲလိုက်မိသည်။ ပြီးတော့ ... အရူးတစ်ယောက်လို အသံပြကြီးနှင့် စိတ်ရှိလက်ရှိ လွှတ်အော်လိုက်ပြန်သည်။

"စံငြိမ်း ... ဟေ့ကောင်စံငြိမ်း ... ခေါ်ရတာ အသက်ထွက်တော့မယ် ခွေးမသား နားထိုင်း ... ခုထိမကြားသေးဘူးလား စံငြိမ်း"

သူ့လည်ချောင်းတွေ အမွှာမွှာကွဲအက်ထွက်ကုန်သည့်တိုင်အောင် တံခါးမကြီး ပိတ်ပြန်သွားပြီဖြစ်သော စံငြိမ်းက ကြားတော့မည်မဟုတ်ပါ။ စံငြိမ်းအပြင်ရောက် သွားကြောင်းကို သူတော့မသိ။

သူသိသည်က တိုက်ငါးထပ်ပေါ်က ငွေဗမ္မာကုမ္ပဏီရုံးခန်းထဲရှိ ဦးခင်ငွေ၏ အလောင်းကြီး။ သူ့ပြူတင်းပေါက်ဝတွင် တွဲလောင်းကျနေသော တောင်တက်ချိတ် မှကြိုး၊ နောက်ပြီး ... နံရံလေးဘက် သံမဏိလှောင်အိမ်ကြီးထဲ ရောက်နေရတဲ့သူ။

ဒီတော့ ... အရေးကြီးသည်က နံပါတ်တစ် သူဒီထဲက ထွက်နိုင်ဖို့၊ နံပါတ်နှစ် သူဒီထဲက ထွက်နိုင်ဖို့၊ နံပါတ်သုံး ... သူဒီထဲက ထွက်နိုင်ဖို့ ...။

ဒါပေမဲ့ ... သူ ဘယ်နည်းဘယ်လို ရုန်းထွက်လွတ်မြောက်နိုင်ပါ့မည်နည်း။

ကိုဝင်းလတ်ခမျာ အောက်နှုတ်ခမ်းပြတ်မတတ် ထက်သွားနှင့်ကိုက်ရင်း လက်သီးနှစ်ဖက်ကို အရိုးတွေကြေတော့မလို ဖျစ်ညှစ်ဆုပ်လျက် ခေါင်းမီးတောက် အောင် အကြံတွေထုတ်နေခဲ့မိပါတော့၏။

ထိုအချိန်တွင် ...

သူ့ဇနီးသည် မွေးတစ်ယောက်တော့ ဒါလဟိုဇီလမ်းတလျှောက် စပတ်လမ်း ထိပ်ကိုရောက်နေပါလေပြီ။ မွေးသည် အသက် ၂၅–နှစ်ထက် ပိုဦးမည်မဟုတ်သေး သလို ကျစ်လစ်သေးသွယ်သော ခန္ဓာကိုယ်ဒြပ်ပိုင်ရှင်မလေးတစ်ဦးပဲဖြစ်ပါသည်။

မွေး၏ ဆင်ပြင်ထုံးဖွဲ့မှုက ရိုးသားသည့်တိုင်အောင် မျက်နှာလေးက ဝင်းပ၍ ယဉ်ယဉ်ကလေးလှသူတစ်ယောက်လို့ ဆိုရပါလိမ့်မည်။ သူ့ကိုယ်လုံးက ပိုးတောင့် တကလေးလို သေးသွယ်သလောက်လည်း နှုတ်သွက်လက်သွက် ခြေသွက်လက် သွက်လှပါသည်။ ဒါပေမဲ့ ...ခြေသွက်သွက်လှမ်းခဲ့သည့်တိုင်အောင် ကိုဝင်းလတ်၏ ကုမ္ပဏီရုံးရှိရာသို့ ဒီတစ်ခါ ဒီတစ်သက်ကပ်နိုင်ပါတော့မလားထင်နေမိသည်။ တကယ်တော့ စိတ်ကရှေ့ရောက်လွန်းနေ၍ ခြေထောက်က နောက်ဆွဲနေခြင်း လို့သာ ဆိုရပါလိမ့်မည်။

မောင့်ဆီသို့ အချိန်မှီမှရောက်ပါမလားလို့ တွေးလိုက်မိသောအခါ သူ့ခြေလှမ်း တွေ ပျက်ရပါသည်။ မောင့်ရင်ငွေ့ကိုလှုံ၍ သူ့ရင်ခွင်ထဲ မောင်ပြန်လာတော့မည် ဟူသော အတွေးပေါ်လာပြန်တော့ စိတ်အားတက်၍ ခြေသွားသွက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


မောင်နဲ့များလွဲသွားလျှင်ဖြင့် ... ဟု ပူပန်မိလိုက်သည်နှင့်တပြိုင်နက် မျက်ရည်စို့လာရပါသည်။

မောင်သည် မွေးကမ္ဘာမှာ လွမ်းမိုးနိုင်လွန်းသော အရှင်သခင်တစ်ပါးပေတကား။

"သူ ငါ့ကိုချစ်ရိုးမှန်လို့ သံယောဇဉ်မပြတ်နိုင်ဘူးဆိုရင်တော့ ငါလာတဲ့အထိ စောင့်နေမှာပေါ့ ... မစောင့်ဘူးဆိုတာကတော့ ရက်စက်တဲ့သဘောနဲ့ စိမ်းကားတဲ့အဓိပ္ပာယ် ဒီလိုဆိုရင်တော့ ငါ့ရင်ကွဲရချည့်ရဲ့ ... အို မောင်ရယ် ... မွေးကို တစ်မပြေးပါနဲ့ ..."

မွေး၏ နှလုံးသားအစုံသည် ကြိမ်မီးအုံးသကဲ့သို့ ...

မွေး၏ ခြေလှမ်းတွေမှာ မြေနှင့်မထိတော့သလိုလို အပြေးလျှောက်ခဲ့ရာမှ လွစ္စလမ်းထိပ်သို့ မွေးရောက်လာရလေသည်။

မွေး လွစ္စလမ်းထိပ်သို့ရောက်နေစဉ် ...

ပန်းဆိုးတန်းနှင့် ဒါလဟိုဇီလမ်းဒေါင့်ရှိ ယခုအခါ တီဂျူးမား(လ်)ခေါ် တုန်ပဒေသာတိုက်ကြီးရှေ့၌ စုံတွဲတစ်တွဲ အလှပြမှန်ခန်းကြီးပတ်လည်ကို ငေးမောကြည့်နေကြပါသည်။

ယောကျ်ားလေးလုပ်သူမှာ အသက်နှစ်ဆယ်နီးပါးခန့်သာရှိ၍ ကရုကက်ဖိုဆံပင် (ဝါ) အမေရိကန်ဆံတောက်နှင့် လုံးတန်းရုပ်တန်း လူညိုထွားလေးတစ်ယောက်ပဲဖြစ်၏။ ဖင်ကြပ်ဘောင်းဘီအဖြူနှင့် အနီအနက်ကွက်ကျား ရှတ်အင်္ကျီလက်တိုကို ဝတ်ထားသည်။ သူ့မျက်နှာကလည်း တဇော်ကန်းသမားရုပ်ပေါ် တက်နေ၏။

မိန်းခလေးကတော့ အသက် ၁၆–နှစ် ၁၇–နှစ်အရွယ်လောက် ခန့်မှန်းရပေလိမ့်မည်။ ထိုအချိန်က ခေတ်စားလှသော ပိုနီတေးလ်ဆံပင်ပုံစံချထားပြီး အသားသတ်၍ ငါးရံ့ကိုယ်လုံးကလေးနှင့် လူငယ်ထက် ခေါင်းတစ်လုံးစာခန့်သာ နိမ့်မည်။ လူတစ်ကိုယ်အလှတစ်မျိုးတော့ ရှိစမြဲဖြစ်သည့်အတိုင်း ရွှေသမင်မျက်လုံးလေးတွေနှင့် နှုတ်ခမ်းဖူးဖူးလေးမှာ ရွက်ကြမ်းရေကြိုမျက်နှာရှင် မိန်းခလေး၏ ပြောစမှတ်တွင်လောက်သောအလှပဲဖြစ်ပါ၏။ မိန်းခလေး၏ အဝတ်အစားများမှာတော့ တစ်ပတ်နွမ်းကလေးများသာဖြစ်သော မပြာဖြောင်စပန့်ထမီနှင့် ပုလဲပေါက်နိုင်လွန်အင်္ကျီ ချည်ဆွယ်တာအဝါလေးတွေ။

ဝိုင်းစက်တောက်ပသော မိန်းခလေး၏ သမင်မျက်လုံးလေးတွေသည် ကုန်တိုက်ပတ်လည် မှန်စင်ကြီးအတွင်း ဆလိုက်မီးများဖြင့် ထိုးပြထားသော — အရိုက်တိတ်အဆင်ဆန်းများ၊ ပိုးဖဲကတ္တီပါများ၊ လူတစ်ရပ်ခွဲလောက်ရှိသည့် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com


တော်ရုံတော်ထားသော ဘိုထီး ဘိုမရှပ်များ၊ အလှပြင်ကိရိယာ ... လက်ပွေ့အိတ် ခေါက်မြင့်ဖိနပ်အမျိုးမျိုးစသည်များမှ မခွာနိုင်အောင်ဖြစ်လျက် မျှော်ငေးနေရှာပါသည်။

"ကဲ ... လစ်ကြရအောင်ပါ မေရာ၊ မဝယ်ဘဲနဲ့ ငေးနေရတာ မရှက်ဘူးလား လို့"

"အို ... ဘာလို့ရှက်ရမှာလဲ ... သူတို့က ငေးအောင်* လုပ်ထားတာပဲ၊ ငေးတာပေါ့လို့"

"ကျွတ် ... လာဆို လာစမ်းပါကွာ ... ဝယ်နိုင်တဲ့ တစ်နေ့ကျရင် ဟော့ဒီတစ်တိုက်လုံး တိုက်လုံးကျွတ် ကိုစိုးဝယ်ပေးမယ်"

ကောင်လေးက ပြောရင်းမှ စိတ်မရှည်သလို ကောင်မလေး၏ခါးကို ဖက်ခေါ်သွားသည်။ ပေတရာလမ်းမကြီးကို ကူး၍၊ ပလက်ဖေါင်းပေါ်သို့ တက်မိတော့မှ အဖက်လွှတ်ပေးလိုက်ပြီး ပန်းဆိုးတန်းအောက်ဘက်တူရူကို ယှဉ်လျှောက်လာကြသည်။

သောင်းထိုက်စိုးဟု အမည်တွင်သော ထိုကောင်လေးသည် မရှိမရှား မျက်နှာကြီးသားဖြစ်လျက်၊ ဆိုးလွန်း တေလွန်းသဖြင့် အိမ်မှ နှင်ချခံထားရသူတစ်ဦးဖြစ်ပါသည်။ ယခုခေတ်အနေနှင့်ဆို သူလိုလူမျိုးအား လမ်းသူရဲဘွဲ့ထူးတပ်ရမည်ထင်ပါ၏။

ကောင်မလေးနာမည်ကတော့ မေသကြာနံဖြစ်သည်။

မေသကြာနံ၏ဘဝမှာ ဆင်းရဲချို့တဲ့ရှာ၏။

မေသကြာနံ၏ အမေက အကြော်စုံ လည်ရောင်းရသူဖြစ်၍။

သောင်းထိုက်စိုးနှင့် တစ်ရပ်ထဲနေ၍ သောင်းထိုက်စိုးက တွဲခုတ်လာခြင်းဖြစ်သည်။ သူနှင့်မေသကြာနံတို့အခြေအနေမှာ သမီးရည်းစားလဲမက လင်မယားလဲမကျသော အဆင့်ရှိပါ၏။

"ဟင်း ... မေတို့ဘဝက ဘယ်တော့များမှ ချမ်းချမ်းသာသာနဲ့ လူတန်းစေ့နေရတော့မယ် မသိပါဘူး၊ သူများတကာတွေ ဝယ်ကြ ခြမ်းကြ ဝတ်ကြစားကြ၊ ကားတဝီဝီသွားကြတာ သွားရည်ယိုရင်းနဲ့ပဲ သေရတော့မှာပဲ"

မေသကြာနံက သောင်းထိုက်စိုး၏ခြေလှမ်းကို အမီလိုက်ရင်း မျက်နှာလေးအညိုးသားနှင့် ညည်းတွားလိုက်ရှာသည်။ သည်တော့လည်း သောင်းထိုက်စိုး မေသကြာနံကို ဘေးတိုက်လှည့်ကြည့်ရင်း ...

"မေကတော့ စံပါပဲကွာ ... တစ်ခါလာလဲ ဘဝ၊ တစ်ခါလာလဲ ဘဝနဲ့ နားထဲကို ခရော့(စ)ဖြစ်နေပြီ ... ဘဝကြီးကို ဘေးချိတ်ပြီး ပျော်ပျော်ကြီးနေပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါ။ အချိန်တန်တော့ နားပိန်ကန်လာမှာပေါ့ ... ကိုစိုးတစ်ယောက်လုံးလဲ ရှိသားနဲ့"

"ဩော် ... ကိုစိုးကရော ဘယ်လောက်အားကိုးရလို့လဲ ... မေ့ခင်က အယူချည်းသက်သက်၊ သူ့ဘက်က ရည်းစားလေးတစ်ယောက်ရယ်လို့ ဘာပေးနိုင်လို့တုန်း ... သူများကို ညာတုပ်နေတာ"

မေသကြန်၏ မျက်စောင်းလေးကြောင့် သောင်းထိုက်စိုးမျက်နှာမှာ နီရဲတက်သွား၏။ ရင်ထဲမှ ခံပြင်းမှုသည် မျက်နှာတွင် အရိပ်ထင်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

"အေးပါ၊ အေးပါ ... ပြောအုံးပေါ့လေ၊ ကိုစိုးမှာ မပြေလည်သေးတော့ မေ့အတွက် ဘာမှ လုပ်မပေးနိုင်သေးဘူးကိုး ... ပြေလည်တဲ့တစ်နေ့ကြည့်ပါ ... ကိုယ့်မေတ္တာ ကိုယ့်စေတနာတွေ မင်းသိရစေမယ် ဟင်း"

"ကိုစိုးတို့ ယောကျ်ားတွေက လျှာအရိုးမရှိတိုင်း ပြောရမယ်ဆိုရင်တော့ တကယ်လာတာပဲ ... အံမယ် ... မိုးပေါ်က ကြယ်တောင် အရယူပေးမယ်လေး ဘာလေးနဲ့၊ ဘီလူးတစ်ထောင်စောင့်တဲ့ မဋ္ဌူနတ်ပန်းကို ဆွတ်ခူးပေးမယ်ဆိုတဲ့ လူကမရှား ... အိမ်တစ်ဆောင် မီးတစ်ပြောင် ရွှေတွဲလွဲ ငွေတွဲလွဲထားမယ်ဆိုတဲ့ လူလဲပါသေးတယ်။ လက်တွေ့ကျတော့ ထမင်းတောင် ဝဝလင်လင် မကျွေးနိုင်ကြဘူး"

သောင်းထိုက်စိုးလည်း မေသကြန်အား စောဒကတက်၍ ချေပရန် မကြိုးစားတော့ပဲ မျက်နှာကြီး ရှုသိုးသိုး ရှစ်ခေါက်ချိုးလုပ်လျက် ငေးလျှောက်နေပါတော့၏။

မေသကြန်လည်း သောင်းထိုက်စိုး၏ အရိပ်အခြေကိုကြည့်၍ ရှေ့ဆက်မပြောရဲတော့ပဲ ခပ်ကုတ်ကုတ်ကလေး လိုက်ခဲ့ရသည်။

သို့နှင့် များမကြာမီ သူတို့စုံတွဲလည်း ပန်းဆိုးတန်းအလယ်ကို ရောက်ခဲ့ရတော့သည်။ သည်တွင်ပင် ငါးထပ်တိုက်အဆောက်အဦးကြီး ဝင်ပေါက်ရှေ့တည့်တည့်၌ ရပ်ထားသော အနီရောင် ဟီးလ်မင်းကားလုံးလေးတစ်စီးကို အဆန်းတကြယ် တွေ့လိုက်ရတော့သည်။ ကားတံခါးတစ်ဖက်သည် ဟင်းလင်းပွင့်လျက်သားနှင့် သော့တန်းလန်းတပ်ထားသော အဖြစ်များကို သောင်းထိုက်စိုး သတိပြုမိလိုက်ပါ၏။

"ဟင်း ... ကားကို ပစ္စလက္ခတ် ထားသွားလိုက်တာ ... ဒီလောက် ပေါ့ဆတဲ့လူမျိုး သင်ခန်းစာ ပေးပစ်ခဲ့အုံးမှ"

သောင်းထိုက်စိုး၏ စိတ်ထဲမှ ရေရွတ်ပြစ်တင်လိုက်မိသည်နှင့် တဆက်ထဲ မေသကြန်က သူ့ကို ချိုးချိုးဖဲ့ဖဲ့နှိမ်ပြောခဲ့သည်များကို အမှတ်ရ ကြားယောင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


သူစခြင်းလုပ်ချများသည် ကားဦးအလွန်ကလေးတွင် တုန့်ခနဲရပ်သွား၏။

မောင်ကြိန်ကလည်း ရှေ့တောယောင်တောင် ရပ်လိုက်ပြီး အံ့အားတသင့်လေး သူ့ကိုမော်ကြည့်လာရာမှ ...

"ဘာဖြစ်လို့လည်း ကိုစိုး ... ဟင် ... ဘာလို့ရပ်လိုက်တာလဲ ဆူးစူးသွားလို့များလား"

"ဒီမယ်မေ ... ခုန မင်း တ,ဘူးတဲ့ဘဝကို ခဏလောက် အလည်မသွားချင်ဘူးလားကွ၊ အဲ ... ကားလေးတစ်စီးနဲ့ လျှောက်မစီးချင်ဘူးလားလို့"

"သွားမယ့်ဟာ သွားစာမဟုတ်ဘူး၊ ဘာအရူးထအုံးမလို့ပါလိမ့် ကိုစိုးရယ်"

"အရူးထတာလား အကောင်းထတာလား သိချင်ရင်တော့ ဟော့ဒီကားထဲသာ ဝင်ထိုင်လိုက်ပေတော့"

"အို ... သူများကားကြီးပဲဥစ္စာ ... ဖြစ်ပါ့မလားလို့"

"ဘယ်သူ့ကားဖြစ်ဖြစ် ဖြောင်ပြေးမလို့"

"ကိုစိုးကတော့လုပ်ပြီး ... သူ့ပိုင်ရှင်က ဒီနားတဝိုက်မှာပဲ ရှိနေမှာပေါ့ ... သူ့ကားသူ ဘယ်အလစ်ပေးမလဲ၊ တော်ကြာ သူခိုး သူခိုးနဲ့ လိုက်ဖမ်းနေလို့ ပြေးပေါက်မှားနေအုံးမယ်"

သောင်းထိုက်စိုးက ပတ်ဝန်းကျင်တစ်ပတ်ကို မျက်စေ့ကစားလိုက်၏။ ကားလမ်းဟိုဘက် ခတ်ရွေရွေမှာ ... မိုးပြာရောင်ဟိုတယ်ဆိုသည့် နီယွန်ဆိုင်းဘုတ်နှင့် ဟိုတယ်ထဲတွင် လူတရုန်းရုန်း စားသောက်နေကြသည်။

သူ့နောက် ... ငါးထပ်တိုက်ကြီးမှာလည်း တံခါးမကြီးပိတ်ထားသည်။ ခရီးသွားတစ်ယောက်နှစ်ယောက်က ကမ်းနားဘက်မှ လျှောက်လာနေပေမယ့် သူတို့ကို ဂရုစိုက်မပုံမရ သူတို့အနေနှင့် ကိုယ့်ကားလိုလို ပုံမှားရိုက်၍ တက်မောင်းချသွားလျှင် မရပေဘူးလား။

"လျှာရှည်မနေစမ်းနဲ့မေ ... သွား၊ အထဲဝင်"

"ဟုတ်မှလဲ လုပ်စမ်းပါ ကို"

"မင်းကို ငါ ဘယ်လောက်အစွမ်းရှိတယ်ဆိုတာ လက်တွေ့ပြမှာပေါ့၊ ဘာမှ ကြောက်စရာမလိုပါဘူး ... ဝင်ဆို ဝင်လိုက်"

မောင်ကြိန်က မျက်နှာထားတင်းတင်း လေသံမာမာနှင့် အမိန့်ပေးလိုက်သော သောင်းထိုက်စိုးကို ကြည့်ကွက် ကြည့်ကွက်လုပ်ရင်းနှင့်ပင် ကားထဲသို့ မရဲ့မရဲ ငုံ့ဝင်လိုက်ရ၏။

သောင်းထိုက်စိုး၏ ညာဉ်ကို သူသိပါသည်။ ဒါဆိုဒါနှင့် မထင်မှတ်မထင်သလို လုပ်တတ်သော သောင်းထိုက်စိုးကို သူကြောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက်စိုးစကားကို သူမလွန်ဆန်ရဲပါ။

သောင်းထိုက်စိုးလည်း မေသကြာနှင့်တဆက်တည်း ကားလက်ကိုင်ဘီးနောက်သို့ ပစ်ထိုင်ကျလာသည်။

နောက် ... သူ့ခြေအစုံက ကားစက်ခန်းဘီးတိုက်တွင် ရှုပ်ရှက်ခတ်လှုပ်ရှားသွားသည်။

မွေးသည် ဒါလဟိုဇီလမ်းနှင့် ပန်းဆိုးတန်းဒေါင့်သို့ရောက်ခဲ့ရာမှ လက်ဝဲဘက်သို့ ချိုးကွေ့ဝင်လာ၏။ သောင်းထိုက်စိုးတို့ ကားနီလေးထဲ ဝင်လိုက်သည့်အချိန်တွင် မွေးနှင့် ဟီးလ်မင်းကားနီလေးသည် ကိုက်ငါးဆယ်လောက်သာ လှမ်းကွာဆတော့မည်။

ကားနီနီလေးရယ်မို့ လှမ်းမြင်လိုက်သည့် မွေးစိတ်ထဲမှာတော့ ... လင်တော်မောင် ကိုဝင်းလတ် သူ့ကို ကတိမပျက်စောင့်နေရှာသားဘဲဟု မှတ်လိုက်မိ၏။

ယခင်ကထက် နှစ်ဆမြန်အောင် ခြေကုန်တင်လိုက်၏။ ခြေလှမ်းတွေ သွက်သထက်သွက်လာ၏။

ကားနှင့် ကိုက်သုံးဆယ်ခန့်အရောက်တွင်မူ ...

ကားနောက်ဖက် အိတ်ဇောလ်ပိုက်မှ မီးခိုးလုံးတွေ ထွေးခနဲ မည်းထွက်လာသည်။ သို့နှင့်အမျှ ကားနောက်မှန်တစ်ပြင်လုံး ဖုံးသွားအောင် လွင့်တက်လာသော မီးခိုးလုံးများကို ဖြတ်၍သာ ကိုဝင်းလတ်၏ သဏ္ဍာန်လိုလို မွေးတွေ့လိုက်ရသည်။

အလို ... သူကားမောင်းထွက်သွားပါကရော ...။

"ကိုကို ... ကိုဝင်းလတ်"

ပထမတော့ သူက လမ်းလျှောက်ရပ်သွားရာမှ အသံလေးတစာစာနှင့် ဟစ်ခေါ်မိ၏။ ပြီးတော့ ... ပလက်ဖေါင်းပေါ်မှ တာလမ်းမပေါ်ဆင်းခဲ့၏။ နောက်ဆုံး — ကားနောက်ကို ပြေးလိုက်မိတော့သည်။ မွေးပြေးလိုက်သည့်အခါ ဟီးလ်မင်းကားနီလေးက စက်ရှိန်မြင့်၍ ဝေးသထက်ဝေးသွားရလေပြီ ...။

ငါးထပ်တိုက်ကြီးရှေ့ရှိ မူလကားရပ်ထားရာသို့ မောဟိုက်ယိမ်းထိုး၍ မွေးရောက်ခဲ့သောအချိန်တွင်မူ ကားနီနီ မီးနီနီလေးသည် ကမ်းနားလမ်းကြီးထိပ်ရောက်သွားရာမှ ထောင့်ကွယ်သို့ချိုးဝင်ပြီး သူ့မြင်ကွင်းအောက်မှ ပျောက်ကွယ်သွားတော့၏။ သို့တိုင်အောင် မွေးမျက်လုံးရိပ်တွေထဲမှာတော့ လက်မတင်လေး လွတ်သွားသော ကားနီလေးကိုသာ စွဲရစ်မြင်ယောင်နေခဲ့၏။

တဖြည်းဖြည်းနှင့်လည်း ... ကားထဲမှ ကိုဝင်းလတ်ဘေးတွင် မိန်းခလေးသဏ္ဍာန်တစ်ခုလည်း ထိုင်လျက်သားပါသွားသည့်အဖြစ်ကို မျက်ဝါးထင်ထင်ရှိခဲ့ရာမှ သတိဝင် ဆင်ခြင်မိခဲ့တော့သည်။ ဟုတ်ပါတယ်လေ ... ကိုဝင်းလတ်နဲ့ မိန်းမတစ်

www.burmeseclassic.com



ယောက်ဘ် အတူတွဲ ကားအောင်းထွက်သွားတာ သေချာပါတယ် ... ငါ့မျက်စေ့မှား တာမဟုတ်နိုင်ပါဘူး၊ ကိုဝင်းလတ်မှ ကိုဝင်းလတ်၊ သူ့ဘေးကလဲ မိန်းမမှ မိန်းမအစစ်။

လက်စသပ်တော့ အရေးကြီးတဲ့ အလုပ်ကိစ္စဆိုတာ ဒါကိုး ... ဟိုကောင်မ သူဇာနွယ်ပဲလား၊ သူဇာနွယ့်ကို အိမ်ပြန်လိုက်ပို့တာထင်ပါရဲ့။ ဒါပေမဲ့ ... သူဇာနွယ့်အိမ်က ၃၄–လမ်းမှာဆိုတော့ နီးနီးကလေးပဲ၊ သူ တကူးတကလိုက်ပို့ မယ်တော့၊ အဲ ... တခြားကောင်မတစ်ယောက် ဖြစ်ချင်ဖြစ်နေမှာ။

ငါကသာ သူဇာနွယ်နဲ့ ကိုကို့ကို မဦးမချွတ် စွပ်စွဲနေတာ။ တကယ့်တကယ် ကျတော့ သူဇာနွယ်က တောင့်တာကလွဲလို့ ငါ့လောက်လှတာမဟုတ်ဘူး။ ကိုကို့အနေနဲ့ သူဇာနွယ်ထက်လှပတဲ့ ဟာစားတွေရနိုင်တာ အပုံအပုံ။ အို ... ဘာပဲဖြစ်ဖြစ် ... သူငါ့ကိုထားပစ်ခဲ့ပါရောလား။ ငါ့မှာတော့ ကျန်ရစ်ဖြစ်လို့ ရက်စက်လိုက်လေခြင်း ကိုကိုရယ်"

မွေး၏ ရင်ပြင်မှာ ပေါက်ကွဲထွက်တော့မတတ် ပူလောင်ဆူပွက်နေခဲ့ရပါပြီ။ မွေးနှလုံးသားတွေ အစိပ်စိပ်အမွှာမွှာကြေကုန်ပါပြီ။ မွေးရဲ့အူအသည်းတွေ ပြောင်းပြန်လန်ကုန်ပါပြီ။ လှိုက်လှဲ့ဝမ်းနည်းရသည့်အဆုံး မွေးမျက်ရည်ကျမိ၏။ လက်သီးကို ကျစ်ကျစ်ပါဆုပ်၍ အားတင်းမထားဘူးဆိုလျှင် ပုံလျက်သားလဲကျသွားဖို့ သာရှိပါတော့၏။

မွေးခမျာ လဲမကျသွားအောင် ကိုယ်ကိုထိန်းနိုင်ခဲ့သော်လည်း မချင့်မရဲ မချိတင်ကဲ ဒေါသဖြစ်ရသော စိတ်ကို မထိန်းနိုင်တော့သည့်အလျှောက် အာခေါင် ကိုခြစ်၍ စူးစူးဝါးဝါး တစ်ချက်အော်ပစ်လိုက်မိပါသည်။

မွေး၏ အော်သံကြောင့် ကမ်းနားဘက်မှ ပြန်လာသော ဆိုပ်ကမ်းအလုပ် သမားတစ်အုပ်မှာ မွေးဆီသို့ အင်တိုက်အားတိုက် ပြေးလာကြပြီး အကျိုးအကြောင်း ဝိုင်းမေးကြသည်။

"အံမယ်လေး ဘာဖြစ်လို့လဲဟင် ... ဘာဖြစ်လို့လဲ"

"ဟို ... ဟို ... ဘာမှမဖြစ်ပါဘူးရှင် ...၊ ကျ ... ကျမလမ်းလျှောက်လာတာ ခြေထောက်ပေါ်ကြွက်ဖြတ်သွားလို့ပါ"

"ကြွက်ဖြတ်သွားတာပဲ ကျားကိုက်တာ ကျနေတာပဲဗျာ ..."

လူကြီးတစ်ယောက်က မှတ်ချက်ချလိုက်သည့်နောက် ဝိုင်းမေးလာသည့် လူတွေလည်း တဖြည်းဖြည်းရှဲသွားပြီး မွေးတစ်ယောက်ထဲ လမ်းလည်ခေါင်တွင် ငေါင်စင်းစင်းကြီး ကျန်ရစ်ခဲ့ရှာတော့၏။

ထိုအချိန်တိုင်အောင် မွေး၏ ဒေါသသည် တငွေ့ငွေ့အရှိန်ဟက်နေရပါသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ကလို ယူကျုံးမရ ဒေါသစိတ်ကို မနည်းကြီးချိုးနှိမ်ပြီး ငါးထပ်တိုက်ကြီး၏ ဆင်ဝင်အောက် ပလက်ဖေါင်းပေါ်သို့ တက်လာခဲ့မိသည်။ တိုက်ကြီး၏ အဝင်ဝတံခါးကြီးမှ သံတိုင်များကို တဂျိန်းဂျိန်းကိုင်လှုပ်နေမိပါတော့၏။

ထိုတိုက်တံခါးမကြီး၏ အတွင်းဘက် ...

သုံးထပ်နှင့် လေးထပ်ကြားတွင်ရောက်နေသည့် ဓာတ်လှေခါးကြီးထဲမှာတော့ — သူ့ကို ပစ်ပြေးသွားပြီဟု မွေးထင်ခဲ့သော အကျဉ်းခံဘဝမှ ကိုဝင်းလတ်မှာ သံမဏိတံခါးကို ခေါင်းတိုက်ဖွင့်လျက်ရှိပါ၏။ သံမဏိတံခါးကြီးကတော့ တဒုန်းဒုန်းနှင့် ဟာအတိုက်ရယ်နေ၏။

တကယ်မှုလည်း ... ကိုဝင်းလတ်သည် သံမဏိထောင်အိမ်ကြီးထဲက အရေးတကြီးထွက်ဖို့ကလွဲ၍ ဘာမှမသိတော့သလို ရူးရူးမိုက်မိုက်ကြိုးစားနေမိခြင်းဘဲ မဟုတ်ပါလား။

သူကြိုးစားမှုက အရာမထင်လေ မုန်ယိုလာရလေသာ ဖြစ်နေပါတော့သည်။

ကိုဝင်းလတ်၏ မျက်စေ့ထဲတွင် သူ့ရုံးခန်းဘေး ပြူတင်းပေါက်ဝ၌ တွဲလောင်းကြီးကျနေသော တောင်တက်ကြိုးကိုသာ မပျောက်မပျက်မြင်နေမိပါ၏။ သူမြင်နေသလို တခြားလူတစ်ယောက်ကသာ မြင်သွားလျှင်ဖြင့် ...

ကိုဝင်းလတ် ဆက်မတွေးရဲတော့ပါ။ ဒါပေမဲ့ သူဆက်တွေးမိသည်။

အလောင်းကြီးတစ်လောင်းနှင့်ရှိနေသော တိုက်ကြီးထဲတွင် ပိတ်မိနေသည့် သူ့ကိုလည်း တစ်စုံတစ်ယောက်က အချိန်မရွေးလာတွေ့မသွားပါဘူးလို့ ဘယ်သူ အာမခံပါမည်နည်း။

အနာဂတ်ကို သူအစိုးမရသလို၊ ပစ္စုပ္ပန်ကလည်း မျှော်လင့်ချက်ကုန်ခမ်းနေသော အခြေအနေဆိုက်နေ၏။

သည်ကြားထဲမှ မွေးသည်လည်း သူ့အတွက် ပြဿနာထဲမှ ပြဿနာတစ်ရပ် ဖြစ်ခဲ့ရပါသည်။ သူနှင့်အချိန်းအဆက်လုပ်ထားပါလျက် သူ့ကိုမတွေ့လိုက်ရဘူး ဆိုသောအခါ ...

"စံငြိမ်း ...၊ စံငြိမ်း ... ငါ ဓာတ်လှေခါးထဲမှာ ပိတ်မိနေတယ်ကွ —"

သူက ရုတ်တရက် ထ,အော်ပစ်လိုက်ပြီး အသက်ရှူအောင့်ထားလိုက်သည်။ လှုပ်မရှက်ငြိမ်နေလိုက်သည်။ ဒါမှလည်း ပြန်ဖြေသံလေးကို ကြားရမည်မဟုတ်ပါလား။

သို့ရာတွင် ... ဘာသံမှပြန်မကြား။

ပတ်ဝန်းကျင်မှာ သုသာန်တစပြင်နှင့် နင်လား ငါလား တိတ်ဆိတ်ငြိမ်သက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


**ထိုစဉ်မှာပင် — တိုက်အောက်ဘက်လမ်းမကြီးသိမှ** မပီဝိုးတဝါးဆန်လှသော **အသံတချို့ သူ့နားထဲသို့ တိုးဝင်လာသည်။** ကားတစ်စီး၏ စက်နိုးသံ၊ မောင်းထွက်သွားသံ၊ တဖြည်းဖြည်းဝေးဝေးသွားသည့်အသံ။

သူ့စိတ်ထင်ပဲလား။

တကယ်ပဲလား။

သူ မသေချာ။

မွေးသည် တိုက်တံခါးသံတိုင်များကို စုကိုင်လျက် ငိုင်နေဆဲမို့ သူ့နောက်မှာ ဘယ်သူလာရပ်လိုက်သည်ကိုမသိခဲ့။

"ဒီမှာ ဘာလာရပ်နေတာလဲ အမကြီး"

မေးသံကြားတော့မှ အယ် ဟူသော အာမေဋိတ်နှင့်အတူ နောက်သို့ လန့်လန့်ကလေး လှည့်ကြည့်မိသည်။ ရဲသားနှစ်ယောက်ကို တွေ့လိုက်ရပါ၏။ ပတ္တရောင်လှည့်လာကြဟန်တူပါသည်။

"ကျွန်တော်တို့ အကူအညီပေးစရာများ လိုပါသလားဟင်"

လက်မောင်းတစ်ရစ်နှင့် ဒုတိယရဲသားက ထပ်မေးလိုက်ပြန်သည်။ ပထမလူက စစ်ဆေးဟန်နှင့် အာဏာသံပါနေပေမယ့် ဒုတိယလူကတော့ လူမှုရေးနားလည်၍ ယဉ်ကျေးချောင်မှုရှိသည်။ မွေးအဖို့ သူတို့၏မေးခွန်းနှစ်ခုစလုံးကိုတစ်ခုမှ ပြန်မဖြေတတ်။ ဖြေမိဖြေရာလို့ရယ်ː ခက်ခက်ခဲခဲ ထွက်ခဲ့သည့်စကားမှာမူ ...

"ကျွန်မ ... ကျွန်မယောကျ်ားလေ ..."

"ပြောပါ ... အမကြီး ယောကျ်ားဘာဖြစ်သလဲ"

"ကျွန်မ ယောကျ်ား ပြန်သွားလို့"

"ဗျာ ... အမကြီးယောကျ်ားပြန်သွားတာနဲ့ ဒီတံခါးဝကြီးမှာ လာရပ်နေရတာနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်မ ယောကျ်ား ကုမ္ပဏီက ဒီတိုက်ပေါ်မှာရှိတယ်ရှင့်"

"အင်းလေ ... ဒါပေမဲ့ ဒီမှာမတွေ့ဘူးလား ... ရုံးပိတ်လို့ တိုက်တံခါးတောင် သော့ခတ်ထားပြီပဲ၊ အစ်မကြီး ရပ်စောင့်နေလို့ ဘာအကျိုးထူးတော့မလဲဗျ ... အစ်မကြီးဥစ္စာ ... အူကြောင်ကြောင်နဲ့ ဘာမှန်းလဲမသိဘူး"

ပထမရဲသားက ရေရွတ်အပြစ်ဆိုလိုက်သဖြင့် မွေးခမျာ ရှက်ကိုးရှက်ကန်းနှင့် ဒေါသဖြစ်သွားရ၏။ ဒေါသအလျှောက် ပြန်ပြောမည့်အပြင်မှာပင် ဒုတိယရဲသားကဝင်၍ ...

"စိတ်မရှိပါနဲ့ အစ်မကြီးရယ် ... ကျွန်တော်တို့က ဝတ္တရားအရမဟုတ်ဘဲ စေတနာနဲ့ ပြောနေတာပါ ... ဒီနေရာက မိုးချုပ်ရင် လူပြတ်တတ်တော့

www.burmeseclassic.com

www.burmeseclassic.com


အဖေါ်မပါ မိန်းမသားတစ်ယောက်ထဲရှိနေဖို့ မသင့်တော်ပါဘူး၊ မသမာသူတွေနဲ့ တွေ့ရင် အန္တရယ်ဖြစ်နိုင်တယ်မဟုတ်လား ... ဒီတော့ ကျွန်တော်တို့ အကြံပေးချင်တာက ခုလိုအချိန်ကုန်ခံ ရပ်နေမယ့်အစား အမကြီးသွားစရာရှိတာ ဆက်သွားပါတော့လို့"

သည်တော့လည်း ... မွေး နားလည်သဘောပေါက်လိုက်ရသည်။ ရဲသားတွေကို ကျေးဇူးတင်စကားဆိုပြီး ကျောခိုင်းထွက်ခဲ့သည်။ လာလမ်းအတိုင်း ပြန်လျှောက်လာမိသည်။

သို့နှင့်အမျှ ... မောင့်အတွက် ကြီးမားသော အချစ်ဖြင့် ပြင်းထန်ရလေသော အမျက်သည် မွေးကို ဖိစီးနှိပ်စက်ခဲ့ပြန်လေတော့၏။ မောင့်ကို တွယ်တာရလေသလောက် မောင်ကတော့ သူ့ကို မချစ်ပါ။ သစ်စိမ်းချိုးချိုးပစ်သွားခြင်းဖြင့် မုန်းကြောင်းသက်သေထူခဲ့သည်မဟုတ်ပါလား။

ဩော် ... ခင်ကြီးမှာ ယဉ်ထီးသာ လင်မီးစာပူမအေးနိုင်ဘူ့လို့ဘဲ မွေးခုနစ်သံချီ ဟစ်ငိုချလိုက်ချင်သည်။ ငိုလို့မရ ရင်ထဲမှာ မထွေးနိုင်မအံနိုင်ဖြစ်နေရပါသည်။ နောက်ဆုံးတော့ ... ဒါလဟိုဇီလမ်းမကြီးပေါ် ပြန်ရောက်ခဲ့သည်။

အသင့်ဖြတ်လာသော မိုးဝါတက္ကစီကားလေးကို လှမ်းတားလိုက်မိသည်။ ကားရပ်သွားသည်။ မွေး ပြေးတက်လိုက်မိသည်။ ဒရိုင်ဘာဘေးတွင် ထိုင်ချလိုက်ရာမှ ...

"ကားဆရာ ... ရွှေတောင်ကြားလမ်းကိုမောင်း"

အမိန့်ပေးလိုက်သည်နှင့် မရှေးမနှောင်းခင်မှာပင် မိုးဝါကားကလေးလည်း ဂီယာပြောင်းထိုး၍ တရိပ်ထိုးထွက်ခဲ့တော့သည်။ ဒါလဟိုဇီလမ်းအတိုင်း ဆူးလေဘုရားလမ်းကိုရောက်ခဲ့သည်။ ဆူးလေဘုရားအဝိုင်းကြီးကို လက်ျာရစ်ပတ်လျက် ဗဟန်းဘက်သို့ ဦးတည်ထောင်တက်ခဲ့သည်။

ရွှေတောင်ကြားလမ်းမှာ မွေး၏အစ်ကို ကိုအေးမြင့်နေသည်။ မွေးအဖို့အရေးကြုံလျှင် ကိုအေးမြင့်ဆီသာ အားကိုးတကြီး အပူပြေးကပ်စမြဲဖြစ်ပါ၏။ ရွှေတောင်ကြားလမ်းသို့အသွား ဆူးလေမီးရထားရုံးကြီးအဆင်းမှာပင် ဖြုန်းခနဲ မိုးရွာချခဲ့ပါတော့သည်။ မိုးတဝုန်းဝုန်းနှင့် မွေးရင်ထဲမှ ရတက်မီးတဟုန်းဟုန်းက သူနိုင်ကိုယ်နိုင် ပြိုင်နေပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၂ |

မိုးတွေက တဝုန်းဝုန်း ...

မွှေးရင်ထဲမှာ မီးတဟုန်းဟုန်း ...

သောင်းထိုက်စိုးနှင့် မေသကြန်တို့အဖို့တော့ ပျော်တပြုံးပြုံးနှင့် မော်မဆုံးမဆုံး။

ဟီးလ်မင်းကားအနီရောင်လေးသည် ပြည်လမ်းမကြီးပေါ်တွင် လေလို မြင်းလို ဒုန်းစိုင်းပြေးနေပါလေ၏။

တစ်နည်းတော့ ... မိုးရွာထဲကို ဝေါခနဲ ဆန့်ကျင်တိုးဝင်ဖောက်ထွက်နေရခြင်းပဲ ဖြစ်ပါသည်။ မိုးသီးမိုးပေါက်များကလည်း ကားမှန်ပေါက်ကို တဖေါက်ဖေါက် လာရိုက်ထိမှန်လိုက် ...

သောင်းထိုက်စိုးက ကိုယ်ကိုခပ်ကိုင်းကိုင်း အနေအထားနှင့် လက်ကိုင်ဘီးကို တအားဆုပ်ပြီး လီဗာကို ဖွန်ကန်နင်းထားသည်။ နံပါတ်သုံး ဂီယာမှ တပြားသားမလျှော့ ...။

မျက်လုံးတွေကတော့ ကားခေါင်းအောက်ကို တရိပ်ရိပ်ပြေးဝင်လာသော မိုးပေါက်စိန်ပွင့်လေးတွေ ဖျောက်ဖျောက်ကြဲလျက် နက်ကျောပြောင်လက်နေသည့် လမ်းမကြီးကို စူးစိုက်ကြည့်လာပါ၏။

သူ့အကြည့်က ရန်သူနှင့် သေသေကြေကြေ ရင်ဆိုင်ရတော့မတတ် အရေးကြီးနေသော အကြည့်မျိုး ...။ သမင်ကို ကျားချောင်းနေသည့် အကြည့်မျိုး ...။

သူကားမောင်းပုံကလည်း ကျင်လည်သလောက် အကြမ်းပတမ်းနိုင်လွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားပြိုင်ပွဲဝင်နေသည်နှင့်မခြား။ သူ့စိတ်ထဲက ဂျက်လေယာဉ်ဖျံပဲ ထက်မောင်းနေရတယ်ထင်နေသလားမသိ။

မိုးလေပြင်းထန်နေသည့်ကြားတွင် မိုင်နှုန်း ၅၀–ကျော် ၆၀–နီးပါး မောင်းနေခြင်းမှာ အသက်ကို ဖက်ရွက်သဘောထား၍ သေမင်းနှင့် လောင်းကြေးစားကြေးစားနေခြင်းပဲ မဟုတ်ပါလော။

စင်စစ်တော့ ... သောင်းထိုက်စိုးက လူငယ်ပီပီ လူငယ်စိတ် လူငယ်သွေးနှင့် မိုက်ရူးရဲနေခြင်းဖြစ်သည်။ သတ္တိကို အလွဲသုံးစားလုပ်၍ သူ့ရဲကောင်းဆန်ဆန် စတန့်ထွင်နေခြင်းလို့လည်း ဆိုနိုင်ပါသည်။

တစ်နည်းအားဖြင့် ... သူ့ဘယ်လောက် ကားမောင်းတော်ကြောင်း ရည်းစားသည် မေသကြၤန်ကို ဟန်ရေးပြ ကြွားနေသည်ဆိုလျှင်လည်း မမှား ...။

မေသကြၤန်ကျတော့လည်း တစ်မျိုးရူးနေပြန်သည်။ ကားအရှိန်ဘယ်လောက်ပဲ မြင်းနေပြင်းနေ၊ သူ အရေးမစိုက်။ ကူရှင်ပေါ်တွင် ကျောမှီလျက်၊ လက်ပိုက် ခေါင်းမော့အိပ်လိုက်၊ ကားရှေ့စွန်းမှ သုံးမြှောင့်မှန်လေးဖွင့်၍ လေတိုက်ခံလိုက်။ ထထိုင်ပြီး အိပ်ပဲ့ပဲ့ ကူရှင်ဖုံးပေါ်တွင် ဖင်ဆောင့်နေလိုက်ဖြင့် အမျိုးမျိုးဇိမ်ခံလာသည်။

သူ့မျက်နှာမှာလည်း စိတ်ကြီးဝင်နေသလို မင်းကတော်ဂိုက်ဖမ်းလာသည်။ လောကကြီးတစ်ခုလုံးကိုပင် မတူမတန်ရှိတယ်လို့ မမှတ်တော့သည့်ပုံစံ။

ခုလိုဖြစ်နေရတာလည်း သူ့အဆိုးမဟုတ်။ သူ့အဖို့ ကိုယ်ပိုင်ကားဆိုသည်ကို မြင်ဖူးရုံမျှရှိခဲ့၍၊ တစ်ခါမှ ရေရေလည်လည် မစီးဖူးရှာပေကာဘဲ။

တကယ်တော့ သူ့ဘဝကလည်း ကိုယ်ပိုင်ကားဝေးလို့ ဘတ်စ်ကားတောင် စီးရဖို့အနိုင်နိုင်။ တစ်ခါတလေ ကားခမရှိသဖြင့် ကုန်းကြောင်းပင် လျှောက်ရ ဘတ်ပါသည်။

ဩော် ... အကြော်သည် မအေးဘုံ၏ သမီးလေး မေသကြၤန်ဆိုတဲ့ဘဝ သည်တော့ ... ခုလို ကားတစီးဝီနဲ့ သွားနေရလေတော့ မိုးမမြင်လေမမြင် ဘဝင်က မြင့်မိုရ်တောင်ထက် နှစ်လက်မလောက် မြင့်ခဲ့ရသည်မှာ ဆန်းချော လားလို့။

ပုံပြင်တွေထဲက လုပသာယာသော ကမ္ဘာသစ်ကြီးတစ်ခုကို ရောက်သွားရသော ကလေးငယ်တစ်ယောက်လို၊ မေသကြၤန်ခမျာ ကျေနပ်အားရ ကြည်နူးမြူးပျော် နေရသည်သာဖြစ်ပါ၏။

မေသကြၤန်၏ အဖြစ်ကို တစ်ချက်တစ်ချက် လှည့်လှည့်ကြည့်ရင်း ကြိတ်ပြုံးမိ သည်ကတော့ သောင်းထိုက်စိုး။ မိုးမမြင်လေမမြင် ဖြစ်နေရသော မေသကြၤန်က တော့ သည်အပြုံးကိုလည်း မမြင်။ လောလောဆယ်အနေနှင့် မေသကြၤန်က

www.burmeseclassic.com

www.burmeseclassic.com



သူစီးနေရသော ကားလေးမှာ ဘယ်အမျိုးအစားမို့ ဘယ်လိုခေါ်ပါလိမ့်ဆိုတာ ငေးစားနေမိသည့်အတွက် ဖြစ်ပါသည်။

မစီတီးဆိုတာလား။ စအိုနာဆိုတာလား ချက်ပက်လက်ဆိုတာလား။

ကြားဖူးနားဝရှိသော ကားအမျိုးအမည်တွေကို သူလျှောက်ရွတ်နေမိသည်။ အို – ဘာပဲဖြစ်ဖြစ် စီးလို့တော့အကောင်းသား။ အိလို့ငြိမ့်လို့ အရသာရှိလိုက်တာ။ ခိမ်ပဲ။

ဒါပေမဲ့ ... မီးမှောင်နေတာတော့ မကောင်းဘူး။ ကားခေါင်မိုးပေါ်မှာတော့ မီးလုံးအိမ်ကလေး ရှိနေတာပဲ။ ခလုတ်ဘယ်ကဖွင့်ရမှာလဲ။

မေသကြ်န်လည်း မီးခလုတ်ကို လိုက်ရှာရင်း ကားစက်ခွက်ပေါ်တွင် ဟိုကိုင် ဒီကိုင်နှင့် လျှောက်ကလိမိသည်။

သည်လိုနှင့် အံဖုံးလေးတစ်ခုကို သွားတွေ့သည်။ အံဖုံးကိုဖွင့်၍ အတွင်းသို့ နှိုက်ကြည့်သည်။ ဝက်အူလှည့်၊ ပလိုင်ယာ စသဖြင့် ကားပြင်ကိရိယာလေးများ အကြားမှ ကဒ်ထူဖုံးစာအုပ်ငယ်လေးတစ်ခုကို စမ်းမိသည်။

သည်အတွင်း ... သောင်းထိုက်စိုးက စောင်းငဲ့လှည့်ကြည့်လိုက်ရာမှ ...

"အေးအေးဆေးဆေး ထိုင်လိုက်မလာဘဲ ဘာရှာနေတာလဲကွ ဟင် ..."

"ကားထဲမှာ မှောင်နေသလားလို့၊ ခေါင်မိုးမီးဖွင့်ရအောင် ကိုစိုးရဲ့"

"မီးခလုတ်က မင်းဘေးမှာလေ မေရ၊ မင်းခေါင်းအပေါ်မှာ ..."

"အယ် ... ဟုတ်သားပဲလို့ ... ဒါလေးတောင် မေ မမြင်ဘူး"

မေသကြ်န်က ပြောပြောဆိုဆို ကားတံခါးနှစ်ပေါက်ကြားရှိ ဘောင်လေးထက်မှ မီးခလုတ်ကို လက်မြှောက်စမ်း၍ ဖွင့်လိုက်သည်။

ခေါင်မိုးမီးခွက်ကလေးလင်းလာ၏။

သည်တွင် ... မီးရောင်အောက်၌ သူ့လက်တစ်ဖက်ထဲရှိ စာအုပ်ငယ်လေးကို မေသကြ်န်ဖွင့်ကြည့်လိုက်မိသည်။

ထိုစာအုပ်ကား ဒရိုင်ဘာလိုင်စင်ဖြစ်နေပါ၏။ အသစ်မလဲသည်မှာ ကြာပြီ ဖြစ်ဟန်နှင့် ဟောင်းနွမ်းစုတ်ပြတ်နေသည်။ အထဲတွင် ဓာတ်ပုံပင်မပေါ်တော့။ ရေးထားသော စာများကို မနည်းကြိုး ပြူးပြဲဖတ်ရသည်။

"ဦး ... ဝင်း ... လတ် ..."

မေသကြ်န်က အသံထွက်ဖတ်လိုက်သဖြင့် သောင်းထိုက်စိုး ကြားသွားပြီး လှည့်မကြည့်ဘဲ မေးလိုက်ပါသည်။

"ဘယ်က ဦးဝင်းလတ်လဲ မေ"

"ဟောဒီ လိုင်စင်စာအုပ်ထဲမှာ ရေးထားတာတွေ့တာပဲ၊ ဦးဝင်းလတ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကားပိုင်ရှင်နာမည်ဖြစ်မှာပေါ့ ကိုစိုးရဲ့"

"နာမည်ကတော့ ပျံနေတာပဲ၊ ဒါပေမဲ့ ... အဖိုးကြီးနဲ့တူပါတယ်ကွာ"

သောင်းထိုက်စိုးက စိတ်မဝင်စားသလို မှတ်ချက်ချလိုက်ပြီး သူ့ရှေ့တွင် တဟဲဟဲအော်ပြေးနေသော ကုန်တင်ကားကြီးတစ်စင်းနှင့် ရန်ကုန် အင်းစိန်သွား ဒီဇယ်ဘက်(စ)ကားကြီးကို ဆက်တိုက်ကျော်တက်ပစ်လိုက်သည်။

သူတို့ကားလေးသည် မြေနီကုန်းအဝိုင်းကြီးကို လွန်၍ ဟံသာဝတီအနီးသို့ ရောက်တော့မည်ဖြစ်ပါ၏။ မိုးက သဲနေရာမှ အနည်းငယ်စဲသွားလေပြီ။ ထို့အတူ သောင်းထိုက်စိုးလည်း ကားအရှိန်ကို မသိမသာလျှော့လိုက်ပါသည်။

မေသကြာန်မှာမူ သူ့ရှာဖွေပြောပြချက်ကို သောင်းထိုက်စိုး ဥပေက္ခာလုပ်လိုက်သည့်နောက်၊ ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ဆိတ်လိုက်လာသည်။

သောင်းထိုက်စိုးနှင့် စကားပြောရသည်မှာ လက်ဝင်လှသည်။ အကောင်းပြော ပြမေမယ့် အကောင်းထင်ချင်မှထင်သည်။ အရေးကြီးတာလည်း ပေါ့ပေါ့တန်တန် လုပ်ပစ်တတ်သည်။

ဘာမဟုတ်တာလေးနှင့် ရှုးရှဲဝုန်းဒိုင်းကြဲချင်ကြဲသည်။

ခုလည်း မေသကြာန်က နှုတ်ပိတ်ထားလိုက်သည်ဆိုကာမှ သူ့ဖာသူစိတ်လို စိတ်ရနှင့် စကားစပြန်ကောက်သည်။

"အဲ ... ဦးဝင်းလတ်ဆိုတာတော့ ကိုယ့်အသိထဲမှာ မရှိဘူးကွ၊ ကိုယ်သိတဲ့ လူတွေက ဦးတင်စိုးတို့ ဘာတို့သာ"

သောင်းထိုက်စိုးက သူ့စကားသူ သဘောကျသလို တဟားဟားရယ်နေလိုက် ပါသည်။

"ကြည့် ... ဒီက အကောင်းမှတ်လို့ နားထောင်နေတာ၊ သူက နောက်တီး နောက်တောက်၊ ဦးတင်စိုးတော့ ကိုသိမှာပေါ့ ... ကိုယ့်အဖေပဲဥစ္စာ၊ ကိုယ့်အဖေမှ ကိုယ်မသိရင်လဲ လဲသေလိုက်ဖို့ပဲရှိတော့တယ်"

မေသကြာန်က နှုတ်ခမ်းလေးစူလိုက်ပြီး ညုညုတူတူလေး ပြန်ပြောလိုက်သည်။

သောင်းထိုက်စိုးက ကားကိုသာ အာရုံစိုက်ထားလိုက်ပြန်သည်။ သူတို့ကား လေးက ရန်ကုန်တက္ကသိုလ်ရှေ့သို့ရောက်လာပြီ၊ မိုးတွေက ပြန်သဲလာပြန်၏။

"တောက် ... ဒီမိုးနဲ့ ငါနဲ့တော့ မဖြစ်သေးပါဘူး"

သောင်းထိုက်စိုးက ပြောပြောဆိုဆို ရေသုတ်တံခလုတ်ကလေးကို လှမ်းဖွင့် လိုက်ပါသည်။

ရေသုတ်တံက ပျက်နေသည်။

ကားရှေ့မှန်မှာလည်း ဘယ်နှစ်နှစ် ဘယ်နှစ်ကာလက မတိုက်မချွတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သည်ဆေသီ ...။ ခုမိုးနှင့်တွေ့တော့မှ ဖုံအလိန်းလိန်းတက်နေရာက အရည်ပျော်ပြီး မှန်ပေါ်တွင် ရိုးကြောင်းကျနေသည်။

မိုးနှင့် ဖုံနှင့်ပေါင်းလိုက်တော့ ... မှန်တစ်ခုလုံး မှုန်သထက်မှုန်၊ ဝါးသထက်ဝါး၍ ရှေ့လမ်းကိုပင် သဲသဲကွဲကွဲ မမြင်ရပါတော့။

"တုန်းလိုက်တဲ့ငနဲကွာ ... ပိုက်ပါလေးတစ်ခုတောင် အသစ်ဝယ်မတတ်နိုင်ဘူး၊ ကိုယ့်အဖိုးကြီးလိုပဲ ကပ်စေးနဲကော်တရာကြီးထင်ပါရဲ့၊ အို ... အလကားရတဲ့နွား သွားဖြဲကြည့်စရာမလိုပါဘူး ... မဟုတ်ဖူးလား မေရာ"

ရှေ့မှန်ကို အတွင်းဖက်မှ လက်ဝါးတစ်ဖက်နှင့် သုတ်လိုက်ရင်း သောင်းထိုက်စိုးက မှန်တန်းကလေး မောင်းနေခဲ့၏။

သောင်းထိုက်စိုးစကားကို မေသကြ်န်က ခေါင်းညိတ်ထောက်ခံလိုက်ပြီး ...

"အဲဒီလောက် ကပ်စေးနည်းလို့လည်း ကားဝယ်စီးနိုင်တာပေါ့ ကိုစိုးရဲ့၊ ကားစီးနိုင်တယ်ဆိုတော့လည်း ပိုက်ဆံသိပ်ချမ်းသာမှာပဲနော် ..."

"သိပ်လည်း အထင်ကြီးမနေပါနဲ့ကွာ ကားစီးနိုင်တိုင်းလည်း ချမ်းသာတယ်လို့ မင်း ဘယ်သူပြောလဲ၊ တချို့ ကားကို အကြွေးဝယ်စီးနေတဲ့ လူတွေ၊ လပေးနဲ့ ငှားစီးနေတဲ့လူတွေ အများကြီးပဲ၊ ကိုယ့်အိမ်ကကားတောင် သူများကို တစ်နှစ်စာငှားထားလိုက်တာ ... အဲ ... တို့လဲ ဒီကားကို တစ်ညစာ အခမဲ့ငှားလာရတာပဲ မဟုတ်လား"

"တစ်ညလုံး လျှောက်သွားနေလို့ဖြစ်ပါ့မလား ကိုစိုးရဲ့၊ တော်ကြာ ကားပိုင်ရှင်က ကားပျောက်မှုနဲ့ လိုက်ရှာနေရင် ဘယ်နှယ့်လုပ်မလဲ၊ ဟင်း ... ခုနေသူ့ကားပျောက်သွားမှန်းတောင် သိရင်တော့ ဆွေ့ဆွေ့ခုန် ဒေါင်းတောက်နေမှာသေချာတယ်"

မေသကြ်န်၏ အပြောကြောင့် သောင်းထိုက်စိုးက တစ်စုံတစ်ခုကို သတိရလိုက်သည်။ ကားစက်ခန်းတစ်နေရာမှ ဓာတ်ဆီဒိုင်ခွက်ကလေးကို ငုံ့ကြည့်မိသည်။ ဒိုင်ခွက်ထဲမှ မျှားလေးက ဓာတ်ဆီအပြည့်ရှိကြောင်း ပြနေသည်။

"ဘာမှ ပူစရာမရှိပါဘူးကွာ ... တစ်ညလုံးမကလို့ တစ်ကမ္ဘာလုံးဘဲလျှောက်သွားသွား ... ကဲ ... ဘယ့်နှယ့်လဲ မချောစာ ... အခု ခင်ဗျားဆန္ဒတစ်စိတ်တစ်ဒေသအနေနဲ့ ကားစီးချင်တာကို ကျုပ်ဖြည့်စွမ်းပေးနိုင်ပြီလေ ... ကျေနပ်ရဲ့လား၊ ဒီမယ် ... ကျုပ်ဟာ ယောက်ျား။ ယောက်ျားတစ်ယောက်မှာ ယောက်ျားအစွမ်းတော့ ရှိတာပဲဗျ ခုကျုပ်အစွမ်းကို အမိလေး ယုံပြီမဟုတ်လား ... နောက်တစ်သက်လုံးမှတ်ထား ... ယောက်ျားတွေကို ဘယ်တော့မှ လျှော့မတွက်နဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မတွက်တော့ပါဘူး ကိုယ်ရယ် ... ကိုစိုးအစွမ်းကိုလည်း ယုံပါပြီ"

"အေး ... ဒီလိုမှပေါ့ ခုညတော့ တို့ချစ်သူနှစ်ယောက် ဘယ်သူ့ကိုမှ လူ ထင်စရာမလိုတော့ဘူး ... မင်းနဲ့မတည့်တဲ့ဟာတွေ တွေ့ရင်ပြော၊ ငါနဲ့ဂုဏ်ဘု ရုဏ်ပြိုင်လုပ်နေတဲ့ကောင်တွေ ဒီအချိန်လာတွေ့ရင်တော့ မလွယ်ကြောဘဲသာ မှတ်လိုက်၊ ကားနဲ့ကို အသေဝင်ကျုံးပစ်လိုက်မယ် သိလား၊ ကားမှန်က ဝိုက်ပါ ရှိတာနဲ့ အတော်ပဲ"

ထိုအခါမှ ... မိုးစဲသွားပြီး ကျုံးတို့ကျဲတဲသာ ရွာနေတော့လို့ တော်ပါသေး သည်။ ဒါပေမဲ့ ... သောင်းထိုက်စိုးက လီဗာကိုအဆုံးနင်းပြီး အားကုန်မောင်း နှင်လာသလို ဘယ်လက်တစ်ဖက်ထဲနှင့် စတီယာရင်ကို ထိန်းကိုင်ထားလိုက်သည်။ ညာလက်က သူ့ဘေးမှ မေသကြိန်၏ ဟိုဘက်ဂျိုင်းကြားထဲထိုးသွား၍ ကိုယ်လုံး လေးကို သိမ်းဖက်လိုက်ပြီး ရင်ခွင်ထဲ ဆွဲသိပ်ထားလိုက်သည်။ ခုမှ မွေးသွားတာဝဲ ဟု ပြောပြီးတော့ ဘာလုပ်လိုက်သည်မသိ။ အလာလာ နာတယ်ကွယ် ... ဟူ သော အသံကလေးနှင့် မေသကြိန်က သူ့ကို တွန်းဖယ်ရုန်းထွက်လိုက်မိသည်။ သူကလည်း တဟဲဟဲရယ်ရင်း မေသကြိန်ကို အလုအယက်ပြန်ဖမ်းဖို့ ကြိုးစား လိုက်မိ၏။

သည်အတွင်း ... သောင်းထိုက်စိုး သတိလစ်သွားသည် မောင်းရင် မငမ်းနဲ့ ငမ်းရင် မမောင်းနဲ့ဆိုသော နှိုးဆော်ချက်ကို ရေရေလည်လည် မေ့သွားသည်။ ကားရှေ့ဘီးများသည် လမ်းလည်ခေါင်တွင် ဦးတည့်ပြေးနေရာမှ ဘေးသို့ ယိမ်းထိုး ထွက်သွားသည်။ ကားဘီးတွေ ဆွဲခေါ်ရာနောက်သို့ ကားတစ်စီးလုံးလည်း ပါသွားရတော့သည်။

"အမယ်လေး ... လုပ်ပါအုံး ကိုစိုး"

မေသကြိန်၏ အလန့်တကြားအော်သံလေးက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးခြောက်ခြားသွားစေ၏။

သောင်းထိုက်စိုး၏ မျက်လုံးအစုံမှာလည်း ပြာထွက်သွားသလို ကားစတီယာ ရင်ကိုသာ စုံဖမ်းအမိဆွဲထိန်းလိုက်မိသည်။

ကားသည် ပလပ်ဖောင်းပေါ်မှ ဓာတ်တိုင်ကို ဝင်နှုတ်ဆက်တော့မလို့ ဆင်း သွားရာမှ လမ်းပေါ်ကို ပြန်တက်လာ၏။ ဒါပေမဲ့ ... ကြိုးလွတ်လာသော ချွဲရိုင်းတစ်ကောင်လို ကမူးရှူးထိုး ဟိုခွေ့ဒီခွေ့နှင့် ယမ်းခါဆက်သွားနေသေး၏။ ဘီးချင်းပွတ်သံသည် တကျွိကျွိမြည်၍ မီးတောက်မလား အောက်မေ့ရသည်။ သည့်နောက်တော့ ... ဒုန်းခနဲ မြောက်တက်သွား၍ ပလက်ဖောင်းပေါ်သို့ ခုန်တက်သွားတော့သည်။ ပလက်ဖောင်းပေါ်တွင် ခွေးလိမ္မာတစ်ကောင်နှယ်

www.burmeseclassic.com

www.burmeseclassic.com


ရှေ့ဘီးနှစ်ဖက်အောင်လျက် အမောဖြေ အနားယူနေလိုက်ပါတော့၏။

......

မွေးသည် အိပ်မက်ထဲမှ လန့်နိုးရသူတစ်ယောက်လို ကယောင်ကတန်းနှင့် လွှတ်ခနဲ အသံပြုလိုက်မိ၏။

"ကားဆရာ ရပ်ပါဦး၊ ခဏရပ်ပါဦး"

မိုးဝါကားလေးသည် နတ်မောက်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းဆုံရာအနီး ကန်တော်ကြီးစောင်းတွင် ထိုးရပ်သွားသည်။ ကားဒရိုင်ဘာပေါက်ဖော်ကြီးက ကားရပ်လိုက်ပြီးတော့ မကျေမချမ်းနှင့် ထလောင်ပါတော့သည်။

"ခွီးများ ... ဘာဖြစ်လယ် ... ဟင်၊ ကား ဒီရပ်မယ်ဆို ကရိုကရိုတင်တင် ပြောပါလား၊ အခု အာရမ်းရပ်ခိုင်းလယ်နော် ... ကားဘလိတ်နာလယ်ဗျ ... ခီများ ရွှေလောင်ကျားလဲ မိရောက်သေးဘဲနဲ့"

တရုတ်ကြီးက ဗမာလို မပီကလာ ပီကလာမို့၊ မွေးခမျာ ငိုရမလို ရယ်ရမလို ဖြစ်သွားရပါ၏။

"ဟို ... ကျွန်မ ရွှေတောင်ကြားလမ်းမသွားတော့ဘူးလေ ... ကျွန်မကို အိမ်ပြန်ပို့ပေးပါနော် ... ထောင်ကဲ ..."

"အာ ... ခီများလို့ မီးမလွေ့ အားကီးရှုပ်လာပဲ ... အဝပြောင်းအာလွဲသိပ်မြန် လယ် ... ခု လမ်းတီဝက်ရောက်လာမှ ပြန်မယ်ပြောလယ်နော် ကျွန်လော် စိတ်က ညစ်လယ်ဗျာ"

"စိတ်မညစ်ပါနဲ့ ထောင်ကဲရယ် ... ကျွန်မကိစ္စအရေးကြီးလို့ပါ၊ ကားခပိုပေး ပါ့မယ်"

"ဟင်း ... ခီများအိမ် ဘယ်မှာစီလည်း"

"ဗိုလ်တထောင် သော်မဆင်မှာပါ ထောင်ကဲရဲ့၊ ဒီကန်တော်ကြီးဘက်က လှည့်သွားလို့ရပါတယ်။ နီးနီးလေးပဲ"

မွေးကတော့ ခဏယယလေးပင်တောင်းပန်နေမိခဲ့ပါ၏။ သူ့စိတ်ထဲတွင် ကို ဝင်းလတ်သည် သူနှင့်လွဲထွက်သွားပြီး ဗိုလ်တထောင်အိမ်သို့ ပြန်ရောက်ချင်ရောက် နေမည်ဟု ဖမ်းတွေးမိခဲ့သောကြောင့် သူ့အကိုအိမ် ရွှေတောင်ကြားလမ်းကိုမသွား တော့ဘဲ အိမ်ပြန်ကြည့်ရန် ကြံလိုက်ခြင်းလည်းဖြစ်သည်။ ကိုဝင်းလတ် အိမ်ပြန် ရောက်နေလျက်သားနှင့် ကိုအေးမြင့်ကို အကျိုးအကြောင်းသွားရောက် တိုင်တန် အကူအညီတောင်းလျှင် သူ့အလွန်ဖြစ်သွားပေရော့မည်။ ကိုအေးမြင့် သိသွားပါက

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကို ဆူပေဦးမည်။ မောင့်အတွက်တော့ မွေးညှာညှာတာတာ စဉ်းစားပါသည်။

မွေးအတူပင် ဒရိုင်ဘာထောင်ကဲကြီးကလည်း လိုက်ပို့သင့်မပို့သင့် ချင့်ချိန်နေခဲ့ပြီးတော့ ...

"ကောင်းပီလေ ... ခီများကို ကရုပ်အားလာလယ်..." ဆိုကာ စက်မသင်ဘဲ ရပ်ထားသည့် ကားလေးကို နတ်မောက်လမ်းထဲသို့ မောင်းဝင်ပေးခဲ့တော့သည်။ သည်တော့မှလည်း မွေးခမျှာ သူ့အတွက် မျှော်လင့်ချက်ရှိပါသေးသည်။

စိတ်အေးသက်သာ ရှိသွားခဲ့ရပါသည်။ မွေးရင်ထဲမှာ အားတက်သလိုလိုဖြစ်လာသည်။ သူ့အတွက်မျှော်လင့်ချက်ရှိပါသေးသည်။ စောစောက သူတွေ့ခဲ့သောကားနဲ့ မိန်းမယောကျ်ားစုံတွဲဟာ မောင်ဟုတ်ချင်မှဟုတ်မှာပါ၊ ရန်ကုန်တစ်မြို့လုံးမှာ အနီရောင် ဟီးလ်မင်းကားဆိုလို့ တို့ကားတစ်စီးပဲရှိလို့လား၊ အိုး ... အများကြီး တပုံကြီး။ ဟီးလ်မင်းကားလေးမြင်တာနဲ့ ကားထဲပါသွားတဲ့လူဟာ မောင်ပဲလို့ သတ်မှတ်တာတော့ စောလွန်းပါတယ်လေ၊ တောက် ... ငါ့ကိုက မိုက်တာပါ။ အစက ဒါကို တွေးမိလိုက်ရင် အကောင်းသား ခုဆို မောင် အိမ်ပြန်ရောက်နေရောမယ်၊ ငါ့ကိုမတွေ့ရင် စိတ်ပူသွားမှာ ကျိန်းသေတယ်။

"ဒီမယ် ထောင်ကဲ ... မြန်မြန်လေး မောင်းပေးစမ်းပါရှင် မြန်မြန်လေး ..."

"တုက္ကပါလားဗျာ ... ကျုပ်လဲမြီမြန်မောင်းလာဘဲ၊ ကားကနေးနေးစွားတယ် — ဘာတတ်နိုင်မလဲ ... တိုတက်မြီမြန်ကျင်လယ်ဆိုလဲ လေအင်ပျံငှားပေလော့"

"တတ်နိုင်သလောက် မြန်မြန်မောင်းပေးပါ ထောင်ကဲရယ် ... ရှင့်ကားကနှေးလွန်းလို့ ဆင်းပြေးလိုက်ချင်ပြီ"

"မီးရှာလေလယ်လေ ... စလစ်ဖြစ်သွားလယ်နော် ... ခများလဲကရန်တောကာ ရုပ်လဲ ကိုးမိုင်ရောက်မယ် ... ဖြေးဖြေးစွားရင် အာတာက်ရှည်လယ် အန်တရာယ်ကင်းလယ် ...၊ ထိမင်းစားကောင်းလယ် ..."

မွေးလဲရှေ့ဆက်မပြောသာတော့။ ခပ်ကုတ်ကုတ်လေး ငြိမ်၍ လိုက်လာမိတော့သည်။ ဒရိုင်ဘာတရုပ်ကြီးပြောတာလဲ မှန်နေတာဘဲ။ ငါ့ကိုက လောနေတာပါ။ မတော်လို့ ဘီးချော်မှောက်သွားမှ သူပြောသလို ကြာတောရောက်နေဦးမယ်။ ကြာတောရောက်တာက အရေးမကြီးဘူး၊ မောင့်ကိုတွေ့ရတော့မှာမဟုတ်ဘူး။

သို့နှင့်ပင် ... မိုးဝါကားလေးသည် မြို့ထဲသို့ပြန်ဝင်လာမိသည့်အဆုံး သော့မဆင်ရိပ်သာလမ်းပေါ်ရှိ မွေးတို့အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပါတော့သည်။

မွေးလည်း သူ့ကတိအတိုင်း ကျသင့်သည့်ကားခထက် ပိုပေးလိုက်ပြီး ကားထဲ

www.burmeseclassic.com

www.burmeseclassic.com



က ထွက်ခဲ့သည်။ နှစ်ထပ်တိုက်အောက်ထပ် သူ့အိမ်ဆီသို့ မိုးရေထဲကူးပြီး၍ တလှမ်းနှစ်လှမ်းရောက်သွားပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သလို နောက်လှည့်ပြန်ပြေးကပ်ကာ မှန်ပေါက်ထဲမှ ခေါင်းလျှိုငုံ့ရင်း ...

"ဩော် ...ထောင်ကဲ ... အချိန်ရရင် ကျွန်မကို ခဏစောင့်ပါဦးလားဟင် – အိမ်ကကျွန်မယောကျ်ားမရှိဘူးဆို၊ ဟို ... ရွှေတောင်ကြားလမ်းကို ပြန်သွားချင်လို့ပါ"

"သိပ်ကြာကြာလော့မီစောင့်လိုင်ဘူးနော်"

"မကြာပါဘူး ... အလွန်ဆုံး တစ်မိနစ် နှစ်မိနစ်ပဲ၊ ဘယ့်နဲ့လဲ ဖြစ်မလား"

ပေါက်ဖော်ကြီးက ပါးစပ်နှင့်မဖြေတော့ဘဲ သွားသာသွားပါဆိုသည့်သဘောနှင့် မေးငေါ့ပြလိုက်သည်။ မွေးလည်း မိုးရေမထိအောင် ခေါင်းကို ပိုက်ဆံအိတ်ကလေးနှင့်ကာလျက် အူယားဖားယားလေး ပြေးဝင်ခဲ့ရရှာတော့သည်။ အိမ်ထဲမှ အစေခံမလေးကလည်း သူရောက်လာသည်ကို တွေ့ခဲ့ရာမှ ရှေ့ထွက်တံခါးဖွင့်ပေးသည်။

"နန်းသီ ... နင့်အကိုပြန်ရောက်လာပြီလားဟင်၊ ပြန်ရောက်တာကြာပလား"

"အကို ... အကို ... ဘယ် ဘယ်တုန်းက ..."

"အေး ... ထစ်နေ ထစ်နေ၊ အရေးဆို ညည်းထစ်နေတာနဲ့ပြီးတာပဲ၊ ဖယ်စမ်း အပေါက်ဝက ..."

မွေးလည်း စိတ်တိုလက်တိုနှင့် နန်းသီကို တွန်းဖယ်၍ အိမ်ရှေ့ဧည့်ခန်းထဲမှ နောက်ဖေးမီးဖိုချောင်တောက်လျှောက် ဝင်ရှာမိတော့သည်။ သူ့နောက်က ပြာပြာပြာပြာနှင့် နန်းသီလည်း ကပ်လိုက်လာ၏။

"အ ... အ ... အကိုပြန်လာတာတော့ ကျ ... ကျ ... ကျွန်မ မတွေ့သေးဘူး"

နန်းသီတတွတ်တွတ်နှင့် နောက်ကကပ်ပါလာရာမှ အိပ်ခန်းထဲရောက်ခဲ့ရတော့သည်။ ကိုဝင်းလတ်ကိုတော့ အရိပ်အရာလေးမျှ မမြင်ရပါချေ။

"သူဖုန်းရော မဆက်ဘူးလား"

"ဟင့်အင်း မမ ..."

"ငါထွက်သွားပြီးတဲ့နောက် ဘယ်သူ့ဆီကမှ ဖုန်းမလာဘူးလား"

"မ ... မ ... မလာဘူး မမ"

ကြိတ်ခဲမျှော်လင့်ထားသမျှ ရေစုန်မျောသွားရပါလေပြီ။ ကုတင်ပေါ်သို့ စိတ်ပျက် အားလျော့စွာ ထိုင်ချလိုက်၏။

ချုံးပွဲချငိုပစ်လိုက်မယ်လို့ ပြင်လိုက်သည်။ ဩော် ... ငိုအားတောင်မရှိတော့ပါ

www.burmeseclassic.com

www.burmeseclassic.com



သားကွယ် မောင်ရယ်။

လက်မှိုင်ချ ထိုင်ငိုင်နေလိုက်ရင်းမှ မွေးတစ်စုံတစ်ခုကို သတိရလိုက်သလို ရုတ်တရက် ထရပ်လိုက်ပြန်သည်။ နန်းသီး၏ ရှေ့မှောက်မှာပင် ဖြတ်ပြေး၍ အိမ်ရှေ့ရောက်သွားသည်။ သူစောင့်ခိုင်းခဲ့သည့် တက္ကစီကား ရှိမှရှိပါတော့မလား။

မွေးသည် အိမ်ထဲမှ ပြေးထွက်ခဲ့မိပြန်သည်။ မိုးဝါကားကလေးက သစ္စာရှိစွာ စောင့်နေဆဲ၊ မိုးကတော့ လုံးဝ တိတ်သွားလေပြီ၊ မွေးလည်း ကားတံခါးဖွင့် ဝင်ထိုင်လိုက်သည်။

"ကျေးဇူးသိပ်တင်ပါတယ် ကားဆရာရယ် ... ကျွန်မက စောင့်မှစောင့်နေပါ့ တော့မလားလို့"

"အား ... ခီများကို ပြောထားလာဘဲ၊ ကရုပ်စောင့်မယ်ဆိုလယ်စောင့်မှာပေါ့၊ အဲ ... ခီများ လင်မီတွေ့ဘူမှတ်လား၊ စိတ်အေးအေးထားပေါ့ဗျာ ... အိခုမီတွေ့ တော်လော်ကြာတွေ့မာပေါ့"

ဘာမဆိုင် ညာမဆိုင် လူတစ်မိးကပင် မောင့်ထက်စာလျှင် သူ့အပေါ်ကြင်နာမှု ထားရှာသေးပါကလား၊ မောင်ရယ် ဘယ်ဆီများ ရောက်နေပါလိမ့်ကွယ်။

ကိုဝင်းလတ်သည် ဓါတ်လှေခါးကြမ်းပြင်ပေါ်တွင် ငုပ်တုတ်ကလေး ဆောင့် ကြောင့်ထိုင်နေမိပါ၏။ နံရံကိုလျော့ရဲရဲမှီလျက် ခေါင်းကိုဇက်လှန်မော့ထားပြီး သူ့စနီးချောလေးကို မှန်းတလျက်ရှိခဲ့ပါသည်။

မွေး ...

နီးတော့မယ်ဆိုပြီးမှ ဝေးခဲ့ပါပကော မွေးရယ် ...

မွေး ရူးမတတ်ခံစားနေရမယ်ဆိုတာ မောင် သိပါတယ်။

မောင့်ကိုများ ကိုလူညာကြီးရယ်လို့ အထင်လွဲစိတ်ဆိုးနေရှာမလား။

တစ်ညလုံးတစ်မြို့လုံး မောင့်ကို လျှောက်ရှာနေလေပလား။

မောင်ကတော့ မွေးကိုသတိရနေပါတယ် အချစ်ရယ် ... မွေးအတွက် မောင့်ဘယ်လို ဆွေးနေရတယ်ဆိုတဲ့အဖြစ်ကို လာကြည့်လှည့်ပါဦးလားလို့။

ကိုဝင်းလတ် ဆက်တွေးမိပြန်သည်က ဤသို့ ...

ငါ ဒီငရဲအိုးကြီးထဲမှာ ဘယ်အထိများ ဆက်နေရဦးမှာလဲ။

သည်တွင် ... သူ့ဦးနှောက်က သူ့ကိုယ်စား အဖြေထုတ်ပေးလာသည်။ သူ့ကြားချင် မသိချင်ဆုံးမို့ လှစ်လျူရှုထားခဲ့သော အဖြေပင်ဖြစ်နေပါလေ၏။

တစ်ရက်နဲ့ နှစ်ညပါတဲ့။

သုံးဆယ့်ခြောက်နာရီတိတိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တနလ်ာနေ့မနက်ကျကာမှ ရုံးစောင့် စံငြိမ်း ပြန်လာပြီး လျှပ်စစ်မီးကို ဖွင့်ပေးလိမ့်မည်။

သည်တော့ ... ထိုအချိန်မတိုင်မီအတွင်း သူတစ်ယောက်ထဲ ပျင်းရိညည်းငွေ့စွာဖြင့် စောင့်စားနေရပါဦးတော့မည်။

အဲ ... အဲ ... တစ်ယောက်ထဲဆိုတာ မဟုတ်သေးဘူး။

သူ့အပြင် ... အဖေါ်တစ်ယောက်အနေနဲ့ ဦးခင်ငွေရှိနေသေးတာကလား။ ဦးခင်ငွေရဲ့အလောင်းကြီးရယ်ပေါ့။

ကဲ ... ဒီအထဲက သူ့ပြတင်းပေါက် တောင်ဘက်ကြီးကို မဖြုတ်ရပြန်သေးဘူးဆိုပြန်တော့။

ကဲ ... သူပထမလက်ဦးအစက ဦးခင်ငွေကို ကျွန်တော်မသိပါ၊ ကျွန်တော်ကို ဦးခင်ငွေကလည်း နာမည်တောင်ကြားဘူးမှာ မဟုတ်ပါဘူးလို့ ငြင်းဆန်ဖို့ကြံထားတဲ့ သူ့စကားတွေကို ဘယ်သူယုံပါတော့မလဲ။ သူမသိတဲ့ အလောင်းကြီးနဲ့ တစ်တိုက်ထဲရှိနေမိတဲ့ သူ့အဖြစ်ကိုကော ဘယ်သူက ညှာညှာပြုပြု စဉ်းစားပါဦးမလဲ။ တစ်သံတည်း ဝိုင်းဝန်း စွပ်စွဲကြမည့်အသံကတော့ ...

မင်း ... လူသတ်သမား။

တကယ်လို့ ... ဦးခင်ငွေက ဟိုးငါးထပ်ကြီးပေါ်မှာ သေနေတာပဲ၊ ကျွန်တော်က ဓါတ်လှေခါးထဲမှာ ပိတ်မိနေတာ ... ဘာဆိုင်လို့တုန်းလို့ စောဒကတက်ဦးမလား။

ရဲတွေက ခွက်ထိုးခွက်လှန် လှောင်ပြောင်ရယ်မောကြပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ... ဒီဓါတ်လှေခါးကြီးထဲက မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်နိုင်ဖို့သာလိုသည်။ ဒီထဲက ထွက်နိုင်မှသာလျှင် သူ့သက်စွန့်ကြိုးပမ်းကြံခဲ့ရသော လူသတ်မှုမှ ကင်းရှင်းနိုင်ဖို့ရှိသည်။

ယောကျာ်းဘသား ကြိုးစားလိုက်စမ်းပါဦး ကိုဝင်းလတ်။

ကိုဝင်းလတ်က သူ့ကိုယ်သူ စိတ်အားလူအား ဖြည့်တင်းပြီးနောက် ... ငေါက်ခနဲ ထလိုက်ပြန်သည်။

ဓာတ်လှေခါးနှစ်ချပ်စပ်ရာကြားသို့ လက်ချောင်းလေးတွေ ထိုးသွင်းပြီး ... အီးရှောအဲရှောစုံနေအောင် အားစိုက်လျက် တွန်းဖွင့်ခဲ့ပြန်ပါလေသည်။ ဓါတ်လှေခါးနံရံနှင့် ကြမ်းပြင်ကြားကိုလည်း ခြေကန်အားယူလျက် ...

မျှော်လင့်ချက်ကလေးက အရောင်သန်းလာသည်။

ဓါတ်လှေခါး တံခါးတစ်ဖက်က နည်းနည်းရွေ့လျားသွားသည်။

.....

www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက်စိုးသည် ကားနောက်ဖက်ကူရှင်ပေါ်မှာ တင်လျက်တွေ့ရသော မိုးကာအင်္ကျီကြီးခြုံလျက် ကားပြင်သို့ထွက်ခဲ့သည်။

ပြီးတော့ ... ပလက်ဖေါင်းပေါ် မေးတင်နေသည့် ကားလေးကို ပြန်တွန်းချ လိုက်ရသည်။ ဟီးလ်မင်းကားနီလေးသည် လမ်းမပေါ်သို့ အသာပြန်လိမ့်လျှော ကျသွားပေပြီ။

သို့ပေမယ့် ... မေသကြိန်က သောင်းထိုက်စိုးမှာခဲ့သည့်အတိုင်း ဘရိတ်ကို ဖမ်းနင်းပေးထားလိုက်သဖြင့် လိုက်အပ်သည်ထက် ရွေ့မသွားတော့ပါချေ။

ကားထဲသို့ သောင်းထိုက်စိုး ပြန်ရောက်လာသည်။ ကားစက်ကို နှိုးကြည့် သည်။ မြန်းခနဲ စက်နှိုးလို့မရ။ သောင်းထိုက်စိုး ခေါင်းနပမ်းကြီးသွားရတော့သည်။ စတတ်တာကို နှိပ်ရင်းမှ ချွေးပြန်လာရပြန်ပြီ။

အကယ်၍များ မတော်တဆ ... သူတို့ကားကို ယာဉ်ထိန်းရဲတွေ တွေ့သွားပြီး စစ်လားမေးလား ဖမ်းလားဆီလားလုပ်လိုက်လျှင် မခက်ပါလား ဆိုသည့်အတွေးကလည်း သူ့ကိုခြောက်လှန့်နေခဲ့သည်။

"ဘာများဖြစ်သွားလဲ မသိဘူးမေ၊ ကိုယ်ကလဲ ကားသာမောင်းတတ်ဘာ — စက်ပျက်တာကျတော့ ဘာမှပြင်တတ်တာမဟုတ်ဘူး၊ ဂျောက်ပဲကွာ"

မေသကြိန်သည်လည်း သောင်းထိုက်စိုးကိုသာ တစ်ချိန်လုံး အကဲခတ်ကြည့် နေရာမှ၊ ဘာတစ်ခွန်းမှ မပြောရဲအောင်ဖြစ်နေရပါသည်။

ခုလို ပလပ်ဖေါင်းပေါ် ဝင်တိုက်နေရသည်၌ သူ့အပြစ်လည်းပါ၍၊ စိတ်မထင် လျှင် သူ့ဖက်လှည့်မဲမှာ စိုးမိပါသည်။ သို့ပေမယ့် ...

သောင်းထိုက်စိုး ကားပေါ်မှမဆင်းခင် ဂီယာကို ဖရီးထိုး၍ ကားစက်သော့ပိတ် သွားကြောင်း မှတ်မှတ်ရရရှိနေခဲ့သည်။ ထို့ကြောင့်လည်း သူက မဝံ့ဘဝံ့ အရဲစွန့်၍ ...

"ကိုစိုး ..."

"ဘာလဲ ... မေ ..."

"ဟို ... ဟိုမှာ ..."

မေသကြိန်ပါးစပ်က ရှေ့ဆက်ပြောမထွက်တော့သလို၊ ကားစက်ခုံပေါ်မှ သော့တန်းလန်းကလေးဆီတာ လက်ညှိုးထိုးပြလိုက်၏။

သည်တော့လည်း ... သောင်းထိုက်စိုးက အားပါးတရ လွှတ်ရယ်လိုက်ပြီး —

"ဟုတ်သားပဲကွ၊ ကိုယ်က ကားသော့ပိတ်ခဲ့ပြီး စက်နှိုးနေမိတာကိုး ဟ ဒီလိုဆိုတော့လဲ မေက ကိုစိုးထင်သလောက် ဘယ်ညံ့တော့ဂရိလဲ"

ကားသော့ကို လှည့်ဖွင့် စက်နှိုးကြည့်မိသည်။ ဆီကို တစ်ချက်နှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com


ဆော့လိုက်ပြီးနောက် အင်ဂျင်လည်သံကြားရသည်။

"ဟူး — တော်ပါသေးရဲ့ ... ကိုယ်က စက်ပျက်သွားပြီ အောင်းမေ့နေတာ ကျေးဇူးပဲ မေ။ မေ ကယ်ပေလို့ပဲ"

သောင်းထိုက်စိုးလည်း ဂီယာကိုပြောင်းလိုက်ပြီး၊ လီဗာကို နင်းလိုက်သည်။ ကားလေးက တဖြည်းဖြည်း လိမ့်ထွက်လာရတော့သည်။ .

မေသကြိန်မှာလည်း သောင်းထိုက်စိုး၏ အမှားကို ထောက်ပြနိုင်လိုက်၍ ချီးကျူးခံလိုက်ရသောကြောင့် ဝင့်ဝင့်ပြုံးပြုံးလေး ဖြစ်နေခဲ့ရသည်။

သောင်းထိုက်စိုးကတော့ သူ့လိုပင် နမော်နမဲ့နိုင်၍ သတိမေ့ခဲ့သော ကားပိုင်ရှင်အား ကိုယ်ချင်းစာလိုက်မိရင်း ကားရှိန်ကို အနည်းငယ် မြှင့်တင်လိုက်ပါသည်။

သို့ရာတွင် ... ယခင်လောက်တော့ မမြန်လေတော့။ ငြိမ့်ငြိမ့် ညောညော လေးနှင့် စီးကောင်းရုံလေးဖြစ်၍၊ မေသကြိန်မှာလည်း မကြောက်တော့ပါ။ သောင်းထိုက်စိုးက မေသကြိန်၏ မျက်နှာလေးကို ငုံကြည့်ပြီး ...

"ဘာတွေများ စဉ်းစားနေတာလဲ မေ"

"တခြားမဟုတ်ပါဘူး ကိုစိုးရာ ... ဘာလိုလိုနဲ့ မေနဲ့ကိုစိုးဟာ ကားလေးတစ်စင်း အချောင်ပိုင်လိုက်ပြီဆိုတာပါ"

"ဒါပေါ့မေရဲ့၊ အကွက်ကောင်းရင် တစ်ချက်ပဲပေါ့။ အဲ ... ကိုယ့်အဖိုးကြီးကတော့ ကိုဒီလိုပြောတာ လက်မခံဘူးကွ။ သူက ရိုးရိုးသားသားကြိုးစားတဲ့၊ ရိုးသားလို့ ကြိုးစားရင် ကြီးပွားမှာပဲတဲ့ ...

အေးလေ ... သူကိုယ်တိုင်ကလဲ ငယ်ငယ်လေးထဲက တောမှာ နွားနို့ပို့ရင်းနဲ့ တစ်စတစ်စကြီးပွားလာရတဲ့လူကိုး ... ဒီနေ့နှစ်ဆယ်ရာစုခေတ်မှာတော့ သူတို့ အတွေးအခေါ်မျိုးတွေ သုံးလို့မဖြစ်တော့ဘူး ... သူတို့ဟာက အဲ ... မင်း ခဏခဏ ပြောပြောနေတဲ့ ဘဝဆိုတာကို ရေစုံရေဆန် မျှောလိုက်သွားရတာမျိုး .. တစ်နည်းဆိုရင် လမ်းအိုလမ်းဟောင်းကြီးပဲ၊ ကိုယ်တို့တွေ နားလည်ထားတာ ကတော့ ဖြတ်လမ်းက လိုက်ဖို့ပဲ ... ဒီခေတ်မှာ ဖွဲ့မလိုပါဘူး သစ္စာရှိစရာမလိုဘူး။ ရိုးသားလို့ ကြိုးစားတယ်ဆိုတာက နွားတွေပဲရှိတော့တယ်။ လူဆိုရင်တော့ အကွက်ကောင်းလေးတစ်ခုကို အပိုင်ချောင်းနေကြတာချည်းပေါ့။ ရှင်းရှင်းဆို ရောယိမ်းလိုက် ဘသားယိမ်းလိုက်နဲ့ လေ့ကြံစီးမှ အချောင်သမားကြီးပဲ ဒါကြောင့်လဲ ကိုယ် ၁၀–တန်းတစ်နှစ်ကျတာနဲ့ ကျောင်းထွက်ပစ်လိုက်တာပဲ၊ လူရည်လည်လို့ လူပေါ်လူဇော်လုပ်နိုင်ပြီဆိုရင် ဘီအေ ဘီအက်စ် အောင်စရာ မလိုပါဘူး၊ ကိုယ်ပြောတာ မမှန်ဘူးလားမေ"

"မေက လေးတန်းပညာလောက်ပဲ တတ်တာ။ ဒီတော့ ကိုစိုးလို လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့စကားကို မှန်တယ်မမှန်ဘူး ဘယ်ဝေဖန်နိုင်ပါ့မလဲလို့။ ဒါပေမဲ့ ကိုစိုးက မေ့ရည်းစားပဲ ကိုစိုးပြောတာအားလုံး ထောက်ခံရမှာပဲပေါ့"

"ဒီပြင်လူတွေကတော့ ကိုစိုးကို မေ့လို နားမလည်ကြဘူးမေ ... ကိုစိုးကို လူမိုက်တဲ့ ဂျပိုးတေလေတဲ့။ ဟဲ ဟဲ ကိုစိုးဆိုရင် ဖိချင်နှိမ်ချင်ကြတယ် ... ကိုယ့်အဖိုးကြီးကအစ ကိုယ့်ကို အထင်မကြီးဘူး။ တစ်ခါက ကျောက်အရောင်းအဝယ်ကိစ္စတစ်ခုမှာ ပွဲပေါက်မြင်လို့ ငွေငါးထောင်လောက် ခဏပေးပါ၊ တစ်ရက်နှစ်ရက်အတွင်းကို နှစ်ဆပြန်ရပါစေ့မယ်လို့တောင်းတယ် ... သူက ဘာပြန်ပြောလဲ သိလား၊ ငါးထောင်မပြောနဲ့ ငါးပြားတောင် မပေးနိုင်ဘူးတဲ့။ ပြီးတော့ ကိုယ်ရုပ်ရှင် ဘယ်လောက် ဝါသနာပါတယ်ဆိုတာလဲ မေသိမှာပေ့ါ။ ငွေတစ်သောင်းလောက်ပေးနိုင်ရင် ရုပ်ရှင်မင်းသားဖြစ်တယ်။ မင်းသားဖြစ်လို့ စွဲထိုက်ရင် သိန်းချီပွမယ် ... တစ်သက်လုံးဖူလုံသွားမယ်လို့ အဖိုးကြီးကိုပြောဘူးတယ်။ ဒါလဲ အဖိုးကြီးက ခေါင်းခါတာပဲ ... မင်းပုံမျိုးနဲ့ မင်းသားဖြစ်ရင် ငါ့လည်ပင်းဖြတ်တဲ့၊ ဖြစ်လဲ ထွန်းကားမှာမဟုတ်ဘူးတဲ့၊ ကဲ့ ... ကြည့်စမ်းပါအုံး မေရာ ... ကိုယ့်ရုပ်က ဘယ်မှာဆိုးလို့လဲ၊ အရုပ်အမောင်းဆိုလဲ ပေမီကိုက်မီပဲ၊ အပြောအဆိုလဲရပါသေးတယ် ... ကိုယ့်လောက်တောင် အရည်အချင်း မပြည့်တဲ့လူတွေတောင် မင်းသားဖြစ်နေတာပဲ မဟုတ်လား ... အမှန်တော့ ... ကိုယ့်ကို အသားလွတ်နှိမ်ပစ်လိုက်တာဘဲ ဖအေမို့လို့သာပေါ့၊ တခြားလူသာဆို ပြန်တီးပစ်လိုက်တာကြာလှပြီ။ တစ်နေ့တော့ ငါ့အလှည့်ရောက်အုံးမှာပဲဆိုပြီးသာ ကြိတ်ခံနေခဲ့တယ် ... ဟင်း ... တစ်နေ့တော့ သောင်းထိုက်စိုးကို အထင်သေးတဲ့လူတွေ သောင်းထိုက်စိုးအကြောင်း ကောင်းကောင်းပြပစ်လိုက်မယ်၊ သောင်းထိုက်စိုးဆိုတဲ့ အသံကြားလိုက်ရုံနဲ့ ခုနစ်ရက်ဖျားသွားစေရမယ်၊ ဟော ... အခုကြည့်လေ ... သောင်းထိုက်စိုး ဘယ်လောက် ကံထလာပလဲဆိုတာ သွားရင်းလာရင်းနဲ့ ကားတစ်စီးကို ကောက်ရလိုက်ပြီ၊ ဒီတော့ ကိုယ်တို့ဘာလုပ်ရမလဲ ... သိလားမေ၊ လွယ်လွယ်ကလေးပဲကွာ ... ဒီကားကို ရောင်းစားပစ်လိုက်ရုံပေါ့ ... တစ်သောင်းလောက်တော့ရမှာ သေချာတယ် ..."

"ရောင်းလို့ဖြစ်ပါ့မလား ကိုစိုးရယ် ... နောက်ပိုင်းပြဿနာတွေ တက်ကုန်ရင်ခက်ပဲ"

"ဒီလိုအခွင့်ကောင်းမျိုးက တစ်သက်နဲ့တစ်ခါ ကြုံခဲလေခြင်းမေရယ် ... နှုတ်ဆိပ်ကို ပျားလာစွဲရက်နဲ့ ယားပါတယ်လို့ ပုတ်ချရင် ကိုယ့်လောက်မိုက်တဲ့လူ ဘယ်ရှိတော့မလဲ"

ကားကို အာရုံစိုက်မောင်းနေလိုက်တော့ သောင်းထိုက်စိုး၏ မျက်လုံးတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်အိပ်မက်လေးများဖြင့် တလက်လက်တောက်ပနေရပါတော့၏။

မေသကြိန်ကလည်း တစ်သောင်းဆိုသည့်အသံကို ကြားလိုက်ရသည်နှင့် တီဂျူးမာလ်ကုန်တိုက်ကြီးကို ပြေးမြင်လိုက်မိပါတော့ပါသည်။ အို ... ကိုစိုးသာ ငွေတစ်သောင်းရလိုက်ရင် အဝတ်အစားတွေကို တပွေ့တပိုက်ကြီး ဝယ်ပစ်လိုက်မှာပဲ။

"ဒီကားက ဘယ်တော့ရောင်းလို့ရမှာတဲ့လဲဟင် ကိုစိုး"

"ဒါတော့ ... တစ်ရက်နှစ်ရက် အချိန်ယူရမှာပေါ့မေ"

"ဟင် ... ဒီလိုဆို လောလောဆယ် မေတို့က ဘယ်သွားနေရမှာလဲလို့ ... ကားကြီးတစ်ဖက်နဲ့ ..."

"လောလောဆယ် ဘယ်သွားနေရကောင်းမလဲဆိုရင်တော့ ဟာ ... ဟုတ်ပြီ လှည်းကူးမှာ ကိုယ့်သူငယ်ချင်းတစ်ယောက်ရှိတာ သူ့ဆီသွားအောင်းနေလိုက်မှာပေါ့ ... ကံကောင်းလို့ အဆင်ပြေတာကလဲ သူ့အစ်ကိုက ကားဝပ်ရှော့ထောင်ထား တော့ အတော်ပဲ ... စားဖို့သောက်ဖို့ဆိုလဲ သူတို့ဆီမှာ ဘာမှမပူရပါဘူး ... ကိုယ်နဲ့ သူတို့တစ်အိမ်လုံးနဲ့ခင်နေတာ"

"လှည်းကူးရောက်တဲ့အထိ ဓာတ်ဆီကရော ရှိပါ့မလား ကိုစိုးရဲ့"

"လောက်နိုင်ပါတယ်ကွာ ... ဆီစားသက်သာအောင် မှေးမောင်းသွားရင်ရတာပေါ့"

အကယ်၍သာ စောစောက သူတို့ကား ပလက်ဖေါင်းကို တက်ဆောင့်မိရာ ဓာတ်ဆီတိုင်ကီပေါက်သွားပြီး တစိမ့်စိမ့်ယိုကျနေခဲ့မှန်းသာသိလျှင် ခုလိုသူ တဖြည်းဖြည်းမောင်းတော့မည် မဟုတ်ပါချေတကား။

ဓာတ်လေ့ခါးနံ့ရုံကို ခြေစုံကန်လျက် တစ်ကိုယ်လုံးအားကုန်ဖိတွန်းခဲ့ရာ တရှေ့ရှေ့ဟလာသော သံမဏိတံခါးကြီးသည် ရုတ်တရက်ဂျိမ်းခနဲအသံကြီး မြည်လျက် ပွင့်ထွက်သွားပါတော့၏။

ကိုဝင်းလတ်က မှောင်ကြီးထဲတွင် လက်ကို ထုတ်စမ်းလိုက်သည်။ ငါတော့ လွတ်ပြီဟုလည်း ဝမ်းအသာကြီးသာသွားရှာသည်။ ဒါပေမဲ့ ပြောင်ချောအေးစက် သော အထိအတွေ့ကြောင့် သူ့လက် ကဗျာကရာရုတ်ပြီး ဓာတ်မီးခြစ်ကို ယူခြစ်မိလေသည်။

ဓာတ်မီးခြစ်၏ ရွှေအိုရောင် အလင်းရောင်လေးအားဖြင့် သူ့မျက်စိစေ့ရှေ့တွင် ထင်းထင်းကြီးမြင်လိုက်ရသည်မှာတော့ အုတ်နံရံဖြူဖြူကြီး။

www.burmeseclassic.com

## အခန်း [ ၆ ]

အေးရိပ်မြိုင်ခြံကြီးထဲသို့ မွှေးပြေးဝင်လာခဲ့ရာမှ ရေဒီယိုပုံစံနှစ်ထပ်တိုက်ကလေးရှေ့သို့ရောက်ခဲ့ရတော့သည်။ စေ့လျက်သားတွေ့ရသော သံဘာဂျာတံခါးကိုတွန်းဖွင့်ပြီး ခေတ်မှီလှပသော ဧည့်ခန်းမကြီးကိုဖြတ်၍ ထမင်းစားခန်းထဲအရောက်တကြော်ကြော်အော်ပြေးခဲ့မိပြန်သည်။

"အစ်ကိုလေးရေ ... အစ်ကိုလေး၊ ညီမလေး ဒုက္ခကို ကယ်ပါအုံး အကိုလေးရယ် ... ကိုဝင်းလတ် ဗွေဖေါက်ပြီး နှိပ်စက်သွား"

မွှေးအသံမှာ တစ်ဝက်တစ်ပျက်နှင့် ပြတ်သွားရပါသည်။ သူ့ဂျူ တူမလေးတွေဖြစ်သော ပုစူးနှင့် တူတူးတို့က ပါးစပ်အဟောင်းသားလေးတွေနှင့် လှမ်းမော့ကြည့်လာကြသည်။ သူ့အစ်ကိုလေး ကိုအေးမြင့်ကလည်း ဟင်းချိုသောက်ရင်းတန်းလန်း နင်သွားသလို သူ့ကို မျက်လုံးပြူး၍ ကြည့်နေခဲ့၏။ ယောင်းမဖြစ်သူမနှင်းဆီကတော့ ထမင်းစားပြီးသွား၍ ... လက်သုတ်နေရာမှထလိုက်ကာ ကုလားထိုင်ကို ဒူးခေါက်ကွေးနှင့် နောက်တွန်းပြီးထွက်တော့မည့်ဆဲဆဲဖြင့် နှစ်ကုန်းနှစ်ကွကြီးဖြစ်သွားသည်။ ပြီးတော့ ... မနှင်းဆီနှင့် ကိုအေးမြင့်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်နေလိုက်ကြသည်။ ထို့နောက် — ဘာမှမဖြစ်တော့သလို ကိုအေးမြင့်က၊ ထမင်းဆက်စားနေလိုက်သည်။

မွှေးခမျာ အလိုက်ကန်းဆိုး မသိစွာဝင်လာ၍ ထမင်းဝိုင်းကို အနှောင့်အယှက်ပြုမိပါရောလားဟူ၍ စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ရှေ့ဆက်ပြောမည့်စကားတွေကို ရပ်ထားမိခြင်းဆိုပါတော့ ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ ကိုအေးမြင့်က ထမင်းငုံ့စားနေရာမှ ခေါင်းဖော်လာပြီး ...

"နင့်မလဲ လာလိုက်ရင် အသည်းအသန်ချည်းပဲ ... စားထားတဲ့ထမင်းတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး မွှေးရယ် ... သွား ... ဧည့်ခန်းထဲက စောင့်နေချည်း ...၊ ထမင်းစားပြီးတော့ အစ်ကိုလေး လာခဲ့မယ်"

သည်တော့ မနှင်းဆီကလည်း ဝင်၍ ...

"ဝင်းလတ်ဗွေဖောက်တာပဲ ဆန်းတော့လို့လားကွယ် ဒီလောက်တောင်ဖြစ်လာရအောင် တကထဲ ကဲလာ ... အိမ်ရှေ့သွားနေကြစို့ ... သားသားမီးမီးတို့လဲ လာကြ၊ ဒက်ဒီ အေးအေးဆေးဆေးစားပါစေ ..."

မွှေးလည်း ကုလားထိုင်ပေါ်မှ ဆင်းလာသော ပုစုနှင့်တူတူးတို့နှစ်ယောက်ကို တစ်ဖက်တစ်ချက်စီမှ တွဲခေါ်လျက် ... မနှင်းဆီနောက်သို့ လိုက်ခဲ့မိပါတော့၏။ သူတို့တတွေ ဧည့်ခန်း ဆိုဖာကြီးတွေပေါ် ထိုင်မိကြ၍ ခဏအကြာမှာပင် ကိုအေးမြင့်လည်း ထွက်လိုက်လာပါသည်။ ကိုအေးမြင့်သည် ထမင်းမဝသေးဘဲ ထ,လာဟန်တူပါသည်။

ကိုအေးမြင့်ရောက်လာပြီဆိုသည်နှင့် မနှင်းဆီက, မွှေးပေါင်ပေါ်တွင်ထားသော ပုစုနှင့် တူတူးတို့ကို သိပ်ရန် အိပ်ခန်းထဲသို့ ခေါ်သွား၏။

မွှေးကလည်း ကိုအေးမြင့်အား သူ့ဖြစ်ပုံကို မျက်ရည်လေး ဝဲလည် ဝဲလည်နှင့် ဓာတ်စုံခင်း တိုင်တန်းခဲ့မိပါတော့သည်။ ကိုအေးမြင့်မှာလည်း မွှေးပြောသမျှတွေကို မျက်မှောင်ချီလျက် မသက်မသာ နား‌ထောင်နေခဲ့ပါ၏။ မွှေးက နောက်ဆုံးနိဂုံးချုပ်အနေဖြင့် ...

"ညီမလေး မျက်စေ့နဲ့ တပ်အပ်တွေ့လိုက်ရတာပါ အစ်ကိုလေးရယ် ... ကောင်မလေးမှ ကောင်မလေးပါ၊ ခပ်ငယ်ငယ်ပဲ ရှိလိမ့်အုံးမယ်၊ ညီမလေးနဲ့ချိန်းခဲ့ပြီးမှ သူခုလိုလုပ်ထွက်သွားတာ ကောင်းသလား အစ်ကိုလေးရဲ့"

ကိုအေးမြင့်လည်း ထွေထွေထူးထူး ဘာမှပြန်မပြောတော့ဘဲ ဆေးတန်ကိုခဲ၍ မီးညှိသောက်ရင်း စဉ်းစားခန်း ထုတ်နေလိုက်ပါတော့သည်။ ကိုအေးမြင့်သည် အသက် ၃၅-နှစ်ရှိကာ မွှေးလိုပင် ဖြူဖြူသွယ်သွယ်လေးပင်ဖြစ်ပါ၏။ မွှေးတို့မောင်နှမခြောက်ယောက်အနက် ကိုအေးမြင့်က အကြီးဆုံးဖြစ်ကာ မွှေးက အငယ်ဆုံးဖြစ်ပါသည်။ တခြားသူတွေမှာ အနယ်နယ်အရပ်ရပ်တွင် ပြန့်နေပြီး၊ ရန်ကုန်တွင် သူတို့နှစ်ယောက်သာ ရှိနေကြသည်။ ထို့ကြောင့်လည်း အရေးဆိုကိုအေးမြင့်ဆီသာ မွှေး အားကိုးတကြီးပြေးခဲ့တော့၏။

"အင်း ...ညီမလေး ဝင့်ကလည်း အကြီးသားပါကလားနော်၊ အစ်ကိုလေးလဲ မင်းတို့အတွက် ဘာမဆို ကူညီခဲ့တာ ညီမလေးသိတဲ့အတိုင်း အစွမ်းကုန်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com


ဒီကြားထဲကမှ ညီမလေးတို့အိမ်ထောင်ရေးက မပြေလည်နိုင်သေးဘူးဆိုတော့ ဟင်း ... ခက်တာပဲကွာ၊ ဒီကောင့်ကို မိုက်လုံးကြီးပါတယ်လေ၊ ဘယ်လောက်ပဲ ပြုပြင်ပြုပြင် မလိမ္မာချင်ဘူး၊ မွေးကမှ သင်လို့ရအုံးမယ် ..."

"သူ ဒီလိုလုပ်ပေါင်းများလို့ တကျက်ကျက်ရန်ဖြစ်ရတာလဲ မနည်းတော့ဘူး၊ ကြာတော့ မွေးတောင် အာကြမ်းမ ... လျှာကြမ်းမ,ဆိုပြီး အရပ်ထဲ သတင်းကြီး နေပါပြီ။ လွန်တာက သူ ... အဆိုးပြောခံရတော့ မွေး၊ ရှေ့ဆက် မွေး သည်းမခံနိုင်တော့ဘူး၊ ဒီတော့ ... မွေးဘာလုပ်ရမလဲဟင် အစ်ကိုလေး ... ဒီထက်ကြာရင် မွေး လုံးပါးပါးပြီး သေရလိမ့်မယ် အစ်ကိုလေးရဲ့"

မွေးသည် ပြောရင်းဆိုရင်း ဝမ်းနည်းပက်လက်နှင့် ငိုချလိုက်ပါတော့သည်။ စောစောပိုင်းက ငိုလို့မရခဲ့သမျှ အတိုးချပြီး စိတ်ရှိလက်ရှိ မွေးငိုပစ်လိုက်မိသည်။ စောစောကတော့ အားကိုးမရှိသဖြင့် ငိုလို့မရသလို ခု ... အားကိုးအားထားရှာတွေ့ တော့မှ ငိုနိုင်ပါတော့၏။

ကိုအေးမြင့်ကား ရှိက်ကြီးတင် ငိုကျွေးနေရသည့် ညီမငယ်၏ အဖြစ်ကို မကြည့်ရက်တော့ဟန်ဖြင့် ထိုင်ရာမှ ထ၍ ဆိုဖာကြီးများနောက်တွင် ခေါက်တုန့် ခေါက်ပြန် လျှောက်နေလိုက်မိသည်။

မွေးကား သားချင်းတွေထဲ၌ အထွေးဆုံးမို့ အလိုလိုက်ယုယချစ်ရပါပေသည်။ သူက မွေးအတွက်ဆိုလျှင် အစ်ကိုကြီးတစ်ယောက်အနေနှင့်သာမက ဖခင်တစ် ယောက်အနေနှင့်ပါ တာဝန်ယူစောင့်ရှောက်ခဲ့ရပါသည်။

ယုတ်စွအဆုံး ... မွေးတက္ကသိုလ် ဥပစာ(က)တန်းတက်နေဆဲမှ ဝိဇ္ဇာတန်း နောက်ဆုံးနှစ်ကျောင်းသား ဝင်းလတ်နောက်လိုက်ပြေးသည့်တိုင်အောင် အကုန် အကျခံ၍ မင်္ဂလာဆောင်ပေးခဲ့သည်။ ဝင်းလတ်က မိဘမဲ့ဖြစ်၍ သူကပင် ကျွေးမွေးထားရသည်။ သူကပင် အရင်းနှီးစိုက်ထုတ်၍ စီးပွားရေးလုပ်ခိုင်းသည်။ ထို့နောက်တစ်ဆင့်တက်ပြီး အစုအစပ်ကုမ္ပဏီထောင်ပေးခဲ့ပြန်သည်။ သည်မှာပင် ... ဝင်းလတ် အောက်ခြေလွတ်တော့သည်။

တစ်ခုတော့ရှိသည်။ ဝင်းလတ် ကျေးဇူးသစ္စာမဲ့ရခြင်း၌ မွေးလည်း အပြစ် မကင်း။ မွေးသည် မိန်းကလေးပီပီ အူတိုတတ်သည်။ မိန်းခလေးတွေထဲမှာမှ အူအတိုဆုံး မိန်းကလေးဖြစ်သည်။

ပြီးတော့ ... စိတ်ရင်းကောင်းသလောက် စကားပြောကြမ်းချင်သည်။

တစ်ခုခုဖြစ်လျှင်လည်း ပူညံပူညံလုပ်မဆုံးတော့။ သည်လို မွေး၏ ချွတ်ယွင်းမှု လေးတွေကြောင့် ဝင်းလတ်ဖောက်ပြန်ရခြင်းလို့လည်း ဆိုနိုင်သည်။ မွေးသည် ဝင်းလတ်ကို ချစ်သည်ကား မှန်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... မချစ်တတ်ခဲ့၊ အိမ်ထောင်ရေးနိယာမအားဖြင့် လင်ယောက်ျား ပေါက်ပြန်ရသည်မှာ ဇနီးမယားအထိန်းညံ့၍ပဲလို့ ယေဘူယျအနေဖြင့် တွက်မှတ်ကြသည်မဟုတ်ပါလော။

ကိုအေးမြင့်ကား အသက်အရွယ် အတွေ့အကြုံရင့်ကျက်၍ ပညာဉာဏ်ပြည့်စုံသူ တစ်ဦးပီပီ ... မွေး၏ ပြဿနာကို နှစ်ဘက်မျှ၍ သုံးသပ်ဆင်ခြင် ... ပြီးတော့မှ ... ထင်မြင်ချက်ပေးခဲ့သည်။

"လောကမှာ ပြင်နိုင်ခဲတာတွေရယ်လို့ အိမ်ထောင်မှု၊ ဘုရားတည်၊ စုပ်ဆေးထိုးဆိုတဲ့ အချက်သုံးချက်ရှိတာနဲ့ တစ်ဆက်ထဲ တည်မိတဲ့ဘုရား လဒပဲနားနား ဆိုတာလဲ ပြောစကားရှိတယ် ညီမလေး ... အစ်ကိုလေး ပြောချင်တဲ့ အဓိပ္ပာယ်က ဖြစ်ပြီးတဲ့နောက် ပြန်ပြင်ဖို့ မလွယ်ပေမယ့် မပျက်စီးအောင်တော့ အတတ်နိုင်ဆုံး ကြိုးစားဖို့ပဲ ကျန်တော့တယ်လို့"

"အို ... သူ ညီမလေးကိုမှ မကြင်နာနိုင်တော့ဘဲ ဥစ္စာ ညီမလေးအနေနဲ့ကော ဘာတတ်နိုင်တော့မှာလဲ အစ်ကိုလေးရယ်"

"အေး ... ညီမလေးကတော့ ပြောလိုက်ရင် မဖြစ်နိုင်ဘူးချည်းဘဲ၊ သိပ်ပျော့တာကိုး ... ထစ်ခနဲရှိ အားလျှော့လိုက်ဖို့က အရင်၊ နေရာတကာမှာ ဒီလိုချည်း အားလျှော့နေသမျှ လောကမှာ အရှုံးချည်းပေါ့"

ထိုစဉ် ... ကိုအေးမြင့်၏ ဇနီးသည် မနှင်းဆီ အိမ်ထဲကပြန်ထွက်လာသည်။ ခလေးများကို အိမ်ဖော်မလေးနှင့် ထားပစ်ခဲ့ပြီး ထွက်လာခြင်းပဲဖြစ်ပါသည်။

မနှင်းဆီက မွေးဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ မနှင်းဆီသည် အသက် သုံးဆယ်နီးပါးခန့်ရှိပြီး ညိုညိုတုတ်တုတ်ဖြစ်ပါသည်။

ဟောဟောဒိုင်းဒိုင်းနှင့် ပွင့်လင်းပြတ်သားတတ်သော သဘောရှိပုံရ၍ မျက်နှာက အစဉ်သဖြင့် တင်းမာနေတတ်ပါသည်။ လုပ်စရာရှိလျှင် လုပ်၊ ကျွေးစရာရှိလျှင် ကျွေး ဆိုသည့်အစားမျိုးလည်းဖြစ်ပါသည်။

"ကဲ ... ဘယ်လိုဖြစ်လာတာလဲ မွေး၊ ညည်းအဖြစ်စုံကို ပြောစမ်းပါအုံး"

မနှင်းဆီက မွေးနှင့်ယှဉ်ထိုင်ရင်း ထုတ်လိုက်သည့်မေးခွန်းကို ကိုအေးမြင့်က ကြားဝင်ဖြေခဲ့ပါလေသည်။

"အဖြစ်ကတော့ သူ့ယောက်ျားရုံးကို လိုက်သွားရာက ဟိုကောင် မိန်းခလေး တစ်ယောက်နဲ့ တွဲထွက်သွားတာမြင်လိုက်ရလို့တဲ့ကွ"

ကိုအေးမြင့်က သူတို့မျက်နှာချင်းဆိုင် ဆိုဖာကြီးရှေ့တွင် ဝင်ရပ်ဖြေလိုက်ပြီး၊ ဆေးတံကို သုံးလေးချက် ဆက်ဖွာနေလိုက်ပါ၏။

"ဝင်းလတ်နဲ့ ပတ်သက်လို့ ဒါတွေက ရိုးနေပါပြီအေ ... ညည်းကိုက



သဲလွန်း အားကြီးပါတယ်၊ ငါဖြင့် ... ဒီထက်ဆိုတဲ့ သတင်းများလားလို့ ရင်ကို ထိတ်သွားတာပဲ၊ ညည်း အဲ့ဒီလို သဲလွန်းလို့လဲ ညည်းယောက်ျား ရောင့်တက်တာ"

ကိုယ်ကိုယ်တိုင် မခံစားရတော့လဲ မစာမနာပြောရက်ကြပါပေရဲ့။ ငါ့အတွက် မေတ္တာကရုဏာတရားဆိုတာ ရှားပါးလိုက်တာနော်။ ငါ့ကို ဘယ်သူမှ မသနားကြတော့ဘူးတဲ့လား ... တွေးရင်းဖြင့် မွေးရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျည်းလာရတော့သည်။

နာကျည်းမှုနှင့် ငိုသံပါသော အပြောသည် မွေးနှုတ်ခမ်းမှ ပွင့်အန်ထွက်လာပါ၏။

"မမနှင်းဆီတို့အတွက် ရိုးချင်ရိုးလိမ့်မယ်၊ ဒါပေမဲ့ ဒီတစ်ခါ မွေးအဖို့တော့ မရိုးနိုင်ဘူး မမနှင်းဆီ၊ အဲ့ဒီလို သူနဲ့ မတွေ့လိုက်ခင် ဆယ်မိနစ်လောက်ကဘဲ တယ်လီဖုန်းထဲမှာ မွေးနဲ့ချိန်းပြီး ရုပ်ရှင်သွားမယ်၊ အိမ်ပြန်လာတော့မယ်ဆိုတဲ့ အကြောင်းတွေ ချိုချိုသာသာ ပြီးလားရယ်လားနဲ့ ပြောခဲ့သေးတာပဲ၊ အဲဒီတုန်းက သူ့စကားတွေကို မမနှင်းဆီသာ ကြားစေချင်တော့တယ်၊ တစ်ခါထဲ ... ပြောလိုက်တာများ နော ... လို့၊ မွေးကိုသာ သူ့အချစ်ဆုံး ဘာညာဆိုတာတွေလဲ အပ်ကြောင်းကို ထပ်နေတာပဲ။ ယုံနိုင်စရာတောင်မရှိဘူး၊ ခုတော့ ... အပြောတစ်မျိုး အလုပ်တခြား"

ပြောရင်းမှ ... မွေး၏ ပါးပြင်ပေါ်တွင် မျက်ရည်တွေ အသွယ်သွယ်ပြိုစီးကျလာပါလေပြီ။

"အဲ့ဒါကို ပြောနေတာပေါ့ မွေးရယ် ... မဆန်းတော့ပါဘူးလို့၊ ကွယ်ရင်မေ့ တွေ့မှလွမ်းဆိုတာ ယောက်ျားတိုင်းရဲ့ဓလေ့ပဲ၊ လှေခါးသုံးထစ်ဆင်းလို့ အိမ်တံခါး ခြံအပြင်ရောက်သွားပြီဆိုတာနဲ့ ကိုယ်မပိုင်၊ တွေ့သမျှ အိုင်ဝင်ခြေဆေးမယ် ဆိုတာက ဒင်းတို့ဝါဒပေါ့၊ ဒီတော့ သူတို့ ချော့သမျှနော့၊ သူတို့နှူးသလောက် နှူး၊ သူတို့ ပြောသရွေ့ ယုံနေလို့ကတော့ ညည်းတို့ ငါတို့မျက်ရည်တွေ ခမ်းရရုံရှိမယ်၊ ကျားစကား နွားယုံ အမှားတော်ပုံဆိုက်ပြီသာ မှတ်လိုက်"

မနှင်းဆီက သူ့စိတ်ထဲရှိသမျှ ပြောချလိုက်ရင်း၊ ခင်ပွန်းသည် ကိုအေးမြင့်ကို မှုတည်တည်ကြည့်လိုက်သည်။ ကိုအေးမြင့်ကလည်း ရီသွဲ့သွဲ့တစ်ချက်ပြုံးလိုက်ပြီး ... ကြက်ခေါင်းဆိတ်မခံ ပြန်လည်ချေပခဲ့ပါ၏။

"ဟေ့ ဒီမယ် အနှင်း မင်းစကားပြောတာလဲ ဆင်ခြင်အုံးမှပေါ့၊ ယောက်ျားတိုင်းဆိုပြီး ဝါးလုံးရှည်ကြီးနဲ့တော့ မရမ်းပါနဲ့ ... ယောက်ျားတိုင်းဟာ မင်းပြောသလို ရာဇဝင်လူဆိုးတွေချည်း မဟုတ်ပါဘူးကွ ... ဆိုးတဲ့သူရှိသလို ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဲလွန်း အားကြီးပါတယ်၊ ငါ့ဖြင့် ... ဒီ့ထက်ဆိုးတဲ့ သတင်းများလားလို့ ရင့်ကို ထိတ်သွားတာပဲ၊ ညည်း အဲ့ဒီလို သဲလွန်းလို့လဲ ညည်းယောက်ျား ရောင့်တက်တာ"

ကိုယ်ကိုယ်တိုင် မခံစားရတော့လဲ မစာမနာပြောရက်ကြပါပေရဲ့။ ငါ့အတွက် မေတ္တာဂရုဏာတရားဆိုတာ ရှားပါးလိုက်တာနော်။ ငါ့ကို ဘယ်သူမှ မသနားကြ တော့ဘူးတဲ့လား ... တွေးရင်းဖြင့် မွေးရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျည်းလာ ရတော့သည်။

နာကျည်းမှုနှင့် ငိုသံပါသော အပြောသည် မွေးနှုတ်ခမ်းမှ ပွင့်အန်ထွက်လာ ပါ၏။

"မမနှင်းဆီတို့အတွက် ရိုးချင်ရိုးလိမ့်မယ်၊ ဒါပေမဲ့ ဒီတစ်ခါ မွေးအဖို့တော့ မရိုးနိုင်ဘူး မမနှင်းဆီ၊ အဲ့ဒီလို သူနဲ့ မတွေ့လိုက်ခင် ဆယ်မိနစ်လောက်ကဘဲ တယ်လီဖုန်းထဲမှာ မွေးနဲ့ချိန်းပြီး ရုပ်ရှင်သွားမယ်၊ အိမ်ပြန်လာတော့မယ်ဆိုတဲ့ အကြောင်းတွေ ချိုချိုသာသာ ပြုံးလားရယ်လားနဲ့ ပြောခဲ့သေးတာပဲ၊ အဲဒီတုန်းက သူ့စကားတွေကို မမနှင်းဆီသာ ကြားစေချင်တော့တယ်၊ တစ်ခါထဲ ... ပြောလိုက် တာများ နော ... လို့၊ မွေးကိုသာ သူအချစ်ဆုံး ဘာညာဆိုတာတွေလဲ အပ်ကြောင်းကို ထပ်နေတာပဲ။ ယုံနိုင်စရာတောင်မရှိဘူး၊ ခုတော့ ... အပြော တစ်မျိုး အလုပ်တခြား"

ပြောရင်းမှ ... မွေး၏ ပါးပြင်ပေါ်တွင် မျက်ရည်တွေ အသွယ်သွယ်ပြိုစီးကျ လာပါလေပြီ။

"အဲ့ဒါကို ပြောနေတာပေါ့ မွေးရယ် ... မဆန်းတော့ပါဘူးလို့ ကွယ်ရင်မေ့ တွေ့မှလွမ်းဆိုတာ ယောက်ျားတိုင်းရဲ့ဝလေ့ပဲ၊ လေ့ခါးသုံးထစ်ဆင်းလို့ အိမ်ဝင်းတံခါး ခြိတ်အပြင်ရောက်သွားပြီဆိုတာနဲ့ ကိုယ်မပိုင်၊ တွေ့သမျှ အိုင်ဝင်ခြေဆေးမယ် ဆိုတာက ဒင်းတို့ဝါဒပေါ့၊ ဒီတော့ သူတို့ ချော့သမျှနော့၊ သူတို့နူးသလောက် နူး၊ သူတို့ ပြောသရွေ့ ယုံနေလို့ကတော့ ညည်းတို့ ငါတို့မျက်ရည်တွေ ခမ်းရရုံရှိမယ်၊ ကျားစကား နွားယုံ အမှားတော်ပုံဆိုက်ပြီသာ မှတ်လိုက်"

မနှင်းဆီက သူ့စိတ်ထဲရှိသမျှ ပြောချလိုက်ရင်း၊ ခင်ပွန်းသည် ကိုအေးမြင့်ကို ရှုတည်တည်ကြည့်လိုက်သည်။ ကိုအေးမြင့်ကလည်း ရီသံ့သံ့တစ်ချက်ပြုံးလိုက်ပြီး ကြက်ခေါင်းဆိတ်မခံ ပြန်လည်ချေပခဲ့ပါ၏။

"ဟော့ ဒီမယ် အနှင်း မင်းစကားပြောတာလဲ ဆင်ခြင်အုံးမှပေါ့၊ ယောက်ျား တိုင်းဆိုပြီး ဝါးလုံးရှည်ကြီးနဲ့တော့ မရမ်းပါနဲ့ ... ယောက်ျားတိုင်းဟာ မင်းပြော သလို ရာဇဝင်လူဆိုးတွေချည်း မဟုတ်ပါဘူးကွ ... ဆိုးတဲ့လူရှိသလို ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com


လူလဲရှိတာဘဲ၊ မင်းလိုပြောစတမ်းဆိုရင် မင်းတို့မိန်းမတွေထဲမှာကော ဘယ်နှစ်ယောက် ဘယ်လောက်ကောင်းတာရှိဘူးလို့လဲ မိန်းမဆိုတာ မီးမဆိုတဲ့စကားက ဆင်းသက်လာလို့ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလဲ ခက်၊ ပေါင်းလည်း ခက်လို့ပြောရင် မင်းခံနိုင်ပါ့မလား မိန်းမဆိုလို့ အမရာ ကိန္နရီ မဒီသမ္မုလကလွဲပြီး ကျန်သမျှ အသုံးမကျတဲ့ဟာတွေပဲလို့ ပြောလို့ဖြစ်မလား၊ မင်းလက်ခံထားဖို့က အရာခပ်သိမ်းမှာ အဆိုးနဲ့အကောင်း အကြောင်းနဲ့အကျိုး ဆက်စပ်ဒွန်တွဲနေတယ် ဆိုတာပဲ အနှင်း၊ နေအုံး ငါဆက်ပြောမယ်"

ကိုအေးမြင့်က ခေတ္တနားလိုက်ပြီး၊ သွားကြားတွင် ကိုက်ထားသော ဆေးတံကို ချွတ်၍ ဆေးအသစ်ထည့်ပြီး မီးညှိသောက်လိုက်သေးသည်။

မွှေးကတော့ ဆေးတန်မီးခိုးလေးတွ တွန့်လိန်ကောက်ကွေ့တက်လာသည့် အဖြစ်ကို မျက်ရည်ကန့်လန့်ကာထဲမှ ငေးကြည့်နေမိ၏။

မနှင်းဆီကလည်း အခွင့်အရေးပေး စောင့်စားနေခဲ့သည်။ ကိုအေးမြင့်က ဆက်၍ ...

"ဥပမာ ... ယောကျ်ားတစ်ယောက်ဟာ စီးပွားရှာရအောင်ဆိုပြီး အပြင်ထွက်သွားတယ်ကွာ၊ အချိန်တန်လို့ အိမ်ပြန်ရောက်မလာဘူး၊ ဒါနဲ့ပဲ အပျော်လွန်အလေလိုက်နေတယ်လို့ စွပ်စွဲကျိန်ဆဲနေရရောတဲ့လား၊ တကယ့်တကယ် ကားတိုက်လို့ ဆေးရုံရောက်နေရင် ဘယ်နဲ့လုပ်မလဲ ... ပြီးတော့၊ ယောကျ်ားတစ်ယောက်အနေနဲ့ လူမှန်ရင်တော့ သူလုပ်တဲ့အလုပ် ဘာဆိုတာ သူသိမှာပဲ၊ လုပ်အပ် မလုပ်အပ် ခွဲခြားတတ်တာပဲ၊ ဟိုတုန်းကဆို ငါတစ်လနေနေ တစ်လ ဆန်းဆန်း ခရီးထွက်ရတာတွေ မင်းမှတ်မိအုံးမှာပေါ့၊ မိန်းမပေါင်းစုံ အဆင့်အတန်းမျိုးစုံ အတွေ့အကြုံထောင်သောင်းနဲ့ တွေ့ခဲ့တာပဲ၊ ဒါပေမဲ့ ငါမတုန်လှုပ်ခဲ့ဘူး ... မပျက်စီးခဲ့ဘူး ဒီနေ့ထက်ထိ မင်းအပေါ် ငါ သစ္စာမဖောက်ဘူး"

"ဒါတော့ ... ရှင်ပြောသမျှ နားရှိလို့သာ ကျွန်မ ကြားရတာပဲ၊ ဟုတ်တာ မဟုတ်တာတော့ ရှင့်တာဝန်ပေါ့၊ ကျွန်မ ကွယ်ရာမှာဖြစ်ခဲ့တာ ဘယ်မြင်နိုင် သိနိုင်ပါ့မလဲလို့"

"အဲဒီလို နားလည်မှု ခေါင်းပါးမှုမျိုးတွေကြောင့် မြင်တယ်မဟုတ်လား မျက်ရည်နဲ့ မျက်ခွက်ဖြစ်လာတာ ... မင်းခုလိုပြောလေ မွှေးအတွက် သက်သာမှု မရလေဘဲ အနှင်း၊ လင်ဆိုတာ ကိုယ့်မယားအကြောင်း ကောင်းကောင်းသိထားဖို့ လိုသလို၊ မယားဆိုတာလဲ ကိုယ့်လင်ရဲ့အထာကို ကြေညက်အောင်နားလည် ထားရမယ်၊ ဒါမှလဲ ... အပေးအယူတည့်မယ်၊ အလျှော့အတင်းလုပ်လို့ရမယ် ... အိမ်ထောင်သာယာရေးကို ဖန်တီးနိုင်မယ် မဟုတ်လား၊ အိမ်ထောင်ရေးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နံခုန်သလို ဇယ်ခတ်သလို ဂုံညင်းဒိုးလိုမ့်သလို လွယ်လွယ်သဘောထားလို့မရ ဘူး၊ ကျားကစားသလို ထုတ်စီးတိုးသလို ပရိယာယ်ကြွယ်ကြွယ်နဲ့ ဦးနှောက် သုံးနိုင်မှ တော်ရုံကျတယ်၊ နောက်တစ်ခု ဥပမာ ပြစရာက အိမ်ထောင်ရေး ပြဿနာပေါ်တယ်ဆိုရာမှာ လက်ခုပ်တစ်ဖက်ထဲတီးလို့ မမြည်သလို၊ လက်ခုပ် မြည်တက်ဆိုတဲ့ နှစ်ဦးစလုံး လုပ်ရပ်ကြောင့် ပေါ်ရတာပဲ၊ ဒါကို သူ့အပြစ်ငါ့အပြစ် ထက်ညှိုးထိုး လွှဲချနေလို့ကတော့ ရှည်သထက်ရှည်ရုံရှိတော့မယ်"

"ကဲပါလေ … ရှင့်ကို ပြောကောင်းတိုင်း လွှတ်ထားလို့လဲ ရှည်သထက်ရှည်ရုံ ရှိတော့မယ် … မွေးကိစ္စကို ဘယ်နည်းနဲ့ ဖြေရှင်းပေးမလဲဆိုတာသာ စဉ်းစား စမ်းပါ၊ သူ့ခမျာ စိတ်ညစ်လာရတဲ့အထဲ ရှင့်တရားနာနေရတာနဲ့ ပြန်ပြေးသွား ဦးမယ်"

ဟုတ်လည်း ဟုတ်ပါသည်။ သူတို့လင်မယား အငြင်းပွားနေတာနှင့် အစ်ကို လေး လက်ချာရိုက်နေတာနှင့် မွေးခမျာ စိတ်ရှုပ်ရှုပ်နှင့် ထိုင်ငိုသာပစ်လိုက်ချင် တော့သည်။

နောက်ပြီး … သူတို့စကားတွေက မွေးအတွက် တစ်ခုမှမကောင်း၊ အစ်ကိုလေးက မောင့်ဘက်ကပါနေသလိုလိုဖြစ်၍ စေ့စပ်ငြိမ်းချမ်းရေးတရား ဟောသည်။ မမနှင်းဆီကလည်း ညံ့ရကောင်းလားဆိုပြီး အပြစ်ချည်းတင်နေသည်။ မွေး သူတို့ရှေ့မှောက်မှ ထွက်ပြေးပြီး ခြေဦးတည့်ရာလျှောက်သွားတော့မည်လို့သာ ကြံမိတော့သည်။

သည်ကြားထဲမှ မမနှင်းဆီက သတိပေးတားဆီးခဲ့ခြင်းဖြစ်သည်။ အစ်ကို လေးကလည်း သူ့အဘိဓမ္မာကို ရပ်၍ ဖြတ်၍ စကားလမ်းကြောင်း ပြောင်းပစ်ခဲ့ သည်။ မွေးကို မေးသည်။

"ကဲ … ဒီလိုဆို ဝင်းလတ်ကိစ္စနဲ့ ပတ်သက်လို့ ညီမလေး ဘာလုပ်ချင်သလဲ။ အစ်ကိုလေး ဘာလုပ်ပေးရမလဲဟင် မွေး၊ ဒီကောင်သွားတတ်တဲ့နေရာတွေကို လိုက်ရှာပေးရမလား၊ ညီမလေးရှေ့ရောက် နားရွက်ဆွဲခေါ်လာရမလား။ ဟိုမှာပဲ သုံးခတရားချလိုက်ရမလား"

"ဒါတော့ ညီမလေးမပြောတတ်တော့ဘူး အစ်ကိုလေး။ အစ်ကိုလေး သဘော ပဲ ကောင်းသလိုသာ ကြည့်စီစဉ်ပါတော့။ ညီမလေးတော့ ဦးနှောက်တွေ ချောက်ပြီး ထုပူနေပြီ၊ ဒါကြောင့်လဲ … ပြေးမိပြေးရာ အစ်ကိုလေးဆီပဲ ရောက်လာတာပဲ။ ပြေးစရာဆိုလို့လဲ အစ်ကိုလေးတစ်ယောက်သာ ရှိတာမဟုတ်လား။ သူပြန်လာတဲ့ အထိ အိမ်မှာ စောင့်မနေတတ်တဲ့အတူတူ အစ်ကိုလေးဆီလာနေတာ စိတ်ချမ်းသာ မယ်ဆိုပြီး လာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူပြန်လာမယ်ဆိုရင်ကော"

မနှင်းဆီက မွှေးကို ဝင်ထောက် မေးခွန်းထုတ်လိုက်သည်။ မွှေးက ဘာမျှ ပြန်မဖြေမိဘဲ ခေါင်းငိုက်စိုက်ချထားမိသည်။ ကိုအေးမြင့်က ထိုင်ရာမှ ထရင်း...

"ခုလောက် ဆိုရင်တောင် ဒီကောင် အိမ်ပြန်ရောက်နေမလား မပြောတတ် ဘူး။ မင်းတို့ အသာထိုင်နေကြအုံး။ ငါ ဖုန်းသွားဆက်ကြည့်လိုက်စမ်းမယ်"

သို့နှင့် ... ကိုအေးမြင့်လည်း ဧည့်ခန်းထဲမှ တယ်လီဖုန်းထားရှိရာ အခန်း ထောင့်သို့ ရောက်သွားတော့သည်။

မွှေးနှင့် မနှင်းဆီတို့က အတွေးကိုယ်စီနှင့် ထိုင်စောင့်နေမိခဲ့သည်။ တယ်လီ ဖုန်းနံပါတ် လှည့်သံတွေသာ ကြားလိုက်ရပြီး စကားသံတော့ တော်တော်နှင့် မပေါ်မလာ။ စိတ်မရှည်နိုင်တော့သလို သူတို့နှစ်ယောက်စလုံး ကိုအေးမြင့်နောက်သို့ ထလိုက်ခဲ့မိကြသည်။

"အင်ဂေ့ချ်တော့ဖြစ်သား အနှင်းရဲ့။ ဒါပေမဲ့ ... ဘယ်သူမှလာမကိုင်ဘူးကွ"

ကိုအေးမြင့်က သူတို့ကို ဆီးကြိုလှည့်ပြောလိုက်ပါသည်။ ဤတွင် မွှေးက မတိုးမကျယ်လေး ရေရွတ်မှတ်ချက်ပေးပါ၏။

"နန်းသီ ... မီးဖိုချောင်ထဲ ရောက်နေလို့ထင်တယ်"

"ထပ်ဆက်ကြည့်ပါအုံးလေ ... တယ်လီဖုန်းသံကြားရင် လာထူးမှာပေါ့"

မနှင်းဆီက တိုက်တွန်းချက်ဖြင့် နောက်နှစ်ကြိမ်တိုင်အောင် ဆက်လှည့်ခဲ့ပါ သော်လည်း တစ်စုံတစ်ရာ ဖြေကြားချက်ပြန်မရခဲ့ပါချေ။ သူတို့လည်း ဧည့်ခံဆိုဖာရှိရာသို့ လက်လျှော့ပြန်လာခဲ့ရပါတော့သည်။

သည်တစ်ခါတော့ ... မနှင်းဆီက တစ်ယောက်ထဲ သပ်သပ်ထိုင်၍ သူနှင့် ဆောင်းချင်းကပ်နှစ်ယောက်တွဲ ဆိုဖာကြီးတွင် ကိုအေးမြင့်တို့မောင်နှမ ဝင်ထိုင်ခဲ့ကြ ပါသည်။

"ခု လောလောဆယ် ပြန်မလာသေးပေမယ့် မကြာခင်တော့ ပြန်ရောက်လာ မှာပေါ့ကွာ ... စိတ်မပူကပါနဲ့ အစောကြီးရှိသေးတာပဲ"

ကိုအေးမြင့်က သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ပြီး စကားဆက်ခဲ့ ပါ၏။

"အဲ ... ခုမှ ရှစ်နာရီထိုးရုံရှိသေးတယ်။ ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူး လား မွှေး။ အစ်ကိုလေးတို့ ရုပ်ရှင်သွားကြည့်ရအောင်လေ။ သမ္မတရုံမှာ မွှေးကြိုက် တဲ့ ကျော်ဆွေကားပြနေတယ်။ တော်တော်ကောင်းတယ်ပြောတယ်။ စိတ်ပြေ လက်ပျောက် လိုက်ခဲ့ပါလား မွှေးရယ် ..."

တကယ်တော့ ညီမသည်၏ ပေဒနာကို တစ်နည်းမဟုတ် တစ်နည်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကုစားရန် ကိုအေးမြင့် ကြံစည်လိုက်ခြင်းပဲ ဖြစ်ပါသည်။ မနှင်းဆီကလည်း သည်အကြံအစည်ကို ရာခိုင်နှုန်းပြည့်ထောက်ခံသည်။

"ကောင်းသားပဲ၊ အနှင်းလဲ ကြည့်ချင်တာနဲ့ အတော်ကျသွားတာပေါ့။ တို့ရုပ်ရှင်သွားနေတုန်း ညည်းယောကျ်ားအိမ်ပြန်ရောက်နေမှာပါ မွေးရာ — တို့ သူ့ကိုစောင့်လို့ အချိန်ကုန်ရာလဲ မရောက်တော့ဘူး ... ပြီးတော့ — သူ ပြန်လာလို့မတွေ့ရင် စိတ်လေး ဘာလေးပြောင်းပြီး နောင်တရသွားမယ်"

"မွေး ... ခေါင်းကိုက်နေတယ် အစ်ကိုလေး ကြည့်လဲ မကြည့်ချင်ဘူး — မွေး ဘာမှ စိတ်ဝင်စားမှာလဲ မဟုတ်ဘူး"

သည်တော့လဲ ... ကိုအေးမြင့်ခမျာ မွေး၏ ဗျာပါသောက အတိုင်းအဆကို နားလည်သွားခဲ့ရပါ၏။ ကိုအေးမြင့်၏ လက်တစ်ဖက်က မွေး၏ ပခုံးလေးတစ်ဖက်ကို သိမ်မွေ့နူးညံ့စွာ လှမ်းဖက်လိုက်ရင်း ...

ကျန်လက်တစ်ဖက်နှင့် မွေး၏ နဖူးဆံယဉ်စလေးတွေကို တယုတယပွတ်သပ်ချော့ပေးခဲ့မိပါလေသည်။ သန့်စင်သော မေတ္တာအသည်းနှလုံးချင်း တုန့်နှင်းဖလှယ်ရာမှထွက်ပေါ်လာသည့် ရလဒ်ကတော့ ဝမ်းသာဝမ်းနည်း မသဲကွဲသော ကြည်နူးလှိုက်ဆူရမှုပင် ဖြစ်ပါတော့၏။

"ဒါဖြင့် ... ညီမလေး ဘာလုပ်ချင်လဲ အစ်ကိုလေးကို ပြောစမ်း — ညီမလေးဆန္ဒအတိုင်း အစ်ကိုလေး ဆောင်ရွက်ပေးမယ်"

"ညီမလေး ... ညီမလေးဆန္ဒကတော့ တစ်ခုထဲပဲရှိပါတယ် အစ်ကိုလေးရယ် ... ညီမလေး သူနဲ့ ပြတ်ပြတ်စဲစဲ ကွာရှင်းချင်တာပါပဲ ..."

ငိုကြီးချက်မနှင့် ပြောလိုက်သော မွေးစကားကြောင့် မနှင်းဆီမျက်နှာပျက်သွားသလို ကိုအေးမြင့်မှာလည်း ဟောခနဲဖြစ်သွားရပါသည်။

"ဒီလို လက်လွှတ်စပါယ်ဆုံးဖြတ်တာတော့ မမှန်သေးဘူးထင်တယ် မွေး၊ အပ်နဲ့ထွင်းရမှာကို ဘာလို့များ ပေါက်ဆိန်နဲ့ ပေါက်ချင်ရပါလိမ့် မွေးရယ်"

မနှင်းဆီက ဝေဖန်သကဲ့သို့ ...

"သူနဲ့ပြတ်လိုက်ရလို့ ညီမလေး သက်သာသွားမယ်ထင်သလား ဟင် — ညီမလေးပဲ သူ့ကိုချစ်လို့ဆိုပြီး လက်ထပ်ထားတာမမေ့နဲ့အုံး ညီမလေး — ဒီ အချစ်အတွက် ညီမလေးတစ်သက်လုံး စိတ်ဆင်းရဲနေရမှာ မကြောင်းဘူးလား သူကတော့ ယောကျ်ားဘဲ ဘာမှုစရာလိုမလဲ၊ ငါ့ညီမသာ နစ်နာဆုံးရှုံးရမှာပါလို့ တကယ့်တကယ်လဲ ညီမလေး သူ့ကို ပြတ်နိုင်မှာမဟုတ်ပါဘူးကွယ်..."

ကိုအေးမြင့်ကလည်း ဖျောင့်ဖျခဲ့ပါ၏။ သို့သော် ...

"အို ... ဆယ်ခါပြန် ပြတ်နိုင်ပါတယ် အစ်ကိုလေး၊ ဒီတစ်ခါမှ မပြတ်နိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားပြတ်စရာ ရှိတော့မလဲ၊ ညီမလေး အလေးအနက်ထားပြီး အတည်ပြော နေတာပါ ... ညီမလေး သူ့မျက်နှာကိုလည်း ထပ်မကြည့်ချင်တော့ဘူး ရုပ်ရှင်ဆိုလို့ သူနဲ့ ဒီည ရုပ်ရှင်ကြည့်ဖို့ချိန်းထားတာ သွားသတိရလိုက်ပြန်တော့ ဒေါသပိုဖြစ် ရတယ်၊ ညီမလေး သူ့ကို အသည်းရော ရင်ရော နာတယ်၊ သိလား ..."

မွေးက သူတို့စကားကို နားမဝင်၊ လက်မခံ၊ ဖွတ်ကန်ငြင်းလိုက်ပြီး လက်ဝါးနှစ်ဖက်ကြားတွင် မျက်နှာအပ်၍ မျက်ရည်ချောင်းစီး ငိုချခဲ့ပါတော့၏။

"ကောင်းပြီ ညီမလေး၊ ညီမလေး စိတ်တိုင်းကျဖြစ်ရစေ့မယ် ... ဒါပေမဲ့ — ညကြီးမင်းကြီး ဘယ်သွား ကွာရှင်းလို့ရမလဲ ... ရတယ်ထား ... သူ့ရှိအုံးမှ မဟုတ်လား၊ အဲ ... နက်ဖြန်ဆိုလည်း မေဒေးနေ့ကြီး ... ရုံးတွေအားလုံး ပိတ်ထားကြတာဆိုတော့ သန်ဘက်ခါကျတော့မှ ဒီကိစ္စကို အကောင်အထည် ဖော်နိုင်မှာပဲ၊ သန်ဘက်ခါကျရင်တော့ အစ်ကိုလေး လုံးဝတာဝန်ယူလုပ်မယ်လို့ ကတိပေးတယ်ဟုတ်လား"

မွေးက တဖြည်းဖြည်း ခေါင်းဖော်၍ မော့ကြည့်လာသည်။ သူ့မျက်လုံးတွေမှာ ငိုရလွန်းသဖြင့် နီရဲမို့နေသည်။ မျက်ရည်ခမ်းပြီး သွေးတွေ လျှမ်းနေသလားတောင် ထင်ရသည်။

"အစ်ကိုလေး ... မွေးကို မကူညီဘူးလားဟင်"

"အစ်ကိုလေး ကတိပေးထားသားပဲကွာ ... မွေးကို ကူညီမယ်ဆိုတာ — ခုချက်ချင်းလက်ငင်း ညတွင်းချင်းတော့ မဖြစ်နိုင်သေးဘူးပေါ့ ..."

"ဒါ ... အစ်ကိုလေး စကားအကုန်ဘဲလား ..."

"ဒီထက်ကုန်စရာလည်း မရှိတော့ဘူးမွေး"

ကိုအေးမြင့်၏ ပြီးစလွယ်အဖြေစကားအဆုံးတွင် မွေး ထိုင်ရာမှထသည်။ မာန်တင်းသော မျက်နှာထားဖြင့် တံခါးဝသို့ ... လျှောက်ခဲ့သည်။ ကိုအေးမြင့်နှင့် မနှင်းဆီတို့ကလည်း နောက်မှသုတ်ခြေတင် လိုက်ခဲ့ကြသည်။

တံခါးဝအရောက်၌ မွေးက ခြေစုံရပ်သွားသည်။ မွေးရင်ဝယ် မုန်တိုင်းကျသကဲ့သို့ နာကျည်းမှု မုန်းတည်းမှု စက်ဆုပ်ရွံရှာမှုတို့သည် ဖြောင်းဆန်အောင် မွှေ လှုပ်နေခဲ့ပါချေ၏။ မုန်းတယ် လူတွေကို မုန်းတယ်၊ မုန်းတယ် မုန်းတယ် မုန်းတယ်၊ မုန်းတယ် မုန်းတယ် ... အားလုံးကို မုန်းတယ်၊ မုန်းတယ် မုန်းတယ် မုန်းတယ် မုန်းတယ် မုန်းတယ်၊ မောင့်ကို သိပ်မုန်းတယ် — မနေ့ကတော့ အချစ်ဆုံး မောင် ... ယနေ့ကျတော့ အမုန်းဆုံး မောင် ...

အချစ်ကြီးမားလို့ အမျက်မီးပွားရတာပါမောင်ရယ် ... အချစ်ဆုံးတော့ အမုန်းပဲရှိတာမို့ ... မုန်းပါရစေတော့နော်၊ နည်းနည်းဖြစ်ဖြစ် မုန်းမယ်ကွယ်

www.burmeseclassic.com

www.burmeseclassic.com



– ကိုယ်တစ်ယောက်ထဲ မုန့်လို့အားမရတော့ သူများကိုလည်း ဝေပေးလိုက်ပါတယ်၊ မွေးလက်ထဲက ဝက်ဖဲလေးတစ်ချပ်ကို ထုတ်စြလိုက်ရတာပဲပေါ့၊ ချွင့်လွှတ်ပါ မုန့်တဲ့ မောင်မောင်ရှယ် ...

"ညီမလေး သူ့ကို မိနစ်စက္ကန့်မဆိုင်း ကွာရှင်းပစ်လိုက်ချင်အောင် မုန်းခဲ့ပါပြီ အစ်ကိုလေး၊ ဒါကလဲ ညီမလေးကို သူရက်စက်လို့ဆိုတာထက် အစ်ကိုလေး အပေါ် သူကလိန်ကျခဲ့တာတွေကြောင့်ပါ။ အစ်ကိုလေး စေတနာကို သူအလွဲသုံးစားလုပ်ခဲ့ပေါင်းများပါပြီလေ၊ မွေးလဲ ဒါကို ဖွင့်ပြောမယ်မပြောဘူး ချီတုံချတုံဖြစ်နေရတာလဲ ကြာလှပြီပေါ့၊ ခုတော့ မွေးရင်ဖွင့်ရတော့မယ် အစ်ကိုလေး"

မွေးက နိဒါန်းဆင်လိုက်လေရာ အစ်ကိုလေး ကိုအေးမြင့်ရယ်၊ သက်ပြင်းလေးချပြီး ...

"ဝင်းလတ်ဟာ မွေတာ မွေတာတစ်ပိုင်းပဲ၊ လုပ်ရည်ကိုင်ရည်တော့မဆိုးပါဘူး အားကိုးရသားပဲ မွေးရဲ့"

"အစ်ကိုလေးက အစ်ကိုလေးယောက်ဖကို တကယ်ယုံထားတာပဲကိုး၊ ကိုဝင်းလတ်ဟာ အစ်ကိုလေးထင်သလို မဟုတ်ဘူး၊ ဘာတွေဘယ်လောက် ဖေါက်ပြန်နေတယ်ဆိုတာ အစ်ကိုလေး နည်းနည်းမှ မရိပ်မိသေးပါလားနော် – ဟိုလွန်ခဲ့တဲ့ ခြောက်လလောက်က အစ်ကိုလေးဆီက သူ ငွေတစ်သောင်းချေးထားဖူးတာ သတိရလိမ့်အုံးမယ်။ အဲဒီငွေကို ခုထက်ထိ ပြန်မဆပ်သေးတာတော့ မှတ်မိအုံးမှာပေါ့။ ဟင် ... အစ်ကိုလေး"

ကိုအေးမြင့်က တွေဝေစဉ်းစားသွား၏။ စိတ်ဝင်းစားလာသလိုလည်းရှိ၏။ မွေး၏ စိတ်ပျက်ဝမ်းနည်းမှုများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ခဲ့ရတော့သည်။

ဝင်းလတ်ကို အခဲမကြေစိတ်နှင့် ဂလဲ့စားချေရပေတော့မည်။ ကိုအေးမြင့် အရိပ်အခြေကိုကြည့်၍ နိုင်ကွက်ကို အပိုင်ကိုင်ရပြီဟု တွက်မိ၍ ဝမ်းသာသွားရသလို အားပါးတရပင် မွေးက ရယ်ပစ်လိုက်သည်။ ပြီးတော့ ...

"အဲ့ဒီငွေကိုပြန်ဆပ်ဖို့ အစ်ကိုလေး မွေးတို့အိမ်လိုက်လာရသေးတယ်လေ၊ အစ်ကိုလေး သင်္ဘောဆိုက်လာလို့ ကုန်ရွေးစရာ ငွေလိုတယ်ဆိုပြီးတော့လေ၊ ဒီတုန်းက သူ အစ်ကိုလေးကို လုံးခနဲ ခဲကနဲ ပေးဖို့မလွယ်သေးပါဘူး။ နှစ်သောင်းလောက်တော့ ယူသွားပါဆိုပြီး ချွေးသိပ်လွှတ်လိုက်တယ် မဟုတ်လား၊ တကယ်စင့်စစ် သူ့မှာ ငွေမရှိလို့မဟုတ်ဘူး အစ်ကိုလေး။ ဟိုတစ်ချိန်က သူ့ကုန်တွေတင်လာတဲ့ သင်္ဘောကလဲ ဆိုက်နေတာကိုး။ ဒီတော့ ရှင်းရှင်းပြောရရင် အစ်ကိုလေး ကုန်တွေကို ဘေးချိတ်ပြီး သူ့ကုန်တွေကို ရွေးဖို့ကြံခဲ့တာဆိုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆို အစ်ကိုလေး နားလည်ပြီမွေး ...။ အစ်ကိုလေး ငွေကို သူလှည့်သုံးလိုက်တယ်ဆိုပါတော့ ... တစ်နည်းအားဖြင့် အစ်ကိုလေးကို စီးပွားရေးအရ သတ်ထားလိုက်တာပဲလို့"

ကိုအေးမြင့်၏ မျက်နှာသည် တဖြည်းဖြည်း မခံချင်ဒေါသရိပ်တွေ လွှမ်း၍ နီမြန်းလာပါတော့၏။

"ဒါတွင် ဘယ်ကအုံးမလဲ အစ်ကိုလေး ... သူ့ကုမ္ပဏီနဲ့ ပတ်သက်လို့ အမြတ်ကိစ္စ၊ အာမခံကိစ္စတွေမှာ စာရင်းလိမ်ပြ ကလိန်ကျထားတာတွေ ရှိသေးတယ်။ ကုမ္ပဏီကရသမျှ သူ့အိတ်ထဲဘဲ ကျုံးထည့်ပြီး နောက်ဆုံး ကုမ္ပဏီတစ်ခုလုံး လက်ဝါးကြီးအုပ် အပိုင်စီးဖို့ ကြိတ်ကြံစားနေတာအထိ မွေးသိထားတယ် ... အဲ ... သူရသမျှ ငွေတွေလဲ မွေး တစ်ပြားမှ မကိုင်ရဘူး၊ သူ့ဟာသူ အရက်သောက်၊ ကလပ်တက်၊ မြင်းပွဲလောင်းနဲ့ ဖြုန်းပစ်တာ"

မွေးကား တစ်သက်စာ ဖုံးဖိထားသမျှတွေကို တစ်ခါထဲ ဖွင့်အံချခဲ့ပါတော့သည်။ ကိုအေးမြင့်အဖို့မှာလည်း ညီမငယ်စကားမို့ သံသယမဝင်ခဲ့သလို၊ သူ့အကျိုးစီးပွားကို ထိပါးလာသည့်အရေးကြောင့် အဆင်ခြင်ဉာဏ်တွေ ကင်းလွတ်သွားရပြီး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရပါလေ၏။

သို့နှင့် ... ကိုအေးမြင့် အိမ်ထဲသို့ ကောက်ကာငင်ကာပြန်ဝင်သွားပြီး အဝတ်အစားလဲထွက်လာ၏။ သူ့ကုတ်အကျႌအိတ်ထဲတွင် သူ့သေနတ်ကြီးပါလာမည်ဆိုတာတော့သေချာပါ၏။ မနှင်းဆီက ကိုအေးမြင့်ကိုလိုက်ဆွဲသည့်ကြားမှ—

"ငါ မြွေပွေး ခါးပိုက်ပိုက် လူမိုက်အားပေး လုပ်ခဲ့တာ မှားတာပဲ အနှင်း ဒီအန္တရာယ်ကောင်ကို စာရင်းရှင်းပစ်လိုက်မှ ငါရော ငါ့ညီမလေးအတွက်ရော — အို ... အားလုံး ကောင်းသွားမယ်။ ဖယ် ... ငါ့ကို မဆွဲနဲ့၊ ငါ ဒီကောင့်ကို ခုလိုက်ရှာမယ်"

ခါးကြိမ်းကြိမ်း၍ ရှန်းထွက်သွားသည့်နောက် ... မွေးနှင့် မနှင်းဆီတို့နှစ်ယောက်ထဲ ကျန်ရစ်ခဲ့ရပါ၏။ ကိုအေးမြင့်သည် အိမ်ဘေးရှိ ကားဂိုဒေါင်ကြီးဆီသို့သွား၍ ကားထုတ်နေလေပြီကို သူတို့နှစ်ယောက်စလုံး နားလည်ကြပါသည်။

"ညည်းအစ်ကိုကို ညည်း ဒီလိုပဲ ကြည့်နေတော့မလား မွေး၊ ညည်းစနက်ကြောင့် သွေးထွက်သံယို ဖြစ်ကုန်ရတော့မယ် ...၊ ညည်းဂြိုဟ်မွှေလိုက်တာ ညည်းပဲ လိုက်ငြိမ်းပေတော့ မိမွေး။ ညည်းအစ်ကိုစိတ်လဲ သိမှာပါ — သူက ကောင်းမိရင် နှစ်ယောက်မရှိသလို ဆိုးမိရင်လဲ လွန်ရော့တော့တာ ညည်းလင်နဲ့ ပက်ပင်းသွားတွေ့လိုက်ရင်တော့ ငါးပါးအမှောက်ပဲ"

မနှင်းဆီ ပြောတာလဲ မှန်ပါသည်။ အစ်ကိုလေးသည် မောင့်ကိုတွေ့လျှင်

www.burmeseclassic.com



အသေသတ်မိပေလိမ့်မည်။ မောင် သေရပါလိမ့်မည်။ မောင်သေတာကို မွေးကြည့်ရက်နိုင်ပါ့မလား။

မောင့်ကို မုန်းပေမယ့် မောင်သေမှာတော့ နှမြောမိသည်။ တကယ့်တကယ် မောင်ဒုက္ခရောက်တော့မည်ဆိုသောအခါ မွေး၏ အသည်းတွေ ဆတ်ဆတ်တုန်လာရပါတော့သည်။ တကယ့်တကယ် မောင့်ကို မွေး မရက်စက်နိုင်ပါ။

အချစ်၏ အဆုံးတွင် အမုန်းရှိပါသည်။ အမုန်း၏ အဆုံးတွင် ရှိသည်ကလည်း အချစ်ပင် မဟုတ်ပါလော။

ဟော ... ခြံထဲမှ ကားစက်နှိုးသံကို ကြားရပေပြီ။ မွေး ဒီအတိုင်း ရပ်နေလို့ မဖြစ်တော့။ အလွန်အကျူး စိုးရိမ်စိတ်နှင့်အတူ မွေးချာခနဲလှည့်၍ တိုက်ပြင်သို့ ပြေးထွက်ခဲ့မိသည်။ ကိုအေးမြင့်ကားနောက်သို့ အသံကုန်ဟစ်၍ ပြေးလိုက်မိခဲ့သည်။

"အစ်ကိုလေး ... အစ်ကိုလေး ... မွေးကို စောင့်ပါဦး၊ မွေးပါ လိုက်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၇ |

ဓာတ်လှေခါးအကျဉ်းသမားကြီး ကိုဝင်းလတ်သည် တစ်နည်းမဟုတ် တစ်နည်း ကြံနေခဲ့ပြန်ပါချေပြီ။ ဒါကတော့ ... သူ့လက်ဆွဲအိတ်ထဲမှ မောင်းချဓါး လေးထုတ်၍ ဓာတ်လှေခါးကြမ်းပြင်အလည်မှ Linoleum အခင်းကို ဝိုက်လှီး ဖြတ်ခွဲထုတ်ပစ်လိုက်ခြင်းဖြစ်၏။

ကိုဝင်းလတ်အဖို့ ဓာတ်လှေခါးတိုင်းတွင် အရေးပေါ်ထွက်ပေါက်ရှိသည်ကို သိခဲ့ပြီးသည်နှင့်အညီ သူ့လွတ်မြောက်ရေး လမ်းမဆုံးသေးကြောင်း နားလည်ခဲ့ ရပါ၏။ အရေးပေါ်ထွက်ပေါက်တွင် သံမဏိဆိုင်းကြိုးများနှင့် ဝိုင်ယာကြိုးများ လာသွယ်ထားတတ်သည်။ ထိုထွက်ပေါက်ကိုတွေ့လျှင် သံမဏိဆိုင်းကြိုးကို ကူး၍ သွယ်ဆင်းသွားရုံပဲ မဟုတ်ပါလား။

ထို့ကြောင့်လည်း ... ဓာတ်လှေခါး ခေါင်မိုးထက်တွင် ... ပထမရှာကြည့်၏။ သေဝင်ပေါက်ကလေးသာ စမ်းမိပါသည်။ အရေးပေါ်ထွက်ပေါက်သည် ကြမ်း ပြင်အောက်တည့်တည့်တွင်ရှိမည်ဟု အဖြေရလိုက်ရသည်။

လိုင်နိုလီယမ်ကြမ်းခင်းစအား ဖြတ်ထုတ်လိုက်သည့်နေရာမှာပင် အရေးပေါ် ထွက်ပေါက်နှင့် အံဖုံးတံခါးကို ကံအားလျော်စွာ သူတွေ့ခဲ့ရပါတော့သည်။ ကိုဝင်းလတ်၏ အတိုင်းမသိ ဝမ်းသာမှုကား နှိုင်းရှိစရာပင် မမြင်နိုင်တော့အောင် ပါပေတည်း။

သို့နှင့် တံခါးအဖုံးတွင် မြှုပ်ထားသော လက်ကိုင်ဂွင်းကို လိုက်စမ်းပြီး၊ လက်ကိုင်ဂွင်းမှ အတွင်းသို့ ဆွဲဖွင့်လိုက်မိသည်ဆိုလျှင်ပင် အဖုံးတံခါး သံပြား

www.burmeseclassic.com

www.burmeseclassic.com



လေးက သူ့လက်ထဲသို့ ကျွတ်ပါလာတော့သည်။ တံခါးနေရာတွင် လူတစ်ကိုယ်စာ ဟောင်းလောင်းပေါက်ကြီး ဖြစ်သွားပါလေပြီ။ ဓာတ်လှေခါးအောက်ဘက်မှ ပင့်တိုက်လာသော လေသည်။ ဟောင်လောင်းပေါက်ကြီးမှ တဟူးဟူးမြည်လျက် အပေါ်တက်လာ၏။

သူသည် ထိုအပေါက်ကြီးဘေး၌ ဒူးထောက်ထိုင်ချထားရာမှ လက်တစ်ဖက်နှင့် ထိုးနှိုက်လိုက်မိသည်။ အောက်ခြေတစ်ဝိုက်ကို လက်လှမ်းမီသမျှ လိုက်စမ်းကြည့်သည်။ ဘာကြိုး ဘာနွယ်မှမရှိ။ လက်ချောင်းကလေးတွေသည် မျှော်လင့်ရသော ကြိုးလုံးကြီးအစား လေတွေကိုသာ ဆုပ်ကိုင်မိ၏။ ကိုဝင်းလတ် စိတ်ပျက်သွားရပါ၏။

ဒါပေမဲ့ ... ကြမ်းပြင်ကို မျက်နှာတစ်စောင်းမှောက်၍အပ် လက်မောင်းရင်းရောက်အောင် အဆုံးထိုးနှိုက်ပြန်ပါသည်။ တိုး၍မထူးခြား အချည်းနှီးပါပဲကလား။

ကိုဝင်းလတ် ရင်မောလာရသည်။ တုန်ရီခြောက်ခြားလာရသည်။ မျှော်လင့်ချက်ဟူသည် တဖြည်းဖြည်းဝေးခဲ့ပြန်ပါကော။ ရှေ့ဆက် သူ အပင်ပန်းခံနေစရာ မလိုတော့ပါ။ ဓာတ်လှေခါးဆိုင်းကြိုးနှင့် ဝိုင်ယာကြိုးများသည် နံရံအတွင်းမှာ မြှုပ်ထားတာပဲဖြစ်ပါလိမ့်မည်။ ဒါနဲ့ပဲ သူလက်လျှော့လိုက်ရတော့မလား။

မလျှော့နိုင်သေးပါ။ လုံ့လဝီရိယဆိုတာ သေခါမှ လျှော့တဲ့။ မသေမချင်းတော့ ကြိုးစားရအုံးမှာပေ့ါ။ အလကားထိုင်မှိုင်နေလို့ကော ငါလွတ်မှာမှ မဟုတ်ဘဲ။ ကြိုးစားရင် မှားတယ်လို့ ဘယ်ဘုရားမှ မဟောခဲ့ပါဘူး။

မျှော်လင့်နိုးသံသရာဝယ် ချာချာလည်ခဲ့ရပြီဖြစ်တဲ့ ကိုဝင်းလတ်တစ်ယောက် နောက်ဆုံးအနေနှင့် လွတ်လမ်းကိုရှာမိပြန်ပါ၏။ သူ့ဖေါင်တိန်လက်နှိပ်ဓာတ်မီးလေးနှင့် ဟောင်းလောင်းပေါက်ကြီးထဲကို ထိုးကြည့်မိခြင်းပဲဖြစ်ပါသည်။

ပကတိ ပိန်းပိတ်နေသော အမှောင်။

အဆုံးအစ မရှိသော အမှောင်။

ကမ္ဘာပေါ်တွင် အမှောင်ဆုံးသော အမှောင်။

သည်အမှောင်ထုအားနှင့် လက်နှိပ်ဓာတ်မီး မီးရောင်မှာ မတန်မရာနိုင်လွန်းလှပေတော့သည်။ ဓာတ်ခဲအားနည်းနေပြီဖြစ်သော လက်နှိပ်ဓာတ်မီး မီးရောင်လေးအဖို့ ... အမှောင်ထုကြီးအတွင်းသို့ ဆယ်ပေခန့်ထက်ပို၍ ထိုးဖောက်နိုင်စွမ်း မရှိ။ အမှောင်ထုကြီးက ပိုးစုန်းကြူးသာသာရှိသော မီးရောင်လေးကို ဖြိုမြိုချလိုက်ပါချေပြီ။

သူသည် ဟောခနဲမော၍ ဟိုက်ခနဲ နလုံးလေရိုက်ပင့်သက်ရှိုက်လိုက်ရပါ၏။

သူ့အတွက် ဒီတစ်သက် မျှော်လင့်ချက်မရှိတော့ဘူး ထင်ပါရဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းလတ် စိတ်ဓာတ်အကြီးအကျယ်ကျသွားရသည်။

နောက်ဖက်သို့ သူ့တစ်ကိုယ်လုံး ပစ်လှဲချလိုက်သည်။

ပြီးတော့ ...

ထက်အောက်ဝန်းကျင် အရပ်ဆယ်မျက်နှာတစ်ခွင်လုံး ပျံ့နှံ့၍ ပဲ့တင်အပြန် တစ်ရာ ဟိန်းထွက်သွားအောင် သွင်သွင်ကြီး ရူးသွပ်သွားဘိသကဲ့သို့ ဟားတိုက် ရယ်မောနေခဲ့ပါတော့သတည်း။

.....

ဟီးလ်မင်းကားနီလေးသည် အင်းစိန် မင်္ဂလာဒုံသို့အကူး ... စော်ဘွားကြီးကုန်း တစ်နေရာတွင် ကျွဲလောက်မှအသုံးမကျသော ဘဝသို့ ရောက်သွားရပါလေ၏။ လိုရင်းကိုဆိုပါက ဓာတ်ဆီကုန်၍ ထိုးရပ်သွားခြင်းပဲ ဖြစ်ပါလေတော့သည်။

သောင်းထိုက်စိုးအဖို့မှာလည်း မေသကြာ်န်နှင့်တအားပြီ နစ်ပါးကြည်လာရ သဖြင့် ဓာတ်ဆီဒိုင်ခွက်မှ မြားကလေး တစတစကျလာခဲ့သည့်အဖြစ်ကို ဂရုမပြု မိခဲ့ပါချေ။ ကားက ဖွတ်ချက်ဖွတ်ချက်နှင့် ထိုးရပ်သွားတော့မှ ဓာတ်ဆီ ကုန်သွား ပါရောလားဟု သိရတော့၏။

"ကဲ ... ဘယ့်နဲ့လုပ်ကြမလဲမေ ... ဓာတ်ဆီကတော့ ခါလီပြနေပြီ ..."

ကားစတီရာရင်ကို လက်ဝါးနှင့် တဖြန်းဖြန်းရိုက်ရင်းမှ ကြံရာမရဖြစ်သည့် အဆုံး မေသကြာ်န်အား စစ်ကူတောင်းလိုက်မိသည်။

"ကဲ ... ဒါဖြင့် ... ဘယ်လိုလုပ်ကြမလဲ ကိုစိုး ... အရေးထဲမှ ... အရာပေါ် ဒုက္ခပါပဲနော်"

မေသကြာ်န်ကလည်း စိတ်ပျက်လက်ပျက် ခေါင်းကုတ်ညည်းညူဖို့သာ တတ် နိုင်ခဲ့ရှာ၏။

"သေလိုက်ပါတော့ကွာ ... ငါက မကြံတတ်လို့ မင်းကိုအကြံတောင်းကာမှ မင်းကပြန်မေးလိုက်သေးတယ် စံပဲ ..."

"မစံနဲ့လေ ... ကိုစိုးပဲ စောစောက လမ်းမှာ ဓာတ်ဆီရှိတယ်လို့ပြောခဲ့သေး တယ်၊ ခုကျမှ ကုန်ပြီဆိုတော့ မမြန်လွန်းပေဘူးလား"

သောင်းထိုက်စိုးက ကားစတီရာရင်ထက် လက်နှစ်ဘက်ယှက်တင်ထားလိုက် ပြီး ထိုအပေါ်ကမှ မျက်နှာအပ်၍ ဝမ်းလျားမှောက်ချကာ တွေးဆအဖြေရှာနေခဲ့ မိပါသည်။ ခဏကြာမှ ...

"အား ... ခုမှ သတိရတယ်မေ၊ ကိုတို့ တက္ကသိုလ်ကျောင်းရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲတက်နင်းပြီး ပလက်ဖောင်းဝင်တိုက်တုန်းက ခြတ်ဆီတိုင်ကို ပေါက်သွားတာဖြစ်လိမ့်မယ်၊ အဲဒါကမှ လမ်းတလျှောက်လုံး စိမ့်ကျလာတာ နေမှာပေါ့၊ ဒါပေမဲ့ ... ဒီအထိရောက်လာနိုင်ပုံထောက်ရင် သိပ်များများတော့ ပေါက်မသွားဘူးထင်တယ်၊ ဒီ့ထက်ဆိုးတာက တို့အကြံအစည်တွေ ပျက်ကုန်မှာပဲ၊ ရှေ့လဲတိုးမရ နောက်လဲမဆုတ်သာ ကားကြီး ဒီအတိုင်းပစ်ထားခဲ့ရမှာလဲ အခက်၊ ပိုက်ဆံကလဲ တစ်ကျပ်ထက် ပိုမရှိ"

"မပစ်ဘဲ ညလုံးပေါက် ငုပ်တုပ်ထိုင်နေလို့ကော ဖြစ်မလားလို့၊ တော်ကြာ ခိုးထုပ်ခိုးထည်နဲ့ လာမိနေမှဖြင့်"

"ဒါလဲ ဟုတ်တာပဲ ... ဒီလမ်းက ကားမျိုးစုံ ဥဒဟို သွားသွားနေတာ ညလုံးပေါက်ပဲ၊ ကျီးကန်းတွေ ဘာတွေ ညဘက်အစာရှာထွက်လာရင် မလွယ်ဘူး မေ၊ ကားပိုင်ရှင်က ဂါတ်တိုင်ထားလို့ လိုက်ရှာချင် ရှာနေကြမှာ"

ထိုအချိန်က ရဲများကို ကျီးကန်းဟုခေါ်ကြလေ့ရှိသည်။ ရဲများပတ္တရောင်လှည့် လာလျှင် သူတို့ကို မသင်္ကာဖွယ်ဖြစ်ပြီး စစ်ဆေးမှာစိုးသည်ဟု သောင်းထိုက်စိုး ဆိုလိုသည်။

သူတို့နှစ်ယောက်စလုံး နည်းလမ်းရှာ စဉ်းစားရင်း ဟိုငေးဒီငေး ငေးနေမိကြ သည်။ သူတို့ရင်တွင်းကိုယ်စီတွင် ... စိုးရိမ်မှုက နှောင်ဖွဲ့နေပေပြီ။

မေသကြၤန်၏ မျက်လုံးအစုံသည် ပတ်ဝန်းကျင်တစ်ဝိုက်ကို ကျက်စားနေ မိရာမှ၊ တစ်စုံတစ်ခုကို သွားမြင်လိုက်သလို အားတက်သရောလေးနှင့် —

"ဟိုမှာ ကြည့်လိုက်စမ်း ကိုစိုး"

သောင်းထိုက်စိုးက မေသကြၤန်၏ ပခုံးကိုကျော်၍ သူညွှန်ပြရာ အနေအထား မလှမ်းမကမ်းလမ်းဘေးသို့ လိုက်ကြည့်မိသည်။

"မြဝတ်မှုန် ထမင်းနှင့် လဘက်ရည်ဆိုင်"

ဆိုင်းဘုတ်ကြီးချိတ်ထားလျက် မီးထိန်ထိန်လင်းနေသော တိုက်ခံနှစ်ထပ် အိမ်ကြီးအား၊ မိုးရေတင်နေသည့်မှန်ပြင်ကိုဖြတ်၍ သောင်းထိုက်စိုးမြင်လိုက်ရသည်။ ပြီးတော့ ...

"အဲဒါ ဘာဖြစ်သလဲ မေ"

"ဘာဖြစ်ရမှာလဲလို့ ... မေ့ဗိုက်ထဲမှာ တဂွီဂွီမြည်နေပြီသိလား၊ ဆာလွန်း အားကြီးလို့ ... ခုထက်ထိ ထမင်းမှမစားရသေးဘဲ"

"ကိုစိုးကိုယ်တိုင်လဲ ဆာတာပေါ့ကွာ ... ဒါပေမဲ့ ... ပိုက်ဆံက တစ်ကျပ်ထဲ ပါတာ၊ ခုလိုဖြစ်လာမယ်မှန်းသာသိရင်တော့ ငွေနှစ်ဆယ်အစိပ်လောက်ရှာလာသား"

"ထမင်းမစားရတဲ့တိုင်အောင် လဘက်ရည်လေး တစ်ခွက်လောက် သောက်ရ ရင်တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သောင်းထိုက်စိုးက ညှိုးငယ်စွာ ပြောလိုက်ရှာသော မေသကြိန်ကို သနားချင်သလိုလိုဖြစ်သွားသည်။ မေသကြိန်၏ ဆန္ဒကို အတတ်နိုင်ဆုံး လိုက်လျောနိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ကားနောက်မှန်ပေါက်အောက်ရှိ စင်ကလေးပေါ်တွင် မိုးကာစနှင့်ချုပ်ထားသော သက္ကလပ်ဦးထုပ်တစ်လုံးကိုတွေ့လိုက်ရာမှ သူ့ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့မိတော့သည်။

"ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကိုယ်တို့အခြေအနေက လူမြင်သူမြင်ခံလို့မကောင်းတာတော့အမှန်ပဲ ... ဒါပေမဲ့ မတတ်နိုင်ဘူးလေ ... ကြုံရဖန်ရှိမှာပေါ့၊ ကိုစိုးက ဟော့ဒီ မိုးကာအကျီဝတ်ပြီး ဟိုဦးထုပ်ကို ဆောင်းခဲ့မယ်၊ မေကဆွယ်တာခေါင်းမြီးခြုံလာခဲ့၊ မိုးဖွဲ့လေးတွေကျနေတော့ တို့လုပ်တာ ယုတ္တိရှိနိုင်လောက်ပါတယ် ... ဒီလိုဆို ရုပ်ဖျောက်ပြီးသားဖြစ်သွားတာပေါ့၊ ကိုယ်တို့ကို ဘယ်သူမှလဲ ခွတ်တရက် မသိနိုင်တော့ဘူး ... မဟုတ်ဘူးလားမေ၊ ဪ ... နေအုံး ..."

တစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့် သောင်းထိုက်စိုးက ... ကားစက်ခွက်တစ်နေရာမှာ သေတ္တာလေးကို ဖွင့်ကြည့်မိသည် တချို့ကားပိုင်ရှင်တွေက ပိုက်ဆံအိတ် အစရှိသည့်ပစ္စည်းများကို အံဖုံးထဲထည့်ထားတတ်သည်။ ခုနက ... မေသကြိန်ထိုင်သည့်ဘက် အံခွက်ကလေးထဲမှ ကားလိုင်စင်ကိုပင် ရခဲ့သေးသည်မဟုတ်ပါလား။

သို့ဖြင့် ... အံခွက်ကလေးထဲ မွှေနှောက်ရှာဖွေမိသော ... သောင်းထိုက်စိုးသည် ကိုဝင်းလတ်သိမ်းထားခဲ့သည့် ပစ္စတိုသေနတ်ပြားကလေးအား တွေ့ခဲ့ရပါတော့၏။

သောင်းထိုက်စိုး၏ မျက်နှာကား ဝင်းထိန်သွားလေပြီ။ ထိမထိုးဘဲ အောင်းဆုပေါက်ရုံမက အပိုဆုကလေးတောင် ပါလိုက်သေးသည်မို့ ...

"ဟဲဟဲဟဲ ... သောင်းထိုက်စိုးတို့များ ကြီးပွားပြီးရင်း ကြီးပွားရင်းပဲကိုး ... သူဋ္ဌေးရွှေတွင်းထဲ လိမ့်ကျတယ်ဆိုလဲ မမှားဘူး ဒီလိုသေနတ်မျိုးလိုချင်နေတာကြာလှပြီ ... ဟင်း သေနတ်ရှိရင် လောကကြီးမှာ ဘာကောင်မှ သောက်ဂရုစိုက်စရာမရှိတော့ဘူး ... ဧကန္တတော့ ... ဦးဝင်းလတ်ဆိုတဲ့အဖိုးကြီးဟာ ဘိုးဘိုးအောင်လူယောင်ဆောင်လာတာများလားမသိဘူးနော် မေ။ လိုတရအောင် မစလိုက်တဲ့အတွက်တော့ လိုက်လိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသတဲ့ ဦးဝင်းလတ်ခင်ဗျား ... ကဲ ... မိန်းခလေး ပါတာအကုန်လှပ် ..."

၃၂-ဘို့ ပစ္စတိုပြားလေးကို တမက်တမော ထုတ်ကိုင်ရာမှ မေသကြိန်ဘက်သို့ ပြောင်းလှည့်ထိုးချိန်လိုက်ပြီး သောင်းထိုက်စိုးက နောက်ပြောင်ကြည့်စယ်ခြင်းဖြစ်သည်။

ပစ္စတိုသေနတ်ကြီးရယ်မို့ ဖြုန်းခနဲ မြင်လိုက်ရသောကြောင့် မေသကြိန်မှာလည်း အလန့်ထည့်ကလေးဖြစ်သွားရပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... ဘုရား ... ဘုရား ... သေနတ်ကြီးပါလား၊ ပြန်ထားလိုက်စမ်းပါ ကိုစိုးရယ် ... မေ အသည်းထိတ်လွန်းလို့ သေနတ်ဆိုတာကြည်စားစရာလဲ မဟုတ်ပါဘူး ... မတော် ကျည်ဆန်ထွက်လာမှဖြင့်"

"အို့ အို့ အိုး ... သတ္တိကလဲ ကောင်းလိုက်တာကွာ၊ ရှားမှရှားပဲ ... အေး ... မေတို့ဟာလေ ကျည်ဆန်နဲ့ သေနတ်သာ ကြောက်တယ်ရှိရမယ်၊ ဟိုသေနတ်တော့ နည်းနည်းလေးမှ မကြောက်ကြပါဘူးလေ ..."

"ဘယ်သေနတ်လဲ"

"လူသေနတ် ..."

"သွား ... ဒီက အကောင်းအောက်မေ့လို့၊ သွားမဲ့ဟာ သွားကြစို့ပါကွယ်၊ မေ ဆာလှပြီ"

နောက်ဆုံးတော့ နှစ်ယောက်စလုံး ပြုံးပြုံးရယ်ရယ်နှင့် ကားတံခါးဖွင့်ထွက်ခဲ့ကြသည်။ စိုစိုစွတ်စွတ်ဖြစ်နေသော မြေပေါ်တွင် ကိုက်အနည်းငယ်လျှောက်လိုက်ရနှင့် ထမင်းဆိုင်ရှေ့ရောက်ခဲ့ကြတော့သည်။ ထမင်းဆိုင်ထဲမှာတော့ လူရှင်း၍ ထူးခြားသလိုဖြစ်နေသည်။

မိုးရွာလိုက်သောကြောင့်လည်းကောင်း။ နေရာက ချောင်ကျ၍ ခေါင်လှသောကြောင့်တစ်ကြောင်းဟု သောင်းထိုက်စိုး တွက်သိလိုက်ပြီး မအံ့မသြတော့ချေ။ သို့သော် ... ဆိုင်တံခါးနှစ်ပေါက်အလယ်မှ နံရံတွင်ကပ်ထားသော စာတမ်းကို မြင်လိုက်ရသည့်နောက် ... တွေဝေလှုပ်ရှားသွားခဲ့ရပါတော့၏။

ထိုစာတမ်းမှာကား ... တည်းခိုခန်းငှားသည်ဆိုသော ဆိုင်းဘုတ်ငယ်လေးပင် ဖြစ်နေပါ၏။ သည့်အတွက် သောင်းထိုက်စိုး တွေဝေစဉ်းစားသွားရသည်။ သူတို့မှာ ကားဓာတ်ဆီကုန်၍ သောင်မတင်ရေမကျဖြစ်နေရသည်။ ဓာတ်ဆီဆိုင်သည် အနီးတဝိုက်မှာရှိသည့်တိုင်အောင် ဝယ်စရာပိုက်ဆံကလည်းမရှိ။ ကားထဲတွင် အချိန်ကုန်ထိုင်နေလို့လည်းမဖြစ်။ နောက်ကြောင်းမအေးဘူး မဟုတ်လား။ ဒီအထဲကမှ ထမင်းကလဲဆာလိုက်ရသေးသည်။ သည်တော့ ... လောလောဆယ် ဒီတစ်ညအဖို့ သည်ထမင်းဆိုင်မှာ ဝင်နားအိပ်လိုက်ရလျှင် ...

အဆင်ပြေပါလိမ့်မည်။ မနက်ကျလာမှ တနည်းနည်းနှင့် ငွေအရရှာပြီး ဈေးသရွေ့စရိတ်ကို ရှင်းလိုက်ရုံပေါ့။ ပြီးတော့ ဓာတ်ဆီတိုင်ကီကို ဖြစ်သလိုဖြည့် ဓာတ်ဆီ သွားဝယ်ထည့်၊ လှည်းကူးဆက်သွား၊ အဆင်မပြေဘူးလား။ ဘာပဲဖြစ်ဖြစ် သူတို့ အခက်အခဲပြေလည်ဖို့ သည်တစ်နည်းပဲ ရှိတော့တာပဲ။ ပြေလည်ဖို့အတွက်လည်း ကံကြမ္မာက အရေးပေးအသင့်ဖန်တည်းပါပြီကော။

သောင်းထိုက်စိုးက စဉ်းစားခြင်းမှ ဆုံးဖြတ်ခြင်းသို့ရောက်ခဲ့သည့်နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်လာခဲ့ မေသကြိန်ကို မသိမသာလှမ်းဆွဲထားလိုက်မိပါ၏။

"ဒီမယ်တွေ့လားမေ ... တည်းခိုခန်းငှားတယ်တဲ့၊ ဒီတော့ မင်းဘာမှ ပြန်မငြင်းဘဲနဲ့ ကိုယ်ခိုင်းတဲ့အတိုင်းသာ လုပ်ပေတော့ ... ဆိုင်ရှင်ကိုတွေ့တာနဲ့ အခန်းလိုချင်တယ်လို့သာပြော ..."

"ဒါဖြင့် ... ဒီည ဒီမှာအိပ်မယ်ပေါ့ ကိုစိုးက ..."

"လျှာရှည်မနေနဲ့ဆိုမှ မေရာ ...၊ ဘာမှမပူနဲ့၊ ကျန်တာ ကိုယ်ကြည့်စီစဉ်ပါ့မယ်၊ စိတ်ချလက်ချသာ ဝင်လိုက်စမ်းပါ"

သည်လို တီးတိုးဆွေးနွေးလိုက်ကြပြီးနောက် ထမင်းဆိုင်တွင်းသို့ ခပ်တည်တည် ဝင်လာကြပါတော့၏။ ဆိုင်ရှေ့မှာ လူတစ်ယောက်မှမရှိပေမယ့် ဆိုင်နောက်ဖက်က ထမင်းဆိုင်ကောင်တာစားပွဲရှည်ကြီးတွင် မည်းမည်းဝဝအဒေါ်ကြီးတစ်ယောက် ဆေးပေါ့လိပ်ကြီး မီးတရဲရဲနှင့်ထိုင်နေပါသည်။ အဲ ... သူတို့နှစ်ယောက်ဝင်လာသည်ကို စောင့်ကြည့်နေပါသည်။

"တူမကြီးတို့ ထိုင်ကြ လာကြ ... ဘာများ သုံးဆောင်ကြမှာလဲ ... ဟင်းကတော့ ကြက်သားဆီပြန်တမယ်ဘဲကျန်တော့တယ်၊ လဘက်ရည် ကော်ဖီတော့ရမယ်"

အသံစူးစူးသေးသေးဖြင့် လှမ်းပြောရင်း ထိုင်ရာမှထ ... ခရီးကြိုပြုလာသော ဒေါ်မည်းဝကြီးနှင့် သောင်းထိုက်စိုးတို့ ဆိုင်အလည် စားပွဲခုံနှစ်တန်းကြားတွင် ဆုံမိကြပါလေ၏။

မိုးကာအင်္ကျီကော်လံကြီးထောင်၍ မျက်နှာကို ကွယ်ထားသော သောင်းထိုက်စိုးက မေသကြိန်၏ နောက်ပါးတွင် ကပ်ရပ်လျက်ရှိရာမှ မေသကြိန်၏ ခါးလေးကို တတောင်နှင့်တွတ်ပေးလိုက်သည်။

"သြော် ... ဟို ... အဒေါ်ရယ် ... ကျွန်မတို့ ကားပျက်လာလို့ အိပ်ခန်းငှားချင်တာနဲ့"

"သြော် ... ရပါတယ် ရပါတယ်၊ မိုးအေးရတဲ့အထဲမှာမှ ညကြီးမင်းကြီး ဒုက္ခရောက်လာကြတာကိုး ... ခုနကထဲက အဒေါ့်ဆိုင်ရှေ့မှာ ကားရပ်လိုက်တာတော့ တွေ့သားပဲ။ ဒါနဲ့ ဘာများဖြစ်ပါလိမ့်လို့ တွေးနေတာ ... တော်သေးတာပေါ့ကွာ၊ အဒေါ်က ဆိုင်တောင်ပိတ်တော့မလို့၊ စကားမစပ် တူမကြီးတို့က ဘယ်ကိုအောင် သွားကြရမှာတဲ့လဲ ..."

အဒေါ်ကြီးက ဖေါ်ဖေါ်ရွေရွေမေးလိုက်ရင်းမှ သူတို့နှစ်ယောက်ကို အကဲတစ်ချက်ခတ်လိုက်၏။ မေသကြိန်ကပင် မဆိုင်းမတွ ပြန်ဖြေပါသည်။

"ပဲခူးကို သွားမလို့ပါ ဒေါ်ဒေါ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... အဝေးကြီးလိုသေးတာပဲ။ ကားက ဘယ်လိုပျက်သွားလို့ပါလိမ့်။ မေးတာတော့ စိတ်မရှိနဲ့နော် ... မင်းတို့ဦးလေးက ဟိုတုန်းက မက်ကင်းတစ်လုပ်ဘူးတာဆိုတော့ တော်ရုံတန်ရုံဟာလောက်ဆို သူပြင်နိုင်မလားလို့ပါ။ စေတနာနဲ့ ကူညီဖို့ပါပဲကွယ်"

မက်ကင်းနစ်ကို မက်ကင်းတစ်ဟု ပြောတတ်ခဲ့လေသော ဒေါ်မြည်းဝကြီးက တွေ့တွေ့ချင်း စေတနာတွေ ပိုနေလိုက်ပြန်ပါသည်။

"ကျွန်မကားက ဓာတ်ဆီတိုင်ကီ ပေါက်နေတယ်နဲ့တူပါတယ် အဒေါ်ရယ်။ ဒီရောက်တော့ ကားဓာတ်ဆီကုန်သွားတာပါပဲ"

"ဩော် ဩော် ... ရှေ့နည်းနည်းဆက်သွားမိရင်တော့ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှိတာပဲ။ ဒီအချိန်ထိ ဖွင့်သေးလား ပိတ်ပလားတော့ မဆိုနိုင်ဘူး။

ဒါပေမဲ့ ... ဓာတ်ဆီတိုင်ကီပေါက်နေတယ်ဆိုတော့ မနက်ကျမှ အေးအေးဆေးဆေး သွားနိုင်တော့မှာပေါ့ကွယ် ... တူမကြီးတို့က ပဲခူးကို ဘာကိစ္စနဲ့သွားမလို့ တုန်းဟင် ...၊ အဒေါ်မှန်းမိသလောက်တော့ မဟုတ်မှလွဲရော ဟင်းဟင်း မင်းတို့ ခိုးရာလိုက်လာတာလား၊ ဟန်းတီးမွန်း ထွက်လာတာလား တစ်ခုခုဘဲ မမှန်ဘူးလား"

"ဟန်းနီးမွန်းပဲဆိုပါတော့ အဒေါ်ရာ ..."

သည်တစ်ခါပြန်ဖြေလိုက်သည့် အသံရှင်ကတော့ သောင်းထိုက်စိုးပင်။ နေရာတကာ စပ်စပ်စုစုလုပ်ချင်လွန်းသော အဒေါ်ကြီးကို ချဉ်တင်တင်ဖြစ်၍ စိတ်မရှည်တော့သည့်အဆုံး သူဝင်စကားဖြတ်ပစ်လိုက်ခြင်းပဲ ဖြစ်ပါ၏။

သူ့လေသံမှာ နည်းနည်းပြတ်၍ မာသွားပြီး မကျေနပ်မှုသဘောတွေလည်း ပါသွားသည်ဆိုရမည်။ ဒါကို အဒေါ်ကြီးကလည်း ရိပ်မိသွားဟန်ဖြင့် သူ့အရှိန်သူသတ်ထားလိုက်ပါသည်။ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားရပေမယ့် မျက်နှာကတော့ အပြုံးမပျက်။

"အေးကွယ် ... ခုလိုလာငှားတာ အဒေါ်ကျေးဇူးတင်ပါတယ် ... မိုးတွင်းဆိုတော့ ဧည့်သည်လည်း ပါးတယ်။ ခုလဲ ဧည့်သည်တစ်ယောက်ထဲရှိတယ်။ သူကတော့ လာနေကျ ဖေါက်သည်ပဲလေ၊ ဒီတော့ ...။ ငါ့တူတို့ လွတ်လွတ်လပ်လပ်သာ နေကြပေတော့။ အဒေါ်တို့ဆီရောက်ရင် စိတ်တိုင်းကျ ဖြစ်စေရမယ်။ အားလုံး သပ်သပ်ယပ်ယပ် သန့်သန့်ရှင်းရှင်းကလေး လုပ်ထားတာပဲကွဲ့၊ အစားအသောက်ဆိုလဲ ပြောစရာမလိုဘူး၊ တစ်ညနေကြည့်ရင် သိပါလိမ့်မယ်။ အဲ — အခကြေးငွေအနေနဲ့လဲ မများပါဘူးလေ ... လူတစ်ယောက်ကို အစားအသောက်ရော အခန်းငှားခ တစ်နေ့ တစ်ဆယ်ထဲ ယူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘုဘ်လား — ကျွန်မတို့ အခုတစ်ခါထဲ ကြိုပေးရမှာလား"

"ငါ့တူမအဒေါ်ကို တလွဲထင်သွားပြီနဲ့ တူတယ် ... ဟဲ ဟဲ ... အဒေါ်က ဘုတို့ သိအောင်သာ ပြောပြတာပါ၊ ငွေကြိုပေးဖို့မလိုပါဘူး။ ပြန်မှတခါထဲ ဘျှသလောက်ရှင်းသွားရုံပါပဲ"

အဒေါ်ကြီးစကားတွေ ဖောင်းနေစဉ်မှာပင် အိမ်ပေါ်ထပ်မှ ထောင်ထောင်မောင်း မောင်း လူကြီးတစ်ယောက်ဆင်းလာသည်။ အဒေါ်ကြီး၏ ယောကျ်ားဟု သူတို့သိရပါသည်။ အဒေါ်ကြီးက ဦးလေးကြီးအား အကျိုးအကြောင်းပြောပြီး သူတို့နှင့် မိတ်ဆက်ပေးသည်။

"ဩော် ... ကိုဖိုးထောင် .... သူတို့လင်မယား ပဲခူးသွားရင်း ကားပျက်လို့ ဒီတည်းကြမလို့တဲ့လေ။ အပေါ်က ကျုပ်တို့အခန်းသုံးခန်းထဲက အကောင်းဆုံး အလယ်ခန်းကို ပေးလိုက်ရအောင် ...။ မှတ်ထားကြကွဲ့၊ ဟောဒါက အဒေါ့် ယောကျ်ား ကိုဖိုးထောင်တဲ့။ အဒေါ့်နာမည်ကတော့ မညွန့်လို့ခေါ်ပါတယ်၊ ကဲ ... လာကြ လာကြ။ ဩော် ... နေဦး နေဦး တလက်စထဲ မှတ်ပုံတင်စာရင်း သွင်းသွားဦး။ ကိုဖိုးထောင် စာရင်းစာအုပ် ယူမှတ်လိုက်စမ်းပါ"

သို့ဖြင့် ... အဖွားကြီး၏ ဩဇာသံကို မြေဝယ်မကျ နားထောင်တတ်လေသော ဦးဖိုးထောင်လည်း အိမ်ရှေ့ငွေသိမ်းစာပွဲဆီမှ စာရင်းစာအုပ် သွားယူခဲ့ရတော့သည်။

"အေးကွယ် ... ခုလိုမှတ်ရတာတော့ အလုပ်ပိုတာပဲ။ ဒါပေမဲ့ ပုလိပ်တွေက မကြာခဏ လာစစ်ကြတာကြောင့်ပါ။ တူမောင်တို့ကို မယုံလို့တော့ မဟုတ်ပါဘူး။ အပွေးမြင်အပင်သိဆိုသလို ကြည့်လိုက်တာနဲ့ တူမောင်တို့ လူကောင်းတွေဆိုတာ သိပြီးသားပါ။ ထုံးစံအတိုင်း ဆိုပါတော့ကွယ်၊ ကဲ ငါ့တူ နာမည်လေး တဆိတ် လောက်"

ဦးဖိုးထောင်က ကောင်တာစားပွဲကြီးပေါ်တွင် စာရင်းစာအုပ်ဖွင့်လျက်တင်၍ အသင့်ဖြစ်ပြီဆိုတော့ ဒေါ်ညွန့်က နှစ်သိမ့်စကားတွေ မျှောပြောပြီး မေးလိုက်ပါ သော၏။ သောင်းထိုက်စိုးက မေသကြာန်နောက်ကွယ်တွင် တစောင်းရပ်နေရာမှပင် ခပ်ဘည်တည် ဖြေလိုက်မိသည်။

"ဝင်းလတ် ... ဝင်းလတ်ထရေဒင် ကုမ္ပဏီပိုင်ရှင်ပါ"

"အိမ်လိပ်စာ"

"အမှတ် ၁၈၊ သော်မဆင်လမ်း၊ ရန်ကုန်"

သောင်းထိုက်စိုးက ကိုဝင်းလတ်၏ ကားလိုင်စင်ထဲမှ အလွတ်ကျက်ထားခဲ့သော သည့်လိပ်စာကိုပင် ပေးခဲ့ပါလေသည်။ သည်လိုသူ့ အဖြေစကားကြောင့် မေသကြာန် ဘူ ဖျတ်ခနဲလှည့်ကြည့်လိုက်ပါသေး၏။ ဒါပေမဲ့ ... သောင်းထိုက်စိုးက

www.burmeseclassic.com

www.burmeseclassic.com


မသိမသာမျက်စေ့တစ်ဖက်မှိတ်ပြလိုက်သည်။ အဖွားကြီးကလည်း — အဖိုးကြီးကို ပါးစပ်နှင့်ကူရေးပေးနေလိုက်သဖြင့် သူတို့အဖြစ်ကို လှည့်မကြည့်နိုင်ခဲ့သောကြောင့်သာ တော်ပါသေးရဲ့ဆိုရပါမည်။ မေသကြၤန်က သူ့နာမည်ကို မေးဦးမလားဟု စိုးရိမ်နေမိသေးသည်။ ဒါပေမဲ့ ...

"ငါ့တူနာမည်ပေးထားလိုက်ရင် လုံလောက်ပါပြီကွယ် — အော် — ငါ့တူတို့ ညစာကော စားဦးမလား၊ အောက်ထပ်မှာ တစ်ခါတည်း စားသွားလေ"

"နေပါစေတော့ ဒေါ်ဒေါ်၊ ကျွန်တော်တို့ ညစာစားခဲ့ပါပြီ — အဲ — ခဏကြာရင်သာ လဘက်ရည်တစ်အိုးလောက်သောက်ချင်တယ်"

"ရစေမှာပေါ့ကွယ် ... ဘာမှအားမနာနဲ့၊ လိုချင်တာသာပြော — မုန့်တွေ ဘာတွေကော ယူဦးမလား ... မုန့်မျိုးစုံရှိတယ်ကွဲ့"

"ရှိသမျှသာယူခဲ့ပါ ဒေါ်ဒေါ် ... ညကျ ကျွန်တော်ကဆာတတ်လို့ပါ — ဒါနဲ့ တစ်ခုပြောချင်ပါသေးတယ်၊ ဖြစ်နိုင်မယ်ဆိုရင်ပေါ့လေ ... လမ်းပေါ်က ကျွန်တော့်ကားကို အဒေါ်တို့ဆိုင်ဘေးရွှေ့ထားရင် ကောင်းမလားလို့ပါ၊ လမ်းမကြီးပေါ်မှာဆိုတော့ ကိုးလိုးကန့်လန့်ကြီးဖြစ်ပြီး စိတ်လဲချရဘူး မှတ်လား — အဲဒါ ကျွန်တော်ကလဲ ညနေက မိုးရေမိပြီး ဖျားချင်သလိုလိုဖြစ်နေတာနဲ့"

"အား ... ဘာလို့မဖြစ်ရမှာလဲ စိတ်ချလက်ချသာ အပေါ်တက် — အဒေါ်နဲ့ မင်းဦးလေးရွှေ့ပေးလိုက်မယ်၊ အိမ်ဘေးတောင်မဟုတ်ဘူး အိမ်နောက်ဘက်ခြံထဲကို သွင်းထားလိုက်မှာ ကားသော့သာပေးခဲ့၊ ကဲ ... လာ — ဒေါ်ဒေါ်ကိုယ်တိုင် အခန်းလိုက် ပြနေရာချပေးမယ်"

ဒေါ်ညွန့်ကား လေကြောရှည် စပ်စုတတ်တာကလွဲ၍ အလွန်အရာ အလိုက်သိပြီး ဖော်ရွေခင်မင်စရာကောင်းသော အဒေါ်ကြီးတစ်ယောက်ပဲဖြစ်ပါ၏။ သောင်းထိုက်စိုးက ကားရွှေ့ခိုင်းထားမိသည်မှာ သက်ဆိုင်သူတွေလိုက်ရှာလို့ အလွယ်တကူတွေ့မသွားအောင် ဖွက်ထားလိုက်သည့်သဘောပင် ဖြစ်ပါသည်။ ဒါကိုပင် ဒေါ်ညွန့်တာဝန်ယူလုပ်ပေးလိုက်ပါဦးမည်တဲ့။ သည်လိုနှင့် ဒေါ်ညွန့်ဦးဆောင်သောနောက်မှ သောင်းထိုက်စိုးနှင့် မေသကြၤန်တို့လိုက်ခဲ့ကြရတော့သည်။ ကောင်တာနောက်ဖက် မီးဖိုချောင်အစပ်ရှိ လှေကားမှ အပေါ်ထပ်သို့တက်ပြီး သူတို့အတွက် အခန်းလေးထဲသို့ ရောက်ရပြန်ပါ၏။

အခန်းလေးကား အတော်အသင့် ကျယ်ဝန်း၍ မွေ့ရာကုတင်၊ ခြင်ထောင်မှန်တင်ခုံစသဖြင့် လှလှပပ ခမ်းခမ်းနားနားလေးရှိ၍ နေချင်စဖွယ်ကောင်းလှပါသည်။ ခေါင်းရင်းတွင် ပြတင်းပေါက်တစ်ခုလည်းတွေ့ရပါ၏။ မျက်နှာကျက်ခေါင်မိုးတွင် နှစ်ပေမီးချောင်းလေးတပ်ထားသည်။ ဒေါ်ညွန့်လည်း သူတို့ကို နေရာလိုက်ချပေးပြီး ထုံးစံအတိုင်း ကသုတ်ကယက် ပြန်ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်ညွှန့်ရှိတော့ခါမှ** ... သောင်းထိုက်စိုးနှင့် မေသကြိန်တို့မှာ အသက်ရှူချောင်၍ ဟင်းချနိုင်ပါတော့သည်။

"အဖွားကြီးမရှိတာနဲ့နားကို တစ်ခါထဲ အေးသွားတာပဲကွာ ... သဘောကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ... ဗဇိဗဇပ် များလွန်းတယ်ကွာ"

သောင်းထိုက်စိုးက အခန်းတံခါးပိတ်လိုက်ရာမှ ပြန်လာပြီး မိုးကာအင်္ကျီကြီးကိုချွတ်၍ ကုတင်ပေါ်ပစ်တင်ရင်း ညည်းတွားလိုက်မိသည်။ ပြီးတော့ ... ကုတင်ခေါင်းရင်းတွင် ထိုင်နေမိသော မေသကြိန်အနားသို့ကပ်ခဲ့သည်။

အောက်ထပ်တွင် ...

ဒေါ်ညွှန့်သည် ဦးဖိုးထောင်နှင့်အတူ သောင်းထိုက်စိုးတို့ စီးလာသော ဟီးလ်မင်းကားလေးကို အိမ်နောက်ဖက်ခြံထဲသို့ တွန်းရွှေ့ထားခဲ့ပြီးနောက်၊ လဘက်ရည် တစ်အိုးကြီးဖျော်နေပါလေသည်။

"ခုန ကားကိုသွားရွှေ့တုန်းက လိုင်စင်နံပါတ်ပြားကို ရှင်ကြည့်လိုက်တာ အမှန်ပဲနော် ... ကိုဖိုးထောင်"

"အေးပါကွ ... သူပေးခဲ့တဲ့ နာမည်အတိုင်းပါဘဲ ဟိုမှာရေးထားတာ၊ ဦးဝင်းလတ်တဲ့ ဘာဖြစ်လို့ မေးတာလဲ မညို"

"ဩော် ... ကျုပ်တို့ဆီလာတည်းတဲ့ ကျုပ်တို့ဧည့်သည်ကို လူဆိုးလား လူကောင်းလား ကြိုတင်သိထားဖို့လိုတာပေါ့တော့"

"ဆိုးဆိုးကောင်းကောင်း မင်း ပိုက်ဆံရရင်ပြီးတာပဲ မဟုတ်ဘူးလားကွ၊ တန်ရာတန်ဖိုးပေးသွားရင် ကျေနပ်ရောပေါ့"

"ဟင်း ... ကျုပ်ကိုပိုက်ဆံပေးမသွားလို့များတော့ ထမိစွန်တောင်ဆွဲပြီးလိုက်မှာပေါ့၊ ဘာလိုလို့နဲ့ ညမိုးချုပ်မှ ရောက်လာပြီး တစ်နေ့လုံးခ ရတော့မှာဘဲ၊ ကျုပ်တို့တော့ ကော်တာပဲ၊ သူတို့ပုံကြည့်ရတာလည်း လိန်လိန်ကောက်ကောက် လုပ်မယ့်ပုံတော့ မရပါဘူးနော်၊ ကားတွေ ဘာတွေနဲ့ဆိုတော့"

ဒေါ်ညွှန့်က သကြားနို့ဆီခွေရာပြီးသား ခရားအိုးထဲတွင် လဘက်ခြောက် အရည်ငှဲ့၍ ဇွန်းနှင့်ခလောက်နေလိုက်သည်။

သည်အတွင်း လင်ပန်းပေါ်ရှိ ပေါင်မုန့်ထောပတ်သုတ်နှင့် ဘီစကွတ်မုန့်များ ထည့်ထားသော မုန့်ပန်းကန်ထဲမှ လီမွန်ကရင်(မ်)တစ်ချပ်ကို ဦးဖိုးထောင်က ယူစားမည်ပြင်လိုက်၏။

ဒေါ်ညွှန့်က လက်ကိုလှမ်းပုတ်ချလိုက်ရင်း ...

"ရှင်ကြီး တစ်ချပ်ပြီးတစ်ချပ် နှိုက်စားနေတာနဲ့ ကျုပ်မုန့်တွေ ကုန်တော့မယ်၊ ခလေးမဟုတ် သူငယ်မဟုတ် ဒီလောက်လဲ ငတ်တွင်ကျမနေစမ်းပါနဲ့

www.burmeseclassic.com



တော်ကြာ အပေါ်ပို့စရာမရှိဘဲ နေအုံးမယ်"

"မယ်ညွန့်ကလဲကွာ၊ တစ်ချပ်တလေစားတာပဲဟာ"

"အို ... ရှင်စားလို့ သောက်ဆံရမှာမှ မဟုတ်တာ ... သောက်ဆံရမဲ့လူ ပဲ ကျွေးနိုင်မယ်တော့"

"ဖြည်းဖြည်းပေါ့ မယ်ညွန့်ရယ် ... မင်းဟာက လောလောလောလောနဲ့ မင်းညော့သည်တွေက မင်းမုန်းစားတာထက် အရေးသာရှိတာတွေ အဲ ... အရေးကြီး တာတွေလုပ်ဖို့ ရှိချင်ရှိနေမှာ ..."

"ရှင်ကြီးနော် ... သက္ကရာဇ် ဖင်ဆောင့်နေပြီ၊ ခုထိ ဒီလောက် ဝါသနာက မကုန်နိုင်သေးဘူး အကြောက တင်းချင်တုန်းပဲ၊ နေ့ရှိသရွေ့ ပြောလိုက်ရင် ကိလေသာအကြောင်းတွေချည်း အော့ကြောနာစရာ တကယ်ကောင်းတယ်"

ဒေါ်ညွန့်က ဆူပွဆူပွလုပ်ရင်း လင်ပန်းကို ယူထွက်သွားသည်။ ဦးဖိုးထောင် လည်း တဟဲဟဲရယ်ရင်း ကျန်ရစ်ခဲ့၏။ မကြာမီ ဒေါ်ညွန့်က ပြုံးပြုံးပြာပြာနှင့် ပြန်ဆင်းလာသည်။

လင်ပန်းကို ကောင်တာတွင် သွားထား၍ အခန်းလည်တွင် ပက်လက်ကုလား ထိုင်တစ်လုံးချ၍ ဇိမ်ယူနေသော ဦးဖိုးထောင်ရှိရာသို့ ဇောင့်ဇောင့်နှင့်ရောက်လာ ပြီး ...

"အံ့အံ့ပါရဲ့တော် ... ကျုပ်ကို မှာထားပြီး ကျုပ်လာမယ်ဆိုတာသိရက်နဲ့မှား ခင်းတို့မို့ တံခါးပိတ် မီးမှိတ်ပြီး ဟင်း"

"အဲ ... ဒါကြောင့်မို့ မင်းကို အချိန်ယူသွားပါလို့ ငါပြောတာပေါ့ကွ။ ကဲ ... ခုသွားတော့ ဘာတွေမြင်ခဲ့လဲ"

"အို ... ကျုပ်တံခါးခေါက်တော့ ကောင်မက ကဗျာကရာ လူးလဲထလာပြီး တံခါးဖွင့်ပေးတာပေါ့၊ ကျုပ်တော့ သူ့ကို ရဲရဲတောင် မကြည့်ရဲပါဘူး၊ မျက်ခွေ ရှက်လွန်းလို့ ထမီကဇောက်ထိုး၊ အပေါ်ပိုင်းကလဲ ဗလာကျင်းနေတယ်ဆိုရမလော ဘော်ဒီအင်္ကျီလေး စွပ်ရုံစွပ်ထားတာ ... ဒီလောက်တောင် ငမ်းမန်းဖမ်းနေကြမှ ထောက်တော့ သူတို့ လင်မယားဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ပြီးတော့"

"ပြီးတော့ ... ဘာဖြစ်လဲ"

"ပြီးတော့ ... သူဝတ်ထားတဲ့ ဘော်ဒီအင်္ကျီကလဲ ချိုးတပတ်ကိုလိုက်လို့ ကောင်မလေးဟာ တော်တော့်ကို ဆင်းရဲပုံရတယ်၊ သူ့ယောကျာ်းဆိုးသ က ကုမ္ပဏီနဲ့ ကားနဲ့ဆိုပြီး မိန်းမကို ဘော်ဒီတစ်ထည်တောင် ဝယ်မပေးနိုင်သော ဘူးတဲ့လား ... နောက်တစ်ချက်သတိထားမိလိုက်တာကလဲ သူတို့နှစ်ယောက်စလုံး ကျုပ်ကို ရှောင်ကွယ်ရှောင်ကွယ် လုပ်နေကြတာချည်းပဲတော့ ... ဘာအခါ ယ

www.burmeseclassic.com



နှိမ်းတော့ မသိဘူး"

"သူတို့ဟာ သူတို့ ရှိန်နေကြတာဖြစ်မှာပေါ့ကွာ ... အရေးထဲ မင်းကလဲ သာသနာဖျက်သွားလုပ်လိုက်သေးတာကိုး"

"အို ဘာပဲဖြစ်ဖြစ် ... သူတို့လင်မယားဆိုတာတော့ ဘုရားစူးကျိန်စာတိုက်ပြတောင် ကျုပ်မယုံနိုင်ဘူး၊ သမီးရည်းစားပဲလား၊ ဒါမှမဟုတ် ... မကောင်းတာ ခေါ်လာတာပဲလား ကေနတော့ ကေနပဲ ..."

"ရှုတ်ရှုတ်ရှုတ်ရှုတ် ရှုပ်ရှုပ်ရှုက်ရှုက် ဖြစ်လာရင်တော့ ငါနဲ့မဆိုင်ဘူး မယ်ညွန့်ရေ ... မင်းဟာမင်း လက်ခံထားလိုက်တာ မင်းဟာမင်းပဲကြည့်ရှင်းပေတော့"

သောင်းထိုက်စိုးနှင့် မေသကြ်နိတို့သည် မြွေနှစ်ကောင်လို ရစ်ပတ်လုံးထွေးထားရာမှ လူချင်းခွာလိုက်သည်။

မေသကြ်နိက သောင်းထိုက်စိုးကို ပြန်မလွှတ်သေးဘဲ၊ လည်ပင်းတွင် ဖက်သိုင်းထားလိုက်ရာမှ ...

"မေ့ကို ကိုစိုး ချစ်ရဲ့လားဟင်"

မေသကြ်နိက မောမောဟိုက်ဟိုက်ကလေးနှင့် မေးခွန်းထုတ်နေမိခဲ့ရှာသည်။ သောင်းထိုက်စိုးက ဟားတိုက်ရယ်လိုက်ပါလေသည်။ သည်အချိန်မှာတော့ တစ်ခန်းလုံး မီးပွင့်ခဲ့ရပြီဖြစ်သလို သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းမှာလည်း တစ်ခန်းရပ် ဟတ်(ဖ)တိုင်း ပေးခဲ့ပြီဖြစ်ပါသည်။

"ကဲပါကွာ ... အပိုတွေ လျှောက်မမေးနေစမ်းပါနဲ့ ... လောလောဆယ်ခုနစ်စား လဘက်ရည်သောက်"

"မေ ... အဆာလွန်သွားပြီထင်တယ် ကိုစိုးရယ် ... လုံးလုံးကို မဆာတော့ဘူး ..."

သည်တော့လည်း သောင်းထိုက်စိုးက ဘီလူးသဘက်တစ်ကောင်သဖွယ် ကြောက်စရာကောင်းသော ရယ်ခြင်းဖြင့် ... အမိပ္ပာယ်မရှိ ရယ်ပြန်ပါတော့၏။ မေသကြ်နိ၏ ရီဝေညို့မှိုင်းသော မျက်လုံးလေးတွေမှာ စိတ်ဆိုးတင်းမာမှုအရိပ်အရောင်လေးတွေသန်းလာရသည်။ ဒါပေမဲ့ တခဏချင်း ပြန်ပျောက်သွားရသည်။

သောင်းထိုက်စိုးကို သူ ကြာရှည်မတင်းရဲပါ။ မငြင်းရဲပါ။ ထို့ကြောင့်လည်း ဘုတင်ပေါ်မှဆင်းဖို့ ကြိုးစားလိုက်ရတော့သည်။ ဒါပေမဲ့ ... သောင်းထိုက်စိုးက ရယ်ရင်းမောရင်းပင် သူ့ကိုယ်ပေါ်မှ စောင်စကို အမိဖမ်းပြီး အဆုံးဆွဲယူထားလိုက်ပါ၏။ မေသကြ်နိခမျာ ... စောင်ကြားထဲမှ တစ်ပတ်ချင်း လည်ထွက်သွားရာက လဘက်ရည်ဘန်း တင်ထားရာ မှန်တင်ခုံလေးအနီးသို့ ရောက်သွားရပါတော့သည်။

သောင်းထိုက်စိုးကိုယ်တိုင်လည်း စောင်ပုံတွေကြားထဲမှ မျက်လုံးကြီးထွက်လာ

www.burmeseclassic.com

www.burmeseclassic.com

ကာ မေသင်္ကြန်ဘေးသို့ ကပ်လာခဲ့၏။ မေသင်္ကြန်က ရှက်မျက်လုံးလေးတွေ အဝိုင်းသားမှ လက်ဆယ်ချောင်းဖြင့် ဖုံးကွယ်ဖို့ ကြိုးစားမိရှာပြန်သည်။

"ကဲပါကွာ ... ဒီလောက်ရှက်မနေနဲ့၊ လက်ဆယ်ချောင်းအုပ်ရုံနဲ့ မင်း တစ်ကိုယ်လုံး မလုံပါဘူး ရော့ ... မုန့်စား လဘက်ရည်သောက်"

ပန်းကန်ထဲသို့ လဘက်ရည်ငှဲ့ထည့်ရင်း မေသင်္ကြန်အား ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ယူပေးလိုက်သလို သူကိုယ်တိုင်လည်း ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်ကိုထပ်ပြီး အားရပါးရစားလိုက်ပါ၏။

"ခုန မင်းချစ်စေချင်သလို ချစ်နိုင်ဖို့အတွက် အားဖြည့်စာ စားနေရတာကွ သိလား"

သောင်းထိုက်စိုး၏ အပြောကြောင့် မေသင်္ကြန်က ဖျော့ဖျော့လေးပြုံးလိုက်မိသည်။ အရှက်ပြေ လဘက်ရည်ခွက်ကို ကောက်သောက်လိုက်ရ၏။ သောင်းထိုက်စိုးကလည်း လဘက်ရည်သောက်ရင်းမှ မေသင်္ကြန်ကို တစ်စက္ကန့်မျှ အလစ်မပေးသော အကြည့်ဖြင့် ကြည့်ထားမိသည်။

"လှတယ်ကွာ ... တကယ်ပဲ၊ ဆင်စွယ်ပန်းပုရုပ်ထက်တောင် လှအုံးမယ်၊ တစ်ကိုယ်လုံး ပြောင်ဝင်းတောင့်တင်းကြော့ရှင်းဆိုတာမျိုးကိုး ..."

"ကိုစိုးကလည်း မြှောက်စရာမရှိ မြှောက်နေပြန်ပါပြီ၊ တော်ပါတော့ အစ်ကိုရယ် ... အစ်ကို့ကို မေ ဆလံလိုက်ပါတယ်၊ ချွဲရမယ်ဆို နှစ်ယောက်မရှိဘူး၊ ကြမ်းလိုက်တာလဲ လွန်ရော ... မေတော့ ကြောက်ကြောက်လာပြီဆရာ"

"ချစ်ချစ်လာပြီ ပြောစမ်းပါကွာ"

လဘက်ရည်နှင့်မုန့် အဝစားသောက်ပြီး ကုတင်ပေါ်သို့ ပြန်ရောက်ကြရပြန်ပါသည်။

"ကဲ ... ဒီလိုချည်း ချစ်နေကြလို့ မပြီးသေးဘူးထင်တယ်ကိုစိုး ... မနက်ကျရင် ပြဿနာရှင်းဖို့ကြံပါဦး"

"ဘာပြဿနာဖြေရှင်းရမှာလဲမေ"

"တည်းခိုခန်း ငွေခပေးဖို့ရယ် ... ကားခတ်ဆီဖြည့်ဖို့ရယ်ပေါ့ ..."

"အို ... ဒါများ ပူစရာလိုက်လို့ကွာ"

"သြော် ... မပူရအောင် ကိုစိုးမှာ ပိုက်ဆံဘယ်နှစ်ပြားရှိလို့လဲ ... ကိုစိုးလုပ်ပုံနဲ့တော့ ဒုက္ခတွေ ဖြစ်ကုန်တော့မယ်"

"ဖြစ်စရာမလိုပါဘူးလေ၊ ကိုစိုး အားလုံးအကွက်ရိုက်ပြီးသားပဲ၊ ဒီမယ် — မနက်ကျတော့ ရန်ကုန်သွားပြီး ကိုစိုးပိုက်ဆံသွားရှာမယ်လေ၊ ဘယ်လိုမှ ရှာမရတဲ့အဆုံး အဖိုးကြီးဆီသွားတောင်းရမှာပေါ့၊ ငါးဆယ် တစ်ရာဆိုတာလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ သူသေသွားတော်ပါတယ်"

"ဒါဖြင့် မေကာရော ..."

"မေက ဒီမှာနေခဲ့မယ်ပေါ့ ကိုစိုးပြန်လာတဲ့အထိ အပေါင်ထားခဲ့ရမယ်ဆိုပါတော့"

"ကိုစိုးက ပြန်လာဖို့ကရော သေချာလို့လားဟင်"

"ဘယ်လိုမေးလိုက်တာလဲမေ ... မေတစ်ယောက်ထဲ တန်ဆာခံလုပ်ခဲ့ပြီး ကိုစိုးက ကိုယ်လွတ်ရုန်းသွားမယ်ဆိုတဲ့သဘောလား ဟုတ်လား ... ဒီကမျက်နှာကို သေသေချာချာကြည့်စမ်းမေ ... သေဖော်ရှင်ဘက်ချင်း ငါသစ္စာမဖောက်ဘူး တစ်သက်လုံးမှတ်"

"မေ သက်သက်နှောက်တာပါ ကိုစိုးရယ်၊ သူ့အလှည့်ကျ ဘယ်တော့မှ အနှောက်မခံဘူး ဒေါချည်းပဲ၊ ဒါနဲ့များ လူကိုချစ်တယ်လေးဘာလေးနဲ့ သူချစ်တယ်ဆိုတာ ဘာချစ်တာလဲ"

"ချစ်တာပဲ ဘာကို ... ချစ်တယ်လို့ ရှိရအုံးမလား"

"လူကို ချစ်တာလား၊ စိတ်ကို ချစ်တာလား၊ အသည်းထဲက ချစ်တာလား၊ အသွေးထဲက ချစ်တာလား ..."

"ဘာကို ဘယ်ကချစ်ချစ် ... ချစ်တယ်ဆိုတော်ရောပေါ့"

မေသကြင်္န်၏ ပါးလေးကို ငုံ့နမ်းလိုက်ရင်း သောင်းထိုက်စိုးက ပြောလိုက်သည်။ မေသကြင်္န်ကလည်း မျက်လုံးလေးထောင့်ကပ်ရင်း ဆတ်ဆတ်တုန်နေသော နှုတ်ခမ်းလေးမှ တီတီတာတာကလေးတွေ ထွက်လာသည်။

"ချစ်တယ်ဆိုရင် မေ့ကိုတော့ အတည်ယူပါနော် ကိုစိုး"

"မေကလဲကွာ ... တွေ့တဲ့အခါတိုင်း ယူပါ ... လက်ထပ်ပါနဲ့ ပြောလို့ မဆုံးဘူး၊ အခု မင်းစီးချင်တဲ့ကားကို စီးရပြီ၊ ဒီကားကို မင်းအတွက် ခိုးပေးခဲ့ရတာပဲ...၊ ငါနဲ့တွဲနေတဲ့တစ်ချိန်လုံး မင်းမစားဘူးတဲ့အစာ၊ မသွားဘူးတဲ့ နေရာတွေ ရောက်ရောက်ဖူးရတာနဲ့ မင်းအရှုံးရှိလို့လား မေ ... ကားရောင်းလို့ရလဲ မင်းကို နည်းနည်းပါးပါး ပေးမှာပေါ့၊ ကဲ ... မကျေနပ်ဘူးလား"

"ဒါနဲ့ ... ဟိုတုန်းကတော့ အတည်ယူမယ်ဆို"

"ယူပါ့မယ်ပဲထား၊ လောလောဆယ်တော့ မဖြစ်သေးဘူးပေါ့ကွ၊ ငါ့ဘဝ တိုးတက်ရာ တိုးတက်မှု လုပ်စရာတွေ တပုံကြီးရှိသေးတယ် ... ငါ ရုပ်ရှင် မင်းသားဖြစ်တဲ့အထိ ကြိုးစားချင်သေးတယ်၊ ဒီနောက်မှ မင်းအတွက် စဉ်းစား နိုင်တော့မှာပေါ့"

"မေ့ ဘဝကိုတော့ ဒီအတိုင်း ဖျက်ဆီးမထားခဲ့ပါနဲ့ ကိုစိုးရယ် ... မေ့မှာက အားကိုးအားထားအနေနဲ့ ကိုစိုးပဲရှိတာပါ၊ မေ့ကို တစ်နေ့လက်ထပ်ယူမယ် ကတိပေးလိုက်ပါလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ … မင်း တစ်ကိုယ်ကောင်းဆန်ဆန် ကိုယ့်ကို အကြပ်ကိုင်တာပဲ မေ … ကိုယ်က သူများကိုလဲ မချုပ်ချယ်ဘူး၊ ကိုယ့်ကို လာချုပ်ချယ်လဲမရဘူးမေ — မင်းနဲ့ကိုယ် သမီးရည်းစားဖြစ်ခဲ့တဲ့နေရာမှာ ကိုယ့်သဘောနဲ့ကိုယ် ကိုယ်လုပ်ခဲ့ကြတာပဲ … ဘာမှ အာမခံထားနေစရာလဲမလိုပါဘူး … သာယာတယ်၊ ပျော်ရွှင်တယ်၊ လိုချင်တာပေးပြီး လိုချင်တာယူတယ်၊ ဒါကိုမှ ငါက မတရားအနိုင်ကျင့်တယ်လို့ စွပ်စွဲချင်သေးလို့လား မေ …"

"ကိုစိုးစကားက မေဟာ အပေါစား အပျက်မတစ်ယောက်ဖြစ်နေသလိုပဲ ပဲလား ကိုစိုးရယ် … မေကတော့ သူ့မှသူဆို အသည်းနင့်အောင်ချစ် မိုက်ရတာ"

"အဲ့ဒါတော့ … မင်းကိုယ်မင်းသိမှာပေါ့မေရယ် … ဘာပဲဖြစ်ဖြစ်၊ မင်းကိုကိုယ်ချစ်ပါတယ်မေ …"

သောင်းထိုက်စိုးက ပြုံးပြုံးသဲ့သဲ့လေး ပြောနေရင်းမှ ကလိနေခဲ့ပါသည်။ မေသကြၤန်ကလည်း အလူးအလွန့်မရှိ ပကတိငြိမ်နေခဲ့ရာမှ …

"ချစ်တဲ့အပြင် သနားပါအုံး ကိုစိုးရယ်"

"ဘာကွ သနားရအုံးမယ် … ဟုတ်လား"

"ဟုတ်ပါတယ် ကိုစိုး … ချစ်တဲ့အပြင် သနားတဲ့အနေနဲ့ လက်ထပ်ယူဖို့တောင်းပန်ပါတယ် ကိုစိုးရယ် … မေ့မှာ … မေ့ကိုယ်ဝန်သုံးလရှိနေပြီ"

သောင်းထိုက်စိုးသည် ဟင်ခနဲဖြစ်သွားရာက သူ့ဘေးမွေ့ရာပေါ်သို့ ပက်လက်လန်ကျသွားပါတော့သည်။ သည်တော့လည်း မေသကြၤန်ကတစ်ပြန် သောင်းထိုက်စိုးကိုယ်ပေါ်မှ ထပ်ဖိထားလိုက်ရင်း … တတွတ်တွတ်ပြောနေရှာခဲ့ပါ၏။

"မေ့ကိုသနားပါအုံးကွယ် … မေ့ကိုပစ်မထားခဲ့ပါနဲ့ကိုစိုးရယ် … နော် — နော်"

သောင်းထိုက်စိုးက ခေါင်းလည်း မငြိမ့်၊ ခေါင်းလည်း မခါ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ဂ ]

ကိုအေးမြင့်နောက်သို့ မွေးပြေးလိုက်ခဲ့သည်မှ ကိုအေးမြင့်၏ ဖောက်(စ်)ဝက်ဂွန်းကားလေးဖြင့် သော်မဆင်လမ်းအိမ်က ပြန်ရောက်ခဲ့ရပါတော့၏။

သော်မဆင်လမ်းအိမ်မှ ဝင်းလတ်ပြန်အလာကို စောင့်နေခဲ့ကြသော်လည်း ည ၉-နာရီ ကျော်သည့်တိုင် ဝင်းလတ်ကား ပေါ်မလာခဲ့၍ ...

"ကဲ ... အစ်ကိုလေး ပြန်မယ်မွေး ဒီကောင် အစ်ကိုလေးလက်က ပြေးမလွတ်ပါဘူးကွာ ... အဲ၊ တကယ်လို့ သူပြန်ရောက်လာရင်သာ အစ်ကိုလေးဆီ အကြောင်းကြားဖို့ မမေ့နဲ့ ...၊ ညီမလေးလဲ ပင်ပန်းလှပြီ အိပ်ချေအုံးတော့"

ညှော့ခံကြိမ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေရာက လက်တန်းပေါ်တင်ထားသော ဆေးတန်နှင့်ဆေးဘူးကိုကောက် ထ,လိုက်ရင်း ကိုအေးမြင့်က ပြောလိုက်ပါလေ၏။

ကိုအေးမြင့်၏ မျက်နှာမှာ နေလောင်ခံထားရသကဲ့သို့ ရဲလည်း ရဲနေသည်။ ရှမ်းလည်း ရှမ်းနေပါသည်။

မွေးမှာလည်း ကိုဝင်းလတ်အကြောင်းတွေ လျှောက်တွေးရင်း လောကကြီးနှင့် အဆက်ပြတ်လျက်ရှိရာမှ ကိုအေးမြင့်၏ စကားကြောင့် သတိတရားပြန် ဝင်လာရသလို ...

"အစ်ကိုလေး ပြန်လို့ဖြစ်ပါ့မလား၊ အစ်ကိုလေး ပြန်သွားပြီးမှ သူရောက်လာရင် မွေးနဲ့ရန်ဖြစ်ရမှာတော့ သေချာတယ်။

သူ့မျက်နှာကိုမြင်ရင် မွေး ဒေါသကို မွေး ထိန်းနိုင်မှာမဟုတ်ဘူး။ သူကလဲ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တန်းကျတော့ အလျှော့ပေးမှာမဟုတ်ဘူး။ အို ... ညီမလေးကို တစ်ယောက်ထဲ ပစ်မထားခဲ့ပါနဲ့ အစ်ကိုလေးရယ်။ သူ သူ ... ညီမလေးကို သတ်ပစ်လိမ့်မယ်"

"အစ်ကိုလေးတစ်ယောက်လုံး ရှိပါသေးတယ် ညီမလေးရာ။ ဒီလောက်လဲ တွေးကြောက်နေစရာ မလိုပါဘူး။ ငါ့ညီမကို သူ ထိရဲရင်ထိကြည့်ပေါ့။ အစ်ကိုလေး နုပ်နုပ်စင်းပစ်လိုက်မယ် သိလား ...။

ဒီတော့ ... သူပြန်လာရင်သာ အိန္ဒြေမပျက်နေလိုက်ပြီး အစ်ကိုလေးကို အသိပေး။ အစ်ကိုလေး လာဖြေရှင်းပေးမယ်။ တကယ်လို့ ပြန်မလာတဲ့တိုင်အောင် ရုံးဖွင့်တဲ့နေ့ကျတော့ တွေ့ကြရမှာပဲ။ အဲဒီနေ့မရောက်ခင်အထိတော့ သည်းညည်းခံရမှာပေါ့ကွာ။ သန်ဘက်ခါ ရုံးဖွင့်ပြီဆိုတာနဲ့ အစ်ကိုလေး ရှေ့နေဆီ သွားကြပြီး ကွာရှင်းဖို့စီစဉ်မယ် ဟုတ်ပလား"

"တကယ်လို့ သူက ညီမလေးကို မပြတ်နိုင်ဘူးဆိုရင်ကော ..."

"မပြတ်ချင်လို့ ဘယ်ရမလဲကွ ... ညီမလေးဘက်ကသာ သူ့ကို ရှေ့ဆက်မပေါင်းနိုင်တော့ဘဲ အကြောင်းအချက်ခိုင်လုံအောင် ပြနိုင်ရင် ပြီးတာပဲ ဥစ္စာ"

သည်တွင် မွေးတွေဝေသွားရာမှ တစ်စုံတစ်ခုကို သွားစဉ်းစားမိလိုက်ဟန်ဖြင့်

"ဒီလိုဆို ဒီလိုလုပ်ရင်မကောင်းဘူးလား အစ်ကိုလေး ... သူပျောက်နေတယ်လို့ ဂါတ်တဲသွားတိုင်ထားလိုက်မယ်လေ။ အဲဒီတော့ ဂါတ်တဲက သူ့ကိုလိုက်ရှာလို့ — သူနဲ့ သူ့ကောင်မကို ကားနဲ့အတူဖမ်းမိခဲ့မယ်ဆိုရင် ညီမလေးတို့အနေနဲ့ အပိုင်ပေါ့ ... သူနောက်မီးလင်းတာကို လက်ပူးလက်ကြပ်မိလိုက်တာပဲ — မကွာချင်ဘူးလို့ သူလဲ ဘယ်ငြင်းနိုင်တော့မလဲ ..."

"ညီမလေး အကြံကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ နောက်ဆုံးအနေနဲ့ အစ်ကိုလေး မေးချင်တယ်၊ ညီမလေး သူ့ကို သိပ်ပြတ်ချင်နေတာပဲလား ... ဟင်"

"ညီမလေးကိုယ် ညီမလေးအသိဆုံးပါ အစ်ကိုလေး ... မပြတ်လို့မဖြစ်တော့ဘူးပဲ ထင်တယ်လေ ..."

"ဒါဆိုရင် ညီမလေး အကြံအတိုင်း ဂါတ်တဲသွားဖို့ပဲရှိတော့တာပေါ့။ အဲ — ဟိုရောက်ရင် ဝင်းလတ်ပျောက်နေတဲ့အကြောင်းသာ ပြောနော်။ ပြီးတော့ — မင်းနဲ့ သူတွေ့ဖို့ တယ်လီဖုန်းနဲ့ သေသေချာချာ ချိန်းထားတာပဲပြော။ ကောင်မလေးတစ်ယောက်နဲ့ တွဲထွက်သွားတယ်ဆိုတာတော့ ချန်ထားဖို့ ... မှ နဲ့။ ဒါဆို တို့လိုချင်တဲ့အကွက် မရောက်ဘဲ ဖြစ်သွားအုံးမယ်။ အဲ သူတို့ကို ထားနဲ့ပါတ်ပေးထားလိုက်ရင် သူတို့အနေနဲ့ ခြေရာခံလိုက်နိုင်မှာပါကွာ"

"စိတ်ချပါ ... အစ်ကိုလေးရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



သို့ထားလို ညောင်းလာရိုက်ပြီးသည့်အဆုံးတော့။ ကိုအေးမြင့်နှင့် မွေးတို့လည်း သူတို့အိမ်နှင့် မနီးမဝေးရှိ ဗိုလ်တထောင်ရဲဌာနရှိရာသို့ ဖောက်စ်ဝက်ဂွမ်းကားလေးနှင့်ပင် ရောက်ခဲ့ကြရပါတော့၏။

ရဲဌာနရှေ့တွင် ဘီးလိမ့်ရုံမောင်းလာသော ကားလေးကို ထိုးရပ်လိုက်ပြီး ရဲဌာနအတွင်းသို့ ဝင်ခဲ့ကြသည့် သူတို့မောင်နှမအား ရဲစာရေးဖြစ်သူက ပျူပျူငှာငှာပင် ကြိုဆိုလက်ခံခဲ့ပါလေသည်။

ရဲစာရေး၏ စားပွဲနောက်နံရံတွင် "ကူညီပါရစေ"ဟူသော စာတမ်းကြီးရေးထိုးထားသည်ကိုလည်း တွေ့ရ၏။

"ထိုင်ပါခင်ဗျာ ... ရောက်လာတဲ့ကိစ္စကို အမိန့်ရှိပါ"

မွေးကလည်း မျက်ရည်လေးတစမ်းစမ်းနှင့် သူကြိုဆလာခဲ့သည့်အတိုင်း ကိုဝင်းလတ် ခုထက်တိုင် အိမ်ပြန်မလာဘဲ ပျောက်နေပုံကို အကြောင်းစုံရှင်း၍ တိုင်ချက်ဖွင့်ခဲ့လေတော့သည်။

မွေး၏ စကားအဆုံးမှာ ရဲစာရေးလူငယ်က လိုအပ်သည်များကို မေးမြန်းရေးမှတ်ပါ၏။ နာမည်၊ အသက်အရွယ်၊ ပုံပန်းသဏ္ဌာန်၊ ရုပ်ရည်လက္ခဏာစသည်ဖြင့်...

"အဲ ... သူ တယ်လီဖုန်းဆက်တော့ ဘယ်အချိန်ရှိပြီလဲ"

"သူ ဆက်တာမဟုတ်ဘူးရှင့်၊ ကျွန်မက သူ့ရုံးကို ဆက်တာပါ ..."

"ဟုတ်ပါပြီလေ ... ဘယ်သူပဲဆက်ဆက်ပေါ့၊ အမကြီးနဲ့သူ စကားပြောလိုက်ရတဲ့အချိန်ကို သိချင်လို့မေးတာပါ"

"၆–နာရီခွဲလောက်ရှိပါလိမ့်မယ်"

"အဲဒီအချိန်ကစပြီး သူနဲ့မတွေ့ရတော့ဘူး၊ အဆက်အသွယ်ပြတ်သွားတယ်ဆိုပါတော့"

သည်မေးခွန်းကို ဖြေဖို့အတွက် မွေးမနည်းကြီး ကြိုးစားရပါသည်။ တွေ့လျက်နှင့် မတွေ့ပါဟု ညာဖြေရမည်မဟုတ်ပါလား။

ဒါကြောင့်လည်း မွေးခမျာ နှုတ်ထွက်မရဲနိုင်အောင် ဖြစ်နေရသည်။ ကိုအေးမြင့်သာ အဖော်ပါမလာလျှင် သူ့အတွက် အခက်ကြုံရမည်မှာ သေချာပါ၏။ မွေးကိုယ်စား ကိုအေးမြင့်က ဝင်ဖြေပေးခဲ့သည်။

"မှန်ပါတယ် ... သူ့ကို ကျွန်တော်တို့လဲ သူသွားတတ်တဲ့နေရာမှန်သမျှ လိုက်ရှာတာနဲ့နေပြီ ... အိမ်လဲ ပြန်မလာဘူး၊ ကုမ္ပဏီရုံးကလဲ ပိတ်သွားပြီ။ ခါတိုင်းဆို ဒီအချိန်သူပြန်ရောက်နေကျပဲဗျ။ ဒီတစ်ခါသာ ထူးထူးဆန်းဆန်းဖြစ်လို့"

"တစ်နေရာတော့ ရောက်နေမှာပေါ့ အကိုကြီးရာ"

"ဒါတော့ ကျွန်တော်တို့လည်း ဘယ်သိမလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဆေးရုံတို့ဘာတို့ကော ဖုန်းဆက်မေးမကြည့်ဘူးလား"

"မကြည့်သေးဘူးဗျ ... ဘာပဲဖြစ်ဖြစ်ပေါ့လေ ... အဲဒီနေရာတွေကို ဒီက မိတ်ဆွေတို့အနေနဲ့ ပိုပြီးကျွမ်းကျင်ပေါက်ရောက်တယ်မှတ်လား၊ ကျွန်တော်တို့ အစား ဒီကပဲတာဝန်ယူစုံစမ်းပေးပါလို့ တောင်းပန်ချင်ပါတယ်။ အဲ အကြောင်းထူး ရှိရင်သာ ကျွန်တော့်အိမ်ကို တစ်နည်းနည်းနဲ့ အသိပေးစေချင်ပါတယ်။ ဟော့ဒီက ကာယကံရှင် ကျွန်တော့်နမလည်း ကျွန်တော့်အိမ်မှာပဲရှိနေမှာပါ။ ကျွန်တော့်ဖုန်း နံပါတ်နဲ့ အိမ်လိပ်စာယူထားလိုက်ပါ ... နော် ..."

ကိုအေးမြင့်က ဖုန်းနံပါတ်နှင့် ရွှေတောင်ကြားလမ်းအိမ်လိပ်စာကို ပေးထားခဲ့ ပြီး မွေးကို လက်ဆွဲလျက် ရဲဌာနထဲက ထွက်ခဲ့တော့သည်။ ကားပေါ်တက်မောင်း မိ၍ လမ်းတစ်ဝက်ကို ရောက်တော့မှ ...

"ကဲ ... ပြဿနာတွေ မပြေမလည်ချင်းတော့ အကိုလေးတို့နဲ့အတူ လာနေပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ပါ ... အကိုလေး ..."

"ပြီးတော့ ရဲအဖွဲ့က ညီမလေးကိုလာပြီး စစ်လားမေးလား လုပ်မယ်ဆိုရင် ရှေ့စကားနဲ့ နောက်စကားညီပစေနော်၊ တိုင်ချက်ဖွင့်ခဲ့တဲ့ အချက်တွေကို မမေ့စေ နဲ့ ... အရေးကြီးတယ် ..."

"စိတ်ချပါအကိုလေးရဲ့"

"သိပ်လဲ မခဲယဉ်းပါဘူးကွာ ... သူ့ကို ခုညဆယ်နာရီထိုးတဲ့အထိ စောင့်ဆေ မယ့် ပြန်မလာဘူး၊ တစ်ခုခုများဖြစ်နေမလားဆိုပြီး လိုလိုမယ်မယ် လူပျောက် လာတိုင်တယ်ပေါ့ ... အကိုလေးလဲ အတတ်နိုင်ဆုံး ဝိုင်းကူဖြေပေးမှာပေါ့။ အဲလိုဖြေမှပဲ၊ မင်းအနေနဲ့ သူ ဒီလိုဖောက်ပြန်နေတယ်ဆိုတာ လုံးဝမသိဘူးဆိုလေ ပိုပြီးလေးနက်မှုရှိလေပဲ မှတ် ..."

ကိုအေးမြင့်က မာကြောအေးစက်သော မျက်နှာထားမှ စကားတပြောပြောဖြင့် ကားကို ဂရုစိုက်မောင်းလာသည်။ မွေးကတော့ ကိုအေးမြင့်ဘေးတွင် အသာ ထိုင်ရင်း ခေါင်းတညိတ်ညိတ်လုပ်လာခဲ့ရပါသည်။ တကယ်စင်စစ် မွေးအတွက် ကိုအေးမြင့်၏ စကားတွေကို အာရုံမဝင်စားနိုင်အောင် တစ်စုံတစ်ခုသော စိုးရိမ်မှု ၏ ဖိစီးနှိပ်စက်ခြင်း ခံနေခဲ့ရသည်သာဖြစ်ပါ၏။ နောက်ဆုံး ... သည်စိုးရိမ်မှု သူ့ပါးစပ်မှ ပွင့်ထွက်လာရပါတော့သည်။

"အကိုလေး ..."

"ဆိုစမ်း ... ညီမလေး ... ဘာပြောဦးမလို့လဲ"

"မွေးတစ်ခုသွားတွေးမိလို့ပါ အကိုလေးရယ်၊ တခြားတော့မဟုတ်ပါဘူးသေ

www.burmeseclassic.com

www.burmeseclassic.com



ခုနရုံးမှာရေးလေးပြောခဲ့သလို ကိုဝင်းလတ်တစ်ခုခုဖြစ်ပြီး ဆေးရုံတွေ ဘာတွေများ ရောက်နေမလားလို့ပါ"

"ဆေးရုံရောက်နေရိုးမှန်ရင် ရဲဌာနကတောင် တို့ဆီလာပြောလိုက်ဦးမှာပေါ့ ကွ — နေစမ်းပါဦး၊ သူနဲ့မပေါင်းချင်တော့ပါဘူးဆိုတဲ့နောက် ဆေးရုံမကလို့ ရေခဲတိုက်ပဲရောက်ရောက် ညီမလေး ပူစရာလိုပါဦးမလားကွ ... ဒါပဲနော် — ရဲတွေဘာတွေနဲ့ ဆက်သွယ်ပတ်သက်ပြီးမှ အူကြောင်ကြောင်လုပ်မနေနဲ့တော့ —၊ အပြောတခြား အလုပ်တခြားဆိုရင်တော့ အကိုလေးနဲ့ အတွေ့ပဲ၊ ဒါနဲ့များ စောစောက ပြတ်မယ်လေး သတ်မယ်လေးနဲ့ ..."

"ပြတ်တာကတော့ ပြတ်ပါတယ် အကိုလေးရယ်၊ မွေးတွေးမိတာပြောပြတာ ပါ ... သူ့အကြောင်းဆိုးဆိုးကောင်းကောင်း မွေးခေါင်းထဲမှာမရှိတော့ပါဘူး"

မွေးသည် ကိုအေးမြင့်အား ကြောက်ကြောက်မို့ လိုက်လိုက်လျောလျော ပြောသာပြောလိုက်ရပါ၏။ တကယ်တမ်းအားဖြင့်တော့ မွေးရင်ထဲမှာ နောင်တရ သလိုလို မောင့်ကိုသတိရသလိုလို အို ... တစ်မျိုးကြီး။

အခက်အခဲအကြပ်အတည်းနှင့်တွေ့လျှင် အားလျော့စိတ်ပျက်သူတွေရှိသည်။ တချို့ကျတော့လည်း အခက်အခဲကြုံရလေ ဖွံ့ပိုကောင်းလေဖြစ်သည်။ ကိုဝင်းလတ် ကား ထိုတချို့ထဲတွင် ပါဝင်သော လူတစ်ယောက်ပါပေတည်း။

ဓာတ်လှေခါး ဓာတ်ကြိုးကြီးမှာ သူထင်သလို ကြမ်းပြင်အောက်တွင် လာ ဆက်မထားဘဲ နံရံတွင် မြှုပ်ထားကြောင်း သိလိုက်ရသောအခါတွင်လည်း စွန့်စားဖို့သာ ကြံခဲ့မိပြန်ပါသည်။ သူသည် တက္ကသိုလ်ကျောင်းသားဘဝထဲက အားကစားကို လိုက်စား၍ တောင်တက်၊ သစ်ပင်တက်ဝါသနာပါခဲ့သည်နှင့်အမျှ အခက်အခဲ စွန့်စားရသည်ကို နှစ်ခြိုက်ရသူတစ်ယောက်မဟုတ်ပါလား။

သူက အရေးပေါ်ထွက်ပေါက်ကြီးကို လက်နှစ်ဘက်နှင့်ခို၍ ဓာတ်လှေခါး အောက်ဆင်းလိုက်မိသည်။ တကယ်၍သာ မတော်တဆ ဓာတ်လှေခါးကြိုးပြတ်ကျ ခဲ့လျှင် သူ့ကို ပိပြီးပုပြားသွားမည်မှာတော့ မလွဲပါချေ။ ဒါကို တွေးကြောက်ပြီး ထိုင်နေမည်ဆိုရင်ကော သူ ဒီသံကွန်ချာကြီးထဲက လွတ်လမ်းရှိပါတော့မလားလို့။ ထို့ကြောင့်လည်း ကိုဝင်းလတ်သည် အရေးပေါ်ထွက်ပေါက်နှုတ်ခမ်းကို လက် ချောင်းလေးတွေနှင့် ကုပ်ကိုင်ပြီး ဓာတ်လှေခါးအောက်တွင် တွဲလောင်းကြီး ခိုထားရာမှ ဓာတ်ကြိုးကြီးမည်ထင်ရသော နံရံများဆီသို့ ခြေနှင့်လှမ်းခတ်ဖို့ ကြိုးစားနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး ရှေ့တည့်တည့်ကို ခြေစုံလွှဲ၍ စမ်းထောက်ကြည့်မိသည်။ သူမျှော်လင့်သည့် ခတ်ကြိုးလုံးကြီးကားမရှိ။ သို့ပေမယ့် ... ကိုယ်ကို အချိန်ယူလွှဲလိုက်ရသည့်အတွက် ထွက်ပေါက်နှုတ်ခမ်း ခတ်လှေခါးကြမ်းပြင်ကို ကုတ်ကိုင်ထားရသော လက်တစ်ဖက်မှာ လွတ်ထွက်သွားမလိုဖြစ်သွား၏။ ဒီတခါတော့ သွားပြီလို့ ထင်လိုက်ရသည်။

အောက်ဆုံးထပ်သို့ ဒုတ်ဒုတ်ထိကျ၍ ဇွေဇွေညက်ညက် ကြေရတော့မည်ဟု သူ့ကိုယ်သူတွက်ဆလိုက်မိသည်။ ကံကောင်းထောက်မစွာပင် ကျန်လက်တစ်ဖက်နှင့် ဆက်ထိန်းထားနိုင်ခဲ့သလို လွတ်သွားသော လက်ကိုလည်း ပြန်ကိုင်ထားလိုက်နိုင်သည်။

သူ့မျက်နှာပြင်မှာ ချွေးဒီးဒီး ရွှဲလာရပါတော့၏။ သူ့ရင်ထဲအသည်းထဲမှာ တူကြီးတစ်ချောင်းနှင့် အဆက်မပြတ် အထုခံနေရသော ပေတုံးကြီးပမာ တဒုံးဒုံးမြည်နေခဲ့ရပါသည်။ ကြောက်ရွံ့ခြောက်ခြားမှု ပျောက်သွားသည့်အထိ သူစောင့်နေရပါသေးသည်။ အသက်မှန်မှန်ရှူနိုင်ပြီဆိုတော့မှ လေးထောင့်ကွက် အရေးပေါ်ထွက်ပေါက်တစ်ဘက်သို့ လက်နှစ်ဘက်ပြောင်းကိုင်လိုက်မိသည်။ ထိုအခါ ဘယ်ဘက်ဘေးဘက်ကို မျက်နှာမူလျက်သား ဖြစ်သွားရတော့၏။

သည့်နောက် ... လက်ကိုမြဲမြဲအောင် ကိုင်ဆုတ်ကုတ်ထားလိုက်ပြီး ကိုယ်ကိုတဖြည်းဖြည်းလွှဲ၍ ခြေထောက်ကို ရှေ့ဆန့်ထုတ်လိုက်ပြီး ခြေထောက်နှစ်ဖက်စလုံးကို ကားလျက် ဟိုရမ်းဒီရမ်း စမ်းခတ်မိသည်။ သည်တစ်ခါလည်း ခတ်ကြိုးကြီးရယ်လို့မတွေ့၊ ကွေးထားသော ခါးကိုသာ ပြန်ဖြောင့်၍ တွဲလောင်းကြီးပြန်ရှိနေလိုက်ရသည်။

သူ့လက်တွေက ညောင်းလာပြီဟု စကားပြောလာသည်။ အသက်ရှူကလည်း ကြပ်လာသည်။ အုတ်တိုက်အနံ့သည် လှောင်ပိတ်၍ ဆိုးဝါးလွန်းလှပါ၏။ ရှေ့ဆက်လို့ လွယ်မည်မဟုတ်တော့။ သူလည်း အပေါ်ပြန်တက်၍ ခတ်လှေခါးကြမ်းပြင်ပေါ် လျောင်းအိပ်အနားယူနေလိုက်ရပြန်သည်။ သည်အတွင်း ... မွေးနှင့်ညားခါစက ပျော်ရွှင်ကြည်နူးခဲ့ရသော ဘဝကို သွားသတိရ မြင်ယောင်မိပါသေး၏။ ဦးခင်ငွေနှင့် တောင်တက်ဂျိုက်ကြီးကိုတော့ သူတမင် မေ့ထားခဲ့ပါသည်။

အတော်လေးကြာ၍ အားသစ်ခွန်သစ်ပြည့်လာပြီဆိုတော့ အရေးပေါ်ထွက်ပေါက်ထဲမှ ခတ်လှေခါးအောက်ကို တွယ်ဆင်းခဲ့မိပြန်သည်။ နောက်တစ်ကြိမ်ထပ်ကြိုးစားဦးမယ်ရယ်လို့ပေါ့။ သည်တခါတော့ ... တက်ကတည်းက လက်နှင့်တိုင် မှတ်ထားခဲ့သည့်အတိုင်း ဒုတိယအကြိမ် ခြေထောက်လှမ်းခတ်စဉ်က ဘေးတိုက်ကျခဲ့သော ဘယ်ဘက်နံရံကို မျက်နှာပြု၍ဆင်းခဲ့သည်။ သည်လိုမှတ်ချက်

www.burmeseclassic.com



အလွန်အသည်း ရှာငြီးသောဘက်ကို ထပ်ရှာနေမိပေလိမ့်မည်။ မှောင်ထဲတွင် သူသည် ဘာကိုမှမမြင်ရလောက်အောင် ဦးတည်ချက်ပျောက်နေရသည် မဟုတ်ပါလား။

သို့နှင့် တတိယအကြိမ် တတိယဘက်နံရံကို ခြေထောက်နှင့်စမ်းခဲ့ရာမှ ခဏအကြာမှာပင် သူသည် အားရပါးရ ကျုံးအော်မိမတတ် ဝမ်းသာသွားရသည်။ သူ့ရှူးဖိနပ်ဦးတစ်ဖက်က တစ်စုံတစ်ခုကို သွားခတ်တိုက်မိသောကြောင့်ပဲ ဖြစ်ပါ၏။ သူ ခတ်မိလိုက်သော အရာဝတ္ထုလှုပ်သွားကြောင်းလည်း တဆက်တည်း သူသိလိုက်သည်။ ခေါက်ကြိုးကြီးမှလွဲ၍ ဘာဖြစ်ပါဦးမည်နည်း။ ဟုတ်တယ် — ခေါက်ကြိုးမှ ခေါက်ကြိုး။ ရော်ဘာပိုက်လုံးစွပ်ထားတဲ့ ခေါက်ကြိုးကြီးပါ။

သူသည် လက်အံ့သေစပြုလာသည့်ကြားမှပင် ကိုယ်ကိုလွဲ ခေါက်ကြိုးကြီးကို ခြေထောက်နှင့် ချိတ်မိရန် ကြိုးစားမိသည်။ သူ့ခြေကျင်းဝတ်တွင် ချိတ်မိပြီဆို ပြန်တော့ တဖြည်းဖြည်း ခြေထောက်ကို ပြန်ရုတ်ရသည်။ ခေါက်ကြိုးကြီးကို ခြေခေါက်တွင် ချိတ်လျက်အပါဆွဲယူမိသည်။ ခေါက်ကြိုးလုံးကြီးကလည်း မပါချင် ပါချင်နှင့် ပါလာရသည်။

ထို့နောက် ခြေထောက်မှာ ချိတ်ပါလာသည့် ခေါက်ကြိုးကို သူ့ကိုယ်လုံးနှင့် ဆွဲလိမ်ထားလိုက်သည်။ ခေါက်ကြိုးကြီးက သူ့ပေါင်ရင်းမှ တစ်ပတ်ရစ်သွား၏။ နောက်တစ်ဆင့်အနေဖြင့် အရေးပေါ်ထွက်ပေါက်နှုတ်ခမ်းကို ကိုင်ထားသော လက်ကလေးများအား ခေါက်ကြိုးလုံးသို့ ပြောင်းကိုင်ဖို့ပဲရှိတော့၏။

အမှတ်တမဲ့နှင့် အားတက်သရောပင် ထွက်ပေါက်နှုတ်ခမ်းခေါက်လေ့ခါးကြမ်း ပြင်ပေါ်မှ ဘယ်လက်ကိုလွှတ်၍ ခေါက်ကြိုးလုံးကြီးဆီသို့ ရုတ်တရက် လှမ်းလိုက်မိသည်။

ကိုယ်ဟန်အနေအထား ရွေ့ပျက်သွားသဖြင့် ခေါက်ကြိုးလုံးကြီးက သူ့ကိုယ်ကို ရစ်ပတ်ထားရာမှ လျှောထွက်သွားသည်။ သူ့ကိုယ်လုံးလည်း တစ်ပတ်လည်ထွက် သွားရပြီး ယိမ်းခါသွားသည်။ သို့နှင့်တပြိုင်နက် သူ့ရင်ထဲမှာ ဟာသွားရသလို မှောင်ကြီးထဲဖြစ်ပါလျက် မျက်စိမှိတ်ထားလိုက်မိသည်။ ပါးစပ်ကတော့ အော်မိ အော်ရာ "အမလေး မွေးရယ်" ဟု အော်လိုက်မိသည်။

သူ့ဦးနှောက်တွေ ပွင့်ထွက်သွားပလား အောင်းမေ့လိုက်ရသည်။ သူသည် လျှပ်တပြက်စာမျှ သတိလက်လွတ်ဖြစ်သွားရသည်ဘဲဆိုပါတော့။ သူ့ကိုယ်သူလည်း အသက်မရှိတော့ဘူးဟု ထင်မှတ်နေလိုက်သည်။ သို့ပေမဲ့...သူ့အသိတရား ပြန်ပေါ် လာသောအခါတွင်မှ ခေါက်ကြိုးလုံးကြီးနှင့် တွယ်ကပ်လျက်သား ဖြစ်နေကြောင်း တွေ့လိုက်ရ၏။ ကံကောင်းလို့ ငါအသက်ရှင်နေပါလားဟု ဆင်ခြင်သုံးသပ်လိုက် မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ သူသည် အပေါ်မှလက်လွတ်ပြီး ဓာတ်ကြိုးလုံးကြီးကို ကြောက်အားလန့်အား အမိဆွဲဖမ်းဖက်ထားလိုက်ခြင်းကြောင့်သာ အသက်ချမ်းသာ ရခဲ့ခြင်းဖြစ်ပါ၏။ သို့မဟုတ်လျှင် ပြောင်းပြန်ဇောက်ထိုး၊ ဇက်ကျိုး ဒူးပြုတ်၊ အဆုပ်ကွဲ မျက်လုံးထွက်၊ အရိုးအက် အသည်းကြေ အမလေး မတွေးရဲစရာကြီး ပါလား။

ကိုဝင်းလတ်သည် အသက်ကို အနိုင်နိုင်လုရင်းမှ ဓာတ်ကြိုးလုံးကြီးကို အသေဖက်လျက် မလှုပ်မယှက် နားနေမိသေး၏။ တိုတောင်းမြန်ဆန်လှသော သူ့အသက်ရှူသံသည် အုတ်တိုက်ခေါင်းတိုင်ကြီးထဲတွင် ဟိန်းနေ၏။ ပဲ့တင်ထပ်နေ၏။ ကြောက်မက်ဖွယ် သူ့ကမ္ဘာကျဉ်းလေးထဲမှ လန့်စရာတမျိုးပင် ဖြစ်ခဲ့တော့ သည်။

စိတ်ခြောက်ခြားမှု အရှိန်ပြေလုပြီဆိုတော့မှ ဓာတ်ကြိုးလုံးကြီးကို ပေါင်ကြား ညှပ်၍ လက်နှစ်ဘက်နှင့်တွယ်ပြီး ... လျှောဆင်းခဲ့မိသည်။ သူ့စိတ်ကူးထဲ ကြိုးလုံးမှ လျှောဆင်း၍ အောက်ခြေကိုရောက်သွားလျှင် ဓာတ်လှေခါး အဝင်တံခါး ကို ဖွင့်ထွက်မည်။ မိန်းခလုတ်ကြီးဆီသွား၍ မီးဖွင့်လိုက်မည်။ ဒါဆိုလျှင် ဓာတ်လှေခါးလည်း အလိုလိုအပေါ်ထပ်တက်သွားမည်။ သူက အုတ်လှေခါးမှ လိုက်တက်သွားပြီး သူ့ရုံးခန်းထဲဝင်၍ တောင်တက်ချိတ်ကြိုးကို ဖြုတ်ယူလာမည်။ ဓာတ်လှေကား စီးဆင်းမည်။ နောက် ဓာတ်မီးပြန်ပိတ်၊ တံခါးမကြီးသော့ကို ဖျက်ထွက် အိမ်ပြန် ဘယ်လောက်များ အဆင်ပြေလိုက်သလဲလို့ ...။

အသက်ချက်ကျကျရှုရင်း တစ်ထစ်ချင်း တစ်ထစ်ချင်း လျှောဆင်းခဲ့ရာမှ စိတ်ကူးအယဉ်ကြီးယဉ်လာခဲ့မိ၏။ လူကြံလျှင် ဘာခံနိုင်ပေမည်နည်း။ လပေါ် ရောက်၍ ပင်လယ်အောက်ဆင်းနိုင်သော လူသားတွေထဲမှာ လူတစ်ယောက်အနေနဲ့ ဘာမဟုတ်တဲ့ ဓာတ်လှေကားထဲက ထွက်ဖို့များ ခဲယဉ်းစရာရှိသလား ...။

လူသားတစ်ယောက်၏ စွမ်းပကားကား ကြီးမားအံ့သြဖွယ်အတိရှိသည်သာ မဟုတ်ပါလော။ ကြည့်လေ ... ဖွဲ၊ စိတ်အကြံနှင့် အားမာန်သတ္တိပေါင်းလိုက်သည်မှာ အောင်ပွဲရပြီး ဒုက္ခလွတ်မြောက်ပေတော့မည်။

ဗြုန်းဆို ...

ရုတ်တရက် ...

ဟိုက်ခနဲ ...

ပြီးတော့ ... အထိတ်တလန့်နှင့် ကမန်းကတန်း ဆင်းလက်ရပ်လိုက်ပြီး ဓာတ်ကြိုးလုံးကို တောက်တဲ့ကပ်ပြန်ကပ်ထားလိုက်မိသည်။ ဓာတ်လှေခါးတိုင် အောက်တွင် ဓာတ်ကြိုးလုံးကြီး တွဲလောင်းခွေအိကျနေသည်ကို မြင်ယောင်မိလိုက်

www.burmeseclassic.com



သောကြောင့်ပင်ဖြစ်ပါသည်။ သည်အဖြစ်ကို သူ့အကြိမ်တစ်ရာမက မြင်ခဲ့ဖူးသော်လည်း လုံးဝမေ့ပျောက်နေခဲ့ရာက ခုမှသတိရလိုက်မိခြင်းလည်းဖြစ်ပါ၏။

ထိုအခါ ...

ဓာတ်လှေခါး ဘယ်အထပ်မှာရပ်သွား၍ သူဘယ်လောက်အမြင့်မှာ ရောက်နေသလဲဆိုတာကို အရေးတကြီး သုံးသပ်ရပါလေတော့သည်။ ဓာတ်လှေခါးသည် နှစ်ထပ်မရောက်ခင်မှာပင် ရပ်သွားလေသလား နှစ်ထပ်နှင့် သုံးထပ်ကြား (ဒါမှမဟုတ်) သုံးထပ်နှင့် လေးထပ်ကြားမှာပဲ ရပ်ခဲ့ရလေသလား ...

အကယ်၍ ... ဓာတ်လှေခါးနှစ်ထပ်မရောက်ခင်မှာ ရပ်နေသည်ဆိုပါက ဓာတ်ကြိုးခွေကြီးသည် မြေကြီးနှင့် သိပ်ဝေးတော့မည်မထင်။ သုံးထပ်နှင့် လေးထပ်ကြားတွင် ရပ်နေခဲ့ရပါမူ ကြိုးခွေကြီးသည် သုံးထပ်လောက်အထိသာ အိကျနေရပေလိမ့်မည်။

မှောင်ကြီးထဲမို့ အမှန်အတိုင်းတော့ သူ မသိခဲ့ပါချေ။ သူ သိသည်က နံရံလေးဘက်ပိတ် အကျဉ်းတိုက်ကြီးထဲမှ သက်ရှင်လွတ်မြောက်ဖို့သာလျှင်ဖြစ်၏။ သည်တော့ သူ ဘာလုပ်ရပါမည်နည်း။ မျက်စိမှိတ်ခုန်ချလိုက်ရကောင်းမလား။ ခုန်ချလို့ မြေကြီးနှင့်နီးရင်တော်ပါရဲ့၊ သုံးထပ်လောက်ဝေးနေရင် မခက်ပေဘူးလား။

သုံးထပ်လောက် ဝေးနေရိုးမှန်ပါက သူ့ကြိုးစားမှုကို လက်လျှော့ရဖို့သာရှိတော့သည်။ နေဖို့ထက် သေဖို့ကလွယ်ပါသည်။ သူလွတ်မြောက်ရေးအတွက် စိုင်းပြင်းနေရသည်ကလည်း မသေချင်လို့နေချင်လို့သာဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် သူက လက်တွေ့စမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။ စွန့်လက်စနှင့် မထူးတော့ပါဘူးလေ။

ပထမ ... သူ့ကိုယ်သူ မြေပြင်ထက်မှ ပေအနည်းငယ်အကွာတွင် ရောက်နေပြီလို့ အယုံသွင်း အားတင်းထားလိုက်သည်။ သည့်နောက် ... ဓာတ်ကြိုးအဆုံး အိကျပြီး ခွေတက်သွားသော နေရာရောက်အောင် လျှောဆင်းလိုက်သည်။ ထိုမှ တစ်ဖန် ကြိုးခွေအဆုံးကို လက်တန်းဆွဲ၍ အောက်ဆင်းတွဲလောင်းချပြီး ခြေစမ်းထောက်မိပြန်သည်။ မြေကြီးပေါ်တွင် ခြေထောက်ကို မီနိုးမျှော်ကိုးလျက် ...

ခြေဖျားလေးထိအောင် ထောက်စမ်းကြည့်ပေမယ့် မြေကြီးနှင့်တူတာ အမာခံဘာမှမရှိ။ လေထဲမှာပင် ဝဲနေရသေးသည်။ သို့ ... ဝဲနေရလင့်ကစား မြေကြီးနှင့် တစ်ပေတစ်လက်မလောက်သာ ကွာချင်ကွာနေပေရှေမည်။ မြေကြီးကို ထောက်မိဖို့ တစ်ပေလောက်သာ လိုချင်လိုပေတော့မည်၊ တောက် ... အသည်းယားစရာကောင်းအောင် ဆိုးလိုက်တဲ့ ငါ့အဖြစ်ရယ်။

ကိုဝင်းလတ်က မခံချိမခံသာ ညည်းတွားရင်း ခုန်ချလိုက်ရကောင်းမလား

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်မိသည်။ တုံးတိုက်တိုက် ကျားကိုက်ကိုက် သေသေကြေကြေ ခုန်ချလိုက်ပါလား။ ဟင့်အင်း မမြင်ဘဲနဲ့ ရမ်းသမ်းခုန်ချရမယ်ဆိုတာ မိုက်ရူးရဲရာ ကျလွန်းပါတယ်လေ၊ မခုန်ချရဲပါဘူး၊ မတော်လို့ သုံးထပ်လောက် အမြင့်ရောက် နေရင် ဘယ်နဲ့လုပ်မလဲ။

ဘယ်သူမဆိုသူများအသက်ကို ပြုံးပြုံးလေး သတ်ရဲရက်ပေမဲ့ ကိုယ့်အသက် သေရမှာကျတော့ နည်းနည်းဖြစ်ဖြစ်ကြောက်ကြတာပဲ သို့နှင့် ... ကိုဝင်းလတ် လည်း နွယ်ဒါန်းသဖွယ် ခတ်ကြိုးလုံးအခွေကြီးကြားတွင်ႈ တွယ်တက်ပြန်ထိုင် နေမိပါတော့၏။ စိတ်ပျက်ဝမ်းနည်းရင်းဖြင့် သူ့အသက်ကို နမျောမိသည့်အဆုံး တော့ ခတ်ကြိုးလုံးကြီးတလျှောက် ခတ်လှေခါးထဲအရောက် ကြိုးစားပမ်းစား ပြန်တက်ခဲ့ရပါလေတော့သည်။

အရေးပေါ်ထွက်ပေါက်မှ အင်းစိုက်အားစိုက်ရုန်းတက်၍ ခတ်လှေခါးထဲ ပြန်ရောက်ခဲ့ရသော အချိန်၌ သူ့လက်ဝါးပြင်နှစ်ဖက်လုံးမှာ သွေးချင်းချင်းနီနေခဲ့ရပါ လေပြီ၊ ထို့အတူ သူ့တကိုယ်လုံး ချွေးချောင်းစီးလျက် လျှာတစ်လစ်ထွက်နေခဲ့သည်။ ခတ်လှေခါးကြမ်းပြင်ပေါ်သို့ သူ့ကိုယ်သူဆွဲတင် ဒူးထောက်ရောက်လိုက်သည်နှင့် တပြိုင်နက် လေးဘက်ပစ်ကျသွားရပါ၏။ မျက်လုံးတွေ ပြာမိုက်ပြီး တုန်တုန်ရီရီ နှင့် သတိလစ်မတတ်ဖြစ်နေခဲ့ရသည်။

ရေငတ်သည်။ ပြီးတော့ ... ထမင်းဆာရမှန်းလည်း သိလာသည်။ ဆာလောင် မွတ်သိပ်ခြင်းဝေဒနာသည် ကိုဝင်းလတ်အား အလစ်ဝင်စီးခဲ့ပြန်ပါချေပြီ။ မောဟိုက် ပင်ပန်းအားပြတ်လာရသည့်အထဲ ရေငတ်ထမင်းဆာခြင်းက အနှုဝဲစွဲကိုမှ သူ့ခိုးဘာ ထောင်းလိုက်သေးဆိုရမလိုပါကလား။

ကိုဝင်းလတ်သည် သူ့ကျောကင်နှင့် လက်ဆွဲအိတ်ကြီးချထားခဲ့ရာ အခန်းထောင့် ကို ကိုယ်ကိုလိုမ့်၍ ကပ်လာခဲ့မိသည်။ စားစရာတစ်ခုတစ်လေများ မတော်တဆ ထည့်လာမိလေသလားဟု မရှိမှန်းသိလျက် မျှော်လင့်ချက်ဖြင့် လက်ဆွဲအိတ်ကြီးကို ရှာမိသည်။

ငွေတွေ ...၊ လေးထောင်ကြီးများတောင်ရှိတဲ့ ငွေစက္ကူတွေ၊ ဒါပေမဲ့ — ဒီစက္ကူတွေက ကိုက်စားလို့မှမရတာ၊ ဘာအသုံးကျတော့မှာလည်း၊ အလကား စက္ကူစုပ်တွေ။ ဒင်းတို့ကြောင့် ငါလူသတ်ခဲ့ရတာဘဲ၊ တကယ့်တကယ်ကျတော့ ဘာမှတန်ဖိုးမရှိတဲ့ အလကား စက္ကူစုပ်တွေ၊ ငွေ ... ငွေ ... ခုနေသာ ရေ တစ်ပေါက်လောက် ထမင်းတစ်လုပ်လောက်ရမယ်ဆိုရင် ဒီငွေတွေနဲ့ လဲပစ်လိုက် ချင်စမ်းပါရဲ့. အို ... ဒီအခြေ ဒီအချိန်မှာ ဒီငွေတွေအားလုံး ပုံပေးတောင် ရေတစ်ခွက်ထမင်းတစ်လုပ် ရဖို့မလွယ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com


မြသရ — မောင့်ကို ချစ်တယ်ဆို၊ ခုတော့ မောင့်ကို လာမကယ်နိုင်တော့ဘူး လား ဟင်၊ တကယ်တော့ မင်းအတွက် မောင် ဒီဒုက္ခတွေ ခံနေရတာပါ။ မင်းနဲ့ စိတ်ချမ်းသာ လက်ချမ်းသာ ရှေ့ခရီးကို လျှောက်ရအောင်ဆိုပြီး ဒီစာတ်ကိုကခဲ့တာ ... ပြဿနာကောင်ကြီးကို အပြတ်ရှင်းခဲ့တာပါ၊ ဒါတွေကို မင်းသိချင်မှသိမယ်၊ မသိတဲ့အပြင် မောင်ပြန်မလာရကောင်းလားဆိုပြီး အထင်လွဲ စိတ်ဆိုးချင်ဆိုးနေဦးမှာ။

မိန်းမ ... ကောင်းကျိုးမပေးတဲ့ မိန်းမတွေ၊ အသုံးမကျတဲ့ ငွေ။ ငွေနဲ့ မိန်းမနဲ့ အချစ်ဆိုတာ တစ်ဂိုဏ်းထဲပဲ၊ ငြိုလ်ဆိုးတွေ၊ သူတို့အတွက် အလကား သက်သက် ငါမိုက်ခဲ့ရှုးခဲ့ရတာ သွားမကြားချင်ဘူး၊ စားစရာပဲ လိုချင်တယ်၊ ဟင်း ... အိတ်တစ်ခုလုံးနံ့နေပြီ၊ စားစရာဆိုလို့ဘာမှမပါ၊ နောက်ဆုံး မစား ရရင်နေပါစေ ... စီးကရက်လေး ဘာလေးသောက်ရရင် ဟာ ... စီးကရက်၊ စီးကရက်က ငါ့ဂျာကင်အိတ်ထဲမှာ ရှိသေးတယ်လေ ...

ကိုဝင်းလတ်က ဝမ်းသာအားရနှင့် ဂျာကင်အင်္ကျီကိုလက်နှင့် လိုက်စမ်းရှာမိ ပြန်သည်။ နောက် ... ဂျာကင်အင်္ကျီကို ကြမ်းပေါ်တွင်ဖြန့်၍ စီးကရက်ဘူးကို အလုအယက်နှိုက်မိပြန်သည်။ အစီခံနှင့် ကပ္ပတိန်ဆယ်လိပ်ဝင်ဘူးကို တုန်တုန် ရီရီနှင့်နှိုက်ထုတ်မိသည်။ နှစ်လိပ်ပဲသောက်ရသေးတာဆိုတော့ ကျန်သေးတယ်၊ ရှစ်လိပ်ကြီးများတောင် ကျန်သေးတယ်၊ ရုံးဖွင့်တဲ့ မနက်ထိ ချွေတာသောက်ရမှာ ပေါ့၊ ဒါလေးနဲ့ပဲ ငါအသက်ဆက်ရမယ်လေ၊ လောလောဆယ်ဆယ် တစ်လိပ် တော့ သောက်လိုက်ဦးမှ ...

သူက အငမ်းမရဖြစ်ရင်း ကတုန်ကရင်းနှင့် စီးကရက်ဘူးလေးကို ဖွင့်ဖို့ကြိုး စားသည်။ သွေးချင်းချင်းနီအောင် ဖူးဖူးယောင်ထုံကျင်နေသော သူ့လက်တွေက စီးကရက်ဘူးလေးကိုမှ မကိုင်နိုင်တော့။ စီးကရက်ဘူးလေးက သူ့လက်ထဲမှ ခုန်ထွက်ကျသွားသည်။ မှောင်နှင့်မည်းမည်းကြားမှာပင် စီးကရက်ဘူးလေးကို ဟိုစမ်းဒီစမ်းရှာရသည်။ လိုချင်လို့ရှာပါသည်ဆိုကာမှ ... စီးကရက်ဘူးကို လက်နှင့် သွားတွန်းလျက်သားဖြစ်သွားသည်။ စီးကရက်ဘူးလေးက ကြမ်းပြင်တွင် လျှောတိုက်လွင့်စင်ပြီး ... အရေးပေါ်ထွက်ပေါက်ထဲသို့ ကျသွားသည်။

သူက လိုက်ဖမ်းဖို့ကြိုးစားသည်။ ဒါပေမဲ့ နည်းနည်းလေး နောက်ကျသွား သည်။ ကြမ်းပေါက်နှုတ်ခမ်းကိုသာ ဖမ်းမိလိုက်သည်။ သူ့ခမျာ အံ့အားသင့်၍ ဝမ်းနည်းပက်လက်ဖြစ်သွားရပါသည်။ ဖြစ်မှဖြစ်ရလေ ဝင်းလတ်ရယ်၊

ယူကြုံးမရ နှမြောတသခြင်းနှင့်အတူ သူက ငိုင်ကျန်ရစ်ခဲ့သည်။ အသက် ပင်မရှူနိုင်လောက်အောင် ငြိမ်ကျသွားရသည်။ သို့နှင့်မခြား ... ဟိုးအဝေးကြီး

www.burmeseclassic.com

www.burmeseclassic.com



အောက်ကို စီးကရက်ဗူးလေး ခေါက်ခနဲ ကျသွားသံလေးအား သိသိသာသာ ကြားလိုက်ရသည်။

သည့်နောက် ... ထို့နောက် ... ငှင်းနောက်တော့။

သူ့မျက်လုံးမှ မျက်ရည်တွေ တစ်ပေါက်ပေါက်ကျခဲ့ရရှာပါတော့သည်။

သည်ကြားထဲမှ ခတ်လေ့ခါးကြမ်းပြင်ကြီးကို လက်သီးတွေနှင့် တဒိုင်းဒိုင်း ထုနေမိခဲ့သည်။ ပါးစပ်ကလည်း ရှိုက်ကြီးတငင် ငိုကြွေးရင်းဖြင့် ...

စိတ်အား လူအား လျှော့ပစ်လိုက်သည့်အဆုံး၊ ကြမ်းပြင်ပေါ်တွင် ဝမ်းလျား ထိုးပစ်လဲ၍ သတိလစ်သွားခဲ့ရာမှ၊ ကမ္ဘာလောကကြီးတစ်ခုလုံး သွက်သွက်လည် ကာ အမှောင်ကြီးမှောင်ကျသွားရပါတော့သည်။

စော်ဘွားကြီးကုန်း တစ်နေရာမှ ထမင်းနှင့် တည်းခိုဆိုင်အပေါ်ထပ်တွင်...

ကိုဝင်းလတ်၏ ကားလေးကို ခိုးလာခဲ့ကြသော သောင်းထိုက်စိုးနှင့်မေသကြာန် တို့မှာလည်း...

တစ်ယောက်ကို တစ်ယောက် ဖက်လျက်သား၊ ကိုဝင်းလတ်ထက် နှစ်ဆ အမှောင်ကြီးမှောင်ခဲ့ရသည့်အမှောင်ထဲမှာ အိပ်မောကျနေကြပါလေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၉ |

သောင်းထိုက်စိုးနှင့် မေသင်္ကြန်တို့သည် အမှောင်ထဲဝယ် လွတ်လွတ်လပ်လပ်ကြီး ဖက်အိပ်နေခဲ့ရာမှ၊ သန်းခေါင်ကျော်လောက်တွင် တစ်ရေးတစ်ခါနိုးသည်။

တကယ်တော့ ...

သောင်းထိုက်စိုးက အရင်နိုးနေခဲ့ပါသည်။ သူ့ကို ကားခိုးမှုဖြင့် ဖမ်း၍ကြိုးပေးသတ်သည်ဟု အိပ်မက်မက်ရာမှ လန့်နိုးခဲ့ရခြင်းပဲ ဖြစ်ပါသည်။

နောက်တော့ ... ပြန်အိပ်လို့မရအောင် မျက်လုံးတွေ ကြောင်နေမိသည်။

မနက်လင်းလျှင် ကားပြင်၍ ခေတ်ဆီထည့်ရမည့်ကိစ္စ၊ တည်းခိုခပေးဖို့အရေး၊ မေသင်္ကြန်၏ ကိုယ်ဝန်ပြဿနာ ... တွေကို တွေးရင်း စိတ်မောနေရသည်။

သို့ရှိနေစဉ် ...

တစ်ဖက်ခန်းမှ တီးတိုးလှုပ်ရှားသံများက သောင်းထိုက်စိုး၏ သောတအာရုံထဲသို့ အမှတ်မထင် ဝင်လာသည်။

ထို့ပြင် ... နံရံကာပျဉ်ချပ်ကိုဖောက်ထွင်း၍ သူတို့ကုတင်ပေါ်သို့ ထိုးကျလာသော အလင်းစက်အလင်းပျောက်ကလေးများကလည်း သူ့မျက်စိအာရုံကို နိုးဆွပေးခဲ့ပါလေ၏။

တစ်ဖက်ခန်းမှလူသည် ညကြီးသန်းခေါင် မီးထွန်းပြီး ဘာတွေထလုပ်နေပါလိမ့် ...

သောင်းထိုက်စိုးလည်း သိလိုစိတ်ကြွခဲ့လေသည်နှင့်၊ သူ့ကိုဖက်ထားသော မေသင်္ကြန်၏ ရင်ခွင်ထဲမှ အသည်အသာ ရုန်းထွက်ပြီး ဒူးထောက်ထကာ

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်တိုးဝင်လာရာ နံရံအပေါက်ကလေးတစ်ပေါက်မှ ထချောင်းကြည့်မိတော့သည်။

ဤသည်တွင် …

စိတ်ဝင်စားစရာကောင်းသော မြင်ကွင်းအချင်းရာတစ်ရပ်ကို သောင်းထိုက်စိုး မြင်ခဲ့ရပါတော့၏။ မမျှော်လင့်ခဲ့သော မြင်ကွင်းတစ်ရပ်လည်း ဖြစ်ပါ၏။

ထိုမြင်ကွင်းသည်ကား …

လူတစ်ယောက်၊

ဒါမှမဟုတ် … အဖိုးကြီးတစ်ယောက်လို့လည်း ခေါ်နိုင်သည်။

မှန်ပါသည်။ အသက်ခြောက်ဆယ်ခန့်ရှိပြီး ခပ်ညှက်ညှက်ရှိသော သူတို့လို ညှိုသည်အဖိုးကြီးတစ်ယောက်။

ဟာစ်တလာနှုတ်ခမ်းမွေးနှင့် ထိုအဖိုးကြီးက သူတို့ဘက်နံရံကို ခေါင်းပြုထားသော ကုတင်ထက်တွင် သားရေသေတ္တာလေးတစ်လုံးကိုဖွင့်လျက် … သူ့ပစ္စည်းတွေကို ရှင်းလင်းစစ်ဆေးနေသည်။

သည့်ထက်ရှင်းရှင်းဆိုရပါက … သေတ္တာအတွင်းရှိ အဝတ်ရုံ့အိတ်ငယ်လေးတစ်ခုကို ထုတ်ယူပြီး၊ ထိုအိတ်ထဲမှ ပြောင်ပြောင်လက်လက် ရောင်စုံအလုံးလေးများကို သူ့မျက်စိအောက် ဖြူဖွေးသော မွေ့ယာခင်းပျဉ်ပေါ်တွင် အစီအရီတင်လျက် ရေတွက်စစ်ဆေးရင်း ပီတိဖြစ်နေခြင်းပါပေတည်း။

သောင်းထိုက်စိုးကား သည်နေရာမျိုးတွင် ပို၍ အကင်းပါးပြီး မျက်စိလျှင်တတ်ပါသည်။

မြင်လိုက်သည်နှင့် မိုးကုတ်ကျောက်တွေဆိုတာ တန်းသိလိုက်ပါသည်။ ဘယ်ဟာက ပတ္တမြား၊ ဘယ်ဟာက နီလာ၊ ဘယ်ဒင်းက ကျောက်စိမ်းဆိုသည့် အထိပင် ရွေးမိပြီးဖြစ်သွားသည်။

လုပ၍ အရည်အသွေးကောင်းလှသလောက် အဖိုးထိုက်လှသော ကျောက်ကလေးများပဲ မဟုတ်ပါလား။

ဧကန္တတော့ အဖိုးကြီးသည် ကျောက်ကုန်သည်လော။ ကျောက်ပွဲစားလော။ တစ်ခုခုတော့ ဖြစ်ပေလိမ့်မည်။ အဖိုးကြီးအနေနှင့်လည်း သူ့ကျောက်တွေကိုသာ မဲ၍ ရေတွက် ပီတိဖြစ်နေသဖြင့် သောင်းထိုက်စိုး ချောင်းကြည့်နေသည်ကို လုံးဝ ဂရုမပြုမိဟန်ရှိပါ၏။

သို့သော် … သောင်းထိုက်စိုးက ဝအောင်ကြည့်ပြီး အပေါက်မှ မျက်နှာပြန်ခွာလိုက်မိသည့်တွင် …

မသက်နိုင်နိုးနေသည်ကို တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသကြန်က မျက်လုံးလေးအဝိုင်းသားနှင့် ပုံ့ပုံ့လေး ထထိုင်လိုက်ရင်းမှ ကျယ်တကျယ် မေးမြန်းလိုက်သည်။

"ကိုစိုး ... ဘာကြည့်"

*သောင်းထိုက်စိုးက မေသကြန်ကို ရှေ့ဆက်အသံထွက်ခွင့်မပေးတော့ဘဲ ပါးစပ်ကို လက်ဝါးနှင့် ကဗျာကရာ လှမ်းပိတ်လိုက်သည်။*

ပြီးတော့ ... နှုတ်ပိတ် ငြိမ်ငြိမ်နေရန် မျက်လုံးအမူအရာများနှင့် ပြောပြလိုက်သည်။

မေသကြန်က ပထမတွင် နားမလည်သလို လူးလွန့်လှုပ်ရှားနေရာမှ၊ သဘောပေါက်သွားသည့်နောက် ငြိမ်နေလိုက်ပါသည်။

အခြေအနေ အေးဆေးသွားပြီဆိုတော့မှ ... ပိတ်ထားသော ပါးစပ်ကို ခွင့်၍ ဖမ်းဖက်ထားရာမှ လွှတ်ပေးလိုက်သည်။

နောက် ... မွေ့ရာပေါ်သို့ ဖြည်းဖြည်းသာသာ ပက်လက်လှန်အိပ်ချခဲ့သည်။

မေသကြန်ကလည်း သူ့ဘေးတွင် ယှဉ်အိပ်လာသည်။ ပါးချင်းထပ် နားဝကပ်၍ လေသံမျှနှင့် ...

"ဟိုဘက်ခန်းမှာ ဘာဖြစ်နေလို့လဲ ဟင် ... ကိုစိုး"

သောင်းထိုက်စိုးက ရုတ်တရက် ပြန်မဖြေ။ သူ့အတွေးနှင့် သူ ရှိနေသည်။

"မေ့ကိုလည်း ဖြေစမ်းပါဦး ကိုစိုးရယ် ... ကိုစိုး သဲသဲမဲမဲချောင်းကြည့်တာ ဘာတွေတွေ့ခဲ့ရတယ်ဆိုတာ"

မေသကြန်က သိလိုဇောဖြင့် တဖွဖွဂျီတိုက်ခဲ့သည့်အဆုံး သောင်းထိုက်စိုးလည်း ...

"အဖိုးကြီးတစ်ယောက်ထဲရှိနေတာ တွေ့လို့ပါကွာ"

"အဲ့ဒါများ ဘာဆန်းတာလိုက်လို့ မေတို့လို တည်းခိုခန်းလာတည်းတဲ့ ဧည့်သည်ပဲဖြစ်မှာပေါ့၊ စောစောက ဟိုအဒေါ်ကြီးတွေကလည်း သူတို့ဖောက်သည် ဧည့်သည်တစ်ယောက်ရှိတယ်လို့ ပြောခဲ့သားပဲ ဥစ္စာ"

"အဲ ... သူပဲဖြစ်လိမ့် မေ၊ ဒါပေမဲ့ အဲဒီအဖိုးကြီးက မိုးကုတ်က ကျောက်ကုန်သည်တစ်ယောက်ပဲကွ"

"ဟင် ... အဲဒါ ကိုစိုးက ဘယ်လိုသိလိုက်ပါလိမ့်"

"သူ့ကျောက်တွေကို အထုပ်ဖြေ ဖွင့်ကြည့်နေတာ ကိုစိုးမြင်ခဲ့ရတယ်လေ၊ သူ့ဆီမှာ ကျောက်တွေ တော်တော်များများ ပါလာပုံရတယ်၊ ဒီတော့ ငွေလည်း နည်းနည်းပါးပါးရှိမှာ မဟုတ်ဘူး သေချာတယ်"

"သူ့ရှိတာ ကိုစိုးနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နားဝေးလိုက်ပါလား မေရယ် ... ကိုစိုးတို့မှာ စရိတ်ပြတ်နေတာ မေ့သွားပလားလို့ ...၊ သူ့အဆင်ကြည့်ရတာ တော်တော်နဲ့ ပြန်အုံးမယ့်ပုံမပေါ်ဘူး ကျောက်တွေ ထုခွဲရောင်းဖို့ တစ်ရက်နှစ်ရက်တော့ နေလိမ့်မယ်ထင်တယ်"

သည်တော့မှ မေသကြၤန် နားလည် အကွက်မြင်သွားရှာပြီး ခတ်မဆိတ်လေး ငြိမ်ကျသွားပါတော့၏။ သူလည်း စိတ်ပါဝင်စားလာရဟန်ဖြင့် လေသံကို အရင်ထက်ပိုနှိမ့်၍ ...

"ဒီတော့ ... ကိုစိုးက ဘယ်လိုလုပ်မယ် ကြံမိသလဲလို့"

"အေး ... ကိုစိုးလဲ ဒါပဲစဉ်းစားနေတာ"

"သိပ်လည်း လောဘမကြီးပါနဲ့အုံး ကိုစိုးရယ် ... မေတို့ ကားတစ်စီးလုံး ရထားတာလဲ ရှိနေတယ်မဟုတ်လား၊ ကားကိစ္စ မရှင်းသေးဘဲနဲ့ ပြဿနာထပ်ပွေးနေအုံးမယ်နော်"

"ဒါကြောင့်မို့ မင်းတို့မိန်းမတွေကို အသိမပေးချင်တာပေါ့ကွ၊ ပြောလိုက်ရင် အမြဲ ကပျက်ယပျက်လုပ်ပြီ၊ ကဲ ... ဟိုဘက်နည်းနည်းရွှေ့ လူချင်းခွာ နေစမ်းပါကွာ၊ ပွတ်သီးပွတ်သပ်နဲ့ အကြံတွေ ဉာဏ်တွေ ဘယ်ရောက်ကုန်မှန်းတောင် မသိတော့ဘူး ..."

"ဟင်း ... သူတို့ယောကျ်ားတွေဟာ ဒီလိုပဲ။ ကပ်ချင်ရင်လဲ သူတို့ ခွာချင်ရင်လဲ သူတို့။ ကပ်ခွာတွေ ..."

မေသကြၤန်က ငြူငြူဆူဆူလေးပြောလိုက်ပြီး ကျောခိုင်းအိပ်နေလိုက်သည်။ သောင်းထိုက်စိုးကလည်း မဲ့ပြုံးပြုံးရင်းနှင့် မေသကြၤန်၏ ပြောင်ချောနေသော ကျောပြင်နှင့် တင့်အဝိုက်အဝန်း၊ ပေါင်တံလုံးလုံးလေးတို့၏ ပကတိအလှကို တစိမ့်စိမ့်ကသိဏ်းရှုလျက် အကြံတွေ ဉာဏ်တွေ ထုတ်နေလိုက်ပါ၏။

ခဏအကြာမှာပင် ...

သောင်းထိုက်စိုးက မေသကြၤန်အား မျက်နှာချင်းဆိုင် ဆွဲလှည့်၍ တစ်လုံးတစ်ပြားတည်းကပ်နေအောင် ဖက်ထားလိုက်ရင်း နှစ်ကိုယ်ကြားကလေး —

"ကိုယ့်အကြံအစီအရ ပထမဆုံးအဆင့်အနေနှင့် မနက်မိုးလင်းရင် ဆိုင်ရှင် အဖွားကြီးလင်မယားကို ကိုယ်တို့နက်ဖြန်တစ်ရက် ထပ်နေအုံးမယ်လို့ ပြောလိုက်ဖို့လိုတယ် အဲဒီအတွက် အကြောင်းပြချက်ကတော့ သူတို့ဆီမှာ အေးဆေးလှတာ လပ်တာမို့ စိတ်ကြိုက်တွေ့နေတယ်၊ ကိုယ်ကလဲ နည်းနည်းအဖျားဝင်မလို့ နားချင်တယ် ... ညကျမှ ခရီးဆက်သွားမယ်ပေါ့၊ ဒီလိုမှပဲ ကျောက်ရှာကိုယ့်ဖို့ အခွင့်အရေးရမှာမဟုတ်လား"

"ကျောက်ထုပ်ကို ဘယ်နည်းနဲ့ ကိုစိုးက ယူမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ပိုင်ရှင်အဖိုးကြီးအလစ် ဝင်ဖြောင်မှာပေါ့ကွ ... ဟိုဘက်ဒီဘက်ခန်းကြားက ဖျော်ထရုံတွေက အဆုံးမှမရှိတာ၊ ကန့်ရုံလေးကန့်ထားတာ မမြင်ဘူးလား၊ ကျော်ဝင်ကျော်ထွက် အလွယ်ကလေးပဲ အဲဒီလိုဝင်နေတုန်း မေ့တာဝန်က အခန်းတံခါးက အရိပ်အခြေသွားစောင့်ဖို့ပဲ၊ အမှန်တော့ အခုတောင် ဝင်လုဖို့ကောင်းနေတာ၊ ဒါပေမဲ့ ... ဝင်လုရင် ပြဿနာက သေးမှာမဟုတ်ဘူး၊ ဖြောင်တာပဲ အန္တရာယ်ကင်း အေးရှင်းပါတယ်ဆိုပြီး ကြံရတာ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်မှာ သေနတ်ကြီးတစ်လက်လုံးရှိနေမှ ဘာမှ ပူစရာတော့ မလိုပါဘူး"

"အလစ်ဝင်ဖြောင်မယ်ဆိုပြီး သေနတ်ကြီးသုံးဖို့ လိုသေးလို့လား ကိုစိုးရဲ့၊ သေနတ်သုံးရင် အားလုံးသိကုန်မှာပေါ့"

"အဲ ... သေနတ်က ဒီကိစ္စမှာ ခြောက်ရုံလှန့်ရုံလောက် သုံးရမှာပါကွာ ... ကိုယ် ဒီနေ့ထက်ထိ လူမသတ်ရဲသေးသလို သတ်ဖို့လဲ ကြိုးစားမှာတော့ မဟုတ်ပါဘူး ... ကိုယ့်မှာ ဒီပြင်လုပ်စရာတွေ အများကြီးရှိသေးတယ်၊ လူသတ်ပြီး ထောင်ထဲတော့ သွားအချိန်ဖြုန်းမနေနိုင်ဘူးလေ၊ ဒီအတွက် စိတ်သာချ ... ဘာမှမပူနဲ့ ..."

"ဒါနဲ့ ... ကားခတ်ဆီတိုင်ကီပေါက်နေတာကော ဘယ်လိုလုပ်မလဲ၊ ခတ်ဆီထည့်ဖို့ကရော ..."

"ဒါတွေလဲ ကိုယ်မနက်ကျတော့ အခြေအနေအရ ကြည့်စီစဉ်မှာပေါ့ကွာ... ကျောက်တွေသာ လွယ်လွယ်ရလို့ကတော့ ကားကို မက်စရာမရှိတော့ပါဘူး၊ အေး ... လိုအပ်လာရင်တော့ ဆိုင်ရှင်ကြီး ဦးဖိုးထောင်ကို ပိုက်ဆံပေးပြီး တိုင်ကီအပေါက်ဖာခိုင်းလိုက်ပေါ့ကွာ ... သူ့ဆီမှာ ဂျိုင့်တို့ခဲတို့တော့ရှိမှာပေါ့ ... အပေါက်ကလည်း သိပ်ကြီးမှာတော့ မဟုတ်ပါဘူး ... အဲ ... တစ်ခုသတိထပ်ပေးရအုံးမယ်၊ အဖိုးကြီးအဘွားကြီးတွေနဲ့ တွေ့တဲ့အခါမှာ အတတ်နိုင်ဆုံး မျက်နှာလွှဲထားနော် ... ရုပ်တွေကို သူတို့မမှတ်မိဖို့ အရေးကြီးတယ် ... ပြောစရာရှိတာထက် ပိုမပြောနဲ့၊ အတတ်နိုင်ဆုံး ခတ်ကင်းကင်းနေ ... တို့အကြံအစည်အားလုံး အောင်မြင်တာနဲ့အမျှ မင်းနဲ့ငါ ဖြစ်ချင်တာတွေ ဖြစ်လာရမှာပဲ ... အေးကွာ ... ဒီရက်ထဲကို တို့ ကံ ထနေတယ်ထင်ပါရဲ့ အကြီးအကျယ် လာဘ်တိုက်နေတာပဲလေ ... ကားတစ်စီးလုံးရမယ့်အပြင် ခု ကျောက်တွေကို ပိုင်ပေါက်တွေ့နိုင်ပြန်ပြီ ဘာပဲပြောပြော ကားခတ်ဆီခမ်းပြီး ဒီရွာမှာ ရပ်သွားတာပဲ ကျေးဇူးတင်ရအုံးမယ် ... ကဲ ... ကိုယ့်အကြံအစီက ဘယ့်နှယ့်လဲ ကျေနပ်တယ် သဘောတူတယ်မဟုတ်လား"

"အိုး ... ကိုစိုး ကောင်းမယ်ထင်သလိုသာ လုပ်ပါ ... မေကတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးနောက်က လိုက်ကူညီမှာပဲ၊ ကိုစိုးလုပ်သမျှ ဘယ်တုန်းကကော ကန့်ကွက်ဖူး
တယ်လို့ရှိလဲ"

"အဲဒီလို အားကိုးရလို့ ဒီဟာလေးကို ချစ်ရတာ"

"ဟင့်ကွယ် ... ကဲလိုက်တာ"

တဖြည်းဖြည်းနှင့် တိုးတိုးသဲလေးများ ပြန်ပျောက်သွားသည်။

မကြာမီ မိုးလင်းပေတော့မည်။

.....

မနက်မိုးလင်း၍ မကြာမီ ကိုအေးမြင့်၏ ရွှေတောင်ကြားလမ်းနေအိမ်သို့
လူတစ်ယောက်ရောက်လာသည်။ ထိုသူသည် အသက် ၃၀–ကျော်ခန့်ရှိ ညိုညို
မောင်းမောင်း ကျားကျားယားယားပင်ဖြစ်၏။ အဝတ်အစားတွေကိုလည်း ဘိုဆ
ဘတ်သီဝတ်ထားသည်။

ကိုယ်တွင် ထင်ရှားသော အမှတ်အသားအနေနှင့် ဘယ်ဘက်နှုတ်ခမ်း
မေးဖျားအထိ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုရှိသည်။ သူ့တစ်ကိုယ်လုံးကို
ခြုံကြည့်လျှင် ထောင်ထွက်လူဆိုးကြီးတစ်ယောက်လို့ပဲ ထင်ရပါသည်။ သို့သော်
... သူ့ကိုယ်သူ စုံထောက်ရဲမှူး ဇော်ဦးဟု မိတ်ဆက်လာခဲ့သည်။

ကိုအေးမြင့်နှင့် မွေးတို့ ယုံကြည်အောင် ရဲအဖွဲ့ဝင်တစ်ယောက်ဖြစ်ကြောင်း
သက်သေခံကဒ်ပြားကိုလည်း ထုတ်ပြသည်။

ပြီးတော့ ... ဘောင်းဘီထဲမှ မှတ်စုစာအုပ်လေးကိုထုတ်ရင်း ...

"လူပျောက်တိုင်ထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဒီအိမ်လိပ်စာနဲ့ ဆက်သွယ်ရမယ်
ဆိုလို့လာတာပါဗျာ။ ပျောက်နေသူ ဦးဝင်းလတ်ရဲ့ဇနီးဒေါ်မွေးမွေးဆိုတာ အခု

"ကျွန်မပါဘဲရှင် ... အထဲကို ကြွပါအုံး"

"ကဲ ... အေးအေးဆေးဆေး အထဲဝင်ထိုင်ပါ၊ အားမနာပါနဲ့"

မွေးက ထိတ်ပြာတုန်လှုပ်စွာ အဖြေပေးလိုက်သည်နှင့်တဆက်တည်းသော
ကိုအေးမြင့်၏ စကားအဆုံးတွင်၊ ညှော့ခံဆိုဖာကြီးများတွင် သုံးပွင့်ဆိုင် မျက်နှာချင်း
ဆိုင် ထိုင်မိကြတော့သည်။

"ဦးဝင်းလတ် ပျောက်နေတဲ့အကြောင်းကို မနေ့ည ၁၀–နာရီ မိနစ် ၄၀
မှာ ကျွန်တော်တို့ ဗိုလ်တထောင်ရဲဌာနကို ဒီက ဒေါ်မွေးမွေးတို့ လာတိုင်
တယ်နော်"

"ဟုတ်ပါတယ်ရှင် ... သူ အခုဘာဖြစ်လို့လဲ၊ သူ့ကို ဦးဇော်ဦးတို့ ရှာတွေ့ပြီ

www.burmeseclassic.com

www.burmeseclassic.com



ပလား။ ဒါမှမဟုတ် သေများသေသွားလို့လား။ အမှန်အတိုင်း သိပါရစေ၊ ပြောသာပြောပါ”

မွေးခများ တကယ်လည်း စိုးရိမ်ခြင်းကြီးစွာ ရင်တထိတ်ထိတ်ဖြစ်နေရပါလေသည်။ မွေး၏ အလျင်စလိုနိုင်လှသော မေးခွန်းပုစ္ဆာတွေကြောင့် ရဲမှူးကိုဇော်ဦးမှာ မျက်ခုံးနှစ်ဖက် ပင့်တက်သွားအောင် အံ့ဩလိုက်ရသည့်ကြားမှ ပြုံးပြုံးလေး။

“ကျွန်တော်က ခုမှ စီစစ်ချက်လာယူ စုံစမ်းရုံရှိပါသေးတယ်၊ ဒေါ်မွေးမွေးထင်သလို ဘာမှ အကြောင်းမထူးသေးပါဘူး။ ဒါနဲ့ မနေ့ညက ဒေါ်မွေးမွေးသူ့ကို နောက်ဆုံးမြင်လိုက်ရတဲ့အချိန်က ည ၆–နာရီခွဲနေပြီဆိုတာ၊ သေချာတယ်နော် ...”

“ဒီလိုလဲ မဟုတ်သေးဘူး ခင်ဗျ”

ကိုအေးမြင့်က ဆက်မပြောရခင် မွေးက ကဗျာကရာဝင်၍ ...

“ဟုတ်ပါတယ်၊ အဲဒီတုန်းက သူနဲ့ကျွန်မ ချိန်း ...”

မွေး၏ စကားကို ကိုအေးမြင့်က တဖန်ဖြတ်လုကာ ...

“ညီမလေး အသာနေစမ်း၊ အစ်ကိုလေး ပြောမယ်။ အမှန်ကတော့ ဒီလိုပါဦးဇော်ဦး ... ကျွန်တော့်ညီမဟာ သူ့ယောကျာ်းကို လုံးဝ တွေ့ခဲ့ရတာမဟုတ်ဘဲတယ်လီဖုန်းစကားပြောခဲ့ရရုံ ရှိခဲ့တာပါ။ မျက်မြင်ဒိဋ္ဌတွေ့တာနဲ့ တယ်လီဖုန်းပြောရတယ်ဆိုတာ အများကြီး ကွဲလွဲချက်ရှိတယ် မဟုတ်လား ဦးဇော်ဦးရဲ့ ...”

ဖြစ်ရပ်က မွေးသည် ကိုဝင်းလတ်အတွက် အထင်လွဲစိတ်အစား စိုးရိမ်စိတ်တွေ ဝင်နေခဲ့ရသည်မှာ ညကတည်းကဖြစ်ပါသည်။

ခုလိုစိတ်ပြောင်းခဲ့သဖြင့်လည်း ရဲတွေကို အမှန်အတိုင်းပြောပြီး အကူအညီတောင်းတော့မည်ဟု ကြံမိသည်။ ဒါကိုပင် မူလအစီအစဉ် ပျက်သွားမည်စိုးသောကိုအေးမြင့်က တားဆီးခဲ့မိသည်။ သည်လို သူတို့မောင်နှမ အလုအယက်တွေဖြစ်နေကြသည့်အတွက် ရဲမှူးကိုဇော်ဦးမှာ အံ့ဩ၍ နားမလည်နိုင်အောင် ရှိခဲ့ရတော့သည်။

“ကဲ ... ဖုန်းဆက်ခဲ့ရတယ်ပဲ ထားပါတော့၊ အဲဒီလို ဖုန်းဆက်ခဲ့ရတဲ့အချိန်မှာဦးဝင်းလတ်က ဘယ်မှာရောက်နေသလဲ”

“ပန်းဆိုးတန်း ငါးထပ်တိုက်ရုံးခန်းကြီးက သူ့ ဝင်းလတ်ထရေးဒင်းကုမ္ပဏီမှာပါ၊ စင်းကား စက်ဆိုင်သေး၊ မိုးပြာရောင်ပေါ်တယ်နဲ့ မျက်နှာချင်းဆိုင်ဒါလပတ်ဝီလမ်းနဲ့ ကုန်သည်လမ်းကြား ...”

ကိုဇော်ဦးက ထိုနေရာကို သူသိကြောင်းနှင့် ကိုအေးမြင့်ကို လက်ဝါးကာပြလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"နေပါအုံး ...သူက ညကြီးမင်းကြီးအထိတောင် အလုပ်လုပ်နေတုန်းပဲလား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့က ကုမ္ပဏီလုပ်ငန်းဆိုတော့ သူ့ထက်သာအောင် ကြိုးစားရတာကိုး။ ဒီလိုပဲ ရုံးပိတ်ချိန်နောက်ကျပါတယ်။ အထူးသဖြင့် တနင်္ဂနွေနေ့ ခံနေတဲ့ စနေညမျိုးနဲ့ ခုလို ရုံးပိတ်ရက်မတိုင်ခင်ရက်တွေမှာ သူအမြဲနောက်ကျ ပြန်ပါတယ်"

သည်တစ်ခါတော့ ကိုအေးမြင့်က မဖြေဘဲ မွေးက ဝင်ဖြေခဲ့ရခြင်းဖြစ်သည်။ ကိုဇော်ဦးကလည်း မွေးကိုသာ ဆက်မေးသည်။

"ကောင်းပြီ ... အဲဒီနောက်ပိုင်းကစပြီး သူ့ကို မတွေ့ရတော့ဘူးပေါ့"

"မှန်ပါတယ် ... သူပြန်လာမယ်ဆိုပြီး ပြန်မရောက်လို့ ရုံးကို လိုက်သွား တော့လဲ ရုံးတစ်တိုက်လုံး ပိတ်နေပြီ၊ သူ့ကားလဲ မရှိတော့ပါဘူး"

"ခုအချိန်အထိ သူ့ဆီက ဘာအဆက်အသွယ်မှမရဘူးလား —"

"ဟုတ်ကဲ့ရှင့် ... မရတော့ပါဘူး"

"အဲ ... သူ့မှာ မလိုမုန်းထားတဲ့သူတွေ၊ ရန်သူတွေ ရှိ၊မရှိဆိုတာတော ဒေါ်မွေးမွေး မသိဘူးလား"

"ဒါတော့ ကျွန်မလဲ ဘယ်ပြောတတ်ပါ့မလဲ၊ သူ့ပြောသံလဲ တစ်ခါမှ ကျွန်မ မကြားဖူးပါဘူး"

မွေး၏ စကားအဆုံးတွင် ကိုဇော်ဦးက မှတ်စုစာအုပ်လေးကို ပြန်ပိတ် သိမ်းထားလိုက်တော့၏။ ပြီးတော့ ... သူ့ဘောလ်ပင်လေးကို ချောက်ခနဲ ချောက်ခနဲနှိပ်လွှတ်လိုက် ကစားရင်း စဉ်းစားခန်းဝင်နေလိုက်သည်။ သည်အတွင်း ကိုအေးမြင့်က မေးလိုက်သည်။

"စိတ်တော့မရှိပါနဲ့ ကိုဇော်ဦး ... ကျွန်တော်သိချင်တာလေးရှိလို့ မေးပါရစေ အုံး ... ဒီလူပျောက်မှုမှာ ကိုဇော်ဦးအနေနဲ့ ဘယ်လိုဖြစ်လိမ့်မယ်လို့ ထင်သလဲဟ ကိုဇော်ဦးရဲ့ထင်မြင်ချက်လေးဘာလေး ပေးစမ်းပါအုံး ..."

"အချက်အလက် ဘာမှ ပြည့်ပြည့်စုံစုံ မရသေးတော့လဲ ပြောဖို့ခက်သား ကို ..."

"ကိုအေးမြင့်ပါ ... မွေးရဲ့အစ်ကိုပါပဲ"

"ကိုအေးမြင့်သိတဲ့အတိုင်း ခုမှအစပျိုးနေတုန်းမဟုတ်လား"

"ဒါဖြင့် ... ကိုဇော်ဦးတို့ဘက်က ခုထက်ထိ ဘာမှ မယ်မယ်ရရလုပ်ရသေး ဘူးပေါ့ ..."

"အဲ ... ဆေးရုံတွေနဲ့ ရဲဌာနတွေအားလုံးကိုတော့ ဖုန်းဆက်မေးမြန်းအကြောင်း ကြားထားပါတယ် ... ကိုအေးမြင့်၊ ဒီ့ထက်ကော လောလောဆယ် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်အုံးမှာလဲလို့ ... ဒေါ်မွှေးမွှေးတို့အိမ်လဲ လူကိုယ်တိုင်တစ်မျိုး ဖုန်းနဲ့တစ်မျိုး စုံစမ်းနေခဲ့ပါတယ်။ ကိုဝင်းလတ် ခုချိန်ထိတော့ ပြန်လာတာမတွေ့ရသေးဘူး ... ဒါနဲ့ သူ့ဓာတ်ပုံလေးဘာလေး မရနိုင်ဘူးလား ဒေါ်မွှေးမွှေး"

"ကျွန်မအိမ်မှာတော့ ရှိလိမ့်မယ်ထင်တယ်၊ လိုချင်ရင်တော့ သွားယူပေးပါ့မယ်"

"နေအုံးဗျ ... ကျွန်တော့်ဆီမှာတော့ သူ့ပုံတစ်ပုံရှိတယ်နဲ့တူတယ်၊ ကုမ္ပဏီမှတ်ပုံတင်အတွက် ကူးပေးထားတဲ့ လိုင်စင်ပုံပဲ ရှိအုံးမလားမသိဘူး ရှာကြည့်လိုက်မယ်၊ ခဏစောင့်နော် ကိုဇော်ဦး"

ကိုအေးမြင့်က သွက်သွက်ကလေးပင် နေရာမှထ၍ အိမ်ခန်းထဲဝင်သွားသည်။ ခဏအကြာမှာပင် ပြန်ထွက်လာသည်။ လက်ထဲမှာ ဓာတ်ပုံလေးတစ်ပုံပါလာသည်။ ပြီးတော့ ... ကိုဇော်ဦးအား ဆိုဖာကြီးတွင် ဝင်ထိုင်လိုက်ရင်းမှ ကိုဇော်ဦးအား ဓာတ်ပုံပေးလိုက်သည်။

"ဟောဒီပုံပဲ ဦးဇော်ဦး"

ကိုဇော်ဦး ဓာတ်ပုံကို ယူကြည့်နေစဉ် မျက်နှာချင်းဆိုင်မှ မွှေးကလည်း အလူးအလဲထလာပြီး ဓာတ်ပုံကိုလှကြည့်ခဲ့ရာမှ ...

"ဟင် ... ပုံကြီးက မကောင်းပါဘူး၊ တကယ့်ရာဇဝင်လူဆိုးကြီး ကျနေတာပဲ၊ ညီမလေးအိမ်မှာ ပုံကောင်းကောင်းရှိပါတယ် အစ်ကိုလေးရဲ့၊ သွားယူလိုက်ရင် ဘာကြာမှာလိုက်လို့ ဟောဒီက ကိုဇော်ဦးကလဲ ဗိုလ်တထောင်ပဲ ပြန်ရမှာပဲဥစ္စာ ..."

"ရှည်ရှည်ဝေးဝေး ပြောမနေစမ်းပါနဲ့ ညီမလေးရာ ... ဓာတ်ပုံဆိုရင်ပြီးရောပေါ့ ... ချောဖို့လှဖို့မလိုပါဘူး၊ လူရုပ်ပေါ်လို့ ဘယ်လိုပုံစံဆိုတာ သိဖို့ပဲအရေးကြီးပါတယ် မဟုတ်ဖူးလား ကိုဇော်ဦးရာ၊ ကဲ ... ကော်ဖီနဲ့မုန့် သုံးဆောင်ပါအုံး"

ရဲမှူး ကိုဇော်ဦးလည်း အတန်တန်ငြင်းသည့်ကြားမှ ... မငြင်းသာသည့်အဆုံးမုန့်စား ကော်ဖီသောက်ခဲ့ရပါတော့သည်။ သည်ကြားထဲမှ ကိုဝင်းလတ်၏ဓာတ်ပုံကို စားပွဲပေါ်ချပြီး မပြတ်အကဲခတ်ဝေဖန်နေပါလေသည်။ ကိုအေးမြင့်ပြောသလိုပင် ချောတာလှတာအားချိတ် ကိုဝင်းလတ်၏ ဓာတ်ပုံကို ရုပ်သဏ္ဍာန်အဓိကထားပြီး ကြည့်ရှုနေမိခဲ့သည်။

ကိုဝင်းလတ်၏ပုံမှာ မွှေးပြောသလောက် ရာဇဝင်လူဆိုးရုပ် ပေါက်မနေသော်လည်း လူကြီးလူကောင်းသိုက်သမား မြာဂျပွေရုပ်ကတော့ အထင်းသားပေါ်ပေါက်လေ၏။ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ရဲအရာရှိတစ်ယောက်အနေနှင့်လူ့ရုပ်လူ့သဘာဝကို ကောင်းကောင်းကြီး နှိုင်းယှဉ်အကဲခတ် သိလိုက်သည်မဟုတ်ပါလား။ ထို့ကြောင့်လည်း ကိုဇော်ဦးက ...

www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ စကားမစပ် ဒေါ်မွေးမွေးကို မေးပါရစေအုံး ... အားတော့နာပါရဲ့ဗျာ ... တခြားတော့ မဟုတ်ပါဘူး ကိုဝင်းလတ်ဟာ ဟို ... အဲ ... မိန်းခလေး မိတ်ဆွေတွေ ဘာတွေထားပြီး ရောရောဝင်ဝင်ရှိဖူးခဲ့သလားဆိုတာပါ"

မွေးအဖို့ ရဲမှူးကိုဇော်ဦး၏စကားကို နားလည်ခဲ့သည်နှင့်အမျှ အဖြေရခက်နေခဲ့ပါလေတော့သည်။ ကိုအေးမြင့်၏ မျက်နှာကိုသာ ကွက်ကြည့်ကွက်ကြည့် လုပ်ရင်း ဘာဖြေရမှန်းမသိ ဖြေနေမိသည်။

"ဘာဖြစ်လို့ ဒါကိုမေးရတာလဲ ဦးဇော်ဦး"

"ဪ ... ဒီလိုပါ ဒေါ်မွေးမွေး ... တချို့ယောကျ်ားတွေရှိတယ် မဟုတ်လား၊ အိမ်ကတစ်ရက်နှစ်ရက်ပျောက်သွားတယ်ဆိုပြီး သူ့မိန်းခလေးမိတ်ဆွေတစ်ယောက် ယောက်ဆီ အလည်ရောက်နေတတ်တာကိုး ..."

"ဒီလိုကွာ ညီမလေးရဲ့၊ ရှင်းရှင်းပြောရရင် ဦးဇော်ဦးသိချင်တာက ဝင်းလတ်မှာ အမြှောင်ထားဖို့ အငယ်အနှောင်းတွေများ ရှိသလားဆိုတာပဲ"

ကိုအေးမြင့်က ဝင်ထောက်ပေးလိုက်၍ ...

"အငယ်အနှောင်းတော့ ထားမယ်မထင်ပါဘူးရှင် အဲ ... မနေ့ညတယ်လီဖုန်း ပြောတုန်းကတောင် ရုပ်ရှင်သွားဖို့ သေသေချာချာ ပြန်တွေ့မယ်လို့ ချိန်းခဲ့သေးတာပဲ"

"ဒါပေမဲ့ ... ညီမလေး တစ်ခါကလားမသိဘူး၊ ပြောဖူးတယ်မဟုတ်လား၊ သူ့ကို မိန်းခလေးတစ်ယောက်နဲ့ မသင်္ကာ ..."

"အို ... အစ်ကိုလေးကလဲ ဘာတွေလျှောက်ပြောနေတာလဲ၊ မဆိုင်တာတွေ..."

"ဆိုသင့်သလောက်တော့ ဆိုင်ပါလိမ့်မယ်၊ ဒေါ်မွေးမွေး ကျွန်တော့်ကိုယုံကြည် စိတ်ချပြီး မထိန်မဝှက်ဖွင့်ပြောစေချင်ပါတယ်၊ ဥပမာ ... ဆရာဝန်တစ်ယောက်ကို ဖြစ်သမျှ အကုန်အစုံ မရှက်မကြောက် ပြောပြပါမှ သူကလည်းရောဂါရှာပြီး ဆေးချက်တည့်အောင် ကုသနိုင်မယ်မဟုတ်လား ... အဲဒီလိုပေါ့ ကျွန်တော့် အနေနဲ့ကလည်း သိသင့်သိထိုက်တဲ့ အချက်အလက်အားလုံး သိထားမှ၊ ထိထိ ရောက်ရောက် ဆောင်ရွက်အကူအညီပေးနိုင်မှာပေါ့၊ ကဲ ... ဦးအေးမြင့်ပြောတဲ့ မိန်းခလေးဟာ ဘယ်က ဘယ်သူလဲ ဒေါ်မွေးမွေးရဲ့ယောကျ်ားကို အချိန်မှီ ပြန်တွေ့ချင်တယ်ဆိုရင် ကျွန်တော့်ကို ပြောပါ"

"ကျေးဇူးတင်ပါတယ် ဦးဇော်ဦး ဒီလောက်ဆို ဦးဇော်ဦးရဲ့ ဝတ္တရားသိက် မီတဲ့ စေတနာပါနေတယ်ဆိုတာလဲ ကျွန်တော်သဘောပေါက်ပါတယ်၊ ကဲ — ညီမလေး ဘယ်သူဆိုတာ ပြောလိုက်လေ"

"ဟုတ်သလား မဟုတ်သလားတော့ မပြောတတ်ဘူးလေ သူ့ရုံးက လက်နှိပ်

www.burmeseclassic.com

www.burmeseclassic.com



စတ်ဓာရေးမလေးတစ်ယောက်ပါဘဲ၊ နာမည်ကတော့ သူဇာနွယ်တဲ့"

နှစ်ယောက်ညှပ်၍ တိုက်တွန်းခဲ့ကြသည့်အဆုံး၊ မထူးတော့ဘူးဆိုသည့်အနေနှင့် မွေးက ကိုဇော်ဦး သိလိုသည်ကို ပြောပြလိုက်တော့သည်။ ကိုဇော်ဦးကလည်း ကောက်မိသော အစကို လက်မလွှတ်တမ်းဆွဲလိုက်သည်။

"အဲ ... အဲဒီ သူဇာနွယ်ဆိုတာ ဘယ်မှာနေပါလိမ့် ဒေါ်မွေးမွေး"

"၃၄ လမ်းမှာဆိုလား နေတယ်တဲ့ ... အိမ်နံပါတ်တော့ တိတိကျကျမသိဘူး"

"ဟ ... ဒီလိုဆို ဘယ်သွားရှာလို့လွယ်မလဲ ညီမလေးရ"

"ဒါပေမဲ့ ... လမ်းထဲမှာ ဝင်မေးလိုက်ရင် သိတယ်ဆိုတာပဲ ..."

"၃၄–လမ်းဆိုတာတော့ ကျိမ်းသေပါလိမ့်မယ်နော်"

"ကျွန်မကတော့ ၃၄–လမ်းလို့ဘဲ ထင်ပါတယ် ဦးဇော်ဦး"

"ကိုင်း ... ဒါဖြင့်လဲ ကျွန်တော်တို့ အဲဒီကို သွားစုံစမ်းကြည့်တာပေါ့၊ ကျွန်တော့်မှာ ရဲကား အသင့်ပါလာပါတယ်၊ ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ကြပေါ့။

"ကောင်းသားပဲဗျာ ... ဟိုရောက်မှ ကျွန်တော်တို့ ကြုံသလိုပြန်ကြတာပေါ့၊ ကဲ ... အဝတ်အစားလဲပြီး လိုက်သွားကြစို့ ညီမလေး"

သို့နှင့် ... ရဲမှူး ဦးဇော်ဦး ခေါင်းဆောင်၍ ကိုအေးမြင့်နှင့် မွေးတို့လည်း သူဇာနွယ်အိမ်သို့ ရောက်ခဲ့ကြရပါလေသည်။ သူဇာနွယ်၏ အိမ်ကား သုံးထပ်တစ်လုံး၏ အပေါ်ဆုံးထပ် အခန်းတစ်ခန်းပင် ဖြစ်ပါသည်။ သူတို့လူစုအား သူဇာနွယ်ကိုယ်တိုင်က တံခါးလာဖွင့်ပေးခဲ့သည်။

သူဇာနွယ့် သွင်ပြင်သည် လေပြင်းမုန်တိုင်းထဲမှာ ဖြတ်သန်းပြေးလွှားခဲ့ရသူတစ်ယောက်လိုဖြစ်နေသည်။ မျက်နှာထားကလည်း မလုံမလဲနှင့် တအံ့တဩတွင် မကျေမချမ်းမှုလေးတစ်မျိုးရော၍၊ မွေးကိုပင် တစ်ခါမျှ မမြင်ဘူးသကဲ့သို့ စူးစူးဝါးဝါးကြည့်လျက် ...

တံခါးတစ်ခြမ်းသာ ဖွင့်ထားသော အခန်းဝတွင် ကိုယ်ကိုပိတ်ထားပြီး မသိမသာ တုန်သော အသံဖြင့် ...

"ဘာကိစ္စရှိလို့ပါလဲဟင် ... မမမွေး"

တစ်ခုခုကြောင့်သာ သူဇာနွယ် အမူအရာ ဒီလောက်ပျက်နေသည်ဟု မွေးက ထင်လိုက်မိသည်။ ထို့ကြောင့်လည်း ပြောမထွက်သလို ငိုင်၍သာ အကဲခတ်နေမိ၏။

သူ့အတူပင် ကိုအေးမြင့်ကလည်း မယုံသံသယပွားခဲ့ရာမှ သူ့ဘေးရှိ ရဲမှူးဦးဇော်ဦးအား အဓိပ္ပာယ်ပါပါ လှည့်ကြည့်လိုက်သည်။

စုံထောက်ရဲမှူး ဦးဇော်ဦးက သူ့ရှပ်အင်္ကျီအိတ်ထဲမှ အိုင်ဒင်တာကတ်ပြားလေးကို ထုတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်ဒင်တတီကဒ်ပြားလေးအဖုံးတွင် "ရန်ကုန်ရဲအဖွဲ့"ဟူသော စာလုံးနှင့် တံဆိပ်ကြီးကို မြင်လိုက်ရသော သူဇာနွယ်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားရသည်။

"ကျွန်တော် မိုလ်တထောင်ရဲဌာနက စုံထောက်ရဲမှူး ဇော်ဦးပါ၊ မသူဇာနွယ်နဲ့တွေ့ပြီး စုံစမ်းမေးမြန်းစရာလေးရှိလို့ပါ၊ ဒါနဲ့ ဒီအခန်းထဲမှာ မသူဇာနွယ်တစ်ယောက်ထဲပဲလားဟင်"

"အိုရှင် ... ဒီအခန်းထဲမှာ ကျွန်မနဲ့ ကျွန်မသူငယ်ချင်း ညီအစ်မနှစ်ယောက်နဲ့ မိန်းခလေးသုံးယောက်ထဲနေကြတာ ပတ်ဝန်းကျင်တစ်ခုလုံးက သိပါတယ်၊ ခုတော့ ... ကျွန်မသူငယ်ချင်းတွေ နယ်ခဏပြန်နေကြပါတယ်။ ဒီတော့ ကျွန်မတစ်ယောက်ထဲမရှိလို့ ဘယ်သူရှိအုံးမှာလဲ"

"ဒီလိုဆို ကျွန်တော်တို့ကို ဝင်ခွင့်ပြုပါ မသူဇာ၊ အေးအေးဆေးဆေး စကားပြောရအောင်"

ကိုအေးမြင့်က ဝင်၍ ခပ်ထန်ထန်လေသံနှင့် တောင်းဆိုလိုက်သည်။ တချိန်တည်း၌လည်း အခန်းထဲကို တိုးဝင်ရန် ဟန်ပြင်လိုက်သည်။ သူဇာနွယ်က ထံခါးဝမှ ဖယ်မပေးဘဲ လက်တားထားလိုက်ရင်း ...

"အို့ နေပါအုံးလေ ... ဒီအစ်ကိုက ဇွတ်အဓမ္မကြီးပါလား"

"ကျွန်တော်တို့ဟာ ဝတ္တရားအရ လာခဲ့ရတဲ့ရဲအဖွဲ့ဝင်တွေပါ မသူဇာနွယ်"

ဦးဇော်ဦးကလည်း လေးအေးကလေးနှင့် ဝင်ပြောလိုက်သည်။

"ရဲအဖွဲ့ဆိုတာတော့ သိတာပေါ့၊ ရဲအဖွဲ့ဝင်ဆိုတိုင်း ဝင်ခွင့်ပေးရတော့မလား ရှင့် ... ဒါ ကျွန်မအခန်း ကျွန်မ ကျေနပ်မှ ဝင်ခွင့်ပေးမယ်၊ ရှင်တို့ကိစ္စ ဘာမှန်းမသိရဘဲ အရမ်းကာရောတော့ ဝင်ခွင့်မပေးနိုင်ဘူး၊ ကဲ ... ပြောစမ်းပါအုံး မမမွေးရယ် ... ဘာဖြစ်လာတယ်ဆိုတာ"

သည်တော့မှ မွေးက ငိုသံပါလေးနှင့် ...

"မင်းဆရာကိုဝင်းလတ် ပျောက်နေလို့ပါကွယ် ..."

သူဇာနွယ် မျက်နှာပျက်သွားသည်။ လက်ဝါးနှင့်ကာလျက် ပါးစပ်ကလေး အဟောင်းသားဖြစ်သွား၏။ ကိုဇော်ဦးက အပေါ်ကြယ်သီးပြုတ်နေသော သူဇာနွယ်၏ ရင်ပုံကို သိသိသာသာကြည့်လိုက်ပြီး ...

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး မသူဇာနွယ်ကို စစ်ချင်လို့ပါပဲ ... ... မနေ့ညက မသူဇာနွယ်ဟာ ကိုဝင်းလတ်ကို နောက်ဆုံးတွေ့လိုက်ရတဲ့သူပဲလို့ ကျွန်တော်တို့ သိထားရတယ်မဟုတ်လား ..."

သည်တော့မှ ... သူဇာနွယ်က နောက်ကိုတစ်ချက်ပြည့်ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အင်တင်တင်နှင့် နောက်ဆုတ်၍ ဝင်ခွင့်ပြုခဲ့ရသည်။ သို့နှင့် ... သူတို့လည်း ဧည့်ခန်းကျဉ်းလေးထဲရောက်ခဲ့ရသည်။ ဧည့်ခန်းနှင့် အိပ်ခန်းကို ခန်းဆီးလေးဖြင့် ကာထားကြောင်းတွေ့ရသည်။ ဧည့်ခန်းထဲမှာတော့ ခမ်းခမ်းနားနားမရှိဘဲ ပက်လက်ကုလားထိုင်လေး တစ်ဘက်တစ်ချက်ချထားသော စားပွဲပုလေးတစ်လုံးသာ ရှိပါ၏။

ပက်လက်ကုလားထိုင်များတွင် မွေးနှင့် ကိုဇော်ဦးတို့ ဝင်ထိုင်ပြီး ခွေးခြေငယ် တစ်လုံးတွင် ကိုအေးမြင့်ထိုင်ရသည်။ သူဇာနွယ်ကတော့ သူတို့ရှေ့တွင် ရပ်လျက် ဖြေရန်အသင့်ဖြစ်နေ၏။

"ကိုဝင်းလတ်နဲ့ မသူဇာနွယ် နောက်ဆုံးခွဲခဲ့တော့ ဘယ်အချိန်လောက်ရှိမယ် ထင်သလဲဟင်"

"မနေ့ည ... ၆-နာရီ မိနစ် ၂၀-အထိပါပဲရှင်"

"ဟာ ... အချိန်က တိကျလှချည်လားဗျ ..."

"မှန်ပါတယ်ရှင် ... သူက ၆-နာရီ မိနစ် ၂၀-မတိုင်ခင် မပြန်ပါနဲ့အုံးဆို လို့ပါ"

ကိုဇော်ဦးနှင့် သူဇာနွယ်တို့ အမေးအဖြေလုပ်နေစဉ် ... ကိုအေးမြင့်၏ မျက်လုံးအစုံသည် အိမ်ရှေ့အိပ်ခန်းဘက်မှ ကန့်လန့်ကာကြီးဆီသို့ အာရုံစိုက်နေမိခဲ့၏။ သူ့မျက်စေ့အောက်မှာပင် ကန့်လန့်ကာကြီးက လေမတိုက်ဘဲ လှုပ်လှုပ်သွား သည် ထင်ရသည်။

"ဒီနောက်ပိုင်း ကိုဝင်းလတ်နဲ့ ထပ်မတွေ့တာ သေချာတယ်နော် ..."

"ဘယ်လို မေးလိုက်တာလဲရှင်၊ ကျွန်မက ဘာအကြောင်းကြောင့် ဆရာကို ဝင်းလတ်နဲ့ ထပ်တွေ့ရအုံးမှာလဲ ... နည်းနည်းပါးပါးလည်း စဉ်းစားပြီး မေးစမ်းပါအုံး ... ခုတော့ လူတစ်ဖက်သားကို စော်ကားမော်ကား၊ ရှင်တို့စကားက ကျွန်မနဲ့ဆရာကို စွပ်စွဲချင်သလိုလို၊ ဒီမယ် ရှင်တို့သိထားဖို့က ဆရာနဲ့ကျွန်မဟာ ရှင်တို့ထင်သလို မဟုတ်ဘဲ လုံးဝ ကင်းရှင်းတယ်ဆိုတာပဲ၊ သိလား ..."

သူဇာနွယ်သည် ကိုဇော်ဦး၏ ပညာသားပါလှသော မေးခွန်းကို ဒေါသလေး ဖြင့် ပြန်လည် ချေပလိုက်သော အဆုံးမှာပင် ကိုအေးမြင့်က ခွေးခြေပေါ်တွင် ထိုင်နေရာမှ ရုတ်ခနဲထလိုက်ပြီး ...

"မင်းစကား ဘယ်အထိမှန်တယ်ဆိုတာ လက်တွေ့ကြည့်ကြသေးတာပေါ့ ... မသူဇာ"

ပြောပြောဆိုဆိုနှင့် ခန်းလုံးပိတ် ကန့်လန့်ကာကြီးရှိရာ အိမ်ရှေ့ဖက်သို့ ခြေလှမ်းကျဲကြီးများဖြင့် တိုးကပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်သွားမလို့လဲဟင် ... ရှင် ရှေ့မတိုးနဲ့နော်"

သူဇာနွယ်ကလည်း ကဗျာကသီလိုက်ဆွဲရင်း အော်ဟစ်တားဆီးခဲ့သည်။ ကိုဇော်ဦးကလည်း ဟေ့လူ၊ နေစမ်းပါအုံး၊ ဘာဖြစ်တယ်ဆိုတာပြောစမ်းပါအုံး — ဟု ဆိုကာ လိုက်ဖမ်းဖို့ကြိုးစားသေးသည်။ သို့ရာတွင် — ကိုအေးမြင့်ကတော့ ဘယ်သူ့စကားကိုမှ နားမထောင်တော့ဘဲ ကန့်လန့်ကာကြီးဆီသို့ရောက်သွားပါတော့၏။

အမှန်တော့လည်း ... ကန့်လန့်ကာကြီး တလှုပ်လှုပ်အောက်တွင် သူတို့ကို ချောင်းနေသူ လူတစ်ယောက်၏ ခြေဖျားလေးများကို မျက်စေ့နှင့်တပ်အပ်မြင်လိုက်ရသည်မဟုတ်ပါလား။

ကိုအေးမြင့်က ကန့်လန့်ကာကြီးကို ဆွဲလှပ်ဝင်လိုက်မည့်အရွယ်မှာပင် ဖြုန်းခနဲ အထဲမှ လူတစ်ယောက်ထွက်လာသည်။ သူထင်သလို ကိုဝင်းလတ်တော့ မဟုတ်ပါ။ ထိုလူက အသက်အစိပ်ကျော်ခန့်ရှိပြီး အထက်ပိုင်းဗလာကျင်း၍ အောက်ပိုင်းက လုံချည်ကို ဒူးဆစ်ထိအောင် တင်ဝတ်ထားလျက် သူတစ်ခါမှမမြင်ဘူးသော မျက်နှာစိမ်းတစ်ယောက်ဖြစ်နေပါ၏။ ထိုလူ့မျက်နှာထားသည် ဒေါသတွင် သရော်ပြုံးပေါင်းစပ်ထား၏။

ထို့ကြောင့်လည်း ... ကိုအေးမြင့်မှာ အံ့အားကြီးသင့်၍ ကြောင်တိကြောင်ကန်းဖြစ်သွားရသည်။ သူ့ရင်ထဲက ထိုလူကျေနပ်လောက်အောင် တောင်းပန်ချင်သည်။ သို့ပေမဲ့ ... သူ့ပါးစပ်များက ပြောမထွက်ဘဲဖြစ်နေမိသည်။ သည်စဉ်မှာပင် —

"ဒီလောက်တောင် အနှောင့်အယှက်ပေးချင်ကြတာ ... ကဲကွာ —"

ပြောပြောဆိုဆိုနှင့် ထိုလူ့ထံမှ ညာဖြောင့်လက်သီးတစ်လုံး လွင့်ထွက်လာ၏။ ကိုအေးမြင့်က ခြေတစ်လှမ်းဆုတ် တိမ်းရှောင်ဖို့ကြိုးစားလိုက်သည်။ မဆိုစလောက်လေး နောက်ကျသွားသည်ဆိုရပါမည်။ လက်သီးက မေးဖျားကို ထိုးမိသွားသည်။ သူဇာနွယ်က ဘုရားတသံ၊ မွေး၏ စူးရှအော်သံတို့နှင့်အတူ ... ကိုအေးမြင့် နောက်လန်ယိုင်လဲခဲ့ရသည်။ ဒါပေမဲ့ ... ကိုဇော်ဦးက အချိန်မီ ဆီးပွေ့ထားလို့သာ တော်တော့သည်။

ကိုအေးမြင့်က ကိုဇော်ဦးလက်ထဲမှ ရုန်းထွက်ပြီး ထိုလူ့အား လက်သီးကြွေးဆပ်ရန် ကြိုးစား၏။ ထိုလူကလည်း သူဇာနွယ်ကာဆီးသည့်ကြားမှ ကျားနာကြီးလို ဒေါန်ဖီနေပါ၏။

"ဖယ်စမ်းပါဗျာ ကိုဇော်ဦး ... ကျွန်တော့်ကို အသားလွတ်ထိုးတာခံနေရမှာလားဗျ ...၊ လူပါးဝတဲ့ကောင် ဆုံးမလိုက်ရအောင် ..."

"ဟာ ... ကိုအေးမြင့်ကလဲ ပြီးတာပြီးပါစေတော့၊ ရန်ရှည်နေလို့ အကျိုးမရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး — ဘဲ — သူဇာကလဲ ခင်ဗျားလူနိုင်အောင်ကြည့်ထိန်း ...”

“အံမာ — ခံရတာ အားမရသေးဘူး ထင်တယ်၊ သတ္တိရှိရင်လာလေ ... ရှိသမျှ ဆွေမျိုးတွေ မေ့သွားမယ် ... ဟိုနောင်ကြီး လွှတ်ပေးလိုက်စမ်းပါဗျာ — သူကျေနပ်သွားအောင်”

“ကွယ် ... မောင်ကလဲ ... လွန်ကုန်တော့မယ်”

သည်အထဲမှ မွေးကလည်း ငိုကြီးချက်မနှင့် ဝင်လာလိုက်ပါသေး၏။

“ကဲ ... နှစ်ဖက်စလုံး ရပ်တန်းက ရပ်ကြပါတော့၊ အစ်ကိုလေးရယ် တစ်ပူပေါ် နှစ်ပူဆင့်တွေဖြစ်ကုန်ပြီ၊ မွေးကို သနားရင် ပြန်ကြပါစို့၊ ကဲ ... မသူဇာ ဖြစ်သမျှအတွက် မမမွေး တောင်းပန်ပါတယ်ကွယ်၊ ကြေအေးကြပါ”

နောက်ဆုံးတော့ ပဋိပက္ခမုန်တိုင်းသည် လျော့ပါး ငြိမ်သက်ခဲ့ရတော့သည်။

ထိုတော့မှပင် ... သူဇာနှယ်က ကိုအေးမြင့်ကို မွေးအစ်ကိုမှန်းမသိ၍ လည်းကောင်း၊ သူတို့ကိုယ်တိုင်မှာလည်း သူငယ်ချင်းများ နယ်သွားနေစဉ်ကို အခွင့်ကောင်းယူ၍ ခိုးကြောင် ခိုးဝှက်တွေ့ဆုံနေရသောကြောင့်လည်းကောင်း၊ ယခုလိုပြဿနာပေါ်ခဲ့ခြင်းဖြစ်ကြောင်း ...

ယခုပြဿနာအတွက် စိတ်မကောင်းစွာဖြင့် တောင်းပန်ကြောင်းနှင့် ပြောခဲ့ပါသည်။

မွေးကလည်း ... သူတို့အနေနှင့် သူဇာနှယ့်အပေါ် အထင်လွဲခဲ့ပြီး မသင်မကာနှင့် ဝင်ရှာမိသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်စကားဆို၍ တပ်ခေါက်ပြန်ခဲ့ကြတော့သည်။

ဤသို့ဖြင့် ... ကိုဝင်းလတ် သူဇာနှယ့်ဆီများ ရောက်နေလေမလားဟူသော သံသယ (ဝါ) မျှော်လင့်ချက်ကလေးမှာ မွေးရင်ထဲမှ ကြေပျက်သွားရသည်နှင့်အမျှ ကိုဝင်းလတ် ဘယ်ပျောက်သွားလို့ ဘယ်ရောက်နေပါလိမ့်၊ အန္တရာယ်တွေ့နေတာပဲဖြစ်မလား ... ဟူသော အတွေးသည်သာ မွေးအား လွှမ်းမိုးကြီးစိုးခဲ့ရပါလေ၏။

မွေး ... ရှေ့ဆက် ဘယ်လိုလုပ်ရပါ့မည်နည်း။

ကိုဝင်းလတ်ပြန်အလာကို လွှမ်းမြေမှုမျက်ရည်နှင့် စောင့်မျှော်ကြိုနေဖို့ပဲ ရှိတော့သည်ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၀ |

နေ့လား ...
ညလား ...
ကိုဝင်းလတ် မသိပါ။
သူ့လက်ပတ်နာရီမှ မီးစုန်းလက်တံလေးတွေကတော့ ၁-နာရီရယ်လို့ ပြနေပါသည်။
ဒါပေမဲ့ ... နေ့လည် ၁-နာရီလား ညသန်းခေါင်ကျော် ၁-နာရီလား။ သူ မခွဲခြားနိုင်ပါ။ သူ့ကမ္ဘာတွင် ထာဝရအမှောင်ကျနေရသည်သာ မဟုတ်ပါလား။
မှောင်နေသည်။ မှောင်နေသည်။
ပြီးတော့ ...
မှောင်နေသည်။
စောစောပိုင်း တချိန်လုံးကတော့ သူသည် လက်ဆွဲအိတ်ကြီးကို ခေါင်းချ လျက်၊ ဓာတ်လှေခါးခန်းထောင့်တွင် အိပ်နေသည်။ မပျော်တချက် ပျော်တချက်နှင့် အိပ်နေမိခြင်းပဲဖြစ်ပါ၏။
အဆက်အစပ်မရှိသော အိပ်မက်ဆိုးများကြားတွင် လူးလွန့်ရုန်းကန်နေခဲ့မိ၏။
နောက်ဆုံး ... အား ... ခနဲ အော်သံနက်ကြီးဖြင့် လန့်နိုးလာခဲ့သည်။
စိတ်အမိုက်ထုပ်များနှင့် အိပ်မက်ရုပ်ကြီးကို ခေါင်းထဲမှ ခါထုတ်... ကြိုးစား မိသည်။
ဒါပေမဲ့ ... ခါလိုက်ကာမှ ပိုနောက်သွားသည်။ အဲ ... သူ့ခေါင်းမှာ ဆင်နင်းထားသလို လေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ခံထားရသည့်နှယ် နာကျင်ကိုက်ခဲပြီး မလှုပ်နိုင်အောင်ဖြစ်နေ၏။ သေခြင်းတရားကို မျက်မှောက်ပြုလျက် အသက်ငင်နေရသူတစ်ယောက်နှယ် ခံစားနေရပါ၏။

မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကလည်း ထိုးထိုးထောင်ထောင်နှင့် ရှည်လာသည်။

သူ့ခေါင်းဆံပင်တွေကလည်း ဖုံအလိန်းလိန်း ဂျိုးအလိန်းလိန်းကပ်ကာ ထူအမ်းအမ်း ယားကျိကျိကြီး။ သူ့လက်နှစ်ဖက်စလုံး စက်ဆီတွေပေလျက် စေးထန်းထန်းကြီးနှင့်။ ပွတ်မိပွတ်ရာ မျက်နှာကို ပွတ်မိခြင်းဖြင့် ပါးမှာလည်း စက်ဆီတွေ ပေနေမည်သာ။ သူ့နှာခေါင်းမှာ မခံနိုင်အောင် ချွေးနံ့တွေ ဟောင်နေသည်။ ဖြုန်းခနဲ သူ ထထိုင်လိုက်၏။

"ဟော မီးလာပြီ..."

ဝမ်းသာအားရ အော်လိုက်ပြီး ခုန်ထလိုက်မိ၏။

ဓာတ်လှေခါးခေါင်မိုးတွင် မီးလုံးလေးပွင့်လာပြီပဲ။

အရက်မူးသမားလို ယိမ်းထိုးယိုင်ကျသွားရာမှ မလဲအောင် မနည်းထိန်းပြီး ဓာတ်လှေခါးခလုတ်ခုံကြီးမှ ပထမဆုံး စမ်းမိလိုက်သော ဘုသီးကလေးကိုပင် နှိပ်ချလိုက်မိသည်။

တစ်စုံတစ်ရာ ထူးခြားမှု မရှိ။

သူက ဘုလုံးကလေးကိုသာ အတင်းစွပ်နှိပ်နေခဲ့သည်။

အားကုန် ဖိနှိပ်ပစ်လိုက်သည်။

အဲ ... ဓာတ်လှေခါးကြီးကတော့ အထက်မတက် အောက်မဆင်း ... တင်းခံလျက် ရပ်မြဲရပ်လို့ပါပဲ။

ခုမှ သတိရလိုက်မိသလို၊ ခလုတ်ခုံကြီးကို ပြာပြာသလဲ စစ်ဆေးကြည့်လိုက်မိ၏။ သို့ဖြင့် ... တဝါးဝါး ဟားတိုက်ရယ်ခဲ့ရပါလေတော့သည်။

ဩော် ... တကယ်ကြောင်တဲ့လူ။ ဓာတ်လှေခါး'ရပ်'ဆိုသည့် ခလုတ်ကိုမှ သွားနှိပ်မိနေတာကို။

သူ ခလုတ်ပြောင်းနှိပ်ဖို့ လက်ရွယ်လိုက်သည်။ ထိုစဉ်မှာပင် ခေါင်မိုးမီးပြန်ငြိမ်းသွားသည်။

ဓာတ်အားပြန်ပြတ်သွားသည်ဆိုပါတော့။ သူက စကြဝဠာတစ်တိုက်လုံးကျက်ခမန်း အသံကုန်ဟစ်အော်လိုက်မိသည်။

"မီးဖွင့်ပေးပါဗျို့ ..."

သူ့ဦးနှောက်တွေ ဂလောက်ဂလောက်နဲ့ ဖြစ်ကုန်ပလား၊ ခေါင်းအေးအေး

www.burmeseclassic.com

www.burmeseclassic.com



ထားလေ။ စဥ်းစားစမ်းပါအုံး ဝင်းလတ်ရဲ့ စိမ်းပြန်သွားပေမဲ့ ညစောင့်တွေ ဘာတွေ ရှိအုံးမှာပေါ့။

အော်သာအော်။

ခေါ်သာခေါ်။

မကြားမချင်းခေါ် ...

"မီးဖွင့်ပါတော့ဗျို့"

ဟော ... နေအုံးလေ။ ဒီကခေါ်တာ လိုက်ရှာရင်းနဲ့ ဦးခင်ငွေအခန်းထဲရောက်လို့ အလောင်းကြီးသွားတွေ့နေအုံးမယ်။

ပြီးတော့ ... ဓာတ်လှေခါးထဲမှာ ကြွက်စုပ်လို ကျောင်ပိတ်မိနေတဲ့ လူသတ်ကောင် ငါ့ကိုပါ ပက်ပင်းမိလိုက်မှဖြင့်။

သူက ဓာတ်လှေခါးနံရံ သံမဏိပြားကြီးကို ကျောမှေး၍ နားထားလိုက်ရသည်။

ခြေသံတွေတော့ ကြားနေရသည်။ တိုက်တံခါးမကြီးသွားရာလမ်းလေးမှ ခြေသံတွေတော့ ကြားနေရသည်။ ခြေသံရှင်ကတော့ သူ့ခေါ်သံကို မကြားဟန် ရှိနေသည်။

အော်ရင်း ခေါ်ရင်းမှ အာခေါင်တွေ ကွဲမတတ် လည်ချောင်းတွေ ခြောက်လာရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တည်ငြိမ်နေ၏။

ကားလမ်းမကြီးပေါ်မှလည်း ဘာသံမှမကြားရသလိုလို။ ရုံးပိတ်ရက်တို့ ထုံးစံအတိုင်း ပန်းဆိုးတန်းလမ်းတွင် ကားအသွားအလာ ရှင်းနေသည်မို့ဖြစ်ပါ၏။

မဒေးနေ့ဆိုပေမဲ့လည်း အခုအခါလို နေပူကျဲတဲကြီးမှာ တို့အရေး တို့အရေး ဆိုပြီး လက်သီးလက်မောင်းတန်း ပင်ပန်းကြီးစွာ တက်တက်ကြွကြွချီတက်ရတဲ့ အလုပ်သမားထု စည်းဝေးပွဲကြီးဆိုတာမျိုး မရှိတဲ့အချိန်။

ထိုအချိန်က မေဒေးနေ့ဆိုတာလည်း စည်ကားသိုက်မြိုက်စွာ မလုပ်ရဘဲ ခြောက်တီးခြောက်ချက်နဲ့ ပြီးသွားရတာများတဲ့ အရင်းရှင်ခေတ်။

သည်တော့လည်း ပတ်ဝန်းကျင်တစ်ခုလုံး တည်ငြိမ်နေတယ်ပေါ့။ ဒီကြားထဲ တံခါးဖွင့်သံ လူသံလေး သဲ့သဲ့တောင် မကြားရ။

အမှန်စင်စစ်တော့လည်း ...

မီးပွင့်လာသည်။ ခြေသံတွေကြားနေရသည် ဆိုခြင်းမှာ တကယ်ပင် တကယ် ကြားခဲ့ရခြင်း မဟုတ်ပါ။ သူ့စိတ်ထဲက အစွဲအလန်းကြီးနှင့် ဂယောင်ခြောက်ခြား ထင်မြင်ခဲ့ရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကြောင်နေပြီ၊ ဓာတ်ပေါက်နေပြီလို့သာ ဆိုရပါတော့မည်။

သူ့ရင်ထဲမှာ ဟာကျန်ရစ်ခဲ့အောင် တော်တော်နှင့် မဆုံးသော သက်ပြင်းကြီး တစ်ချက် လေးလေးသွဲ့သွဲ့ မှုတ်ထုတ်လိုက်မိသည်။ နံရံပေါ်မှီလျက်အတိုင်း ဒူးညွတ်လျှောကျသွားသည်။ အို ... အသက်ပင် ဆက်မရှူချင်လောက်အောင် စိတ်ပျက်အားလျော့လိုက်မိခြင်းဘဲဖြစ်သည်။

"ငါ့ကို ငါ့ကို ဘယ်သူမှ လာမကယ်နိုင်တော့ဘူးလား ... ငါ့ခေါ်သံကို ဘယ်သူမှ မကြားကြဘူးတဲ့လား ... အို ... ဒီနေ့ဒီဘဝမှာတော့ ထွက်ပေါက်တွေ အားလုံး ပိတ်နေတာပဲ၊ မနက်ဖြန်ကျရင်သာ နေပါအုံး ... မနက်ဖြန်ဆိုတာကရော မျှော်လင့်ချက်ရှိပါအုံးမလားလို့ ..."

သူက တိုးတိုးရှုရှု ရေရွတ်နေမိ၏။ အသံထွက်၍ ပြောမိပြန်သည်။

"ငါတစ်ယောက်ထဲ ပြောချင်တာ ပြောမှာပေါ့၊ ဒီလောက်တောင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်နေရတဲ့ ဘဝမှာ ညည်းခွင့်ကလေးတောင် မရှိတော့ဘူးလား။ ဘယ်သူမှ ငါ မစော်ကားပါဘူး၊ ငါ့ဖာငါညည်းနေတာပဲ ... ငိုချင်ငိုမယ်၊ ရယ်ချင်ရယ်မယ် ... ငါ့ကို ဘယ်သူ လာတားချင်သေးလဲ ... မတားကြပါနဲ့ကွယ် — ငါစိတ်ချမ်းသာမယ်ထင်သလို နေပါရစေအုံး၊ ငါ့မှာ ငါ့ကိုယ်ငါ စကားပြောခွင့်ကလေးကလွဲလို့ ဘာအခွင့်အရေးမှ မရှိတော့တာဘဲ ... ချောင်ပိတ်နေတဲ့ ငါတစ်ယောက်ထဲဟော့ ..."

သူက ပြောရင်းပြောရင်းနှင့် အော်ကြီးဟစ်ကျယ်ဖြစ်လာသည်။ အံကြိတ်၍ လက်သီးကို ကျစ်ကျစ်ဆုပ်ထားမိလျက်သားဖြစ်နေသည်ကိုလည်း ပြန်တွေ့လိုက်ရသည်။ သည်တော့မှ ငါဘာတွေ လျှောက်ပြောနေပါလိမ့်ဟု စဉ်းစားမိကာ — စိတ်နှင့် လူနှင့် ကင်းကွာသွားသလို သွပ်ချောင်ချောင်ဖြစ်သွားပါလားဆိုကာ ဆင်ခြင်မိလာရသည်။

"သတိထား ဝင်းလတ် သတိထား ... စိတ်နည်းနည်းလျှော့လိုက်"

ကိုဝင်းလတ်သည် လေသံတိုးတိုးနှင့် သူ့ကိုယ်သူ ပြန်ပြောလိုက်ပြီး၊ ကွေးထားသော ဒူးနှစ်လုံးတွင် လက်နှစ်ဖက်နှင့်ပိုက်ထားလိုက်ပြီး မေးတင်၍ ငြိမ်နေလိုက်မိသည်။

အထီးကျန် အဖော်မဲ့၊ တစ်ယောက်ထဲ ...။

အဖော်မဲ့တဲ့ဘဝဟာ သေတာနဲ့အတူတူပဲ။ သူ သေများသေခဲ့ပလား။ သေခြင်းတရားရဲ့ ဟိုဘက်အလွန်က တမလွန်လောကဆိုတာမှာလဲ အဖော်ဘယ်ရှိမှာမို့လဲ။ သေတယ်ဆိုတာ ခြောက်ပေတွင်းထဲ ဝင်ပန်းနေတာပဲလေ။

သည်အတွေးဝင်လာတော့ သူ့တစ်ကိုယ်လုံး ချွေးပြန်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကောက်ဝတ်ကို သူ သွေးစမ်းကြည့်မိ၏။ သွေးကတော့ တိုးနေတုန်းပါကလား။

"အင်း ... ငါ မသေသေးပါဘူး။ အသက်ရှင်နေသေးတာပဲ။ ဒါပေမဲ့ ... ငရဲပြည်မှာ အသက်ရှင်နေတာ ... ငရဲပြည်မှာ အသက်ရှိနေတာ"

ဘာပဲဖြစ်ဖြစ် သူက အားမလျှော့သေးပါ။ မနက်ဖြန်တွင် လွတ်မြောက်မည်ဟု မျှော်လင့်ချက်ထားနေလိုက်သည်။

လူ့ဘဝဆိုသည်ကလည်း မျှော်လင့်ခြင်းနှင့် တည်ဆောက်ထားရသည် မဟုတ်ပါလား ...။

မျှော်လင့်ရင်းမှ ထမင်းဆာလာသည်။ ရေငတ်လာသည်။ စီးကရက်သောက်ချင်သည်။ ဘာမှမပြည့်စုံ။ သည်တော့လည်း ငတ်ပေါ့။ ငတ်ငတ်နှင့်ပင် အဆိုစကားတစ်ရပ်ကို သွားကြားမိသည်။

နေစရာ မရှိရင် ခက်ရုံပဲ။

ဝတ်စရာ မရှိရင် ရှက်ရုံပဲ။

စားစရာ မရှိရင် သေရုံပဲတဲ့။

မှန်လိုက်လေခြင်း။ ပြောရက်လိုက်လေခြင်း။ ဟုတ်ကဲ့ ... သူကလည်း စားစရာ မရှိတဲ့ဘဝမှာ သေဖို့ပဲ ကြံလိုက်ပါသည်။ အစဉ်သေဖို့တော့ မဟုတ်။ ဖျက်ကယ် ပျက်ကယ် သေဖို့ပဲဖြစ်ပါသည်။

ကိုဝင်းလတ် ခွေခွေလေး ပြန်အိပ်နေလိုက်သည်။ တစ်နည်းအားဖြင့် နေ့လည်အိပ်မက်ဆိုးများ ကမ္ဘာသို့ အလည်ရောက်ခဲ့ရပြန်ပါပကောလို့...။

.....

သောင်းထိုက်စိုး သိပ်စိတ်ညစ်နေတယ်။

ကြည့်...။

ခုထက်ထိ ဟိုဘက်ခန်းက ကျောက်ကုန်သည်အဖိုးကြီးက အပြင်မထွက်သေး။ ခိုးချင်တဲ့ လူက ခိုးချင်လှပြီဆိုကာမှ သူက တစ်နေ့လုံး အခန်းအောင်းနေသည်။ ဘုရားစာတွေ ထိုင်ဖတ်နေသည်။ ဘာလိုလိုနှင့် ... နေ့ခင်း ၂-နာရီတောင် ထိုးသွားလေပြီ။

အဖိုးကြီးက သူတို့လိုပင် အခန်းထဲ ထမင်းပွဲရှေ့ရောက်ယူစားသည်။ အပေါ့အပါးသွားတော့လည်း အိမ်ပေါ်မှာပဲဖြစ်၍ ခဏလေးနှင့် ပြန်ရောက်လာတတ်သဖြင့် သောင်းထိုက်စိုးအတွက် အခွင့်မသာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သောင်းထိုက်စိုးက သူ့အစီအစဉ်ကို တစ်မျိုးပြောင်းလိုက်ရသည်။ အလုပ်အကိုင် အကြံအစည် အဆင်မပြေသေးသည့်အတူ အပြင်ထွက်၍ သောက်ချက်မည်။ ပြီးတော့ ဓာတ်ဆီနှင့် တခြားလိုမယ်ထင်တာလေးတွေ သွားဝယ်မည် ... ဟု။

မေသကြဲန်ကို ဆိုင်ရှင်လူကြီးအား ကားဓာတ်ဆီတိုင်ကီဖာထားရန် သွားပြောဖို့ မှာခဲ့ပြီ ...

လူကျနေသော လဘက်ရည်ဆိုင်အောက်ထပ်သို့ မိုးကာအင်္ကျီကြီးဝတ်၍ ဆင်းခဲ့သည်။ လူတွေကြားထဲတွင် မသိမသာ ရောနှောလျှိုဝင်လိုက်ပြီး မိုးဖွဲဖွဲလေးရွာနေသော ဆိုင်ပြင်သို့ လှစ်ခနဲ ထွက်သွားပါတော့၏။

ထို့ကြောင့်လည်း သူနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် တစ်ဖက်ခန်းမှ ကျောက်ကုန်သည်ကြီးလည်း အောက်ဆင်း အပြင်ထွက်သွားခဲ့သည်ကိုသာ သူမသိခဲ့ရပါချေတကား။

လဘက်ရည်ဆိုင်ထဲတွင် လူရှင်းသွားသည့်အချိန်၊ ထမင်းပွဲပြင်သည့် ကောင်တာစားပွဲရှည်ကြီး၌ ဆိုင်ရှင်ဦးဖိုးထောင်နှင့် ဒေါ်ညွန့်တို့ မျက်နှာချင်းဆိုင်ဆုံမိကြပါသည်။

"ရှုပ်ရှုပ်ရှုပ်ရှုပ်နဲ့ ဘာတွေမှန်းလဲ မသိပါဘူးတော်"

ဒေါ်ညွန့်က ဆိုင်ရှေ့ဘက်မှဝင်လာသော ဦးဖိုးထောင်ကို လှမ်း၍ မြည်ဆိုလိုက်ရာမှ ဦးဖိုးထောင်ကလည်း မျက်မှန်ဝိုင်းလေးထဲမှ မျက်ခုံးကြီးပင့်ကြည့်ခဲ့ပြီး ...

"ဘယ်သူ ဘာဖြစ်လို့လဲ မယ်ညွန့်ရ ..."

"ဘယ်သူရှိအုံးမှာလဲ ... ဟိုလင်မယားလိုလို သမီးရည်းစားလိုလိုစုံတွဲပေါ့ ... သူတို့နေပုံ ထိုင်ပုံတွေတော့ ကျုပ် သိပ်စိတ်မတွေ့ချင်တော့ဘူး"

"မင်း ဘာတွေ သွားမြင်လိုက်ရပါလိမ့်ကွာ"

"မြင်တော့ မမြင်ပါဘူးတော် ...၊ နို့ပေမဲ့ စောစောက ထမင်းသွားပို့ရတုန်းက နှစ်ယောက်စလုံး ပြတင်းပေါက်သွားပြီး ကျုပ်ကိုကျောခိုင်းရပ်ပြီး စကားပြောနေလိုက်ကြတယ်လေ ... နောက် ... ကောင်မလေးက ခေါင်းငုံ့ပြီး ထမင်းပွဲလာယူပေမဲ့ ဟိုကောင်ကတော့ ကျောခိုင်းရပ်ပဲ ... သူတို့က အောက်ဆင်းတယ်လို့လဲမရှိ ကျုပ်ကိုလဲ စကားတောင်ကောင်းကောင်း မပြောလိုက်ဘူး ... ညကလဲ ဟိုကောင် ဒီကွယ်နဲ့ လုပ်နေတာမဟုတ်လား ... ပြီးတော့ ကြည့်ပါဦး၊ တစ်ညထဲတည်းမယ် ဆိုပြီး မနက်ကျတော့ ဘာစိတ်ကူးပေါက်တယ် မဆိုနိုင်ဘူး။ တစ်ရက်ဆက်နေဦးမယ်တဲ့၊ ရှုံ့ချည်နှပ်ချည်နဲ့ ကျုပ်တော့ တယ်တောင် မသင်္ကာချင်တော့ဘူးရှင်

www.burmeseclassic.com



"ဘယ်လို မသက်ာချင်လို့လဲကွ မင်းဟာက ..."

"ဟြော် ... နောက်ကြောင်း ရှင်းမှရှင်းရဲ့လားလို့ပါ ...၊ တော်ကြာ ကျုပ်တို့ကို အမှုလာပတ်နေမှာစိုးတယ်၊ ပိုက်ဆံရမှာ ခြောက်ပြားတစ်ပဲနဲ့ အမှုပတ်တာတော့ မခံနိုင်ဘူးတော့"

"သူတို့ ပုန်းလျှိုးကွယ်လျှိုးလုပ်နေတဲ့ အမိပ္ပာယ်က ငါ့အထင်တော့ ဒီလိုဖြစ်လိမ့်မယ် မယ်ညွန့် ... မင်း ညက ပြောတယ်မဟုတ်လား၊ သူတို့ဟာ လင်မယား မဟုတ်ဘူးထင်တယ်လို့ ... ဒီတော့ ခိုးရာလိုက်လာတာပဲလား ... မယားကြီးလက်က ... ကြာကူရီရိုက်လာတာလား၊ လင်ကြီးလက်က အလစ်သုတ်လာတာပဲလား ... တစ်ခုခုပဲ။ ဒါကြောင့်လဲ လူမြင်သူမြင် မခံတာနေမှာပေါ့"

ဒေါ်ညွန့်က ဆောင့်ကြီးအောင့်ကြီး ဆေးပေါ့လိပ်ကြီးကိုဖွာနေလိုက်ပြီးတော့မှ မဲ့ကာရွဲ့ကာ ဦးဖိုးထောင်ကို စကားပြန်သည်။

"ဒါတော့ မပြောတတ်ဘူး၊ ခုနပဲ ဟိုအကောင်လဲ မိုးကာကြီးတဖားဖားနဲ့ ကော်လံထောင်ထွက်သွားပြန်ပြီလေ ..."

"ဟုတ်လား ... ငါလဲ လဘက်ရည်လိုက်ချနေရတာနဲ့ သတိထား မမိလိုက်ဘူး"

"အိုး ... ဟို၊ သူတို့အားခန်းက ဦးသီဟ ဆင်းမလာခင်ကလေးကတင်ပေါ့ — ကောင်မလေးကိုလဲ သိပ်အလစ်မပေးအုံး၊ တော်ကြာ ... သူပါ လိုက်ထွက်ပြီး ပြေးသွားမှဖြင့် ကျုပ်တို့ရစရာရှိတဲ့ ပိုက်ဆံလေးမရဘဲ နေဦးမယ်"

"အော်ကွာ မင်းကလဲ ဖြစ်တောက်ဖြစ်တောက်နဲ့ တောင်စဉ်ရေမရတွေ ပြောတော့မယ်၊ သူတို့ကားကြီးတစ်စီးလုံးလုံးရှိနေတာပဲ၊ ပစ်ထားခဲ့ပါ့မလားကွ"

"ဒါနဲ့ သူတို့ကားနံပါတ်ကို ရှင်မှတ်ထားတယ်နော်"

"ငါ ဒီလောက်လဲ မညံ့သေးပါဘူး ညွန့်ရာ၊ ကားနံပါတ်ရော ဟိုကောင့်နာမည် အဲ ဝင်းလတ်ဆိုတာပါ မှတ်ထားပါတယ်"

"ဒီလိုဆိုလဲ ပြီးတာပဲ၊ ကဲ ... လူပါးတုန်း အပေါ်တက်ပြီး အကဲခတ်ကြည့်လိုက်ပါလား၊ ဟိုကလေးမလေး ဘာများလုပ်နေမလဲဆိုတာ ... အလျှဉ်းသင့်ရင်လဲ သူတို့အကြောင်း နည်းနည်းပါးပါး တီးခေါက်ကြည့်တာပေါ့ ... ကျုပ်ဆိုင်စောင့်နေမယ်၊ မဟားဒယားလဲ သွားကြံမနေနဲ့ဦးနော်၊ ကျုပ်သွားရင် သူတို့က မြင်မြင်ချင်းသက်ာ ဖြစ်သွားမှာစိုးလို့ ရှင့်လွှတ်တာ"

သည့်နောက်တော့ ... ဦးဖိုးထောင်လည်း အပေါ်ထပ်သို့ တက်ခဲ့ပြန်သည်။ တံခါးခေါက်ပြီး မေသကြ်န်ကိုတွေ့ဖို့ကြိုးစား၏။ မေသကြ်န်ကလည်း လက်ခံဧည့်ဆုံကာ ဦးဖိုးထောင်နှင့်စကားရော ဖောရောလုပ်၍ မေးသမျှတွေကို ဝေ့လည်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပေါက်တွေ လျှောက်ဖြစ်ခဲ့၏။ ပြီးတော့ ... သောင်းထိုက်စိုးမှာသွားသည့် ဓာတ်ဆီတိုင်ကီဖာပေးဖို့ ကိစ္စကို အခန့်တသင့်ပင် ပြောလိုက်ပါ၏။

ဦးဖိုးထောင်လည်း နေရင်းထိုင်ရင်း ငွေတစ်ဆယ်ဆယ့်ငါးကျပ်ရမည့်အရေးမို့ အာမဘာခံပြီး ရှေ့ဆက်အချိန်ဖြုန်းမနေတော့ဘဲ အလုပ်စရန် သွက်သွက်လက်လက်ကလေး အောက်ပြန်ဆင်းခဲ့တော့သည်။

တကယ်တော့ သူ့အဖို့မှာ အဖွားကြီး ဒေါ်ညွှန့်အောက်တွင် ပြားပြားဝပ်နေရပြီး၊ ကွမ်းဖိုးဆေးဖိုး လက်ဝါးဖြန့်တောင်းနေရသော ဘဝဟုတ်ပါလား။

ခုတော့ ... သူ့ကိုယ်ပိုင် အသုံးစရိတ်ကလေးရပေတော့မည်။ မသောက်ရတာကြာပြီဖြစ်သော အရက်ဖြူလေး တအာတာလောက်တော့ မှီဝဲရပေဦးတော့မည်။ စသဖြင့် ... ဦးဖိုးထောင် တွေးပျော်နေခဲ့ပါ၏။

သောင်းထိုက်စိုးသည် ညနေမိုးချုပ်စတွင် လေးဂါလံဝင် ဓာတ်ဆီပုံးကြီးကို ဆိုက်ကားပေါ်တင်၍ ပြန်ရောက်လာ၏။ ပြီးတော့ ... ထမင်းဆိုင်နောက်ဖက်ခြံဝင်းထဲရှိ ကားနီလေးရပ်ထားရာသို့ ဓာတ်ဆီပုံးကို ယူသွားသည်။

ဦးဖိုးထောင်ကလည်း ဆိုင်နောက်မှ ထွက်လိုက်လာပြီး ဓာတ်ဆီတိုင်ကီပေါက်ကို အံသေအချာ သူဖာထားလိုက်ပြီဖြစ်ကြောင်း မျက်နှာလိုမျက်နှာရလုပ်၍ပြောသဖြင့်၊ တလက်စတည်း ကားထဲသို့ ဓာတ်ဆီထည့်ထားလိုက်သည်။ ထို့နောက်တော့ ဦးဖိုးထောင်အား ငွေတစ်ဆယ်ပေးခဲ့ပြီး အပေါ်ထပ် တည်းခိုခန်းသို့ တန်းတက်ခဲ့တော့၏ ။

မေသကြိန်က သူ့ကို ပြုံးပြုံးလေးကြိုခဲ့ရာမှ ညိုမြလုပ်၍ နှုတ်မှုခဲ့ပါလေသည်။

"ကိုစိုးကလဲ ကြာလိုက်တာကွယ် ... မေကဖြင့် ပြန်တောင်လာပါတော့မလားလို့ စောင့်လိုက်ရတာအမော"

"ကြာဆို တမင်အချိန်ဖြုန်းနေရတာကိုးကွ။ မိုးချုပ်မှပြန်ဝင်လို့ ကောင်းတာမဟုတ်လား"

"ပြေလည်ခဲ့ရဲ့လားဟင် ကိုစိုး"

"ကိုစိုးရဲ့အဘိဓာန်မှာ မပြေမလည်ဆိုတဲ့ စကားမထားပါဘူးမေရ"

သောင်းထိုက်စိုးက သူ့ဘောင်းဘီအိတ်ထဲမှ ဆယ်တန်ခုနစ်ရွက်ကို ထုတ်၍ ယပ်တောင်လို ဖြန့်ပြလိုက်ပါသည်။

"ဟင် ... ဒါ ရန်ကုန်ထဲသွားပြီး ကိုစိုးအဖေကြီးဆီက တောင်းလာတာလား"

"ပထမတော့ သွားတောင်းဦး မလို့ဘဲလေ။ ဒါပေမဲ့ လက်ထဲ နာရီကို သတိရလိုက်တာနဲ့ အတယ်ကြီးဆိုင်ကို ပြေးလျှောထားလိုက်တာ"

"အတယ်ကြီးဆိုင် ဘယ်က အတယ်ကြီးဆိုင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တရုပ်အပေါင်ဆိုင်ကွာ ... ဒါလေးတောင် မင်းနားမလည်ဘူးလား၊ ကဲ ... ဟိုဖက်ခန်းက တို့မိတ်ဆွေကြီးကော"

"သူလဲ ကိုစိုးသွားကတည်းက အပြင်ထွက်သွားတာပဲ။ ခုထိတော့ ပြန်မရောက်သေးဘူး"

"ဟာ ... သေလိုက်ဟဲ့ နာလိုက်တာကွာ၊ ကဲ ... ဒါဖြင့် သူ မရှိတုန်း အလုပ်သစ်စရအောင်"

သောင်းထိုက်စိုးက သူ့နဖူးသူ ပြန်ရိုက်လိုက်ရင်း ပြောခဲ့ခြင်းဖြစ်သည်။ မေသကြိန်က တားပါသေးသည်။

"အခြေအနေအရ ခဏစောင့်ကြည့်ပါဦးလား ကိုစိုးရယ်။ ပင်ပင်ဖန်းဖန်းနဲ့ ပြန်လာပြီး၊ သြော် ... မပြောလိုက်လို့ ဆိုင်ရှင်အဖိုးကြီး ခေတ်ဆိတိုင်ကို ပေါက်ဖာပြီးပြီးတဲ့"

"သူနဲ့တွေ့လို့ ကိုယ်လဲသိပြီးပါပြီကွာ၊ ဝယ်လာတဲ့ခေတ်ဆိတောင် ထည့်ထားခဲ့တယ်။ ကဲ ... ခုလို အားလုံးရယ်ဒီဖြစ်လို့ အခွင့်ကောင်းကြုံလိုက်တုန်းလုပ်မှ အချိန်ကုန်ခံနေရင် မောသွားမယ်၊ မေက အခန်းဝကိုသာ မျက်ခြေမပြတ် စောင့်ကြည့်ထား"

သည့်နောက်တော့ ... သောင်းထိုက်စိုးက ဟိုဖက်ခန်းကို ကျော်ဝင်ခဲ့တော့သည်။ သည်ဘက်က ပျဉ်က ပြောင်ဖြစ်နေ၍ ဟိုဘက်မှာတော့ ကြွက်လျှောက်တန်းလေးတွေ ခံရှိနေသည်။

သို့ပေမယ့် ... ကုတင်ပေါ်မှ တက်လိုက်တော့ အသာလေးလှမ်းမှီသလို၊ ဟိုဖက်ကို ဆင်းလိုက်တော့လည်း ကုတင်ပေါ်ပင် ရောက်သွားရသည်။ သူ့အတွက် အခက်အခဲ ပြဿနာမရှိ။ ဟိုဖက်ခန်းထဲ ခြေချနိုင်ခဲ့သည်လို့ ဆိုရပေမည်။

ဒီလောက်တော့ စာရနက္ခတ်ပါလာသူ သူခိုးတက်ပြားအနွယ်ဝင် သောင်းထိုက်စိုးအတွက် ငှက်ပျောသီးအခွံနွှာရတာလောက်ပဲရှိသည်။ ဒုစရိုက်ပညာတွင် ကမ်းကုန်အောင် တတ်ကျွမ်းထားသော သူ့အဖို့ ဝါလုံးတန်းလောက်က လေ့ကျင့်ခန်းမျိုးလည်း မျက်စေ့မှိတ်၍ လုပ်နိုင်ခဲ့သည်။

သူဆင်းခဲ့သည့် ဦးသီဟ၏ အခန်းထဲမှာ မှောင်မဲနေ၏။ ဒါပေမဲ့ သောင်းထိုက်စိုး၏ မျက်လုံးအစုံက မှောင်လေ မြင်လေဆိုရမည့် ကြောင်မျက်လုံးတွေပါ။ မီးခလုတ်ဆိုတာကို ကြောင်မျက်လုံးနှင့်ရှာ၍ ထိုနေရာအရောက် ကျားခြေသံဖြင့် လှမ်းခဲ့သည်။ တိုးတိုးတိတ်တိတ် အလွယ်တကူပင် မီးခလုတ်ကို စမ်းမိသည်။

မီးဖွင့်ပြီးတော့မှ ကုတင်နားကို ပြန်လာသည်။ ကုတင်အောက်က သားရေသေတ္တာကြီးကိုမြင်၍ ကုတင်ပေါ်တင်ဖွင့်ဖို့ကြံသည်။ သူလုပ်ပုံက သေတ္တာပြောင်သည်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရသည်။ သောင်းထိုက်စိုးဆိုသည်က မီးဖွင့်၍ ခိုးသည့်သူခိုးအရင့်စား။ ငံအား ထောက်ရွှေသင် သားရေသေတ္တာကြီးမှာ သော့ခတ်မထားပါချေ။ သဘောကောင်း လိုက်တဲ့ ဖိုင်ရှင်ဆရာကြီးရယ်။

သောင်းထိုက်စိုးက ထောပနာပြုလိုက်ရင်း သေတ္တာအဖုံးကို လှန်ဖွင့်လိုက်သည် အထဲတွင် ပရုပ်လုံးနံ့ကလေး သင်းနေပြီး အဝတ်အထည်အသုံးအဆောင်ကလေး များကို သပ်သပ်ရပ်ရပ် ခေါက်ထည့်ထားသည်ကိုတွေ့ရ၏။ ပြီးတော့ ... ငါးဆယ်တန် ငါးချပ်ကို သေတ္တာအောက်ထဲမှာတွေ့ရ၏။ ငါးဆယ်တန်တွေကို ယူ၍ အပေါ်အိတ်ထဲထည့်လိုက်ပြီး ကျောက်တွေသိမ်းထားသော ကတ္တီပါ ရှူ့အိတ် အလေးကို ရှာမိပြန်သည်။

အမွှေမွှေအနှောက်နှောက်နှင့် အမှောက်မှောက်အလှန်လှန်သာ ဖြစ်ကုန်သည်။ ကျောက်အိတ်ကလေးတော့ မတွေ့ရပါကလား။ သည်တော့ခါမှ သောင်းထိုက်စိုး ရင်တွေ ဒိန်းဒိန်းဒိုင်းဒိုင်း ခုန်လာရတော့၏။ ပြိုက်ခနဲ ချွေးတွေ စို့သီးလာရသည်။

တောက် ... ကေန္တတော့ သူ့ကျောက်ထုပ်ကို အဖိုးကြီးက ကိုယ်နဲ့မကွာယူ သွားတာပဲဖြစ်မှာပေါ့။ ခဲလေသမျှ သဲရေကျကိန်းကြုံလိုက်ရပြီမို့ သောင်းထိုက်စိုးမှာ ခေါင်းငိုက်ငိုက်သွားရသည်။ အတွက်မတော်၍ တစ်ကွက်ချော်ရတာကို တွေးလိုက်မိ တိုင်းလည်း ဒေါမနဿပွားလာရသည်။

ထိုစဉ်မှာပင် ... သူ့ဟိုဘက်မှ နံရံကို တဘုံးဘုံးပုတ်ရင်း အမောတကြီး ပြောလာသော မေသကြိန်၏ အသံကိုကြားလိုက်ရသည်။

"အဖိုးကြီး ပြန်လာပြီ ကိုစိုး ... လှေကားထိပ်ရောက်နေပြီ ... ပြန်ကူးခဲ့တော့"

သောင်းထိုက်စိုးမှာ စိတ်တိုရသည်အထဲ ရင်တုန်သွားရတော့သည်။ ကဗျာ ကရာလေးပင် မီးခလုတ်ကို ပြေးပိတ်လိုက်သည်။ တစ်ခန်းလုံးမှောင်ချလိုက်ပြီးဗြို ဆိုတော့မှ ကုတင်ပေါ်ပြန်တက် ဟိုဖက်ကူးရန် ပြင်လိုက်မိသည်။

သူကူးဖို့အချိန်ရပါသေးသည်။ ကူးမယ်ဆို ကူးလို့လွတ်ပါဦးမည်။ ခုမှတံခါးဝ ကိုရောက်လာသည့် ခြေသံကိုကြားလိုက်ရရုံရှိသည်။ သည်မှာပင် ... သူ့မျက်စေ့ ထဲတွင် ဟိုမနေ့ညက မွေ့ရာခင်းပေါ်တွင် ရောင်မျိုးစုံ ကြိုးကြွပြိုးပြက်လက်နေ သော ကျောက်တုံးလေးတွေကို မြင်ယောင်လိုက်မိတော့၏။

သို့နှင့်တပြိုင်နက် ... အဖိုးကြီးတွင် ချစ်စရာလှပ၍ အဖိုးတန်သော ကျောက်ရောင်စုံလေးတွေ ပြန်ပါလာမှာပဲ ဟူသော အတွေးလည်းဝင်လာမိသည်။

သူ ... သူ့အခန်းထဲ ပြန်ကူးရကောင်းမလား။

ဒါမှမဟုတ် ... ကျောက်တွေကိုပဲ အရချိုင်ပစ်လိုက်ရကောင်းမလား။

စဉ်းစားနေဆဲလျက် ... ဆုံးဖြတ်ရခက်နေမိခိုက်တွင် တံခါးသော့ဖွင့်သံကို ကြားလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့...

သောင်းထိုက်စိုးက ကုတင်ပေါ်မှ ပြန်ဆင်း၍ နောက်လှည့်ခဲ့ပါလေတော့သည်။

လျှင်မြန်သည့်နေရာမှာတော့ သောင်းထိုက်စိုးကို တော်ရုံလူလိုက်မမှီနိုင်လိမ့်မည်မဟုတ်ပေ။ သည်အထဲမှ သူ့ကိုသူပင် အံ့ဩယူရလောက်အောင် အလျင်ဆုံး အမြန်ဆုံးခြေလှမ်းများဖြင့် တံခါးနောက်ကို သောင်းထိုက်စိုးရောက်သွားသည်။

လှစ်ခနဲ ... ဖတ်ခနဲ ... ပြီးတော့၊ ကပ်ခနဲဖြစ်သွားသည်။ သူ့နဂိုလျင်မြန်မှုထက် ရောင်စုံကျောက်ကလေးတွေ၏ ညှို့ဆွဲအားကြောင်း ခုလို လှစ်၊ ဖတ်၊ ကပ် ... သွားရခြင်းဖြစ်လေမလားတော့ မသိ။

ဒါပေမဲ့ ... သူကပ်နေလိုက်မိသည့်တိုင်အောင် ဦးသီဟက အခန်းထဲဝင်မလာနိုင်သေးပါ။ သော့ပေါက်နှင့် သော့တန် အံမကျဘဲတစ်နေသဖြင့် သော့ဖွင့်လို့မရသေးဘဲရှိနေသည်။ သည်အတွင်းမှာ သူက အသက်ကို အဝအပြဲ ရှူထားခွင့်ရလိုက်သည်။

သော့ခလောက်ဂျက်ကျ၍ တံခါးဖွင့်လာသည့်အချိန်ကျတော့ အသက်အောင့်၍ နံရံနှင့်တပြားတည်း ကပ်ထားနိုင်လိုက်သည်။

အမှောင်ထဲတွင် ကျင့်သားရပြီးဖြစ်သော သောင်းထိုက်စိုးက အလင်းရောင်မှ ဖြတ်ဝင်လာရသော ဦးသီဟကို ကောင်းကောင်း တွေ့မြင်နေရသည်။

အဖိုးကြီးကတော့ ... အမှောင်ထုကို ခုမှ ရင်ဆိုင်ရသူမို့ သောင်းထိုက်စိုးကို သတိမထားနိုင်ခဲ့ပါ။ ကုတ်ကုတ်ကုတ်ကုတ် မီးခလုတ်ရှိရာသို့ စမ်းသွားနေရှာသည်။

သောင်းထိုက်စိုးသည် ဦးသီဟ သူ့ကိုကျော်သွားသည်အထိ လွှတ်ပေးထားလိုက်သည်။ ကျော်သွားပြီဆိုတော့မှ ဦးသီဟနောက်မှ ခြေလှမ်းထပ်ချပ်နင်း၍ လိုက်ခဲ့သည်။ အရိပ်ပမာ တိတ်တိတ်ပုန်းခိုလိုက်ခဲ့သည်။

ဦးသီဟ မီးခလုတ်ကိုဖွင့်ရန် လက်လှမ်းလိုက်သည်နှင့် ... သူက အဖိုးကြီးပါးစပ်ကို နောက်က ဇတ်ဆို လှမ်းပိတ်ဖမ်းချုပ်လိုက်သလို၊ လက်ထဲတွင် အသင့်ထုတ် ကိုင်ထားခဲ့ပြီဖြစ်သော အရာဝတ္ထုတခုနှင့် ဘယ်ဘက်နံကြားထဲသို့ ထိုးသွင်းလိုက်ပါတော့သည်။

ဦးသီဟသည် ဝူးဝူးဝါးဝါးတော့ လုပ်မိရှာသေးသည်။ ဒါပေမဲ့ ချွင်းချွင်းဆိုသလိုပင် အင်းခနဲ တိတ်တိတ်ညည်းရင်း သောင်းထိုက်စိုး၏ လက်ထဲတွင် ခွေအိ ခွေပျောင့်ကျသွားခဲ့ရပါ၏။ တကယ်တော့ သည်နည်းက ရိုးအိနေပြီဖြစ်သည်။ ကမ္ဘာကျော် ပဉ္စမံတပ်ဖွဲ့ဝင် သူလျှိုအဆက်ဆက်လက်စွဲသုံးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး လူသတ်နည်းတစ်ခုပင်ဖြစ်ပါ၏။ အသံတိတ်လူသတ်နည်း သို့မဟုတ် ကောင်းစားနည်းဟုခေါ်ကြသည်လား မပြောတတ်ပါ။

ဦးသီဟ အသက်ထွက်သွားပြီဆိုတော့မှ သောင်းထိုက်စိုးက သူ့လက်ထဲမှ ဓါးကို တဖြည်းဖြည်း ပြန်နှုတ်ပေးလိုက်သည်။ ထိုဓါးကား သူအပြင်သွားစဉ်က လိုရမယ်ရဆိုပြီးဝယ်လာသော မျှော့ကြောင်းနှင့် ၆–လက်မ ဓါးမြှောင်ကြီးတစ်လက်ပင် ဖြစ်ပါ၏။

ဒီနောက်တော့ အခန်းတံခါးကို ဂျက်သွားပိတ်သည်။ ဦးသီဟ၏ ကုတ်အင်္ကျီ အိတ်ကြီးအနှံ့အပြား လက်နှိုက်ရှာသည်။

ကျောက်ထုပ်၊ ကျောက်ထုပ်လေးတော့ မတွေ့ရ။ သောင်းထိုက်စိုး ခေါင်းကြီး သွား၏။ ကျောက်ထုပ်လေးအစား ရာတန်ဟုထင်ရသော အထုပ်နှစ်ထုပ်ကိုတွေ့မှ အသက်ရှူဖြောင့်တော့သည်။ ငွေနှစ်သောင်း၊ ကျောက်တွေ သွားရောင်းရလာသော ငွေတွေပဲဖြစ်ပါလိမ့်မည်။

သောင်းထိုက်စိုးကား လူသတ်ရကျိုးနပ်ပါပေသည်။ အပွကြီးပွလိုက်ပါလေပြီ။ သည့်နောက်တော့ ... ဦးသီဟ၏ အလောင်းကြီးကို ကုတင်အောက်ထိုးသွင်းထား လိုက်သည်။

အခန်းမီးကို ပြန်ဖွင့်၍ တစ်ခန်းလုံးမှ သူ့ခြေရာလက်ရာတွေကို ဖျောက်သည်။ ဓါးရိုးမှ လက်ဗွေရာကို ဖျက်ထားလိုက်သည်။ သားရေသေတ္တာကို ပြန်ပိတ်၍ သိမ်းပေးခဲ့သည်။ သွေးကွက်သွေးစက်တွေကို အဝတ်စုတ်တစ်ခုနှင့် သုတ်ပစ်သည်။ လုပ်ရင်းကိုင်ရင်းတစ်ဖက်ကလည်း တံခါးဝသို့ မပြတ်နားစွင့်ထားခဲ့သည်။

သူ့လှုပ်ရှားမှုအားလုံးက အပိုအလိုမရှိတိကျသည်။ လက်ရဲဇက်ရဲနိုင်သလောက် လည်း သွေးအေးအေးနှင့် လုပ်ခဲ့သည်။ မေသကြ်နကို သူလူမသတ်ဖူးဘူးပြောခဲ့ သည်မှာ မှန်သော်လည်း လူမသတ်ရဲဘူးဆိုတာတော့ မုသားသုံးခဲ့ခြင်းဟုသာ ဆိုရပါမည်။

ဒုစရိုက်သမုဒ္ဒရာတွင် တဖက်ကမ်းခတ်နေခဲ့သည့် သူလို လူဆိုးလူတေ တစ်ယောက်အတွက် လူသတ်သမားအဆင့်အတန်းကို တစ်လှမ်းတက်ဖို့ ဘာ ခက်တာလိုက်လို့။ ပွလောက်မယ်ဆိုရင်တော့ ကပြီး,သတ်တာပေါ့။ သတ်တယ် ဆိုတာ လွယ်ပါတယ်လေ ...။

သည်လိုဖြင့် ... ဦးသီဟ၏ အခန်းထဲတွင် လုပ်စရာရှိသမျှ ပိပိရိရိ သေသေသပ်သပ် လက်စသပ်ပြီဆိုမှ မီးဖွင့်လျက်သား ထားခဲ့ပြီး၊ သူ့အခန်းဆီသို့ နံရံကိုကျော် ကူးပြန်လာခဲ့တော့သည်။

သူ့ကို မျက်လုံးလေး အဝိုင်းသားနှင့် ကြိုစောင့်နေသော မေသကြ်နကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။ သူက လက်မထောင်ပြလိုက်ရင်း ကုတင်ပေါ်တွင်ပင် အိပ်ချလိုက်သည်။

ပြီးတော့ ... ကုတင်ဘေးတွင် ရပ်နေသော မေသကြိန်အား သူ့လက်ညှိုးကို ကွေးချည်ဆန့်ချည်လုပ်၍ ခေါ်လိုက်သည်။ မေသကြိန်ကလည်း သူ့ကိုယ်လုံးလေးကို သောင်းထိုက်စိုး ရင်ခွင်ထဲ ပစ်အပ်ခဲ့ပါ၏။

သောင်းထိုက်စိုးက မေသကြိန်ကို နှုတ်ခမ်းချင်းတေ့နမ်းလိုက်ပြီး ...

"တအောင့်နေပြီး သွားကြရအောင်မေ ... မေ့မျက်နှာလေးကို နည်းနည်းပါးပါး သွားပြင်လိုက်အုံးလေ"

"ရပါတယ် ကိုစိုးရယ် ... မေရုပ်က ပြင်လဲ ဒီပုံပဲ ထွက်မှာပါ သိပ်မလိုပါဘူး ... ဒါနဲ့၊ မေ သတိပေးရက်သားနဲ့ ချက်ချင်း ဘာလို့ ပြန်မလာတာလဲ၊ ကြာလိုက်တာ ဘာများဖြစ်နေပါလိမ့်လို့ စိတ်ပူနေရတယ်၊ အဖိုးကြီးကို ကိုစိုး ဘာများလုပ်ခဲ့သေးလဲဟင်"

"အဖိုးကြီးကို မေ့ဆေးပေးခဲ့ရုံပါပဲကွာ ... ကိုစိုး လက်သံဘယ်လောက် ပြောင်တယ်ဆိုတာ မေအသံတောင်မကြားလိုက်ရဘူး မဟုတ်လား၊ ရတနာထုပ်ကို ကိုစိုးဝင်ရှာတော့ မတွေ့ဘူးလေ၊ အဖိုးကြီးက ရောင်းဖို့ ယူသွားတာကိုး ... ဒီတော့ လက်ချည်းသက်သက်တော့ မပြန်နိုင်ဘူးဆိုပြီး အဖိုးကြီးပြန်လာပြီဆိုတာနဲ့ စောင့်နေလိုက်တာ၊ ပြီးတော့ ချောင်းရိုက်ပြီး ကိုယ်တို့ လိုချင်တာယူခဲ့တာပေါ့၊ ဒါပေမဲ့ ... ကျောက်တွေတော့ မဟုတ်တော့ဘူး မေ ... ငွေသားသက်သက်ပဲ ... ကိုယ်တို့အတွက် ထုခွဲရလွယ်ပြီး အသင့်သာ သုံးလိုက်ရုံပဲပေါ့ကွာ"

သောင်းထိုက်စိုးက ဘောင်းဘီအိတ်နှစ်ဖက်ထဲမှ ရာတန်နှစ်ထုပ်ကို ထုတ်ပြလိုက်သည်။ မေသကြိန်က တစ်ချက်ကြည့်ရုံသာကြည့်၍ ကုတင်ပေါ်မှ ဆင်းရင်း

"ဒါဖြင့်လဲ သွားကြပါစို့ ကိုစိုးရယ် ... ဒီမှာ ကြာကြာဆက်နေလို့ မကောင်းတော့ဘူး မဟုတ်လား"

ထို့နောက် မကြာမီ သောင်းထိုက်စိုးနှင့် မေသကြိန်တို့ ထွက်ခွာရန် အသင့်ပြင်ခဲ့ကြတော့သည်။ သူတို့ရင်ထဲဝယ် အနာဂတ်၏ အိပ်မက်လှလှလေးတွေကိုယ်စီဖြင့် ...

ဦးဖိုးထောင်နှင့် ဒေါ်ညွန့်တို့၏ မျက်နှာအသီးသီးမှာ ပေပပ်ဖမ်းရာမှ ထွက်ခဲ့ရသော လမင်းကြီးနှယ် ကျေနပ်၍ ဝင်းထိန်နေရာမှ သူတို့ဆိုင်ရှေ့မှထွက်သွားသော ဟီးလ်မင်းကားနီလေးကို ငေးကျန်ရစ်ခဲ့ကြသည်။ ထို့နောက် ... ဒေါ်ညွန့်၏ မျက်နှာမှာ ပြန်ပုပ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါအုံး ကိုဖိုးထောင် ... ရှင်နဲ့ကျုပ် စာရင်းရှင်းစရာရှိသေးလို့ ..."

ဦးဖိုးထောင်ကို လှည့်ပြောလိုက်ပြီး၊ ဆိုင်ထဲသို့ ပြန်ဝင်သွားခဲ့သည်။ ဦးဖိုးထောင်လည်း ဒေါ်ညွှန့်၏ အမိန့်တော်ကို ဦးထိပ်ပန်ကာ နောက်တော်ပါးက ကျို့ကျို့ကလေးလိုက်သွားရသည်။

ပြီးတော့ ... ဒေါ်ညွှန့်ဝင်ထိုင်ချလိုက်သော ကုလားထိုင်ရှေ့စားပွဲတစ်လုံးခြား ကုလားထိုင်တွင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရင်းနှင့် ...

"မင်းနဲ့ငါ ဘာစာရင်းရှင်းစရာရှိလို့လဲကွ ... မင်းဧည့်သည်တွေ မင်းကို ရှင်းသွားပြီ မဟုတ်ဘူးလား၊ အခန်းခအားလုံး လေးဆယ်ကျတာ ငါးဆယ်တောင် ပေးသွားသေးတာပဲဆို ..."

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ... ကောင်မလေးက ပြောသွားသေးတယ်တော့ ... ညနေက သူ့ယောကျ်ားက ရှင့်ကို ခတ်ဆီတိုင်ကီဖာခ တစ်ဆယ်ပေးသွားတယ်တဲ့၊ ကဲ ... ဘယ်မလဲ အဲ့ဒီတစ်ဆယ်"

"ဟာကွာ ... မိန်းမကလဲ ..."

ဦးဖိုးထောင်က ကလေးဆိုးကြီးလို နှုတ်ခမ်းဆူပွဆူပွလုပ်၍ ပြောလိုက်သည်၊ ဒေါ်ညွှန့်က မျက်ထောင့်ကြီးနီလာသလို ပတ်ကြမ်းတိုက်တော့သည်။

"ဘာ မိန်းမလဲ ... ရှင်ခုနသွားပြီး သောက်ရည်တွေ သောက်ပစ်လိုက်ပြီမဟုတ်လား၊ ဟင်း ... သောက်နံ့ကလဲ မွှန်နေတာပဲ ... ပိုက်ဆံလေး မရလိုက်နဲ့ ဒီအရည်ပဲ ပြေးသောက် ..."

"မသောက်ရတာကြာလို့ တစ်ခါတလေပါ အညွှန့်ရာ"

"အံမယ် သေနာကြီးနော် ... လူကိုများ အညွှန့်လေး ဘာလေးနဲ့ နားကြားပြင်းကပ်လိုက်တာ ... လုပ်ချင်တာလုပ်လာပြီးမှ ကလေးကလား လာချွဲမနေစမ်းပါနဲ့ ပေးစမ်းပါ ... ပိုတဲ့ပိုက်ဆံ ..."

"ဒါတော့ မင်းက လင်မယားအချင်းချင်း မိုက်ကြေးခွဲတာပဲကွာ ... ရော့ရော့ ..."

ဒေါ်ညွှန့်ကို မလွန်ဆန်ရဲသော ဦးဖိုးထောင်လည်း သူ့ခါးပိုက်ဆောင်ထဲ၌ လိမ်ကျစ်ထားသော ကျပ်တန်သုံးချပ်နှင့် အကြွေအချို့ကို မကျေမချမ်းကလေးနှင့် ပင် ထုတ်ပေးခဲ့မိကြသည်။ သည်တော့မှ ဒေါ်ညွှန့်မျက်နှာမှာ အနိုင်ရသော အပြုံးမျိုးနှင့် လန်းလန်းရွှင်ရွှင်ဖြစ်သွားပါ၏။

ဒေါ်ညွှန့်၏ အပြောင်းအလဲမြန်လှသော အဖြစ်ကို ဦးဖိုးထောင်က မရဲတရဲ လေး စကားနာထိုးတော့၏။

"မင်းဟာလေ ... ပိုက်ဆံမရခင်က မျက်နှာကတစ်မျိုး၊ ရပြီးဆို မျက်နှာက

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး၊ တတ်လဲတတ်နိုင်တဲ့ မျက်နှာ စပလိန်ပဲ ... ဟိုညှော့်သည် လင်မယား တုန်းကလဲ ဒီလိုပဲ၊ ပိုက်ဆံမှပေးကြပါ့မလားဆိုတဲ့စိတ်နဲ့ ကွယ်ရာမှာ ဆောင့်အောင့် ကျိတိုက်နေတာ ... ဟော ... ဟိုက တစ်ဆယ်လဲပိုပေးခဲ့ပါတယ်ဆိုရော — နောက်လည်း လာတည်းဦးနော် ... ထမင်းလေးကော စားသွားပါဦးလားနဲ့ လောကွတ်လုပ်လိုက်ရတာ မျက်နှာကို ပုရွက်ဆိတ်တက်တော့မလောက်"

"အံမယ် ... ဒါတော်ပြောစရာမလိုပါဘူး ... ကျုပ်မျက်နှာနဲ့ ကျုပ်ပါ ... တော့မျက်နှာ ငှားလုပ်တာမှမဟုတ်ဘဲ ...၊ တော့်ဟာတော် မူးမူးနဲ့တော့ သတ္တိလာမစမ်းနဲ့၊ ပါးတစ်ခြမ်းလုံး ကွဲသွားမယ်သိလား အေးအေးနေ"

"အေးပါကွာ ... ဩော် ဒါနဲ့ ... သူတို့ဘယ်သွားမယ်ပြောသွားသေးလဲ"

"ဘယ်သွားရဦးမှာလဲ ... ရှင် မကြားလိုက်ဖူးလား။ ပဲခူးကို ဆက်သွားမယ်လို့ ပဲပေါ့၊ ရှင်ပြန်လာလာချင်းမကြားလိုက်ဘူးလား"

"မကြားလို့မေးတာပေါ့ဟ၊ ငါပြန်လာတော့ ကောင်မလေးဆိုင်ထဲကထွက်လို့ ကားပေါ်က စောင့်နေတဲ့လူဆီတောင် ရောက်သွားပြီ၊ ဘာပဲဖြစ်ဖြစ်သူတို့လည်း မင်းကို ဆက်စိတ်အနှောက်အယှက်မပေးဘဲ ပြန်သွားကြပြီ မင်းလဲပိုက်ဆံရလိုက်ပြီး ငါလည်း အဖြူတလုံးတော့ သောက်လိုက်ရပြီ ... အားလုံးကျေနပ်စရာ မကောင်း ဘူးလား"

"သိပ်လည်း ကျေနပ်မနေနဲ့ အပေါ်က ဦးသီဟအခန်းကို သွားထမင်းပို့ချေအုံး"

"ဩော် ... ဦးသီဟ အပြင်က ပြန်လာစက မင်းကို ပြောမသွားဘူးလား"

"ဘာပြောရမှာလဲတော့ ... ဦးသီဟပြန်လာတာတောင် ... ကျုပ် မသိလိုက်ပါ လား"

"ဒါဖြင့် ... မင်းအိမ်သာတက်နေတုန်း ဖြစ်လိမ့်မယ်ထင်တယ်၊ ငါနဲ့တော့ သူတွေ့သွားတယ်ကွ၊ ပြီးတော့ ... သူအပြင်က ညစာ စားခဲ့ပြီတဲ့၊ သူ့အတွက် ထမင်းပို့စရာမလိုတော့ဘူးတဲ့ ..."

"ဒါပေမဲ့ ... ည ၁၂–နာရီ သူတရားထိုင်ပြီးရင်တော့ ထုံးစံအတိုင်း နွားနို့သွားပို့ရဦးမှာပေါ့ ... ရှင့်တာဝန်ရှင် မမေ့နဲ့ ..."

"ငါ သိပါတယ်ကွာ၊ မင်း ပြောစရာမလိုပါဘူး"

"ခုလောလောဆယ်တော့ ဟိုလင်မယားအခန်းက အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ် တွေ သွားလဲထားလိုက်လေ၊ နောက်ညှော့်သည်ရောက်ချင်ရောက်လာမှာ — အသင့်ပြင်ထားမှ ..."

"ဖြေးဖြေးတော့ လုပ်တာပေါ့ မယ်ညွန့်ရာ ... ဈာန်လေးရှိန်ရထားတုန်း မှိန်ယူပါရစေဦး ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုအလုပ်ခိုင်းလိုက်ပြီဆို ဖင်လှဲ့ခေါင်းလှဲ့နဲ့ အိမ်နေတာဘဲ၊ အရက်သောက်တို့ များဆိုရင်တော့ အပြေးအလွှား ...၊ တဏှာရာဂအကြောင်း ပြောရမယ်ဆိုလဲ လာခဲ့ ... နှစ်ယောက်မရှိဘူး ... အစားအသောက်ဆိုလဲ အားကိုးရပါတယ်၊ တပြုံနှစ်ပြုံရှေ့ဆုံးက ..."

"ဒါတော့ ... ဝါသနာကိုး မယ်ညွှန့်ရ ..."

"ဘာ ... ဘာပြောတယ်"

"ဘာမှမပြောပါဘူးမိန်းမရာ ... ချစ်လို့ နောက်တာ"

"တယ် ... ပြောလိုက်ရင် မကောင်းတော့ဘူး၊ မူးလာရင် ရှင်နဲ့ ကျုပ်နဲ့ကို အပေါက်အလမ်းမတည့်ဘူး"

"ဘယ်တဲ့မလဲကွ မူးလာပါတယ်ဆိုမှ"

"သေချင်းဆိုးကြီးနော် ... ပြောလေ ကဲလေ လုပ်မနေနဲ့ ... ခုံဖိနပ်စာ မိသွားမယ်"

"စိတ်မဆိုးပါနဲ့ မိန်းမရာ၊ ငါပျော်လို့ပါ၊ ကဲ ... လာပါ ... ငါခုထိ ထမင်းမစားရသေးဘူး၊ ဆာလှပြီ ... ထမင်းလေး ဘာလေး ခူကျွေးစမ်းပါဦး"

"တော်ပ့်လက်နဲ့ တော့်ခြေပဲ၊ ခူးခပ်သွားစားပါလား"

"လာပါကွယ် ... ငါ့မိန်းမကြီး ခူးကျွေးရင် ပိုထမင်းဝင်လို့ပါ၊ နော် အညွှန့်ရယ်"

ဦးဖိုးထောင်က ဒေါ်ညွှန့်ရှိရာ ကုလားထိုင်ကို ကူးထပြီး ဆွဲထူဆွဲဖက်လုပ် သည်။ ဒေါ်ညွှန့်ကလည်း ထရုပ်မိရာမှ ရုန်းထွက်ရင်း ...

"ဖယ်စမ်းတော် ... လူမြင်လို့မှမကောင်းဘူး၊ မကြီးမငယ်နဲ့ နန့်ကြောဆွဲမနေနဲ့ ... တော်နော်တော်"

"ရှေးဖြစ်ဟောင်းအောက်မေ့ဘွယ် ငယ်မူပြန်တာပေါ့ကွယ်..."

ဦးဖိုးထောင်က ဒေါ်ညွှန့်ပုခုံးကို မလွှတ်တမ်းဖက်ရင်းမှသာ အိမ်နောက်သို့ ဆွဲခေါ်သွားသည်။ ဒေါ်ညွှန့်ဆိုသည့် အဖွားကြီးမှာလည်း ရုန်းရင်းဖယ်ရင်း ဆဲရင်းဆိုရင်း ကန့်လန့်ကန့်လန့်နှင့် ဒရွတ်တိုက်၍ ပါသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၁ |

သောင်းထိုက်စိုးမောင်းလာသော ဟီးလ်မင်းကားနီးလေးသည် စော်ဘွားကြီး ကုန်းမှထွက်၍ မင်္ဂလာဒုံလမ်းသို့အရောက်တွင် ပြည်လမ်းမကြီးအတိုင်း ရန်ကုန် ဘက်သို့ ငြိမ့်ငြိမ့်ကလေး ပြန်လှည့်ဝင်ခဲ့လေတော့သည်။

သည်တွင် ...

သောင်းထိုက်စိုး၏ ဘေးမှ ကားလမ်းတလျှောက်ကို ငေးရင်းကြည့်နေလာသော မေသကြဲန်က တအံ့တသြလေးဖြစ်သွားရသလို ...

"ဟင် ... ကိုစိုးဟာက ဘယ်ကိုပြန်ကွေ့တာလဲ၊ ပဲခူးမသွားတော့ဘူးလား လို့ ..."

"ဟုတ်တယ်မေ ... ကိုစိုးတို့ ရန်ကုန်ဘက်ကို ပြန်သွားမလို့"

သောင်းထိုက်စိုးက ကားမောင်းရင်တစ်ဖက် ဘားမားစတိတ်စီးကရက်ကို နှုတ်ခမ်းဖျား ညှပ်သောက်ရင်း တစ်ဘက်မှ တုန့်ပြန်ပြောလိုက်သည်။

သောင်းထိုက်စိုး၏ စကားကြောင့် မေသကြဲန်၏ ရွှေသမင်မျက်လုံးလေးတွေ မှာ နားမလည်ရောင်တွေ ယှက်ဖြာသွားရပါတော့သည်။

"ဘာဖြစ်လို့လဲဟင် ကိုစိုး။ မေတို့ရန်ကုန်ထဲပြန်ဝင်စရာ ဘာလိုတော့လို့လဲ"

"အ နိုင်ရန်ကော မေရယ် ... ကိုစိုးတို့မှာ ငွေတစ်သောင်းကျော်နှစ်သောင်း လောက် ရလိုက်ပြီပဲ။ ဒီကားကို ဘာဂရုစိုက်စရာလိုတော့လို့တုန်း ... မြို့ထဲ တစ်နေရာရာမှာ သွားပစ်ထားဖို့ဘဲ ရှိတော့တာပေါ့"

"နောက်တော့ကော ကိုစိုးအစီအစဉ်က ..."

www.burmeseclassic.com

www.burmeseclassic.com



"အစီအစဉ်က မေနဲ့ကိုစိုး လမ်းခွဲဖို့ပဲရှိတော့တာပေါ့။ မေကလည်း အိမ်ပြန် ကိုစိုးကလည်း ကိုစိုးလမ်းရှိရာ ကိုစိုးဆက်သွား။ မကောင်းဘူးလား"

"ဒါ ... ဒါဖြင့် မေပြောထားတဲ့ကိစ္စ ဘယ်လိုလုပ်မလဲ။ ကိုစိုးမေ့သွားပလား ဟင် ... ဟို ... ဟို ... မေ့မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာလေ။ မေ့ကို ကိုစိုး ဒီအတိုင်းပစ်ထားခဲ့တော့မှာလားကွယ်"

"ဒီလောက်လဲ ကိုစိုးမမေ့တတ်ပါဘူးကွာ။ အဲဒီပြဿနာအတွက်လည်း ကိုစိုး စဉ်းစားပြီးသားပါ မေရဲ့။ မေ့ကို ဝေစုအနေနဲ့ ငွေသုံးထောင်ပေးခဲ့မယ်လေ။ အဲဒါလေးနဲ့ မေ့ပြဿနာကို ဖြေရှင်းပေါ့ ... မကျေနပ်ဖူးလား မေ။ ငွေသုံးထောင် ဆိုတာ မနည်းပါဘူးကွ။ ရင်းနှီးလုပ်ကိုင်စားလို့တောင် ရသေးတယ်၊ မေ့ကိုယ်ဝန် မေ မွေးချင်မွေး ဖျက်ချချင်ချဆိုတာကတော့ မေ့သဘောပဲ"

သောင်းထိုက်စိုးက ကုန်သွားသော စီးကရက်တိုကို ကားဘေးမှန်ပေါက်မှ တောက်ထုတ်ပစ်လိုက်သည်။ ပြီးတော့ ... ကားမောင်းရင်း တစ်ဘက်မှ မေသကြန် ကို စောင်းငဲ့ အကဲခတ်ကြည့်လိုက်သည်။

သူတို့ကားလေးသည် မရမ်းကုန်းရှစ်မိုင်သို့ ရောက်ခဲ့ရပြီဖြစ်ပါ၏။

"ဟင် ... ဒါနဲ့ပဲ ကိုစိုးက မေ့ကို အတည်ယူတော့မလို ဘာလိုလိုနဲ့ မေကတော့ အဟုတ်ကြီးမှတ်လို့ ယုံစားနေလိုက်တာ။ ကိုစိုးရယ် ... မေ့အပေါ် ဒီလောက်လဲ မရက်စက်ပါနဲ့လားကွယ် ... မေ့ကို မသနားတဲ့တိုင်အောင် ဗိုက်ထဲက ကိုစိုးရင်သွေးလေးကိုတော့ ငဲ့ညှာပါအုံးလို့"

ပြောရင်းမှ မေသကြန် မျက်ရည်ဝဲလာရသည်။ သူ့ရင်ထဲမှာလည်း ဆွေးမြေ့ မှုလောင်ခဲ့ရပါချေပြီ။ သူ့ချစ်သူက ဆိုးပေပေမဲ့ ကြင်နာတတ်မှုအသည်းနှလုံးတော့ ရှိကောင်းရှိလိမ့်မည်ဟု သူမျှော်လင့်ခဲ့မိသည် မဟုတ်ပါလား။

ခုတော့ ... အထင်နှင့်အမြင် ပြင်ပြင်ကြီး ခြားနားခဲ့ပါလေပြီ။

မေသကြန်က မိန်းမသားပီပီ အောက်ကျို့အသနားခံပါသော်လည်း သောင်း ထိုက်စိုးကတော့ သူ့ကို ဟဒယရှင်ဆေးကျွေးလိုက်သလိုပဲ ထင်လိုက်လေသလား မသိ။ တဟားဟားနှင့် ဟားတိုက်ရယ်နေလိုက်ပါ၏။ နောက် ...

"ကျကျလိုက်သေးတော့ မေရာ ... ဒီစကားကိုပြောမယ်ကြံရင် မင်းကိုယ်မင်းလဲ သေသေချာချာ ပြန်စစ်ကြည့်လိုက်အုံးမှပေါ့ကွ။ ငါနဲ့မတွေ့ခင်က ဘယ်သူတွေနဲ့တွဲခဲ့တယ်။ လက်ရှိမှာလဲ ငါနဲ့တပြိုင်ထဲ ဘယ်သူတွေနဲ့ တွဲနေခဲ့တယ် ဆိုတာတွေကို။ တကယ်တော့ မင်းဘဝက စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ထမင်း တစ်နပ်စားရရင် တစ်ညအိပ်မယ်ဆိုတဲ့ဘဝကို ရောက်နေတာ ငါမသိဘူးမှတ်လို့ လား။ မင်းအလှ မင်းခန္ဓာကိုယ်ကို လူတကာလိုက်ပြီး မေတ္တာလက်ဆောင်ပေး

www.burmeseclassic.com

www.burmeseclassic.com



နေတာတွေကော မမြင်ချင်ယောင်ဆောင်နေခဲ့တာဘဲ။ မင်းဟာ ကြေးတန်းစားသာသာ ဖာတစ်ဝက်အဆင့်က အရပ်ပျက်မလေးဆိုတာ မမေ့နဲ့လေ။ ဟင်း – လူကြည့်တော့ အကြော်သည်သမီး၊ နာမည်က ကဗျာဆန်ဆန် မေသကြာ်န်တဲ့၊ ကိုယ်နဲ့မတန်မရာ မှန်းချင်တော့ အဖတ်ဆယ်မရအောင် ပျက်စီးရတာလဲ မဆန်းဘူးပေါ့၊ မင်းဟာမင်း ပျက်စီးချင်တိုင်းပျက်စီး တွေ့ကရာလူတွေနဲ့ အလေလိုက်ပြီး ဗိုက်တစ်လုံးပေါ်မှ ငါ့ကို ဖအေဖေါ်၊ တရားခံဖမ်းတာတော့ ဘယ်ခံနိုင်ပါ့မလဲ။ ငါက … လူပေါင်းစုံဝန်ကို ဝင်ထမ်းရအောင် နွားမဟုတ်ဘူးကွ၊ နွားမဟုတ်ဘူး"

သောင်းထိုက်စိုးက ပြတ်ပြတ်ငြင်းခဲ့ပါတော့၏။

မေသကြာ်န်ခမျာ နားနှစ်ဘက်ကို စုံကန်ပိတ်ရင်း အလူးအလဲ တောင်းပန်ရှာပါသေးသည်။

"နှမချင်းမစာ ပြောရက်လှချည်လား ကိုစိုးရယ် … မေ …ကိုစိုးကို မလိမ်ပါဘူး၊ မညာပါဘူး၊ လှည့်စားတာ မဟုတ်ပါဘူး၊ ဘုရားစူးစူး ကျိန်ပေးပေး ဒီကလေးဟာ ကိုစိုးနဲ့မှ ရခဲ့တဲ့ကလေးပါ။ ကိုစိုးရင်သွေးစစ်စစ်ပါ။ မေလူတကာနဲ့ တွဲတယ်ဆိုပေမဲ့လဲ ကိုစိုးနဲ့လို လွန်လွန်ကျူးကျူး တစ်ခါမှမဖြစ်ခဲ့ဖူးဘူး။ ငါ့မှာ ဂုဏ်နဲ့ငွေနဲ့ဆိုပြီး မျက်နှာလွှဲမကို တစ်ဘက်သတ် အနိုင်မကျင့်ချင်ပါနဲ့ ကိုစိုးရယ်…"

"အိုကွာ … မင်းသိထားဖို့က သောင်းထိုက်စိုးဟာ စကားတစ်ခွန်းကို နှစ်ခါထပ်မပြောတတ်ဘူးဆိုတာပဲ မေ၊ မင်းကိုငါ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး။ ဒီကလေးဟာလဲ ငါ့ရင်သွေးမဟုတ်နိုင်ဘူး။ မင်းဗိုက်ဟာ ဘုံပေါင်းဗိုက်။ သတ္တဝါ နှစ်မျိုး ဂျင်းသုတ်ဗိုက်။ ငါ ငွေသုံးထောင်ပေးတာက ခေါင်းရှောင်ကြေး ပေးတာ မဟုတ်ဘူး။ ကြံရာပါအနေနဲ့ပေးတာ၊ သနားလို့ပေးတာ၊ ဒါနဲ့မှ မကျေနပ်ဖူးဆိုရင်တော့ ငါဘယ်တတ်နိုင်တော့မလဲ။ မင်းထိုက်နဲ့ မင်းကံပဲ"

သောင်းထိုက်စိုးက မေသကြာ်န်ကို မျက်နှာလွှဲလိုက်ပြီး၊ ကားကိုသာ အရှိန်ကုန်နင်းမောင်းလိုက်ပါသည်။ မေသကြာ်န်မှာလဲ ဘာမှဆက်မပြောနိုင်တော့ဘဲ တရှုံ့ရှုံ့ ရှိုက်ငိုလို့သာ လာရသည်။

မေသကြာ်န်ရင်ထဲမှာ နာကျည်းခံပြင်းမှုတွေက အဝီစိပွက်သလို ပွက်ပွက်ပွက်ပွက်ဆူနေသည်။ ယှူကျုံးမရ ဆွေးမြေ့ရခြင်းကြောင့်လည်း အသည်းမှာ အစိမ်းလတ်လတ် ကြွေရတော့မည့်နှယ် ခံစားရရှာပါသည်။

တစ်လမ်းလုံး မေသကြာ်န်တွေးလာသည်။ တစ်နည်းအားဖြင့် တစ်စုံတစ်ခုကို ပြောရကောင်း မပြောရကောင်း ဆုံးဖြတ်ဖို့ ကြိုးစားနေခဲ့မိသည်။ သည်လိုနှင့် ခုနစ်မိုင်ခွဲ နို့စားနွားမခြံသို့ရောက်လာသောအခါ …

"ဒီမယ်ကိုစိုး … အစကတော့ ကိုစိုးပဲ မေ့ကို ချစ်ရချည့်ရဲ့ဆို။ တစ်မိုးအောက်

www.burmeseclassic.com



တစ်ယောက်မျက်စိအောက်က အပျောက်မခံချင်ဘူးဆို။ မေ့ဘဝကို မကြည့်ရက်အောင် သနားလိုက်တာဆို ခုတော့ မေ့ကို သက်သက်မဲ့ ဒုက္ခပေးခဲ့တာလား ကိုစိုးရယ် … ဟင်"

"ဟုတ်ပါတယ်လေ၊ မင်းကို မုန်းတယ်လို့လဲ ကိုယ်မပြောခဲ့ပါဘူး၊ ဒါပေမဲ့ … အချောင်စားရမယ်ဆိုရင်တော့ ချစ်တယ်ဆိုတဲ့စကားကို ယောကျ်ားတိုင်းရဲ့ပါးစပ်က ထွက်ဖို့ ဝန်မလေးပါဘူး မေရာ … အေး … မင်းကို ချစ်ခဲ့တယ်၊ မင်းမှာ ချစ်စရာ ရှိလို့ချစ်တာပဲ၊ ရှင်းရှင်းပြောမယ်ကွာ … မင်းအသွေးအသားကို စားချင် ဝါးချင်လို့ ချစ်တယ်၊ ဒီနေ့ စားလို့ဝပြီ မုန်းတယ်၊ ကဲ … ဘာပြောချင်သေးလဲ"

"ကိုစိုးက မုန်းပေမဲ့ မေကတော့ မမုန်းနိုင်သေးဘူး ကိုစိုး၊ သာယာမှုကို မက်မောတာလဲ မက်မောတာဘဲ၊ ဒီကြားထဲက ကိုစိုးကို ချစ်တာလဲ ချစ်တာပဲ၊ ကိုစိုး အပေါ်မှာ ဂုဏ်ကြီးရှင်သဌေးသားဆိုတဲ့ အနေနဲ့မဟုတ်ဘဲ မေတ္တာသန့်သန့်နဲ့ ချစ်ခဲ့ တာပါ ကိုစိုး၊ မေ သံယောဇဉ် တကယ်ရှိပါတယ် ကိုစိုးရယ်၊ မေ့ကိုသနားပါ၊ မေ့ကို သစ်စိမ်းချိုးချိုးပြီး ပစ်မထားခဲ့ပါနဲ့ မေကလဲ ကိုစိုးကို မခွဲနိုင်ဘူး"

"ဒီလောက်တောင်ချစ်ရင်လဲ ဒီနေရာတင် လွမ်းပြီး ရင်ခွဲနာကျသေလိုက်ပေါ့ကွာ၊ ငါကတော့ မင်းကိုမေ့လိုက်ပြီးသားပဲ၊ မင်းတို့လိုမိန်းမတွေ မျက်ရည်ခံထိုးတိုင်း သနားရမယ်ဆိုရင် တို့ယောကျ်ားတွေ ခက်ခက်ရချီသေးရဲ့ … ဒီမယ်မေ ငါ့လမ်းကို ငါသွားစမ်းပါရစေကွာ"

သောင်းထိုက်စိုးလို သံမဏိအသည်းနှင့် လူ့ဘီလူးတစ်ယောက်ကို အသနားခံ တောင်းပန်လို့ ရမည်မဟုတ်ကြောင်း သိသာလောက်ပါသည်။

သည်တော့လည်း … မေသကြၤန်က တစ်နည်းတစ်လမ်းအားဖြင့် တိုက်စစ်ဆင်ရန် သာ ဆုံးဖြတ်လိုက်မိပါတော့သည်။

သူတို့ကားလေးကတော့ အေဒီလမ်းကိုကျော်၍ အင်းယားကန်စောင်း နှစ်ဖက်ကြား လမ်းလေးပေါ်တွင် ကွေ့ကောက်ပြေးနေခဲ့ပါချေပြီ။

"ကိုစိုးကို … နောက်ဆုံးအနေနဲ့ မေ မေးချင်တယ်၊ မေ မေးတာကို ဖြေစမ်းပါ၊ ကိုစိုး မေ့ကိုယူမလား မယူဘူးလား တစ်ခွန်းထဲပြော"

"ဩော် … မင်းက ငါ့ကို ယောက်တယ်ပေါ့၊ ဘာသဘောနဲ့ မင်းမေးလိုက်တာလဲ မေ၊ ကောင်းပြီ နောက်ဆုံးအနေနဲ့ မင်းကိုဖြေလိုက်တယ်ထားပါတော့ကွာ၊ မင်းကို ငါမယူနိုင်ဘူးတဲ့ ရှင်းပလား"

"ကိုစိုးကတောင် မေ့ကိုမညှာနိုင်တော့တဲ့နောက်၊ မေကလဲ ကိုစိုးအပေါ် ယောက်ထား သနားစရာအကြောင်း မရှိတော့ဘူးပေါ့ ကိုစိုးရယ်၊ ချစ်ခြင်းမေတ္တာကို တန်ဖိုးမထား လူသားမဆန်ချင်တဲ့ လူတစ်ယောက်ကို ဒဏ်ခတ်လိုက်ရုံပဲ ရှိတော့တာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"အံမာ...မင်းကများ ငါ့ကို ဒဏ်ခတ်မယ်လေး ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ်ကွာ ... မင်းက ငါ့ကို ဒဏ်ခတ်နိုင်ရလောက်အောင် ဘယ်လောက်များ အစွမ်းရှိထားပါလိမ့် မေရာ ဟားဟားဟား"

သောင်းထိုက်စိုး၏ သရော်တော်တော် ရီသံသံ့အပြောက မေသကြ်န်အား မီးလောင်ရာလေပင့် လုပ်ခဲ့ပါလေသည်။ ရင်ထဲမှာ နာကျည်းမုန်းတီးမှုတွေ ပေါက်ကွဲခဲ့ရပါလေပြီ၊ ဆက်ဆက်တုန်နေသော နှုတ်ခမ်းတွဲလေးမှ ဒေါသသံဖြင့် အံထွက်ခဲ့ရတော့သည်။

"ကိုစိုးက မေ့ကို အထင်သေးတာကိုး၊ ကျားမှာလဲ အစွယ်နဲ့၊ နဂါးမှာလဲ အဆိပ်နဲ့၊ ထုတ်မသုံးရင်သာရှိမယ်၊ အစွမ်းတော့ ထက်ကြသူတွေချည်းပဲ မဟုတ်လား။ ပြီးတော့ ...၊ ကိုစိုးတို့ယောကျ်ားတွေဟာ မြွေဟောက်လိုပဲ၊ တစ်ဆိတ်ရှိ ရှူးရှူးရှဲရှဲနဲ့ ပါးပြင်းထောင်ပြဖို့ပဲတတ်တယ်၊ မေတို့မိန်းခလေးတွေကတော့ မြွေပွေးလိုသာ အတတ်နိုင်ဆုံးရှောင်နေတဲ့ကြားထဲက အသားလာထိတာနဲ့ ဖြတ်ပေါက်ပစ်လိုက်မှာ နားလည်လား ကိုစိုး၊ ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါစို့ရဲ့ ... မြဝတ်မှုန်ထမင်းဆိုင်မှာ ကျောက်ကုန်သည်အဖိုးကြီးကို ကိုစိုး ဓားနဲ့ထိုးသတ်ခဲ့ပစ်တယ်ဆိုတာ မေသိတယ် ..."

"ဘာ ... မင်းက ဘယ်လိုလုပ်သိလိုက်ရလို့လဲဟင် မေ"

သောင်းထိုက်စိုး တစ်ကိုယ်လုံး ရုတ်တရပ် ဓာတ်လိုက်သလို ဇာတ်ခနဲတွန့်တက်သွားရာမှ အငမ်းမရမေးလိုက်ပြီး ကားဘရိတ်ကို ဆောင့်အုပ်ပစ်လိုက်သည်။ ကားကလည်း ဂျွမ်းပြန်တော့မတတ် ဦးစိုက်၍ လမ်းဘေးထိုးရပ်သွားသည်။ မေသကြ်န်ကလည်း မာကျောအေးစက်သော မျက်လုံးအစုံဖြင့် သောင်းထိုက်စိုး၏ ခြသေ့မျက်လုံးကြီးများကို တုန့်ပြိုင်ကြည့်ရင်း ပြောလက်စမပြတ် တတွတ်တွတ် ဆက်ပြောခဲ့တော့သည်။

"သိတယ်လေ သိတယ်၊ နံရံပေါက်က ချောင်းကြည့်နေခဲ့လို့ သိတယ်၊ ကိုစိုးက တော့ မှောင်ထဲမှာပဲ၊ ငါ့ကိုဘယ်သူမှ မြင်ရမှာမဟုတ်ဘူးဆိုတဲ့ တွက်ကိန်းနဲ့ အေးအေးလေးလုပ်ခဲ့တာကိုး။ ဒါပေမဲ့ ... တကယ့်တကယ်ကျတော့ မေတို့အခန်းက အလင်းရောင်ဟတ်ကျနေတာကို ကိုစိုး သတိမထားခဲ့ဘူးပေါ့၊ ဒါကြောင့်လဲ မှုန်မှုန်ဝါးဝါးကြားထဲမှာပဲ ကိုစိုးက အဖိုးကြီးကို ဓားနဲ့ထိုးသတ်လိုက်တာ မေမြင်ခဲ့ရတယ်။ ကုတင်အောက်ဆွဲသွင်းထားလိုက်တာလဲ မြင်တာပဲ။ နောက်ဆုံး ... မှောင်ထဲမှာမို့ ရိုးတိုးရိပ်တိတ်နဲ့ မင်းစိတ်ထင်တွေပါလို့ ငြင်းမယ်ဆိုရင် သွေးကွက်ကြီးနဲ့ ကိုစိုးသုတ်နေတာအထိ မြင်ခဲ့ရတယ်လို့ ပြောလိုက်ရုံပေါ့ ... ဒါပေမဲ့ ကိုစိုးက အဖိုးကြီးကို ရိုက်ခဲ့တာလို့ပြော ဖိန်းခဲ့တာကို မေလက်ခံပြီး သတ်ခဲ့တာကို မသိချင်ယောင်ဆောင်နေခဲ့တယ်။ ဒီတော့ ခုကိုစိုး မေ့ကိုမေ့နိုင်ဘူးဆိုပြီး ထားပစ်ခဲ့တာနဲ့ ရဲအဖွဲ့သွားတိုင်လိုက်ရုံပဲမဟုတ်လား။ ဒီအမှုမပေါ်ချင်ရင်တော့

www.burmeseclassic.com



မေ့ကိုလက်ထပ်ယူပေါ့။ ကဲ ... ဘယ်နှယ့်ရှိစ ..."

"ဒါ ... မင်းငါ့ကို အကြပ်ကိုင်တာပေါ့လေ ... ဟင်၊ မေ"

"မေက တရားသဖြင့် အနိုင်ယူတာပါကိုစိုး ... မတတ်နိုင်လွန်းလို့ အမေး အယူလမ်းစဉ်လိုက်ရတာပါ၊ ကဲ ... ရှင် မေ့ကို မနက်ဖြန် လက်ထပ်ယူမလား။ ဒီည အချုပ်ထဲသွားနေမလား၊ ကြိုက်တာပြော ..."

မေသကြဲကလည်း ဗိုလ်တစ်လှည့် ငါးပျံတစ်လှည့်ဓာတ်လမ်းတွင် ငါးပျံဘဝကို ရောက်သွားရာမှ တခစ်ခစ်ကလေး ရယ်နေလိုက်ပါသည်။ သောင်းထိုက်စိုးမှာ တော့ အကြံတွေထုတ်ရင်းမှ မျက်မှောင်ကြီးကြုတ်နေအောင် အကြပ်ရိုက်နေခဲ့ပါ တော့သည်။

"ကို မင်းကိုပေးတဲ့ဝေစုက နည်းနေလို့များလားကွာ ... နောက်ထပ် သုံးထောင် ထပ်ယူကွာ ... ခြောက်ထောင်ဖြစ်သွားတာပေါ့"

"တစ်ယောက်တစ်ဝက်ဆိုပြီး တစ်သောင်းပေးလဲ မေ,မလိုချင်ပါဘူး ကိုစိုး ... မေ လိုချင်တာက မေတ္တာတရားနဲ့ နှလုံးသား"

"အိုး ... မင်းရူးများ ရူးနေသလားမေ ... ငွေငါးထောင်တစ်သောင်းဆိုတာ မင်းတစ်သက်ကိုင်ဖူးတဲ့ငွေမှ မဟုတ်ဘဲကွ ... မင်းကိုငါ လက်ထပ်လိုက်ရလို့ကော ဘာ အကျိုးထူးမှာမို့လဲ၊ ဥပမာ ... မင်းကိုလက်ထပ်ပြီးတဲ့နောက် ပစ်သွားမယ်ကွာ ဒါမှမဟုတ် ညှဉ်းဆဲမယ်ကွာ"

"ကိစ္စမရှိပါဘူးလေ ... ရှင် ကျွန်မကို လက်ထပ်မယ်ဆိုရင် ကျေနပ်ပါပြီ၊ ဒီ့ထက် ပိုစေတနာရှိမယ်ဆိုရင်တော့ လက်ထပ်ပြီးတဲ့နောက် ငွေတစ်သောင်း ထပ်ပေးခဲ့ပေါ့၊ ဒါဆို ... ကလေးအဖေလဲ ပေါ်သွားမယ်။ ကျွန်မဘဝတစ်လျှောက် လုံးလည်း ဖူလုံသွားမယ်။ ရှင်လိုလူတွေက ကျွန်မကို အပေါစားအရုပ်ပျက်မလို့ ရှုပ်စွဲထားတဲ့ ကျိန်စာကလဲ လွတ်မယ်မဟုတ်လား"

"ပိုင်လိုက်တာမေရယ် ... တစ်ချက်ခုတ် နှစ်ချက်ပြတ် ကြံတတ်လိုက်လေခြင်း ကွာ။ မင်းဘက်က ဒီ့ထက် နည်းနည်းမှ မလျှော့နိုင်တော့ဘူးလား"

"မေသကြဲနံ့ဟာ စကားတစ်ခွန်းကို နှစ်ခါထပ်မပြောပါဘူး ကိုသောင်းထိုက် စိုး"

"မင်းပြောတိုင်း ဖြစ်ရရိုးလား မေရာ ... မင်းက ငါ့ကိုပိုင်ပြီဆိုပြီး လူသတ်မှုနဲ့ ထောင်ချောက်ဆင်ချင်လို့ရမတဲ့လား၊ မင်းနားလည်ထားဖို့က ငါဘယ်သူဆိုတာကို မင်းကလွဲလို့ အမှန်အတိုင်း တစ်ယောက်မှမသိကြသေးဘူး၊ မြဝတ်မှုန်ဆိုင်ရှင် လင်မယားအနေနဲ့ ငါ့ကို ကားပိုင်ရှင် ဦးဝင်းလတ်ရယ်လို့ပဲ သိခဲ့ကြတာမဟုတ် လား၊ ငါကလဲ ဒီယုန်မြင်လို့ ဒီခြုံထွင်ပြီး နာမည်လွှဲပြောခဲ့တာ၊ ဦးဖင်လတ်

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာပေးခဲ့တာ၊ ဒီ့အပြင် ငါ့ရုပ်ကိုလဲ အမြင်မခံခဲ့တာ ... ဒါတွေအားလုံးကို ဆင်းလိုက်မယ်ဆိုရင် ကျောက်ကုန်သည်အဖိုးကြီးကို ငါ သောင်းထိုက်စိုး သတ်တာပါလို့ ဘယ်မှာသက်သေရှိတော့မလဲ"

"ဒါပေမဲ့ ကျွန်မက ဖော်ကောင်လုပ်မယ်ဆိုရင်ကော"

"ဒီတော့လဲ မဖော်နိုင်ခင် မင်းကို နှုတ်ပိတ်ပစ်လိုက်မှာပေါ့ မေ၊ ငါ့လက်က သွေးစွန်းပြီးသားပါကွာ၊ နောက်တစ်ယောက်ကို ထပ်သတ်ဖို့ ဦးမလေးတော့ပါဘူး၊ မင်းတောင်းဆိုသမျှ လိုက်ရောမယ်လို့ အချုပ်သပ်ထားလိုက်ပြီး ပြန်သတ်မယ်ဆို မင်းဘာတတ်နိုင်မှာမို့လဲကွ၊ လျှင်ပုံလျှင်ပန်းနဲ့ တော်တော် မိုက်လိုက် တုံးလိုက် ပါလား မေရာ၊ မင်းဒီအချက်တွေအားလုံး သိနေကြောင်း ငါ့ကိုဖွင့်ပြောလိုက်ရင် ငါက အရှင်ထားမှာမဟုတ်ဘူးဆိုတာ မင်းမသိဘူးလား ဟင်"

"သိပါတယ်ရှင် ... မြဝတ်မှုန်က ဆိုင်ရှင်လင်မယားရေ့မှာ ရှင်ကတော့ အမြင်မခံ ပုံးလျှို ကွယ်လျှိုလုပ်နေပြီး၊ ကျွန်မကိုချည်း တွန်းတွန်းပို့နေတာ သတိထားမိကတည်းက တစ်နေ့ကျရင် ရှင် ကျွန်မကို ကတိဖျက်ပြီး ပသွားမယ် လို့ တွက်မိပြီးသားပါ၊ လိုအပ်ရင် သတ်ဖို့တောင်ကြံလိမ့်မယ်ဆိုတာလဲ နားလည်ခဲ့ တာပဲ၊ ဒီ့အပြင် ရှင့်မှာ ဦးဝင်းလတ်ကို ခုတုံးထွက်ပေါက်ရှိလို့ ရတနာထုပ်ခိုးဖို့ ကြံတာ၊ ပြီးတော့ ကျောက်ကုန်သည်အဖိုးကြီးကို ရဲရဲတင်းတင်း သတ်ခဲ့တာတွေ ကိုလဲ ကျွန်မ ကောင်းကောင်းကြီး ရိပ်မိခဲ့ပါတယ်၊ နောက်ဆုံး ... ရှင် ပဲခူး မသွားဘဲ ရန်ကုန်ပြန်လှည့်ဝင်ခဲ့တာ ဘာကြောင့်လဲဆိုတဲ့အထိ ကျွန်မသိတယ် ရှင် ဒီကားကို သူ့ပိုင်ရှင်ရှိရာ သွားထားပစ်ဖို့ကလွဲလို့ ဘာဖြစ်အုံးမှာလဲ ဟင်၊ ရှင်က လူသတ်မှုက ကိုယ်လွတ်ရန်းပြီး ... ကားပိုင်ရှင်ခေါင်းပေါ် ပုံချခဲ့ဖို့အကြံပဲ မဟုတ်လား"

"အား ... မင်းတကယ့်ကို တော်လိုက်ပါလား မေရာ၊ ဒါပေမဲ့ ငါ့ဆီမှာ ဦးဝင်းလတ် ပစ္စတိုကြီးရှိနေတယ်ဆိုတာတော့ မင်းမေ့နေပြီထင်တယ်"

သောင်းထိုက်စိုးက ပြောပြောဆိုဆိုနှင့် သူ့မိုးကာအင်္ကျီအိတ်တစ်ဖက်သို့ လက်နှိုက်လိုက်ပါတော့သည်။ သည်တော့လည်း မေသကြိန်က ဟက်ဟက်ပက် ပက်ကလေး ရယ်နေလိုက်ရာမှ ...

"ဟင်း ဟင်း ဟင်း .... အမောခံပြီး ရှာမနေပါနဲ့တော့ ကိုစိုးရယ် ကိုစိုးရှာနေတဲ့ သေနတ်ကလေးက ဒီမှာမဟုတ်လားလို့ ..."

မေသကြိန်က ကားဆက်ခန်း အံ့ဝှက်ကလေးထဲ ထည့်ထားသော ပစ္စတို သေနတ်နှင့်ချိန်ရင်း၊ ပြောလိုက်ခြင်းဖြစ်ပါသည်။

"သိပ်လဲ အံ့ဩမသွားပါနဲ့ ကိုစိုးရဲ့ ကိုစိုးဓာတ်ဆီဖယ်ထွက်သွားရာက

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီး ကျောက်ခိုးဖို့မသွားခင် မိုးကာအင်္ကျီချွတ်ထားခဲ့တာမဟုတ်လား၊ အဲဒီမိုးကာအင်္ကျီထဲရောက်နေတဲ့ ပစ္စတိုကို မေကစ်ထားလိုက်တာပဲလေ၊ ကိုစိုးကလဲ ငွေတွေ့ရလို့ ဝမ်းသာအားရဖြစ်နေတော့ သေနတ်ပျောက်နေတာ ဘယ်စဉ်းစားမိတော့မလဲ မဟုတ်လား ... မေ သေနတ်ကောင်းကောင်း မပစ်တတ်ပါဘူး ကိုစိုး၊ ဒါပေမဲ့ ဒီလိုသေနတ်မျိုးမှာ မောင်းထိန်းခလုတ်ရှိတယ်ဆိုတာနဲ့ အဲဒီခလုတ်ကိုဖွင့် မောင်းတင်ပစ်မှရတယ်ဆိုတာတော့ စုံထောက်ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်လေ၊ ပြီးတော့ ခလုတ်ကိုဆွဲရင် ကျည်ဆန်ထွက်တယ်၊ အရှပ်မယ်ဆိုတာလောက်တော့ အစကတည်းက သိထားတယ်ဆိုပါတော့၊ ဒါကြောင့်လဲ ရှင် ကျောက်သွားခိုးနေတုန်းမှာ ... ကျွန်မအားနဲ့ မရမက မောင်းဆွဲတင်ထားခဲ့တယ်လေ၊ ကဲ — ဒီတစ်ခါရော မေ အသေးတယ်လို့ ပြောချင်သေးလားကိုစိုး ဟင် ... တစ်ခါက ရှင့်လေသံကို ဖမ်းပြောရရင်တော့ မိန်းမတစ်ယောက်ကို ဘယ်တော့မှ လျှော့မတွက်နဲ့ မှားသွားမယ်လို့"

မပြောချင်ပါ။

ဘာမှမပြောချင်ပါ။

သောင်းထိုက်စိုး ဘာမှမပြောချင်တော့ပါ။

စိန်ကဲရွှေကဲ ဤနှစ်ကဲထက် မိန်းမကဲခတ် လွန်ခဲခက်၏ ဆိုသလို၊ သူ မြွေပွေးမကို မြက်လျှော့မဟု အကဲခတ်မှားခဲ့သည် မဟုတ်ပါလော။

လည်လိမ်ခံ ကြက်ဖကြီးလို ငိုင်ကျသွားသည်။ အသေကောင်လို ငြိမ်နေလိုက်သည်။ ကျီးအကြီးလို ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရသည်။

သည်ကြားထဲမှ ... လမ်းပေါ်တွင် မကြာခဏ ဖြတ်သွားကြသော ကားတွေကိုသာ ကြောင်ငေးကြည့်နေမိတော့၏။

မေသကြဲန်ကလည်း သူ့အတူပင် ကားတွေနှင့် သူတို့လမ်းမကြီးဘေးတွင်ရှိနေခြင်းဖြင့် အန္တရာယ်မရှင်းကြောင်းတွက်မိလိုက်ပြီထင်၏။

"ကဲ ... ကိုစိုး၊ ဒီအတိုင်းရပ်နေလို့တော့ မဖြစ်ဘူးထင်တယ်၊ တော်တော်ကြာ ရဲကားတွေ ဘာတွေလာလို့ စစ်စစ်ဆေးဆေးလုပ်နေရင် ခက်ကုန်လိမ့်မယ်၊ ကျွန်မအတွက်က အရေးမဟုတ်ဘူး၊ ရှင့်အတွက် ပူရတယ်မဟုတ်လား"

ဒီတော့ ဒီကခွာပြီး တစ်နေရာရာမှာသွားခိုနေမှ ကောင်းမယ်တူတယ်၊ အဲဒီမှာ ပြေပြေလည်လည် ဆက်ဆွေးနွေးကြတာပေါ့ရှင်ရယ်"

သောင်းထိုက်စိုး ဘာငြင်းချင်ပါသေးသနည်း။

မေ့စကားသည် သေနတ်ပြောင်းဝမှာ အာဏာတည်နေလေသည်။

နားရွက်မကုတ်လိုက်နှင့် ဇက်ပြုတ်သွားမည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အရှုံးသရဖူဆောင်းထားရသူ၏ ဘဝမှာ နိုင်ရာလူခိုင်းသမျှ ဟုတ်ကဲ့ခင်ဗျာပေါ့။

သည်လိုနှင့် ဟီးလ်မင်းကားလေးကို စက်ပြန်နှိုး၍ လမ်းပေါ်တင်မောင်းထွက်ခဲ့ရပါလေတော့သည်။ မှန်မှန်လေးပဲမောင်းနော်ဟု မေကဆိုသဖြင့် မြန်မြန်လေး မမောင်းရဲခဲ့ပါ။

ကားထွက်ခိုင်းလိုက်ခြင်းအားဖြင့် မေသကြီန်သည် သူ့ကိုသတ်၍ ငွေတွေကို ဖြုတ်ခုတ်ပြေးတော့မည်ဟု ရည်ရွယ်ခဲ့ပုံရကြောင်း သူချင့်တွက်မိသည်။ တွက်ချက်မှန်မမှန်ကို မေသကြီန်၏ အတည်ပြုချက်တောင်းမိသည်။

"မေ ... ကိုယ့်ကို ဘယ်လိုစီရင်မှာလဲဟင်"

"မေလဲ ဒါကိုပဲ စဉ်းစားနေပါတယ်ကိုစိုး ... ကိုစိုးကိုပစ်သတ်ပြီး ငွေတွေကို အပိုင်စီးရကောင်းမလား၊ ဒါမှမဟုတ် ကိုစိုးရော ငွေရော ကားရော ရဲလက်ထဲ သွားအပ်လိုက်ရကောင်းမလားလို့၊ ပထမအကြံအရဆိုရင်တော့ မေချမ်းသာမယ် ...၊ ဒုတိယအကြံအရတော့ မေ့သိက္ခာကို မေအဖတ်ဆယ်နိုင်လိမ့်မယ်၊ ကဲ ... ဘယ်ဟာ ကောင်းမယ်ထင်သလဲ ကိုစိုး ..."

ဘယ်ဒင်းကမှ မသက်သာပါကလား။

"ကိုစိုးကတော့ ခုန မေတောင်းဆိုချက်အတိုင်း ပြန်ဖြစ်စေချင်တယ်အေ မေ့ကို ကိုယ်တသက်လုံး စောင့်ရှောက်သွားဖို့ သဘောတူပါ့မယ် ... ကလေးအဖေ ရာထူးကို လက်ခံပါ့မယ် ... ငွေတွေကို တို့လင်မယား အတူသုံးကြမယ်လေ"

"ရှင့်အဆုံးအဖြတ်ဟာ အလွန်နောက်ကျသွားပါပြီ ကိုစိုး၊ ကြောင်ဖားကြီး ကြွက်မခုတ်ပါဘူးလို့ ဥပုသ်စောင့်တာ ယုံချင်ယုံမယ်၊ ကိုစိုးစကားကိုတော့ မယုံရေးချ မယုံ၊ မယုံရေးလုံးကြီးတင် မယုံဘဲ"

မေသကြီန်က သူ့ဆန္ဒကို ပယ်ချပစ်လိုက်သည်။ မေသကြီန်က သူ့ကို ချမ်းသာခွင့်ပေးတော့မည်မဟုတ်ပါ။ လက်ထပ်နှင့် ကျည်ဆန်၊ တစ်ခုခုသာထွေ ရွေးတော့မည်။ ဖားအောက်တုံးရောက်ဖြစ်နေရသည့်သူ့ဘဝကို တိတ်တိတ်ကြိတ် ခံပြင်းရင်းနှင့် ဒီဘဝမှ တွန်းလှန်ရုန်းထွက်ရန် အကြံတွေထုတ်လာခဲ့မိသည်။

သည်လိုနှင့် ... ဘွဲ့နှင်းသဘင်ခန်းမနောက် အင်းယားရိပ်သာလမ်းထဲသို့ ကားလေးကိုကွေ့ဝင်လိုက်သည်။ ပြီးတော့ အတွင်းဘက်ခတ်ကျကျနေရာထိအောင် မောင်းသွားပြီး အရှိန်သပ်စက်ရပ်လိုက်သည်။

"ဒါက ဘယ်သွားမလို့တုန်း ... ဘာလုပ်ဖို့လဲ ကိုစိုး"

"ဒီလမ်းကဆို မြို့ထဲရောက်ဖို့ ပိုနီးတယ်မေ ... ပြီးတော့ ကိုယ်အတွင်းချဉ်လာတာနဲ့ စီးကရက်ကလေး သောက်ချင်လို့ပါ၊ ကားလမ်းမကြီးကနေထွက်လာပြီး တော့ အေးအေးဆေးဆေး ဆွေးနွေးချင်လို့လဲရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လို လူစိမ်းကားကြီးတစ်ယောက်အတွက် အယူခံဆိုတာ မရှိပါဘူးလေ၊ သေသေခင်နောက်ဆုံးအနေနဲ့ တစ်လိပ်လောက်တော့သောက် ... မေ့မျက်စေ့တော့ နောက်စေနဲ့နော် ... ကျည်ဆန်နဲ့ ရှင့်အသည်းနဲ့ တန်းနေတယ်ဆိုတာ သတိထား"

"ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်မေ"

သောင်းထိုက်စိုးလည်း ဘောင်းဘီအိတ်ထဲမှ စီးကရက်ဘူးနှင့်မီးခြစ်ကိုထုတ်၍ ညှိသောက်နေလိုက်မိသည်။ မေသကြင်္န်က သူ့ကို ဘေးမှအစဉ်မပြတ် အကဲခတ်ရင်း သေနတ်နှင့်ချိန်ထားသည်။ သူက စီးကရက်ကို အရသာခံဖွာရှိုက်နေလျက်မှ...

"နေပါအုံးမေရာ ... စောစောကတော့ မင်းရင်သွေးအတွက် ငါ့ကိုလက်ထပ်ဖို့ မဆွယ်နေခဲ့ပြီး ခုတော့လဲသတ်တော့မယ်ဆိုပါလား။ ငါ သေသွားရင် ငါ့သားလေး ဖတဆိုးလေးဖြစ်ကျန်ရစ်ခဲ့ရမလို မင်းလဲ လင်ကောင်မပေါ်ဘဲ ကလေးမွေးရမှာပေါ့"

"ပုဏ္ဏားမိုက်လွမ်းတာကို ဘယ်သူမှ မသနားတဲ့အပြင် ခဲပေါက်တောင်ခံရအုံးမယ်၊ ဒီမယ် ကိုစိုး ... ကျွန်မအသည်းကို ရှင့်အမုန်းလေသလုပ်လိုက်လို့ ခေါင်ခေါင်မြည်မာသွားပြီ။ ပြီးတော့ မွေးလာမဲ့ ကျွန်မသားသမီးအဖို့ သူ့အဖေ လူယုတ်မာ လူသတ်သမားကြီးဆိုတာ မသိလိုက်ရတာ ပိုတောင်ကောင်းအုံးမယ်"

"မင်း စိတ်အပြောင်းအလွဲတွေကလဲ မြန်လှချည်လား မေရာ ..."

"ဒီလိုမြန်အောင်ကို ရှင်ပဲသင်ပေးခဲ့တာ မဟုတ်လားလို့"

"ထားပါတော့လေ၊ ဒါပေမဲ့ မင်း ငါ့ကိုသတ်လိုက်လို့ ဖြစ်ပါ့မလား မေ။ ထမင်းဆိုင်က ဦးဖိုးထောင်တို့လင်မယားက မင်းကိုကောင်းကောင်းမှတ်မိနေတယ်နော်"

"အို ... သေတဲ့လူ ရှင်ဘယ်သူဆိုတာမှ သူတို့မသိလိုက်တာ၊ သတ်တဲ့လူ ကျွန်မကို ဘာရှာစရာလိုတော့မလဲ ကိုစိုး။ ရှင်သာ ကားခိုးမှုနဲ့ ပက်ပင်းမိတဲ့အပြင် အားကိုခြေရာခံလိုက်လာမဲ့ ကျောက်ကုန်သည်ကြီးသတ်မှုမှာ လက်သည်အဖြစ်နဲ့ အသေမိခံရမှာ ကိုယ့်အကုသိုလ်နဲ့ကိုယ်၊ ကိုယ့်စရိုက်နဲ့ ကိုယ့်လမ်းသွားရတာပဲ။ ဝမ်းနည်းစရာလဲ မလိုပါဘူး ကိုသောင်း ..."

မေသကြင်္န်၏ စကား တစ်ဝက်နှင့်တစ်ပျက်မှာပင် ပြတ်သွားသည်။ သောင်းထိုက်စိုးက စီးကရက်ကိုသောက်လိုက်၊ လက်ကြားညှပ်ထားလိုက်နှင့် ရှေ့တည့်တည့်မှန်ထဲကို ကြည့်၍၊ မေသကြင်္န်ပြောသမျှ နားထောင်နေရင်းမှ ...

လက်ကြားညှပ်စီးကရက်နှင့် သူ့ဘေးရှိ မေသကြင်္န်၏မျက်နှာကို တန်းမှန်သွားအောင် ရုတ်တရက် တောက်ပစ်လိုက်ခြင်းကြောင့်ပင်ဖြစ်ပါ၏။

စီးကရက်မီးနှင့် ပြာပူတွေလောင်၍ မေသကြင်္န်ဖြတ်ဖြတ်လူးပြီး လစ်ခနဲဖြစ်သွားစဉ်၊ သူ့လက်ထဲမှ သေနတ်ကို သောင်းထိုက်စိုးဖြတ်ဆွဲလုထားလိုက်မိသည်။ သည့်နောက်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၂

ကရင်ရင်ရင်ရင် ... ကရင်ရင်ရင်ရင် ...

ဧည့်ခန်းမကြီးဆီမှ မနားတမ်း ဆက်မြည်လာသော တယ်လီဖုန်းခေါင်းလောင်းသံကြောင့်၊ ကိုအေးမြင့်နှင့် မနှင်းဆီတို့ အိပ်ရာထဲမှ ပြေးထွက်လာရသော အချိန်မှာ မနက် ၄–နာရီခွဲခန့်ရှိချေပြီ။

မနှင်းဆီက အရင်ရောက်သူမို့ ဖုန်းခွက်ကို ကောက်ကိုင်ထူးလိုက်မိသည်။

"ဟလို ... အမိန့်ရှိပါရှင် ..."

ကိုအေးမြင့်မှာလည်း မနှင်းဆီနောက်က အိပ်မှုံစုံမွှားနှင့် မျက်လုံးတွေ ပွတ်ရင်း၊ သန်းဝေရင်းရောက်လာသည်။

"ဘယ်သူပါလဲရှင် ..."

တစ်ဖက်ကိုမေးမရလို့ မနှင်းဆီက ခေါင်းကို တဗျစ်ဗျစ်ကုတ်ဖွာနေမိပါတော့သည်။ မေးမရသည့်အဆုံး စိတ်ပေါက်ပေါက်နှင့် ပစ်မှုတ်လိုက်သည်။

"အခုစကားပြောနေတာ ဘယ်သူလဲ၊ ဘယ်သူ့ကိုတွေ့ချင်လို့လဲဆိုတာ မေးတယ်ရှင့်"

သည်မှာပင် ကိုအေးမြင့်က မနှင်းဆီလက်ထဲက ဖုန်းခွက်ကိုဆွဲယူလိုက်သည်။

"မနက်ဝေလီဝေလင်း မိုးမှလင်းသေးဘူး။ လူတွေကို အိပ်ရေးပျက်အောင် နှောက်ယှက်နေတာ ဘယ်ကဖုန်းသရဲတွေလဲကွ ... ဟေ ..."

ထိုအခါမှ ... တယ်လီဖုန်းနားခွက်ထဲက ကွိစိကွိစိအသံတွေ ပြန်ပေါ်လာသည်။ ကိုအေးမြင့်မှာ မျက်လုံးကျယ်၍ ဝါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကလည်း ကြံရာမရဖို့ ကိုအေးမြင့်၏ လက်မောင်းကို တအားကိုင်ဆုပ်ထားမိသည်။

သည်စဉ်မှာပင် ... သူတို့နောက်ဘက် အိပ်ခန်းထဲက မွေးကလည်း ပြူးပြူးပြာပြာလေး ရောက်လာသည်။ မွေးက အလောသုံးဆယ် မေးမိလေသည်။

"ဘယ်ကလာတာလဲ အစ်ကိုလေး၊ ဘယ်သူဆက်တာလဲဟင် ..."

ကိုအေးမြင့်ကတော့ သူတို့ကို ပြန်လှည့်မကြည့်ဘဲ ဖုန်းခွက်ထဲကိုသာ မဲပြောနေ၏။

"ဩော် ... ကိုဇော်ဦးလား၊ ဘာကိစ္စရှိလို့ပါလိမ့် ရဲမှူးကြီးရဲ့"

"ရဲမှူးကိုဇော်ဦးဆီကဆိုရင်တော့ ကိုဝင်းလတ်နဲ့ပတ်သက်တဲ့ သတင်းဖြစ်မှာပဲ။ ဘုရားသိကြားမ,လို့ သတင်းဆိုးမဖြစ်ပါစေနဲ့ ... ဦးဇော်ဦးက ဘာတဲ့လဲဟင် အစ်ကိုလေး"

ကိုအေးမြင့်က စကားမပြောရန် မွေးကို လက်နောက်ပြန်ကာပြလိုက်သည်။ သူက လုံးလုံးလျားလျား နိုးသွားရပြီဖြစ်သလို၊ တယ်လီဖုန်းခွက်ကို အသေအချာကရစိုက် နားထောင်နေပါသည်။

"ပြောမဲ့ဟာ ပြောစမ်းပါဗျာ ... ဒီလောက်လဲ တောင်းပန်နေစရာ မလိုပါဘူး"

"ခင်ဗျားတို့ကို နည်းနည်းပါးပါး စုံစမ်းစရာရှိတာလေးကျန်တာ မေးချင်လို့ပါ ကိုအေးမြင့် ..."

ကိုဇော်ဦး၏ စကားသံတချို့ လျှံထွက်လာသည်ကို သမီးယောင်းမနှစ်ယောက် ကြားခဲ့ရသည်။

"ဝင်းလတ်ကို သူတို့ တွေ့ပြီထင်တယ်"

"အင်းလေ ..."

မွေးနှင့်နှင်းဆီတို့က ပွစိပွစိလုပ်နေသဖြင့် ကိုအေးမြင့်က စကားပြောရင်း တန်းလန်းမှ တယ်လီဖုန်းခွက်ကို လက်ဝါးနှင့်ပိတ်ကာ နောက်လှည့်မာန်ခဲ့ရပါသေး၏။

"နေကြပါအုံးကွာ ဟိုကပြောတာဘဲ သဲသဲကွဲကွဲကြားရအောင် နားထောင်ပါရစေအုံး။ အဲ ... ဝင်းလတ်ကိုတော့ သူတို့ရှာနေတုန်းပဲ။ မတွေ့သေးဘူးပြောတယ်။ ဟာလို ... ကိုဇော်ဦး ... အိပ်ရာကတောင် နိုးပြီးပြောရအောင် ဘာတွေများ အရေးကြီးနေလို့လဲ ... မနက်မိုးလင်းတဲ့အထိတောင် မစောင့်နိုင်ခဲ့ဘူးလား ..."

"အေးဗျာ ... ကျွန်တော်ကိုယ်တိုင်လဲ အိပ်ရာထဲက မထချင်... ထချင်ထလာရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခင်ဗျားကိုရော ဘယ်သူတွေက လာရှိုးလို့တုန်း။ ကျွန်တော့်ယောက်ဖ ဝင်းလတ်နဲ့များ ပတ်သက်နေလို့လား"

"အဲ ... အင်း ... မဟုတ်ပါဘူး၊ တခြားပြဿနာပါ၊ ကိုဝင်းလတ်လောက်သိပ်အရေးမကြီး အမှုတစ်ခုဆိုပါတော့၊ အဲဒါနဲ့ ကျွန်တော်ထ,လိုက်ရပြီးကိုဝင်းလတ်နဲ့ပတ်သက်လို့ တစ်ခုသွားစဉ်းစားမိတာနဲ့ ဆက်မိတာပါ၊ ဟိုဒီလိုဗျာ ... ကိုဝင်းလတ်မှာ ငွေကြေးအကြွေးအတည်းတွေများ ရှိနေသလားလို့ပါ၊ သူ့အလုပ်အကိုင် စီးပွားရေးက ပြေမှပြေလည်ရဲ့လားဗျ ..."

ကိုဇော်ဦး၏ မေးခွန်းကြောင့် ကိုအေးမြင့်ငိုင်ကျသွားရသည်။ ဘယ်လိုအဓိပ္ပာယ်နှင့်များမေးလိုက်ပါလိမ့်ဟု နားမလည်နိုင်အောင်ဖြစ်နေမိသည်။ မနှင်းဆီနှင့် မွေးတို့က ဝင်မေးလာပြန်သည်။

"ကေနတော့ ကေနပဲ ကိုအေးမြင့်၊ သူတို့ ဝင်းလတ်ကို တွေ့သွားကြတာပဲဖြစ်ရမယ်၊ ရှင့်ကို မပြောသေးဘူးလားဟင် ..."

"ကိုဝင်းလတ်တော့ တစ်ခုခုဖြစ်ပြီထင်တယ် အစ်ကိုလေးရယ်၊ သူတို့သူတို့ရင်ခွဲရုံကများ ဆက်နေသလားမဆိုနိုင်ဘူး၊ မေးကြည့်စမ်းပါအုံး"

ကိုအေးမြင့်က စကားပြောခွက်ကို ကပ်ပြောမည့်အပြင် နားထောင်ခွက်ထဲမှကိုဇော်ဦး၏ အသံက ...

"ဒီလိုပါ ကိုအေးမြင့်ရာ ... ကျွန်တော်သွားစဉ်းစားမိတာက ကိုဝင်းလတ်ပျောက်သွားရတဲ့အကြောင်းရင်းတစ်ခုအနေနဲ့ ငွေကြေးမပြေလည်လို့ စိတ်ညစ်ညစ်နဲ့ခြေဦးတည့်ရာ ထင်ရာမြင်ရာထွက်သွားတာများလို့ပါ ... ခင်ဗျား ဘယ်လိုသဘောရသလဲ ကိုအေးမြင့်"

"အင်း ... ဒါလဲ ဖြစ်နိုင်စရာရှိတာပါပဲ ... ကျွန်တော် သူ့ကို ကူညီနေတဲ့ကြားက သူ့မှာအကြွေးတွေ ဝိုင်းဝိုင်းလည် နစ်နေတာဗျ ... အကြွေးထူတာလဲမပြောနဲ့လေ၊ ကလပ်တက် မြင်းပွဲလောင်းနဲ့ သုံးဖြုန်းနေတာကိုး ..."

မွေးနှင့် မနှင်းဆီတို့ကို ဥပေက္ခာပြုထားလိုက်ရာမှ ကိုအေးမြင့်က သူ့သဘောအတိုင်း သူအဖြေပေးခဲ့ပါပေသည်။ သည်အဖြေကြောင့် မွေး၏ မျက်နှာလေးညှိုးသွားရသည်ကို မနှင်းဆီ သတိထားမိခဲ့သည်။

"ဒါနဲ့ သူ့မိန်းမ မွေးကော ခင်ဗျားတို့အိမ်မှာပဲရှိနေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ကိုဇော်ဦး ဘာလဲ သူနဲ့စကားပြောချင်သေးလို့လားကျွန်တော့်ဘေးနားမှာတင်ရှိနေတယ်လေ"

"နေပါစေ ... ကိုအေးမြင့်၊ ဒါပါပဲ ကျေးဇူးတင်ပါတယ် ..."

တစ်ဘက်မှ ကိုဇော်ဦးက တိုတိုတောင်းတောင်းပြောလိုက်ပြီး ဖုန်းချသွား

www.burmeseclassic.com

www.burmeseclassic.com


အညီး ကိုအေးမြင့်မှာလည်း ပြောစရာမကုန်သေးဘူးထင်နေရာမှ သည်လောက် ချမ်းချမ်းသာသာ အဆက်ဖြတ်သွားသည့် ကိုဇော်ဦး၏ လုပ်ပုံကြောင့် တယ်လီဖုန်း ကြီးကိုင်လျက်တန်းလန်း ရုပ်သေကြီးဖြစ်၍ ညည်းကျန်ရစ်ခဲ့ရ၏။

"တောက် – ဘယ်လိုလူစားမှန်းလဲ မသိပါဘူးကွာ။ မပြောမဆို ဖုန်းချသွားပြီ၊ အရေးတကြီးခေါ်တုန်းကလဲ သူပဲ"

"အဲဒါကိုက ရှင့်ကိုသူ ပြောသင့်တာမပြောဘဲ ထိန်ချန်ထားမှန်းသိသာနေ တာပေါ့ ... ဘာပြဿနာများပါလိမ့်"

မနှင်းဆီက ဝင်၍မှတ်ချက်ပေးလိုက်သည်နှင့် တဆက်တည်း ...

"ဟုတ်ပါပြီလေ ... မွှေးထင်တာ မလွဲပါဘူး ... ကိုဝင်းလတ် ဒဏ်ရာအနာ တရရပြီး ဆေးရုံမှာ သေသွားလို့ဖြစ်မှာပါ။ ဒါနဲ့ ... နေပါအုံး အစ်ကိုလေး – သူ့မှာ အကြွေးထူနေတယ်ဆိုတဲ့အကြောင်းတွေ အစ်ကိုလေး ဖြေလိုက်ရတာက သူမေးခဲ့လို့လား ..."

မွှေးက ငိုငိုရီရီဝင်လိုက်ရင်း ကိုအေးမြင့်အား အဖြေတောင်းလိုက်ပြန်၏။ ကိုအေးမြင့်၏အဖြေကလည်း အားရစရာမရှိ။

"နင့်ယောက်ျား စီးပွားရေးပြေလည်ရဲ့လားလို့သာ ... သူမေးခဲ့တာပဲ၊ ညီမလေး ဘာကြောင့်မေးမှန်းတော့ ငါကိုယ်တိုင်လဲမသိဘူး။ ဒီကောင် ငွေရေး ကြေးရေးကိစ္စနဲ့ မဟုတ်တရုတ်တွေ လျှောက်လုပ်သွားလို့များလားပဲ"

"အကြောင်းတစ်ခုခုတော့ရှိမှာ သေချာပါတယ်။ သူ့ရဲ့ဌာနကို လိုက်သွားရင် ကောင်းမလား"

သို့လောသို့လော သံသရာဝယ် ... မွှေးရယ် မနှင်းဆီရယ် ကိုအေးမြင့်ရယ် သုံးယောက်သားမှာ တွေးပူဗျာကြွယ်ရင်းဖြင့် ပြန်အိပ်မရအောင် မျက်စေ့တွေ ကြောင်နေရာမှ အရုဏ်ကျင်းကာ မိုးလင်းခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၃ |

ဝင်းခနဲ မီးအလင်းရောင်သည် မ်နီးတနီးဖြစ်နေသော ကိုဝင်းလတ်၏ မျက်လုံးထဲသို့ ဖြာခနဲပေးဟပ်လိုက်ရာမှ သူဦးနှောက်ထိအောင် ထိုးဖောက်ဝင်သွား သည်။ တပြိုင်နက်အတွင်း သူ့ခေါင်းတွင်း၌ လွန့်လူိုင်းလူပ်ခတ်လာရသော အသိဉာဏ်က ...

"မီးလာပြီ ... ခုမှ တကယ်မီးလာပြီဟေ့"

ဟု ဆူညံအော်ဟစ်နေခဲ့ပါတော့၏။ ဟုတ်တယ်။ သေချာပါတယ်။ ခတ်ချေ ခါးခေါင်မိုးမီးလုံးလေးက ထိန်ထိန်လင်းလို့။

မျက်စေ့မှောက်တာ မဟုတ်ပါဘူး။

အိပ်မက်မက်တာ မဟုတ်ပါဘူး။

စိတ်ကထင်တာ မဟုတ်ပါဘူး။

ကိုဝင်းလတ်အသက်ရှူဖို့တောင်မေ့ပြီး ဆတ်ခနဲခုန်ထလိုက်မိသည်။ ရုံးစောင့် စံငြိမ်းရောက်လာပြီပဲထင်ပရဲ့။ သူ့လက်ပတ်နာရီကို အားရပါးရငုံ့ကြည့်လိုက်သည်။ ၅-နာရီ၊ မိနစ် ၄၀။

မနက်ငါးနာရီဖြစ်မှာပေါ့။ တစ်ရက်နဲ့တစ်ညလုံးလုံး အရှင်လတ်လတ် ဂူပိတ်မိ နေရတဲ့ဘဝက လွတ်ရတော့မှာပါလား ... တစ်နည်းဆို ... ၃၆-နာရီတိတိ သေနေခဲ့ရာက အသက်ဝင်ပြန်ရှင်ရတော့မယ်လေ ...။ သည်အဖြစ်ကို ပြန်တွေး လိုက်မိတိုင်း ယုံနိုင်စရာ နမ်းတစ်ပွင့်စာတောင် မရှိ။ မယုံမရဲကြားထဲကဝင် သူဝမ်းသာအားရဖြစ်ခဲ့ရသည်။ ဝမ်းသာလိုက်တာ အံမယ်လေးလေး ... ဘယ်လို ဝမ်းသာနည်း ဝမ်းသာရမှန်းမသိအောင် ဝမ်းသာလိုက်ရတဲ့ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com


ကိုဝင်းလတ်၏ သုံးဆယ်နှစ်ကျော်ခန့်က အစုအဝေးကြီးမှာ သွေးလှည့်ပတ်နှုန်းတွေ မြန်သထက် မြန်လာရသည်။

ဝမ်းသာခြင်းမှတစ်ဆင့် အားတက်ခဲ့ရပြန်သည်။

သူ့ရှေ့တွင် ပိတ်ဖုံးကွယ်ဆီးနေသော မြူမှောင်မြူမှိုင်းမြူမှေးမြူမှုန် အထုကြီးတစ်ခုလုံး ဖြုန်းခနဲ ပြိုကွဲပျောက်ပြယ်သွားရပါလေပြီကော ...။

ထိုအခါ ... ပထမဆုံး သွားမြင်ယောင်လိုက်မိသည့်အသွင်သဏ္ဌာန်က ရုံးစောင့်ကောင်လေး စံငြိမ်းရုပ်။ တံမြက်စီးလှဲသည့်ကုလားမကြီး၏ ပုံပေတည်း။

စံငြိမ်းနှင့် ကုလားမကြီးများ ဓာတ်လှေခါးခေါ်သည့်ခလုတ်ကို နှိပ်လိုက်ရင်ဖြင့် အခက်။ ဓာတ်လှေကားကို လာဖွင့်လို့ သူ့ကိုမြင်သွားရင်တော့လား ... ဘုရားဘုရား။ ဘုရားသိကြားမ,လို့ ဓာတ်လှေကားကို ဘယ်တော့မှ ခေါ်မဖွင့်ပါစေနဲ့အုံး။

ဒီတော့ ... သူ့ကိုတွေ့မသွားရအောင် ဘာလုပ်မလဲ။ သူတို့မဖွင့်ခင် ရှောင်ပြေးပေါ့။ ဝင်းလတ်က နံပါတ် ၃-ဘုသီးကလေးကို နှိပ်လိုက်သည်။

ရှောခနဲ ငြိမ့်ငြိမ့်ကလေး ... ဓာတ်လှေခါးကြီး အပေါ်တက်သွားတော့သည်။ မှုန်သွားပြီဖြစ်တဲ့ ဓာတ်လှေခါးကြီး။ စိတ်ကောင်းပြန်ဝင်လာတဲ့ ဓာတ်လှေခါးကြီး။ ချစ်စရာကောင်းလိုက်တဲ့ ဓာတ်လှေခါးကြီး။

ဓာတ်လှေခါးကြီး ရပ်သွားပြန်ပြီ။ သည်တစ်ခါတော့ သုံးထပ်နှင့်လေးထပ်ကြားမှာမဟုတ်တော့ပါ။ လေးထပ်အရောက်မှာ ဆိုက်ဆိုက်မြိုက်မြိုက်ရပ်သွားတာပဲဖြစ်သည်။

ဒါပေမဲ့ ကိုဝင်းလတ် ရုတ်တရက် အပြင်မထွက်နိုင်ပါသေး။ သည်အတိုင်းပစ်ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ။ အရေးပေါ်ထွက်ပေါက်ကို သူ့အံဖုံးပြန်တပ်ရသေးသည်။

အပေါ်က လိုင်နိုလီယမ်ကြမ်းခင်းစကို ပြန်ဖုံးလိုက်သည်။ လက်ကိုင်ပုဝါထုတ်၍ သံမဏိနံရံသုံးဘက်၊ အတက်အဆင်းခလုတ်ခုံ ကြမ်းပြင်စသည်တို့မှ သူ့လက်ရာတွေကို တစ်စက်မကျန် လိုက်သုတ်ပစ်မိသေးသည်။

ပြီးတော့ ... စီးကရက်ပြာ၊ စက္ကူစ၊ အမှိုက်အကြွင်းအကျန်လေးတွေ ဟူသမျှကိုလည်း ဓာတ်လှေခါးနှင့် လေးထပ်ကြမ်းပြင်ကြားမှ အောက်ထဲသို့ ဖိနပ်ဦးနှင့် ယက်ချလိုက်ရပြန်သည်။

အားလုံး ရှင်းလင်းသိမ်းဆည်းပြီးပြီဆိုတော့လည်း အပြင်ဘက်မှာ ဘယ်သူများရှိနေပါလိမ့်ဆိုတာ နားစွင့်ကြည့်ပါသေးသည်။

တကိုယ်လုံးမဲညစ်ပေကျံလျက် လူရုပ်မပေါ်တော့သော သူ့ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


ယောက်တွေ့သွားလို့ မကောင်းဘူး မဟုတ်လား။ စွင့်ထားသော နားထဲမှာတော့ ဘာသံဆို ဘာသံမှမကြားရ ဟုတ်ပြီ။

ဖြည်းဖြည်းချော့ချော့လေး၊ ဂရုစမ့်ကြီးစွာနဲ့ပေါ့ ... ဓာတ်လှေခါးတံခါးကို ကြိတ်ဖွင့်သည်။ တံခါးရွက်နှစ်ချပ်ကလည်း ညင်သာစွာ ရွေ့လျားတွန်းပွင့်သွားသည်။ အပြင်မှာ လူနှင့်တူတာ ဘယ်သူမှမရှိ။ သားရေအိတ်ကြီးဆွဲလျက် ဓာတ်လှေခါးထဲက တစ်လှမ်းထွက်လိုက်၏။ ပျော်ရလွန်း၍ သူ့ရင်ခုန်နေသည်။ ဘေးဘီဝန်းကျင်တစ်ခိုက်က အသံကို နားထောင်ကြည့်သေး၏။ တိတ်ဆိတ်လို့ ငြိမ်နေတယ်။ လမ်းကလဲ ရှင်းနေတယ် ... ကဲ ... သူ့ရုံးခန်းဆီသို့ ခြေဖျားထောက် ပြေးလေရောပဲ။

သူ့အခန်းထဲရောက်တော့ ပြူတင်းပေါက်တံခါးတစ်ခြမ်း ပွင့်နေသည်ကို တွေ့ရ၏။ သူ ညကထွက်သွားစဉ်ကအတိုင်းပဲပေါ့။ လက်ဆွဲအိတ်ကို စားပွဲအောက်မှာ ချထားလိုက်သည်။ ပြူတင်းပေါက်ဝကိုလာခဲ့သည်။

ကွန့်မြူးစ အရုဏ်ရောင်ခြည်က သူ့မျက်လုံးတွေကို ကျိန်းစပ်သွားစေသည်။ သည်ကြားထဲမှပင် သူ့ဘယ်ဘက်ရှိ တောင်တက်ချိတ်ကြိုးတန်းလန်းကြီးကို မြင်နေရသည်။ သူနှမ်းလျော့စွာ သက်ပြင်းချလိုက်မိ၏။ တော်တော့်ကို ကြိုးလ် မွေ့တဲ့ကြိုး။

သည်ကြိုးကြီးတန်းလန်းက ဘယ်သူမှတွေ့ခဲ့ဟန်မတူ၊ လာယူဖြုတ်ခဲ့ခြင်း လည်း မရှိ၊ ပကတိအတိုင်း တွဲလောင်းကြီးချိတ်လို့။ ငါ့အလာပဲ စောင့်နေတာ ပါလား။

ကိုဝင်းလတ်က ပြူတင်းပေါက်မှ ကိုယ်စောင်းထုတ်၍ ကြိုးကြီးကို လှမ်း ဆွဲယူလိုက်သည်။ ပြီး ... အပေါ်မှာ သွားချိတ်နေသည့် သုံးဘက်ချိတ်ဖြုတ်လာ အောင် ကြိုးစကိုင်ကာ လှုပ်ခါဖြုတ်မိသည်။ ကိုယ်တော်မြတ်ချိတ်က တင်းခံ နေသည်။ ငါးထပ်ပြူတင်းအုတ်ဘောင်ကို ကုတ်တွယ်ထားဆဲ။

သူ့ရုံးခန်းနောက်ဘက် သီးသန့်ရေအိမ်ခန်းထဲမှ အဝတ်လှမ်းသည့် ဝါးလုံး တစ်လုံးကို သွားသတိရလိုက်သည်။

နောက်ဆုံး ... ကြိုးစတစ်စကို သူပြူတင်းလက်ကိုင်ကွင်းတွင် ချည်ထားပြီး ဝါးလုံးနှင့်အောက်က ကော်ထိုးလိုက်ရသည်။ ဝါးလုံးထိပ်တွင် ချိတ်ကညပ်လျက်ပါ လာရတော့၏။

ချိတ်နှင့် ကြိုးကိုယူပြီး ပြူတင်းတံခါးတွေကို စေ့စေ့ပြန်ပိတ်ထားခဲ့သည်။ သုံးပွင့်ဆိုင်ခတ်ရင်းဂွချိတ်အချောင်းတွင် ကြိုးတွေကို အစကလိုပဲ ရစ်ပတ်လိုက် သည်။ စားပွဲဆီသို့ပြန်လာ၍ သားရေလက်ဆွဲအိတ်ကြီးထဲ ချိတ်ကြိုးကို ယိမ်းပင့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညော် — ခုမှုရင်တက အလုံးကြီး ဝှန်းခနဲ ပစ်ကျသွားရပါတော့သည်တကား။

သူသည် ဝမ်းသာလွန်းအားကြီးကြီးနှင့် အသံကုန်သာ စွပ်ဆက်ပိတ်ပက် အော်ပစ်လိုက်ချင်တော့သည်။ မနည်းစိတ်ထိန်းထားရပါ၏။ စိတ်မထိန်းနိုင်သမျှ ဒုက္ခဆိုသည့်သင်ခန်းစာကို ၃၆–နာရီ ရေဲဘဝနှင့်ရင်း၍ သူရယူခဲ့သည်ပဲမဟုတ်ပါလား။

ခုလည်း ... သူက စိတ်အေးအေးလေးနှင့်ပင် သူ့ရုံးခန်းလေးထဲမှထွက်၍ အပြင်ခန်းမကြီးထဲကိုရောက်လာရ၏။ သားရေအိတ်တစ်ဖက်ဆွဲလျက် နံ့ခွေမောပမ်းစွာ တစ်လှမ်းချင်းလျှောက်လာရာမှ တံခါးပေါက်ဝသို့ကပ်ပြီး တံခါးဆွဲဖွင့်တော့မည် အပြုမှာပင် ...

သူ့ရုံးခန်းနှင့်မနီးမဝေးအပြင်ဘက်ရှိ အုတ်လှေကားထိပ်ဆီမှ လျှောက်လာသော ခြေသံများကို ကြားလိုက်ရပါလေတော့၏။ ခြေသံတွေက သွက်လှသလောက် သူ့ရုံးခန်းရှိရာသို့ နီးသထက်နီးလာသည်ကိုလည်း သူခေတ္တစောင့်ကြည့်သတိထားမိလိုက်ရသေးသည်။ အို ... ဘာပြောကောင်းမလဲ၊ တချိုးထဲ နောက်ကြောင်းပြန်သုတ်ခဲ့ရတော့တာပါပဲ။ ပြီးတော့ သူ့သီးသန့်ခန်းတံခါးကို အတင်းဂျက်ထိုးပိတ်ပစ်လိုက်သည်။

မိနစ်ပိုင်းလေးအတွင်း ရုံးနိလေးထဲ သူရောက်ခဲ့ရသလို မိနစ်ပိုင်းကလေးအတွင်းမှာပင် ခြေသံတွေ သူ့ကုမ္ပဏီရုံးခန်းကြီးရှေ့မှာ လာရပ်သွားသည်။ လွတ်ရုံကလေး သူပြေးပုန်းနိုင်ခဲ့သည်ဆိုပါတော့။

ကိုဝင်းလတ်ခမျာ နံရံကို ကျောပေးလျက်ပြားကပ်နေမိရာ အသက်ကိုမရဲမဝံ့ ရှူနေခဲ့ရပါ၏။ အပြင်တံခါးခေါက်သံပေါ်လာ၏။ သူ့မောပမ်းမှုဝေဒနာအားလုံး ပျောက်သွား၏။ သောကနှင့် မောဟသည် ရင်ထဲသို့ လက်တွဲဝင်ခဲ့ရပါချေပြီကော။

သို့ဖြင့် ရင်တုန်အသည်းထိတ် စိတ်တထင့်ထင့်နှင့် ငြိမ်ငြိမ်လေးသာ နားစွင့်နေမိသည်။ တံခါးသံကား တခေါက်ခေါက်ပြီး တခေါက်ခေါက် ...။

ထိုတခေါက်ခေါက်တွေ၏ အဆုံးတွင် ဂျောက်ခနဲဂျောက်ခနဲ သူသော့ခတ်ထားခဲ့သော တံခါးကို လက်ကိုင်ဘုမှလှည့်ဖွင့်ဖို့ ကြိုးစားနေသံတွေ ပေါ်လာပြန်၏။ ဖွင့်မရပြန်တော့လည်း ပခုံးနှင့်တိုက်နေပြန်သည်။ ဒါနှင့်လည်း အကြောင်းမထူး၍ ... တခေါက်ခေါက်ဆက်ခေါက်ခဲ့ပြန်သည်။

ရုံးကြီးတစ်တိုက်လုံး ဝှန်းဒိုင်းဆူနေလေတော့သည်။ နောက်တံခါးရွက်ကို မီချလိုက်သံနှင့် အဝေးမှပြေးလာသော ခြေသံတွေကြားရပြန်၏။ တဆက်တည်း၌တော့ အချီအချစကားပြောသံများ ...

"အရေး ... ကန်းကလေး၊ နင် ဘားလုပ်နေဒါလဲ ... အရေးဒဲ့တိုက်ကြီး ပြိုတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပထမ ... တံမြက်စည်းလှဲသမား ကုလားမကြီး၏ အသံ။

"ဒီအခန်းထဲမှာ လူရှိသလားလို့ ခေါ်နေတာ"

ပြန်ဖြေသူက ရုံးစောင့်စံငြိမ်း။ စံငြိမ်းနားထိုင်က ငါ့အခန်းကို ဘာလို့လာဖွင့်ဖို့ကြံနေရတာပါလိမ့်။ ဝင်းလတ်စဉ်းစားရခက်သွားရင်း ဆက်နားထောင်နေမိသည်။ အပြန်အလှန်အော်ပြောသံတွေကို ဆက်ကြားရ၏။

"အပါးပါး ... ရုံငြိမ်နှင့် ဂူးနေ့ခက်မကောင်းဘူးရှိဒယ်နော် — အရေးအောက်မှ တဂါးသော့ခတ်ထားတယ်။ နင့်မျက်ရှိမမြင်ဘူးလား၊ အရေး ဒီအချိန်ကျီးကန်းမနိုးသေးဘု၊ လူဘဲကလားမလဲ့ ..."

"အံမယ်မယ် ကုလားမကြီးနော် ... ခင်ဗျား ကျုပ်ကို သိပ်မစော်ကားနဲ့၊ တံခါးသော့ခတ်တာမမြင်ရအောင် ကျုပ်မျက်စိမကန်းသေးဘူးဗျ၊ ဟင်း — ကျီးတောင်မနိုးသေးဘူး ... လူလာအုံးမှာ မဟုတ်ဘူးတဲ့၊ ခင်ဗျား ဘာနားလည်လဲ ဒီအခန်းက သူ့ဌေးသိတယ်မဟုတ်လား သူ့ကားနီနီလေးကိုရောသိတယ် မဟုတ်လား၊ အဲဒါ ကျုပ်ခုန အလုပ်ဆင်းလာတော့ အောက်မှာရပ်ထားတာတွေ့ခဲ့လို့ဗျာ ဒါနဲ့ သူရုံးထဲများရောက်နေသလားဆိုပြီး လာကြည့်တာ ရုံးမပိတ်ခင်တစ်နေ့က ကျုပ်မျက်စေ့အောက်တင် သူပြန်သွားတာပဲ ကျုပ်ပြောတာ နားလည်လား"

"အရေးတဌေးပိုက်ရှိ အများကျီးရှိဒယ် ... နင့် ဒို့ငါးဒို့လို အရှော့ကြီးအလုပ်မရှင်းဘူး ... အရေးလာပါ ... ငါဟိုးအပေါ်ထပ်ကို အယင်တပြက်မှီးသွားလှဲမယ် အခန်းပြင်တယ် ရှေးသုတ်တယ် ... အမှိုက်အများကြီးရှုပ်နေမှာဲ၊ တယောက်ထဲတရဲကြောက်ဒယ့်၊ နင့်ဘာလိုက်ခဲ့ ..."

သည်မှနောက် ကော်ရစ်ဒါလေးတလျှောက် ဓာတ်လှေကားရှိရာသို့ လျှောက်သွားသော ခြေသံများကို တဖြေးဖြေးဝေး၍ ဝေး၍ကြားခဲ့ရပါသည်။ ဟုတ်ပါသည် စံငြိမ်းနှင့် တံမြက်စီးလှဲသည့် ကုလားမကြီးတို့က အသင့်ဖွင့်နေသော ဓာတ်လှေခါးဖြင့် ငါးထပ်သို့ တက်သွားပါတော့၏။

ကုလားမကြီး၏ စကားအရ သူ့အခန်းအပေါ်တည့်တည့်မှ သူချိတ်ချိတ်တာတ်ခဲ့သည့် ဆေးသုတ်ပြင်နေသော အခန်းကိုသွားမည်ဟု သိရသည်။ ကောင်း — သိပ်ကောင်း။ စိုးရိမ်စရာကော ရှိရိုးလား။ အဲ့ဒီအခန်းထဲက သူ့ဖိနပ်ရာတွေအားလုံးဖျက်ထားခဲ့ပြီ မဟုတ်လား ...။

သူလည်း စံငြိမ်းတို့ လာသွားရာမှ ကြောင်ချီးရုပ်ဖြစ်နေသော သူ့ရုပ်ကိုသန့်စင်လိုက်အုံးမှဟု သတိရလိုက်ပြန်သည်။ သို့နှင့်နောက်ဖက်ခန်းထဲသို့ ပြေးဝင်ခဲ့ပြီး ကြွေရေဇလုံကြီးတွင် မျက်နှာသစ်သည်။ ကိုယ်တွေလက်တွေ ဆေးကြောသည်။ သည်တော့လည်း ... တောပုန်းကြီးရုပ်ပေါက်နေရာက မင်းသားပုံ ပြန်ပေါက်သွားရသည်။ ဒါပေမဲ့ ... ဂျာကင်အင်္ကျီကြီးကတော့ ရှီးပဲ့လှုပ်သည့်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အင်္ကျီကြီးတွင် ဖုံအလိမ်းလိမ်းကျီးအထပ်ထပ်နှင့် ဆီကွက်တွေလည်း ပေနေသည်။ သူက ဘယ်လိုပင်သုတ်သုတ်ခါခါ စင်တယ်လို့မရှိ။ ဒီဂျာကင်ကြီးနှင့်တော့ လူတောထဲဆင်း၍ အိမ်ပြန်လို့မသင့်။

သူ့အတွင်းခံ ရှပ်အင်္ကျီမှာမူ အပေါ်ရုံအင်္ကျီခံနေသဖြင့် သိသိသာသာစွန်းပေခြင်းမရှိ၊ ကောင်းကောင်းဝတ်လို့ရသေးသည်။

သူက ဝါးလုံးတန်းမှ ဖြုတ်ထားသော အင်္ကျီချိတ်တစ်ခုနှင့် ဂျာကင်အင်္ကျီကြီးကို ချိတ်ထားလိုက်သည်။ နောက် ... ရုံးခန်းထဲသို့ယူလာပြီး သူ့စားပွဲနောက်နံရံပေါ်မှ ပြက္ခဒိန်ချိတ်သည့်သံချောင်းတွင်ချိတ်ထားလိုက်သည်။ ပြီးတော့ ... စာတိုလေးတစ်စောင်ကောက်ရေး၏။

မိသူဇာ ...

ဆရာ့ဂျာကင်ကို မိသူဇာ့ရောက်ရောက်ချင်း ပင်းမင်းဆိုင်သွားပေး ပေးစမ်းပါ။

ဝင်းလတ်ဆက်ရေးဖို့ လက်နှေးနေမိသည်။ လက်နှိပ်စက်စာရေးမလေး သူဇာ့ နွယ်အနေနှင့် ဒီစာလေးကို မနေ့ကမေဒေးနေ့မတိုင်ခင် ညနေက သူတစ်ယောက်ထဲ နောက်ချန်နေခဲ့၍ မပြန်ခင်ရေးခဲ့သည်ဟု ထင်လောက်အောင် လုပ်ဖို့လိုကြောင်း တွေးမိလိုက်သောကြောင့်ဘဲ ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာတစ်ပိုဒ်ဖြည့်လိုက်ရသည်။

အပြင်မှာ မိုးအုံ့နေတယ်၊ ဆရာကားထဲက မိုးကာပဲ ဝတ်သွားရလိမ့်မယ်ထင်တယ်။

သို့ကလိုရေးပြီး စာရွက်ကလေးကို ဂျာကင်အင်္ကျီတွင်ပင် အပ်နှင့်ထိုးတပ်ခဲ့သည်။

ပြီးတော့ ... ဦးခင်ငွေ မီးခံသေတ္တာထဲက ယူခဲ့သော ... လက်ဆွဲအိတ်ထဲမှ ငွေတွေကိုပြန်ထုတ်၍ စားပွဲအံဆွဲအောက်ထပ်၌ ထည့်သိမ်းလိုက်သေးသည်၊ ဒါကလည်း ဓာတ်လှေကားထဲ ပိတ်မိနေ၍ မေဒေးမြင်းပွဲလောင်းစရာ မလိုတော့သလို အသုံးရှိမှ ယူတာကောင်းမည်ဟု သူစိတ်ကူးခဲ့သောကြောင့်ဖြစ်၏။ နောက်ဆုံးတွင်မှ လက်ဆွဲအိတ်ကိုယူကာ အခန်းလေးထဲမှ ထွက်ခဲ့တော့သည်။

ထိုလက်ဆွဲအိတ်ကိုတော့ သူမေ့လို့မဖြစ်။ အထဲမှာ ငွေမရှိတော့ပေမယ့် သူ့အသက်လောက် အရေးကြီးသော ပစ္စည်းတွေပါနေသည် မဟုတ်ပါလော။

အရှေ့ခန်း တံခါးမသော့ ဖွင့်ထွက်သည်။ ပြန်ပိတ်သည်၊ ကော်ရစ်ဒါလေးအတိုင်း သတိထားလျှောက်ခဲ့သည်။

ဓာတ်လှေခါးစီးမလားလို့ ခြေလှမ်းတွေက ရွယ်သွားသည်။ ဒါပေမဲ့ သူစိတ်ပြောင်းသွားရသည်။ မစီးတာဘဲ ကောင်းပါတယ်လေ။ ဒီဓာတ်လှေခါးကြီးက

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အန္တရာယ်ကောင်ကြီးပဲ။ ရိုးရိုးအုတ်လှေခါးမှပင် ဆင်းဖို့ ကြံလိုက်သည်။

အပေါ်ထပ်မှ စံငြိမ်းနှင့် ကုလားမကြီးတို့၏ ဟောင်ဘွာဟောင်ဘွာ စကား ပြော လှုပ်ရှားသံတွေ ကြားလိုက်ရသည်။

သူလည်း လှေကားထစ်များအတိုင်း ခြေဖျားထောက်၍ ခိုးဆင်းခဲ့မိသည်။ သူလှေကားအဆုံးသို့ ခြေချမိစဉ်မှာပင် ... အပေါ်ဆုံးထပ်ဆီက နက်ကျော ကျယ်လောင်စူးရှသော အော်သံကြီးတစ်ခုကို ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန် သွားအောင် ကြားလိုက်ရပါလေတော့၏။

ဝင်းလတ်လည်း တိုက်တံခါးမကြီးအရောက် အသက်လု၍ ပြေးခဲ့မိတော့ သည်။

ကေန္တတော့ ... သူသတ်ထားခဲ့သော ဦးခင်ငွေအလောင်းကြီးကို တံမြက်စီး လှဲတဲ့ ကုလားမကြီး သွားတွေ့လိုက်ပြီထင်သည်။

ထိုသို့စဉ်စားလိုက်မိရင်းနှင့် ဝင်းလတ်ခင်မျာ တိုက်တံခါးမကြီးကိုဖြတ်၍ မိုးဖွဲဖွဲရွာစပြုနေပြန်သော လမ်းပေါ်သို့ ဒုန်းစိုင်းထွက်ပြေးလာခဲ့ရပြန်ပါသည်။

တံခါးပေါက်ဝ ရှေ့တည့်တည့်မှ သူ့ဟီးလ်မင်းကားနီလေးထဲရှိ လက်ကိုင်အိတ် နောက်သို့ ဝင်ထိုင်မိခဲ့လေသည့်တိုင် ကိုဝင်းလတ်ရင်ခုန်စိတ်မောရ၍ တုန်လှုပ်ခြောက် ခြားနေရပါသေး၏။

သို့ပေမယ့် ... ကားမောင်းထွက်ဖို့ မပြင်မိသေးဘဲ၊ သူ့လုပ်ငန်းအစီအစဉ် တလျှောက်ကို ပြန်လည်စီစစ်ခဲ့ပြန်ပါသည်။

တောင်တက်ချိတ်နှင့် ကြိုးကို ပြန်ဖြုတ်လာနိုင်ခဲ့လို့ လက်ကလက်ဆွဲအိတ်ကြီး ထဲရောက်နေပြီ။ ဦးခင်ငွေ၏ အလောင်းကြီးမှာလည်း သူ့ကိုယ်သူသတ်သေသွား သည့်အနေအထားပုံစံနှင့် ကျန်ရစ်ခဲ့ပြီ။

ငွေချေးစာချုပ်ကိုလည်း ဖျက်ဆီးပစ်နိုင်ခဲ့ပါပြီ။ ဦးခင်ငွေဆီက ငွေတွေကိုလည်း သူ့စားပွဲထဲမှာ သိမ်းပစ်ခဲ့ပြီ။

သူ့ခြေရာလက်ရာတွေ တစ်စမကျန်ဖျောက်ဖျက်ထားလိုက်ပြီ။ ဓာတ်လှေကား ကရော သူပိတ်မိနေခဲ့ကြောင်း ဘယ်သူမှ မသိအောင်လည်း ရှင်းလင်း ဖန်တည် ပြီးသားဖြစ်လေပြီ။ သူ့ဂျာကင်အကျီကိုလည်း ပင်မင်းဆိုင်အပ်ထားခိုင်းလိုက်ပြီ၊ အို ... အားလုံး အားလုံး အိုကေမှာပြနေသည်။

ကဲ ... ဒီတော့ ၃၆–နာရီလုံးလုံး ငရဲခံကျိန်စာသင့်ခဲ့ရသော တိုက်ကြီးမှထ ခွာဖို့ပဲရှိတော့တာပေါ့။

ကိုဝင်းလတ်က ကားစက်ခွက်တွင် တန်းလန်းကလေးရှိနေခဲ့သော သော့ လေးကို လောလောဆယ်သူပင် ထုတ်တပ်ခဲ့သည်အထင်နှင့် ခပ်မှတ်တမဲ့ လှည့်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွဲ ထော်နှိုးလိုက်မိတော့သည်။

ထို့နောက် — ဖတ်(စ)ကီယာသွင်း၍ ဘီးလိမ့်ရုံ မောင်းထွက်ခဲ့ပါ၏။

ပန်းဆိုးတန်းအောက်ဘက် တည့်တည့်ကြီး ဆင်းချလာသောအခါ ကမ်းနား ဆိပ်ကို ရောက်လာသည်။ အလည်တံတားကြီးထိပ်တွင် ကားကိုရပ်လိုက်၏။ ဆိုဖာနှင့် နောက်မှန်ကြားစင်ကလေးပေါ် ခေါက်လျက်သားတင်ရှိနေသည့် စစ် ရောင်မိုးကာအင်္ကျီကြီးနှင့် မိုးကာဦးထုပ်ကို ထလှမ်းယူဝတ်လိုက်ပြီး လက်ဆွဲ အိတ်ကြီးဆွဲကာ ကားထဲမှထွက်ခဲ့၏။

မနက်လင်းစ ကမ်းနားဆိပ်၏ ပန်းချီဆန်သော ရှုခင်းသည် ကိုဝင်းလတ်ကို လှလှပကြိုဆိုနေ၏။

မြစ်ထဲတွင် မီးရောင်လေးတလဲ့လဲ့နှင့် ခုတ်မောင်းသွားလာနေကြသော မော် တော်ရေယာဉ်လေးများကိုတော့ တွေ့ရသည်။

သည်အချိန် သည်ဆိပ်ကမ်းတဝိုက်မှာ လူသူကင်းရှင်းနေတတ်ပါ၏။ ယနေ့ အဖို့လည်း ... မိုးတစိမ့်စိမ့်မို့ ခါတိုင်းထက်ပင် လူပြတ်နေသေးသည်။

ထို့ကြောင့်လည်း ... ကိုဝင်းလတ်က ဘောတံတားအနီး သစ်ပင်တစ်ပင် အောက်မှ ကျောက်တုံးကြီး တစ်တုံးကောက်၍ လက်ဆွဲအိတ်ထဲ ခပ်တည်တည် ထည့်လိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

သည့်နောက်တော့ တံတားမှဘောပေါ်သို့ ဆင်းခဲ့သည်။ လေညှင်းခံသလိုလိုနှင့် ဒလဘက်ကမ်းဆီသို့ မျှော်ကြည့်ရင်း၊ ဘောတံတားအစွန်းသို့ လျှောက်ခဲ့ရာမှ၊ ပတ်ဝန်းကျင်ကို အကဲခတ်လျက် အမှတ်တမဲ့ လက်ဆွဲအိတ်ကို ရေထဲပစ်ချလိုက် သည်။

မောင်းချအား ဖောင်တိန်လက်နှိပ်ဓာတ်မီးနှင့် တိုလီမိုလီလေးများအပြင်၊ အဓိကရ ဂြိုလ်ဆိုးတောင်တက်ချိတ်ကြီးတို့ပါဝင်သော လက်ဆွဲအိတ်ကြီးကား ရေအောက်သို့ စုန်းစုန်းမြုပ်ဝင်သွားရလေပြီ။

သည်နောက်တော့ စိတ်ပေါ့လူပေါ့ဖြစ်သွားကာ အခြွေမပျက် ရေစပ်မှ ပြန်တက်လာသည်။ ထိုမှတဆင့် သူ့ကားလေးပေါ်တက် စက်နှိုးထွက်ခဲ့ပြန်ပါတော့ ၏။

သို့နှင့်မကြာမီ သူ့နေအိမ်ရှိရာ အမှတ် ၁၈–သော်မဆင်ရိပ်သာလမ်းရှေ့သို့ ထိုးရပ်မိပြန်ပါလေသည်။ သူက စက်သပ် သော့ပိတ်၊ ကားထဲကထွက်၍ ပလက်ဖောင်းပေါ်ဆင်း၍ သူ့အိမ်ခန်းဆီသို့ ပေါ့ပါးသွက်လက်စွာ လှမ်းလျှောက်မိခဲ့ ပါတော့သည်။

ဟုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောင်နီဦးမှ ဘဝသစ်ဖြင့် ကိုဝင်းလတ်၏ ခြေလှမ်းများသည် အားရတက်ကြွ နေပါလေပြီ။

သူချစ်မြတ်နိုးရပါလေသော ဇနီးချောလေး မွေးနှင့် အားရပါးရ ပြန်တွေ့ရ တော့မှာပါလားဟု စဉ်းစားမိလိုက်ရင်း သူ့ရင်ထဲမှာ ကုလားဘုရားပွဲလှည့်လို ... အိမ်ရှေ့တံခါးဝတွင် ရပ်မိပါတော့၏။

"မွေးရေ ... မွေး ... ကိုကို ပြန်လာတယ်ဟေ့"

ဟု အသံပေးခေါ်ဟစ်လိုက်မိသည်။ သုံးလေးငါးချက်ဆက်ခေါ်က် ခေါ်နေခဲ့ လင့်ကစား အတွင်းမှ ဘာသံမှမကြား။ ဟင် ... ဘယ်လိုများ ဖြစ်လို့ပါလိမ့်။ ခါတိုင်း ဒီအချိန်ဆို မွေးတို့နိုးနေကြကြာလှပြီ။ ခုတော့ ...

"ဒီမှာဟေ့ မွေး၊ ကိုကို့ကိုတံခါးလာဖွင့်ပေးပါဦးကွ၊ နန်းသီရေ ... နန်းသီ"

ကေန္တတော့ အိပ်မောကျနေကြတုန်းနဲ့ တူပါရဲ့၊ သူ့အာပေါက်အောင်ခေါ်နေပါ လျက်၊ မွေးတို့ပေါ်မလာသည်မှာ အကြောင်းထူးတော့ ရှိနေပေလိမ့်မည်။

မွေး နေမှကောင်းရဲ့လား၊ ဘယ်များ သွားအိပ်နေပါလိမ့် တံခါးကတော့ အထဲက ဂျက်ပိတ်ထားတာပဲ၊ ညကတော့ သူရှိနေမှာ သေချာတယ်။

"မွေးရေ ... နန်းသီရေ"

ဒါပေမဲ့လည်း ... ခေါ်သူမောရုံသာ အဖတ်တင်၏။ ကိုဝင်းလတ် စိုးရိမ်လာရ ချေပြီ။ စိတ်လည်း ပျက်ချင်စဖြစ်လာသည်။ သည်သို့နှယ် ... တံခါးခေါက်၍ မွေးကို နှိုးခေါ်နေမိစဉ်မှာပင် သူ့နောက်ဘက်မှ ခြေသံတွေလိုလို ကိုဝင်းလတ် ကြားလိုက်ရ၏။ သို့မို့ကြောင့် သူကနောက်သို့ ချာခနဲ လှည့်ကြည့်မိ၏။

သည်မှာပင် ... လူသုံးယောက်က သူ့အား ဝိုင်းထားလိုက်သည့်အဖြစ်ကိုသာ သူ့ခမျာ သိမြင်လိုက်ရပါတော့သည်။ ယူနီဖောင်းအပြည့်အစုံနှင့် စုံထောက်ရဲမှူး ဦးဇော်ဦးခေါင်းဆောင်သော ရဲအဖွဲ့ဝင်များပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၄ |

"ကိုဝင်းလတ်ဆိုတာ မိတ်ဆွေပဲထင်ပါတယ်"

စုံထောက်ရဲမှူး ကိုဇော်ဦးက ခပ်ယဲ့ယဲ့ပြုံးရင်း ပဋိသန္ဓာရစကားဆိုလာပါသည်။ ကိုဇော်ဦး၏ ပါးစပ်မှ ကန့်လန့်ဖြတ် အမာရွတ်ကြီးကို ကြည့်လျက် ကိုဝင်းလတ် ငိုင်တွေးလိုက်မိသည်။

ငါ့ဆီကို ဘာကိစ္စနဲ့ သူတို့လာကြတာပါလိမ့်။ အို အေ ... သူတို့နဲ့ငါ ပတ်သက်စရာ ဘာမှမရှိတာ၊ တခြားကိစ္စတစ်ခုခုသာဖြစ်မှာပါ။ အတွေးဝင်လိုက်ရာမှ ရဲရဲတင်းတင်းပင် ကိုဝင်းလတ်က ပြန်ပြုံးပြခဲ့မိသည်။

"ဟုတ်ပါတယ်ခင်ဗျာ ... ကျွန်တော် ဝင်းလတ်ပါ။ ဒါနဲ့ နောင်ကြီးတို့လာတဲ့ကိစ္စ ..."

"အား ... သိပ်တော့ အရေးမကြီးလှပါဘူးဗျာ။ ဟိုတစ်နေ့ညက ကိုဝင်းလတ် ပျောက်သွားတယ်ဆိုပြီး ခင်ဗျားမိန်းမ ဂါတ်တိုင်ထားလို့ပါ"

ကိုဇော်ဦး၏ အဖြေကြောင့် ကိုဝင်းလတ် တုန်လှုပ်ဒေါ်ပွသွားရသည်။

"ဟာ ... ဒီမိန်းမ တယ်ခက်ပါလား။ ပူစရာမရှိ ကြံဖန်ပူခဲ့တာပဲ။ အဲဒီညက အလုပ်အရေးကြီးပါတယ်လို့ ပဲခူးသွားစရာ ..."

ဝင်းလတ် စကားပြတ်သွားသည်။ ဟော့ကောင် မင်းဘာတွေ လျှောက်ပြောနေတာလဲ။ စကားများရင် အမှားပါလိမ့်မယ်။ လိုတာထက် ပိုမပြောနဲ့လေဟု သူ့ကိုယ်သူ တားမြစ်ပါးစပ်ပိတ်ပစ်လိုက်ခြင်းပဲ ဖြစ်ပါသည်။

ကိုဇော်ဦးကတော့ ပြောချင်သလောက်ပြောစမ်းဗျာဟူသော သဘောနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြုံးကြည့်နေလေ၏။ သည်အကြည့်ကြောင့် ကိုဝင်းလတ်မှာ လိပ်ပြာမလုံသလို ဖြစ်သွားပြီး၊ ကဗျာကရာလေးပင် ...

"ကဲ ... ခင်ဗျားတို့လဲ အားနာစရာကြီးဗျာ ... အိမ်ထဲဝင်ထိုင်ကြပါဦး။ အေးအေးဆေးဆေး စကားပြောရအောင်"

လောကွတ်ချော်လိုက်ရာမှ အိမ်စေမလေး နန်းသီကိုအော်ခေါ်ရန် ပြင်လိုက်မိသည်။ သူ့နှုတ်က ခေါ်သံရယ်လို့ ထွက်မလာခင်ကလေးမှာပင်၊ အိမ်တွင်းမှ ချက်ဖြုတ်သံကြားလိုက်ရကာ ပိတ်ထားသော ခေါက်တံခါးကြီး ပွင့်သွားရသည်။

တံခါးပွင့်သွားရကောင်းလားဟု ကိုဝင်းလတ် မအံ့သြ။ သို့ပေမယ့် — တံခါးဖွင့်ပေးမိသူကို မြင်လိုက်ရတော့မှသာ မျက်လုံးပြူးခဲ့ရတော့သည်။

ထိုသူမှာ သူထင်ခဲ့သလို အိမ်ဖော်နန်းသီမဟုတ်။ သူတစ်ခါမှ မမြင်ဖူးသော လူစိမ်းတစ်ယောက်ပါပေတည်း။ နိုင်လွန်စပို့ရှပ်နှင့် ဘောင်းဘီဖြူကို ဝတ်ထား၍ ဗလကောင်းကောင်းလူရွယ်တစ်ဦးပဲဖြစ်ပါ၏။

သူ့အိမ်ထဲတွင် လူစိမ်းတစ်ယောက်ရောက်နေသည်မှာ ဘယ်သဘောနှင့်ဘာကိစ္စပေနည်း။ ကိုဝင်းလတ် အတွေးကြပ်ရပါသည်။ အိမ်ထဲသို့သာ လှမ်းဝင်လိုက်မိပါသည်။ ပြီးတော့ ...

"နေပါဦး မိတ်ဆွေ ... ခင်ဗျားက ဘယ်သူမို့ ကျော်ကျော်ကျူးကျူး ကျူပ်အိမ်ထဲရောက်နေရတာလဲဟင်၊ နန်းသီရော ..."

"ခင်ဗျားရဲ့ အိမ်ဖော်မလေးလား၊ ဟုတ်လား၊ နောက်ဖေးမီးဖိုချောင်ထဲမှာ ရေချွေးအိုးတည်နေပါတယ် ကိုဝင်းလတ်။ အဲ ... ကျွန်တော်ကတော့"

ကိုငဝင်းလတ်နှင့် ဘောင်းဘီဖြူနှင့် ကိုဗလတို့၏ ပြဿနာကို ကိုဇော်ဦးက ကြားဝင်ဖြေရှင်းပေးခဲ့ပါသည်။

"ဩော် ... သူက အင်းစိန် စီအိုင်ဒီ လူသတ်မှုအထူးစုံစမ်းစစ်ဆေးရေးဌာနကရာဇဝတ်အုပ် ကိုအောင်သူပါ၊ ကျွန်တော့်နာမည်ကိုတော့ ကိုဇော်ဦးလို့ ခေါ်နိုင်ပါတယ်၊ ဒီဗိုလ်တထောင်ဂတ်က ရဲမှူးတစ်ယောက်ပါပဲ"

လက်စသတ်တော့ သူတို့က ငါ့ကို အပိုင်ပိတ်စောင့်နေကြတာကိုး။ ဒါဆိုရင်တော့ လူပျောက်မှုဆိုတာထက် လေးနက်မှုပိုတဲ့ပြဿနာကြောင့် ရောက်လာကြတာဖြစ်မှာပေ့ါ။ ကဲ ... ဘာပြဿနာလဲ ...။

ကိုဝင်းလတ်၏ ဦးနှောက်ထဲတွင် အတွေးများက မိုးပေါ်တွင် မီးကျည်မီးပန်းများ ပစ်ဖောက်သလို ထိုးထောင်ဖြက်ယှက် လွန့်လူးတက်ခဲ့ကြပါတော့၏။

"ခင်ဗျားတို့ လုပ်ပုံတွေ ကျွန်တော်တို့ ဘာမှ နားမလည်တော့ပါလား ကိုဇော်ဦး ... ဘိုင်စကုတ်ရိုက်တမ်း ကစားနေတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုထဲ ခင်ဗျား နားလည်အောင် ရှင်းပြရသေးတာပေါ့၊ လာဗျာ ... ကို့မှာ သွားထိုင်ကြမယ်"

ကိုဇော်ဦးက ကိုဝင်းလတ်အား ရင်းရင်းနှီးနှီးပင် လက်ဆွဲခေါ်ခဲ့ရာမှ သူတို့ အားလုံး ညှိခန်းလယ်ရှိ ကြိမ်ကုလားထိုင်ကြီးများတွင် စုစုဝေးဝေးထိုင်မိကြတော့ သည်။ သူတို့စကားပွဲကို ကိုဇော်ဦးပင် ဦးဆောင်ခဲ့ပါသည်။

"လွန်ခဲ့တဲ့ တစ်နေ့ညက ကိုဝင်းလတ်ရဲ့ မိန်းမဟာ ကိုဝင်းလတ်ပျောက်နေ ကြောင်းနဲ့ ကျွန်တော်တို့ဘက်ကို လာတိုင်ချက်ဖွင့်ခဲ့ပါတယ်၊ ဒါနဲ့ ကျွန်တော်တို့ ထဲ ခင်ဗျားကို တတ်နိုင်သမျှ လိုက်စုံစမ်းပြီး ရှာနေခဲ့တယ်၊ ပထမတော့ ပေါ့ပေါ့ဆဆ သမန်ကာလျှံကာပဲ ဆိုပါတော့ဗျာ။

ဒါပေမဲ့ ... မနေ့ည သန်းခေါင်ကျော် နှစ်ချက်တည်းလောက်ကစပြီး ခင်ဗျားကို သဲသဲမဲမဲရှာခဲ့ရတော့တာပဲ။ ရှာရတဲ့အကြောင်းကတော့ လူသတ်မှု တစ်ခုနဲ့ ပတ်သက်လို့ပေါ့"

လူသတ်မှုဆို၍ ကိုဝင်းလတ် မျက်လုံးပြူးသွားရ၏။ သို့ရာတွင် ခေါင်းအေး အေးထား စဉ်းစားလိုက်မိပြန်တော့ အသာငြိမ်နေလိုက်မိ၏။ ဦးခင်ငွေသတ်မှု သား၊ မဖြစ်နိုင်။ ဦးခင်ငွေသတ်မှုတော့ လုံးဝ မဖြစ်နိုင်။

သူတို့က ညသန်းခေါင်ကတည်းက သူ့ကိုလိုက်ရှာနေသည် မဟုတ်ပါလား၊ ခု ဦးခင်ငွေအမှုမှာက အလောင်းကြီးတောင် ဒီမနက်စောစောကမှ တွေ့ခဲ့ရ တာပဲလေ ...။

နောက်ပြီး ... ဦးခင်ငွေအလောင်း တွေ့သွားတဲ့တိုင်အောင် လူသတ်ခဲ့တာပါ လို့ ခြေရာခံလိုက်လာနိုင်စရာ မရှိခဲ့။ သူ အားလုံး စေ့စေ့စပ်စပ် လက်စသတ် ပြီးဖြစ်သည်။ သို့ပါလျက်နှင့် ကိုဇော်ဦးက လူသတ်မှုတစ်ခုနှင့် လိုက်လာသည် ဆိုတော့ အံ့ဩနေရသည်။

"မနေ့ည ၁၁-နာရီလောက်မှာ အင်းယားရိပ်သာလမ်းပေါ်မှာ အမျိုးသမီး လေးတစ်ယောက်ရဲ့အလောင်းကို သေနတ်ဒဏ်ရာနဲ့ တွေ့ခဲ့ရတယ်၊ အဲဒီတုန်း ကတော့ ဘယ်သူသတ်သွားမှန်း မသိသေးဘူးပေါ့။ အဲဒီနေ့ည နှစ်နာရီလောက်ကျ မှ တော့ စော်ဘွားကြီးကုန်း မြဝတ်မှုန်ထမင်းဆိုင်မှာ ကျောက်ကုန်သည် အဖိုးကြီး တစ်ယောက် အသတ်ခံထားရတယ်လို့ သတင်းပို့လာကြပြန်တယ်။

အဲဒီကို လိုက်စစ်မေးကြည့်လိုက်လို့ ထမင်းဆိုင်ရှင် လင်မယားရဲ့ အပြော ကျောက်ကုန်သည် အဖိုးကြီးကို အင်းယားလမ်းပေါ် လာသေနေတဲ့ မိန်းကလေးနဲ့ ယောကျာ်းတစ်ယောက် ပေါင်းသတ်သွားတယ်ဆိုတာ ပေါ်လာရပြန်တယ်။ အဲ ဆိုင်ရှင်လင်မယားပြောတဲ့ မိန်းကလေးရဲ့ ရုပ်သွင်သဏ္ဌာန်ဟာ အင်းယား

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ သေနေသူ မိန်းကလေးနဲ့ တစ်ပုံထဲဖြစ်နေတာမို့ ကျွန်တော်တို့ထဲ အဲဒီလင်မယားကို ဆေးရုံခေါ်သွားပြီး မိန်းကလေးအလောင်းကိုပြခဲ့တယ်။ သူတို့ကလဲ သူတို့ဆီလာတည်းသွားတဲ့ စုံတွဲပါပဲလို့ အတည်ပြုချက်ပေးကြတယ်။ ဖြစ်ပုံက ... လူသတ်သမားစုံတွဲဟာ ကျောက်ကုန်သည်အဖိုးကြီးကိုသတ်၊ ငွေတွေယူပြေးသွားပြီး၊ လမ်းရောက်တော့ သူတို့ချင်းစကားများကြရာက ထပ်သတ်သွားဆိုပဲ။ ဒါပေမဲ့ ... နောက်မှအသတ်ခံရတဲ့ မိန်းကလေးအလောင်းကို ပထမတွေ့ပြီး အရင်သေနေတဲ့ အဖိုးကြီးအသတ်ခံရတာကို နောက်မှ သိခဲ့ကြရတယ်။"

အမျိုးသမီး၊

ကျောက်ကုန်သည် အဖိုးကြီး၊

မြဝတ်မှုံထမင်းဆိုင် ...

အိုး ... ငါနဲ့ဘာဆိုင်လို့လဲလို့။ ဝင်းလတ် စိတ်မဝင်စားပါ။ သူစိတ်ဝင်စားနေသည်က မွေးအကြောင်းကိုသာ။ ထို့ကြောင့်လည်း ... ရဲမှူးကိုဇော်ဦး စကားအပြတ်နားအရပ်မှာ ကြားဖြတ်၍ မေးမိပါသည်။

"နေပါဦး ကိုဇော်ဦး၊ ကျွန်တော့်မိန်းမမွေးကော ... အခု ဘယ်မှာရောက်နေသလဲ"

"ခင်ဗျားမိန်းမ သူ့အကို ကိုအေးမြင့်အိမ် ရွှေတောင်ကြားလမ်းမှာ သွားနေတယ်လေ ... ကဲ၊ ကျွန်တော် ခုနဟာ ဆက်ပြောပါရစေဦး။ အဲဒီလို ရှေ့ဆင့်နောက်ဆင့် အသတ်ခံရတဲ့လူသတ်မှုမှာ သေသူအမျိုးသမီးနဲ့တွဲဘက် ယောကျ်ားလူသတ်သမား ဘယ်သူဆိုတာကို ခင်ဗျားမသိချင်ဘူးလား၊ ဟင် ..."

"ကျွန်တော် သိစရာအကြောင်းမှမရှိပဲ။ သိစရာလဲ လိုမယ်မထင်ပါဘူး ကိုဇော်ဦး၊ သို့သော် ခင်ဗျားအနေနဲ့ မနေနိုင် မထိုင်နိုင်အောင် ပြောချင်သပဆိုရင်တော့ သိရတာပေါ့၊ ကဲ ... ပြောလေ၊ လူသတ်သမားဟာ ဘယ်သူလဲဆိုတာ"

"ဘယ်သူရမှာလဲဗျ ... ခင်ဗျားပေါ့ ကိုဝင်းလတ်ရဲ့ ...၊ ပစ္စည်းယူလူသတ်ပြီး ရှောင်ပြေးနေတဲ့ လူသတ်သမားဟာ ခင်ဗျား ..."

"ဟား ဟား ... ဟား ဟား ... ရီစရာ တော်တော့်ကိုပြောတတ်တဲ့လူတွေပါလားဗျာ၊ ခင်ဗျားတို့ကို ဘယ်သူက ချောက်တွန်းလွှတ်လိုက်တာပါလိမ့်ဟင် ... ကျုပ်လို လူကြီးလူကောင်း ကုမ္ပဏီပိုင်ရှင်တစ်ယောက်က ဘာမဟုတ်တာလေးနဲ့ လူသတ်ရမယ်လို့ လူကြားရင် ရယ်စရာကြီးဗျာ ဟား ဟား ဟား ..."

ကိုဝင်းလတ်က အားရပါးရပင် ဆက်ရယ်နေလိုက်သေးသဖြင့် ကိုဇော်ဦးနှင့် အပေါင်းပါ ရဲအဖွဲ့ဝင်များမှာ ဒီလူရူးများသွားပလားထင်ရသောအကြည့်နှင့် အံ့ကြောင်ကြောင်ကုန်ကြတော့သည်။ ရာဇဝတ်အုပ် ကိုဗလကသာ မှည့်တည်တည်လုပ်ထားလိုက်ရမှ ...

www.burmeseclassic.com


"ကျော်ဘက်ကုန်သည် အဖိုးကြီး ဦးသီဟာဆီက ခင်ဗျားတို့ ယူခဲ့တဲ့ငွေဟာ နှစ်သောင်းကျော်ပါတယ် ကိုဝင်းလတ်၊ ဘာမဟုတ်တာလေး မဟုတ်ပါဘူး ပြီးတော့ ... ခင်ဗျားဟာ လူကြီးလူကောင်း ကုမ္ပဏီပိုင်ရှင်မဟုတ်ဘဲ လူကြီးလူကောင်း လူသတ်သမား အကြေးထူတဲ့ ကုမ္ပဏီပိုင်ရှင်ဆိုတာလဲ ခင်ဗျားကိုယ် ခင်ဗျားသိမှာပေါ့၊ ကျွန်တော်တို့ကတော့ ခင်ဗျားလူသတ်သမားဖြစ်တယ်ဆိုတာ အထောက်အထား အကြောင်းအချက် သက်သေအခိုင်အလုံ ရထားပြီးပါပြီ ကိုဝင်းလတ်၊ ဒီတော့ တိုတိုနဲ့လိုရင်းကိုဆိုရရင် ခင်ဗျား ကျွန်တော်တို့နောက် လိုက်ခဲ့ပါ၊ မကျေနပ်ရင် ရုံးကျမှရှင်းပေါ့"

"ခင်ဗျားက ကျွန်တော့်ကို ဖမ်းတော့မယ်ဆိုပါတော့၊ ဖမ်းဝရမ်းကောပါလို့လားဗျ ... ကျွန်တော် မရှိဘဲ ကျွန်တော့်အိမ်ထဲဝင်နေတဲ့အတွက်တောင် ပိုင်နက်ကျူးလွန်မှုနဲ့ ပြန်တရားစွဲခံလိုက်ရအုံးမယ်နော်"

ကိုဝင်းလတ်က အလျှော့မပေးဘဲ ခတ်ခတ်မာမာပင် ပြန်ဟောက်နေပါသေး၏။ ကိုဇော်ဦးက ဝင်ပြောပြန်ပါသည်။

"ဒါကတော့ ခင်ဗျားရဲ့ ငွေစာရင်းစာအုပ်တွေနဲ့ မှတ်စုမှတ်တမ်းတွေကို ဝင်ရှာရတာကြောင့်ပါ ... ကိုဝင်းလတ်၊ အဲ့ဒီလိုရှာဖို့အတွက်လဲ ကျွန်တော်တို့မှာ ခွင့်ပြုချက်ရပြီးသားပဲလေ၊ မြင်းပွဲလောင်း ကလပ်တက်နဲ့ အကြွေးထူလို့ ကုမ္ပဏီမှာ အလွဲသုံးစားစာရင်းလိမ်ထားတာတွေအထိ ကျွန်တော်တို့သိပြီးပါပြီ၊ ဒီတော့ — လူကြီးလူကောင်းပီသစွာပဲ အဖမ်းခံပါတော့လို့ တောင်းပန်ပါတယ် ကိုဝင်းလတ် — အချိန်လ `မရှိတော့ပါဘူး ..."

"ခင်ဗျားတို့ ဖမ်းချင်တိုင်း ဖမ်းလို့ရမလားဗျ ... မတရားသဖြင့်ကြီးတော့ ကျုပ်အဖမ်းမခံနိုင်ဘူး ... စိတ်တော့မရှိကြပါနဲ့ဗျာ ဟုတ်လား ..."

ပြောပြောဆိုဆို ကိုဝင်းလတ်က နေရာမှထလိုက်သည်။ ကိုဇော်ဦးတို့ကတော့ အေးအေးဆေးဆေးပင် ထိုင်လျက်ရှိကြပါသေးသည်။

"ဒါတော့ ... ခင်ဗျား သဘောပါပဲ ကိုဝင်းလတ်၊ ရာဇဝတ်ဘေးကပြေးလို့ လွတ်မယ်ထင်ရင် ပြေးကြည့်ဦးပေါ့ ...၊ ကျွန်တော်တို့ကတော့ အတင်းအကြပ် လိုက်မဖမ်းပါဘူးလေ ..."

သည်တော့လည်း ကိုဝင်းလတ်က ချာခနဲလှည့်၍ အိမ်ရှေ့တံခါးပေါက်ရှိရာသို့ ပြေးထွက်ခဲ့တော့သည်။

တမဟုတ်ချင်းရောက်ခဲ့ရသော အိမ်ဝမှခေါက်တံခါးမှာ စေ့စေ့ပြန်ပိတ်လျက်သားရှိရုံမျှမက သော့ခတ်ထားကြောင်း တွေ့လိုက်ရသည်။ ထိုအခါ ... နောက်ဖေးပေါက်သို့ ဦးတည်ပြေးခဲ့မိပြန်သည်။ နောက်ဖေးပေါက်ကိုလည်း အပြင်မှသော့ခတ်ထားချေသည်တကား။

www.burmeseclassic.com



အေးပြတင်းပေါက်တွေ ရှိသရွေ့မှာလည်း သံတိုင်တပ်ပြတင်းတွေသာ ဖြစ်နေပြန်လေတော့ ကိုဝင်းလတ်သည် အိမ်ရှေ့နောက်ဖေး ခေါက်တုန့်ခေါက်ပြန်ပြေးရင်းသာ အမောဆို့သေသွားဖို့ရှိပါတော့၏။

ငှက်ကလေးတစ်ကောင် အလှမွေးသည့် လှောင်ချိုင့်ထဲက လွတ်လာသည်။

ပြီးတော့ ... မုဆိုးထောင်ချောက်မှာမိသွားသည်။

ဤသည်ပင် ကိုဝင်းလတ်၏ အဖြစ်ဆိုး။

တစ်ညတည်း လူသတ်မှုနှစ်ခုဆက်ကျူးလွန်ခဲ့သည့်လူသတ်သမား။

ရဲအဖွဲ့က နာရီပိုင်းအတွင်း ဖမ်းဆီးမိလိုက်ခြင်း။

ကိုဝင်းလတ်သည် သံတိုင်အထပ်ထပ်ကာထားသော အချုပ်ခန်းကျဉ်းလေးထဲတွင် ရောက်နေရာမှ သူ့ကွပ်ပျစ်ပေါ်ထိုင်ရင်း သူ့ဓာတ်ပုံနှင့် သူ့အကြောင်းတွေတခမ်းတနားရေးထားသော သတင်းစာကို ငေးကြည့်နေမိခဲ့ပါ၏။ ကြည့်ရင်းသူ့မျက်စိအစုံက ပေါက်ထွက်တော့မလို ပြူးလာရာက သတင်းစာကြီးကို ဆတ်ဆိုကောက်ကိုင်လိုက်သည်။ လူသတ်မှုသတင်းအပြည့်အစုံနှင့်တွဲပါလာသော သူ့ဓာတ်ပုံကတော့ ကိုအေးမြင့် ကိုဇော်ဦးကိုပေးလိုက်သော မွေး အင်မတန် မှန်းပါသည်ဆိုသည့်ဓာတ်ပုံ၊ လူဆိုးရုပ်ပေါက်နေသည့် လိုင်စင်ဓာတ်ပုံပင်ဖြစ်ပါ၏။ ထိုဓာတ်ပုံပါသတင်းစာကို လက်နှစ်ဘက်ကြားတွင် တအားလုံးချေပစ်လိုက်သည်။ ဒါနှင့်မှမကျေနပ်သည့်အဆုံး တစ်စစီဆွဲဆုတ်ပစ်သည်။

သည်ကြားထဲကမှ သူ့ခံပြင်းမှုတွေက အလိပ်လိပ်တက်နေသည်။ လည်ချောင်းဝအထိ လာတစ်နေသည်။ မခံမရပ်နိုင်တော့သည့်အဆုံး သူကတအားကျုံးအော်ပစ်လိုက်သည်။

"သူတို့ကို ငါသတ်တာမဟုတ်ဘူး၊ ငါ့မှာ အပြစ်မရှိဘူး၊ ခုလွှတ် — ခုချက်ချင်း လွှတ်ပေးကြ"

သူဒီလိုအော်ရပေါင်းလည်း များလှချေပြီ။ အော်တိုင်းလည်း သူ့ကို လာကြည့်သူရယ်လို့ မရှိ။ အချုပ်ခန်း ဟိုးအဝေးကြီးဆီမှ စန္ဒရီကျနေသူ အစောင့်ရဲသား၏ စစ်ဖိနပ်သံတဂေါက်ဂေါက်ကြီးက လေးလေးမှန်မှန် ပေါ်ထွက်နေမြဲ။

သံတိုင်ကို တဂျမ်းဂျမ်းဆုတ်ကိုင်လှုပ်ရင်းနှင့်သာ သူ့မှာအသံတွေကုန်ခဲ့ရသည်။

နောက်တော့လည်း သူ့ကိုယ်သူ အားပေးတရားချမိပါ၏။

မပူပါနဲ့ ဝင်းလတ်ရာ ... မင်း ဘာမှ အော်နေစရာမလိုပါဘူး၊ မင်းက သူတို့ပြောတဲ့ အမှုနဲ့အလွတ်ကြီးပါ။

ခုတ်ရာတခြား ရှရာတကွဲဖြစ်နေတာလဲ မကြာခင် သူတို့ဝန်ခံလာမှာပါကွာ။ အမှန်တရားဆိုတာ ဖုံးလို့မရပါဘူး၊ တနေ့တော့ အမှန်ပေါ်ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခုန်တလဲ သူတို့လူသတ်မှုဖြစ်နေတဲ့အချိန်က မင်းကို ခေတ်လေ့ခါးထဲပိတ်မိနေတာမဟုတ်လား။ အဲ ... ဒါပေမဲ့ ဒီအကြောင်းကိုတော့ သူတို့ကို သွားပြောလို့ မဖြစ်ဘူးနော် ... ယောင်ရက်ပြီးတော့တောင်မပြောလိုက်နဲ့၊ သတိကြပ်ကြပ်ထား။

သူက ငြိမ်တွေးနေလိုက်ကာမှပင် သူ့ရှေ့မျက်နှာချင်းဆိုင်အချုပ်ခန်းမှ မိုက်ကန်းကန်းရုပ်နှင့် လူဝံလို မည်းမည်းတုပ်တုပ်အချုပ်တရားခံကြီးတစ်ဦးက ...

"ယော့ကောင် ဒါဂါတ်ချုပ်ကွ ...၊ မင့်အမေလင်အိမ်မဟုတ်ဘူး၊ သိပ်အော်မနေနဲ့ နားကြားပြင်းကပ်တယ်"

ဟု လှမ်းဟောက် လက်ကောက်ကျလိုက်သည်။ လူလည်လုပ်၍ ဘုမှတ်လိုက်သည်။ ပြီးတော့ သူကိုယ်တိုင်က သံတိုင်တံခါးကို လက်ဝါးကြမ်းကြီးနှင့် တဖြန်းဖြန်းစီးချက်လိုက်လျက် "မြတ်နိုးသူရယ် ချစ်မိုးရွာခဲ့တယ်၊ ဘုံကြီးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် ပြော် ... မျက်မှာန်တော် ညှိုးလိုက်ပါနဲ့ မျှော်ကိုးလို့သာ မောင့်မှာနေမိတယ် ..." အစရှိသော သီချင်းကို အသံပြဲကြီးနှင့် ဟစ်ဆိုနေလိုက်ပါ၏။

ကိုဝင်းလတ်ခမျာ သူ့နားနှစ်ဖက်ကို စုံပိတ်လို့သာ ထားလိုက်ရတော့သည်။

ထိုအချုပ်ခန်းလေးတွင် ချေးနံ့ သေးနံ့ရှုူရင်း ခြင်တွေကို သွေးလှူရင်း ဂျပိုးတွေနှင့် နပမ်းသတ်ရင်း တစ်ညတာကုန်ခဲ့ရပါသည်။

နောက်တစ်ရက်ကျတော့ သူ့ကို ရန်ကုန်ထောင်ကြီးချုပ်သို့ ပို့လိုက်ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၇ |

မျှော်လင့်ရင်း၊ မျှော်လင့်ရင်း၊ မျှော်လင့်ရင်းဖြင့် ... ကိုဝင်းလတ်ခမျာ တရားရုံး တရားခွင်ဝယ် အမှုတင် စစ်ဆေးခြင်းခံခဲ့ရပါချေပြီ။

တရားသူကြီးကား သူနှင့် သက်တူရွယ်တူ လူတစ်ယောက်ဖြစ်ပါ၏။

သို့သော် ... တည်ကြည်အေးစက်သော မျက်နှာနှင့် အရာရာကိုတတ်သိနားလည်တတ်သည့် မျက်လုံးများရှိသည်။ ဖက်ဖူးရောင်ခေါင်းပေါင်းတလူလူနှင့်၊ အိုလ်ပက်ကားအနက် စတစ်ဖ်ကော်လာတပ် အင်္ကျီဖြူ၊ ကြက်လျှာဖြူ လည်စီးတို့ဖြင့် ဆုံးစံအတိုင်း ခံ့ညားစွာ ဝတ်ဆင်ထား၏။

သူ့အသံကတော့ လူသေးသလောက် အောင်မြင် ထည်ဝါလှပါသည်။

"ဒီအမှုမှာ ခုအချိန်အထိ တရားခံဟာ ဖြောင့်ချက်ပေးဖို့ ညင်းနေတုန်းဖြစ်တယ်၊ ရုံးတော်အနေနဲ့ တရားခံ ကိုဝင်းလတ်ကို ပြောချင်ပါတယ်၊ ကိုဝင်းလတ် ဂရုစိုက်နားထောင်ပါ ... ကိုဝင်းလတ်ဟာ နှစ်ဦးနှစ်ဖက် အကျိုးမရှိတဲ့အလုပ်ကို လုပ်နေတယ်လို့ ရုံးတော်က ယူဆပါတယ်၊ ဥပဒေကို ရိုသေလေးစားတဲ့ နိုင်ငံကြီးသားတစ်ယောက်မှန်ရင် ... ရုံးတော်ကို ကူညီပေးဖို့ ဝန်မလေးသင့်ပါဘူး၊ တရားခံတစ်ယောက်အနေနဲ့ မှန်တဲ့အတိုင်း ထွက်ဆိုဝန်ခံဖို့ တာဝန်ရှိတယ်ဆိုတာလဲ နားလည်စေချင်ပါတယ်၊ ဒီအမှုဟာဆိုရင်လဲ ရာဇသတ်ကြီးဥပဒေ ၃၀၂၊ ၄၉၇ စတဲ့ ပုဒ်မတွေနဲ့ အကျုံးဝင်နေတာဖြစ်တော့ အမှုမှန်ပေါ်ဖို့ အရေးကြီးလှပါတယ်၊ တရားခံကိုဝင်းလတ်ဖြောင့်ချက်မပေးဘူးဆိုရင်တော့ ... ရုံးတော်က တိုက်ရိုက် စွဲချက်တင် စစ်ဆေးတဲ့စနစ်ကို အသုံးပြုရမှာပါဘဲ၊ တရားနည်းလမ်းနဲ့

www.burmeseclassic.com



တဲ့အတိုင်းဖြစ်ရမှာပေါ့ ... မှန်ရာကိုသာ ဝန်ခံပါ ကိုဝင်းလတ်၊ ဘယ့်နှယ့်လဲ ဖြောင့်ချက်ပေးမလား"

တရားသူကြီးက တရားခံဆိုသည့် အခေါ်စကားတွင် လျှာလိပ်၍ ပြောရင်းဖြင့် ဝင်းလတ်ကို တရားချဖြောင့်ဖျခဲ့ပါ၏။ သို့ပေမယ့် ...ကိုဝင်းလတ်ကတော့ တုပ်တုပ်မျှမလှုပ်။

သည်တော့လည်း ... တရားလိုဘက်မှ တရားသူကြီးကိုယ်စား အစိုးရရှေ့နေ အနေဖြင့် စွဲချက်တင်၍ သက်သေခံပစ္စည်းများ ပြသ၍ စစ်ဆေးပါတော့၏။ အစိုးရရှေ့နေဖြစ်သူမှာ ... ဖြူဖြူဝဝနှင့်လူကြီးတစ်ယောက်ပင်ဖြစ်ကာ၊ ရှေ့နေတစ်ယောက်၏ အဆောင်အယောင် ဂုဏ်အင်္ကျီနှင့်အညီ ဝတ်ဆင်ထားပါသည်။

ကိုဝင်းလတ်မှာ တရားခံဝက်ခြံကလေးထဲမှ လက်ထိပ်တန်းလန်းနှင့် အစစ်ခံရသည်။

တရားလိုရှေ့နေက ရုံးရှေ့သို့ ထွက်လာပြီး၊ တရားသူကြီးစင်မြင့်အောက် စားပွဲပေါ်မှ ကိုဝင်းလတ် မိုးကာအင်္ကျီကြီးကို အများမြင်အောင် မြှောက်ပြရင်း

"ကိုဝင်းလတ်ခင်ဗျား ... ဟော့ဒီ မိုးကာအင်္ကျီဟာ ကိုဝင်းလတ် အမြဲဝတ်နေကျ မိုးကာအင်္ကျီ မဟုတ်လား"

ကိုဝင်းလတ်မှာ လည်ပင်းကို ကြိုးကွင်းစွပ်ခံလိုက်ရသည်ထက် အသက်ရှုကြပ်သွားရ၏။

"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲခင်ဗျ"

"ကောင်းပါပြီ ... ဟုတ်တယ်ဆိုရင် ၁၉၆၀–ခု၊ ဧပြီလ ၃၀–ရက်နေ့ညနဲ့ မေလ ၂–ရက်မနက်ကြားထဲမှာ ဒီမိုးကာအင်္ကျီကို ဝတ်ခဲ့တယ် မဟုတ်လား"

သူက မဟုတ်ဘူးလို့ ငြင်းမည့်မတတ်ဖြစ်သွား၏။ တကယ်တော့လည်း သူတစ်ချိန်လုံး ဂျာကင်အင်္ကျီသာ ဝတ်ခဲ့တာပဲလေ။ ဒါပေမဲ့ သူက အလွယ်တကူ ခေါင်းညိတ်ပြလိုက်မိသည်။

"မှန်ပါတယ်၊ ကျွန်တော့်ဂျာကင်အင်္ကျီကိုတော့ ကုမ္ပဏီမှာထားခဲ့ပြီး တိုက်ပစ်(စ်) စာရေးမလေးကို ပင်းမင်းဆိုင်ပေးခိုင်းခဲ့ပါတယ်။ ဘာကြောင့်ဆို ..."

"မေးတာပဲ တိတိကျကျဖြေပါ၊ ဒီရက်အတွင်း မိုးကာအင်္ကျီဝတ်တယ် မဝတ်ဘူးဆိုတာဘဲ ကျွန်တော် သိချင်ပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ဝတ်ခဲ့တယ်"

လက်နှိပ်စက်လိုက်ရိုက်သံ တဖျောက်ဖျောက်နှင့်အတူ ရှေ့နေကြီးမေးခွန်းမှာ ပြီးသွား၏။ ဝင်းလတ်ကတော့ သူ့ကိုယ်သူ အလစ်မမိရအောင် သတိထားနေလိုက်သည်။ တရားရုံးဆိုတာက စကားတစ်ခွန်း အမှားမခံသူမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးက မိုးကာအင်္ကျီကို စားပွဲပေါ်ပြန်ထားလိုက်ပြီး၊ သူ့ ၃၂-ဘို့ ပစ္စတိုသေနတ်ကို ယူပြခဲ့ပြန်သည်။

"ဒီပစ္စတိုသေနတ်ကို ကိုဝင်းလတ် သိပါသလား"

အား ... သိတာပေါ့။ သူ့သေနတ်ပဲ။ ကိုယ့်ပစ္စည်းကိုယ်မြင်လိုက်ရုံနဲ့ တန်းမှတ်မိတာပေါ့။ ဒါပေမဲ့ ဒီသေနတ် သူ့ဟာပါလို့ ပြောလိုက်ရင် ဘာဖြစ်သွားမလဲ။

စဉ်းစားရပါသည်။ ဒီသေနတ်ကို မသုံးခဲ့တာတော့ သေချာသည်။ ဦးခင်မွေကို သူသတ်ခဲ့ရာ၌ ဦးခင်မွေပိုင် မီးခံသေတ္တာထဲက ခြောက်လုံးပြူးကြီးနှင့်သာမဟုတ်ပါလော။ ငါးကြင်းဆီနှင့်ငါးကြင်း ပြန်ကြော် ထားခဲ့ခြင်းသာဖြစ်သည်။

သူက တိုက်ရိုက် မဖြေသေးဘဲ ...

"သေနတ်ကို ကျွန်တော်ကိုင်ကြည့်ပါရစေ"

"ရပါတယ် ... ကြည့်ပါ ..."

ရှေ့နေကြီးက သူ့ဆီသို့ လျှောက်လာပြီး သေနတ်ပေး၏။ သူက သေနတ်ကို ယူ၍ လက်ထဲမှာ ဆ,ကြည့်သည်။ ဖင်ပြန်ခေါင်းပြန်စစ်ဆေးသည်။ သေချာပါသည်။ သူ့သေနတ်မှ သူ့သေနတ် ...

"ဒါ ကျွန်တော့်သေနတ်ပါပဲ"

"အဲဒီ ခင်ဗျားသေနတ်ကို ဘယ်တုန်းက နောက်ဆုံးတွေ့လိုက်ရသလဲ ကိုဝင်းလတ်"

"လွန်ခဲ့တဲ့ မဒေးနေ့မတိုင်ခင်ည၊ ဗုဒ္ဓဟူးနေ့ညအထိဆိုပါတော့၊ အဲဒီတုန်းက သေနတ်က ကျွန်တော့်ဂျာကင်အိတ်ထဲပါလား ... အဲ မဟုတ်သေးပါဘူး ကျွန်တော် ကောင်းကောင်းတောင် မမှတ်မိတော့ဘူး။ သေနတ်ကို ကိုယ်နဲ့မကွာဘဲ ယူလာသလား၊ ကျွန်တော့်ကား စက်ခန်းထဲက ပစ္စည်းသိမ်းသေတ္တာလေးထဲမှာပဲ ထည့်ထားမိသလားဆိုတာ မသေချာဘူး"

သည့်နောက်တော့ ... ရှေ့နေကြီးက တရားရုံးဝင်းအတွင်းရှိ သူတို့ရုံးခန်း၏ အပြင်တွင် လှမ်းမြင်နေရသော ကိုဝင်းလတ်၏ ဟီးလ်မင်းကားအနီလေးဆီ လက်ညှိုးထိုးပြကာ ...။

"ဟောဟိုမှာရပ်ထားတဲ့ ကားနံပတ် ........ နဲ့ ဟီးလ်မင်းကားနီလေးဟာ ကိုဝင်းလတ်ရဲ့ကားလို့ ကျွန်တော်တို့ သိထားပါတယ်၊ မှန်ပါသလား"

"မှန်တယ် အဲဒါလဲ ကျွန်တော့်ကားပဲ"

ရှေ့နေကြီးက ဆက်မမေးတော့ပါ။ ကိုဝင်းလတ် သက်သာရာရသွားပြီဟု ဆိုရပါမည်။ သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆိုရင် တရားခံဟာ ဖြောင့်ချက်ပေးသလောက်နီးပါးဖြစ်သွားလို့ တော်လောက်ပါပြီ။ ဒါနဲ့အမျှ တရားခံ ကိုဝင်းလတ်အပေါ်မှာ ဆိုခဲ့တဲ့အမှုတွေနဲ့ စွဲချက်တင်နိုင်ပြီထင်ပါတယ်ခင်ဗျာ"

ဟု တရားသူကြီးဘက်လှည့်၍ပြောလိုက်ပြီး ပုဒ်မ,ပုဒ်ညွှန်းတွေ ရွတ်လျက် စွဲချက်တင်ခွင့်ပေးရန် လျှောက်ထားလိုက်သည်။ ရုံးတော်ကို ခေတ္တနားပြီးနောက် တော့ တရားသူကြီးက စွဲချက်တင်ကြောင်း ကြေညာလိုက်ပါလေတော့သတည်း။

ကိုဝင်းလတ်လည်း ရန်ကုန်ထောင်ကြီးမှ အချုပ်ဆောင်သို့ပြန်ရောက်ခဲ့ရ တော့သည်။ ထိုနေ့ညအဖို့ ကိုဝင်းလတ် တော်တော်နှင့် မအိပ်နိုင်ခဲ့ပါချေ။

သောကတွေးတွေ ကုဋေကဋာထဲကမှ သူ့ဇနီးသည်မွေးကို လွမ်းသည့်ဝေဒနာ က အဆိုးဆုံး ...။

အမှုစစ်ရက်အတွင်းမှာတော့ မွေးသာမက ကိုအေးမြင့်တို့လင်မယားနှင့် အပေါင်းအသင်းအချို့ကို ရုံမှာ တွေ့ခွင့်ရသည်။ ဒါပေမဲ့ ... ကိုဝင်းလတ်က မာကြောင်းသာကြောင်းလောက်ထက် ပိုမပြောမိခဲ့။

မွေးတို့နှင့်ဆက်ဆံရာမှာ သတိမလစ်နဲ့။ တရားခွင်မှာ အစစ်ခံရင် သတိမလစ် နဲ့။ ရှေ့နေတွေနဲ့ စကားပြောတုန်းလည်း သတိမလစ်စေနဲ့။ သူ့ကိုယ်သူသာ အမြဲပြောနေမိသည်။ အတတ်နိုင်ဆုံး နှုတ်ပိတ်ထားရင်း သူ့ဆုံးဖြတ်ထားသည်။ ဦးခင်ငွေနှင့် ဓာတ်လှေခါးကြီးအကြောင်းကိုပြောမိမှာ စိုးသောကြောင့်ပဲဖြစ်ပါသည်။

သည်အကြောင်းတွေကို သူကိုယ်တိုင်ဖွင့်မပြောသရွေ့ ဘယ်သူမှသိကြမည် မဟုတ်။ သူနှင့်မဆိုင်သော ဦးသီဟနှင့် မေသကြန်တို့သတ်မှုမှာ အလိုလိုပြီးငြိမ်း သွားမည်လို့သာ သူတွက်ခဲ့သည်။

တကယ်လို့ သူ့ဘက်က ပြောစရာရှိလာလျှင်လည်း ရှေ့နေတစ်ယောက်လုံး ငှားထားတာပဲ။ ရှေ့နေက နာမည်ကျော်ရှေ့နေလေးတစ်ယောက်ဆိုတော့ အားကိုး ရလောက်ပါတယ်။ သူ့ကိုယ်စားခုခံချေပပါစေပေါ့။

သည်လိုနှင့်၊ နောက်ရုံးချိန်းရက်များတွင် ...

တရားခွင်မှ စစ်မေးသမျှ သူတွင်တွင်ငြင်းဖို့ ကြိုးစားခဲ့မိသည်။

မေးခွန်းတွေကတော့ ကြားဖြတ်မေးခွန်းတွေ၊ ထောက်မေးခွန်းတွေ၊ ထောင် ခြောက်မေးခွန်းတွေ၊ အတည်ပြုမေးခွန်းတွေ ... စုံလို့။

"ကိုဝင်းလတ် ... လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ညက ခင်ဗျား ဘယ်ရောက်ခဲ့သလဲ"

"ဒီမေးခွန်းကို ကျွန်တော် မဖြေနိုင်ပါဘူး"

"ဒါဖြင့် ... နောက်တစ်ရက်မေဒေးနေ့ ကြာသပတေးနေ့ညမှာကော ဘယ်မှာ ရှိနေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲကျွန်တော် မဖြေပါဘူး"

သူက ငြင်းရှောင်လွန်းသည့်အဆုံးတော့ တရားသူကြီးကပင် သူ့ရှေ့နေမှ တစ်ဆင့် သူ့ကိုပြန်သတိပေးခိုင်းရသည်။

"တရားခံရှေ့နေကြီးကြားတဲ့အတိုင်း တရားခံက ဘူးမကွယ်ဖို့ သတိပေးပါ၊ အရပ်ထဲမှာ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူးဆိုပေမယ့်၊ တရားခွင်မှာ ဘူးခါတာဟာ ကိုယ့်ကိုယ်ကို ဒုက္ခပေးတာပါပဲ၊ ကိုယ့်မှာရှိတဲ့ခုခံကာကွယ် ပိုင်ခွင့် ဆုံးရှုံးနစ်နာရတာပဲဆိုတာ သဘောပေါက်အောင် ပြောပြပါ"

ဤတွင် ... သူ့ရှေ့နေကလာပြီး တရားသူကြီးကျေနပ်လောက်အောင် သူ့ကို ဘူးမခံရန် ပြောဆိုခဲ့ရ၏။

"တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်မသိတဲ့အကြောင်းတွေမို့ မဖြေနိုင်ဘူး ငြင်းခဲ့ရတာဖြစ်ပါတယ်။ ဒါတွေကို ဆက်မေးနေသမျှလဲ ကျွန်တော့်ပါးစပ်က ဘူးတွေပဲထွက်နေပါလိမ့်မယ်။ အကြောင်းထူးမှာတော့မဟုတ်ပါဘူး။ ဒီတော့ ... ဒီလူသတ်မှုကို ကျွန်တော်ကျူးလွန်တယ်ဆိုကြောင်း သက်သေသက္ခာယပြနိုင်စို့သာ ကြိုးစားပါ၊ ကျွန်တော့်ကို ဆက်မေးမနေပါနဲ့တော့"

သူ့ကို ရုံးထဲမှ ပြန်ခေါ်ထုတ်သွားသည်။ ရက်ခြား၍ ပြန်ခေါ်သွင်းလာသည်။ ရုံးနှင့်ထောင်၊ ထောင်နှင့်ရုံး ကူးချည်သန်းချည်ဖြစ်နေသည်။

သည်အထဲမှ အံ့ဩစရာကောင်းဆုံးတစ်ချက်က သူ့ကိုမှတ်မိသော မျက်မြင် သက်သေတွေရှိနေခြင်းပဲ ဖြစ်ပါသည်။

၄င်းတို့ကတော့ ဦးဖိုးထောင်နှင့် ဒေါ်ညွှန့်အမည်ရှိ ထမင်းဆိုင်ရှင်အဖိုးကြီး လင်မယားပါပေတည်း။

ဘယ်တိုင်းပြည် ဘယ်ရောင်ထဲက ထွက်လာကြတဲ့ မကောင်းဆိုးဝါးကြီး တွေလည်းတော့ ဝင်းလတ်မသိ။

လင်မယားနှစ်ယောက်စလုံးက သူ့ကို ကိုင်မကြည့်ရုံတမယ်။ ခြေဆုံးခေါင်း ဆုံး လှည့်ပတ်ကြည့်ရှုသည်။ မျက်နှာကိုလည်း ဂရုတစိုက် သေသေချာချာကြည့် သည်။

ပြီးတော့ ...

သူတို့အချင်းချင်းပြန်ကြည့်သည်။

နောက်ဆုံး ... အဖိုးကြီးက ထုံ့ပိုင်းထုံ့ပိုင်း တုန့်ဆိုင်းတုန့်ဆိုင်းနှင့် —

"ဟိုလူနဲ့ဒီလူ အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်ချင်းကတော့ အတူတူ ပါပဲ ... ဒါပေမဲ့ ... ရုပ်ချင်းတူမတူပြောရအောင်ကတော့ ဟိုလူကတစ်ချိန်လုံး မိုးကာအင်္ကျီကော်လံထောင်ပြီး သူ့မျက်နှာကို ကွယ်ထားတာဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဝင်းလတ်၏မျက်နှာကို မျက်မှန်ဝိုင်းလေးထဲမှ ပြူးပြဲကြည့်ရင်း အထင်အထင်ဖြစ်နေသော အဖိုးကြီးအား အဖွားကြီးက တရားသူကြီးရှေ့မှာပင် ထပ်ဟောက်လေတော့သည်။

"တော် ... ထမင်းဆိုင်ကြီးတစ်ခုလုံး ဖွင့်ထားပြီး မျက်စေ့မလျင်သေးဘူးဘဲ ... လုကဲခတ် ဒီလောက်ညံ့ရသလား ဟင် ကိုဖိုးထောင် ... ကျုပ်ကျိန်ပြီးပြောနိုင်ပါတယ်၊ သူမှသူအစစ်ပဲ ..."

အဖွားကြီးနှင့် အဖိုးကြီး၏ ပဋိပက္ခက ကိုဝင်းလတ်၏ ရှေ့နေစောင့်နေသော အခွင့်အရေးပဲဖြစ်သွားပါသည်။

"တဆိတ်နေပါအုံး ဒေါ်ညွန့် ... ခင်ဗျားယောက်ျားရဲ့ထွက်ချက်တွေမှာ သံသယအစွန်းလေးတွေ ပေါ်နေပါလားဗျ၊ တစ်အချက် သူတို့ဟာ ညဘက်ကြီး ရောက်လာပြီး ညဘက်ကြီးပြန်သွားတယ်၊ တစ်နေ့လုံးလည်း အခန်းအောင်းနေကြတယ်ဆိုတယ် ... နှစ်အချက် ဟိုလူဟာ သူ့မျက်နှာကို အမြဲကွယ်နေလေ့ရှိတယ်တဲ့၊ အဲဒီလိုရှိတယ်ဆိုထားရက်နဲ့ ခင်ဗျားကျတော့မှ သူပါလို့ ဘာကြောင့်အပ်ချမတ်ချ ပြောနိုင်ရတာလဲ ... ကျွန်တော်မေးတာ နားလည်ရဲ့လား"

ဒေါ်ညွန့်ဆိုသည့်အဖွားကြီးက ရွှေသွားပေါ်အောင်ပြုံးလိုက်၏။

"ဒီလိုပါရှေ့နေကြီးရဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်မှာ အမြင်ချင်း မတူသလို မိန်းမဆိုတဲ့အမျိုးက စပ်စပ်စပ်စပ်နဲ့ ခရေစေ့တွင်းကျ မြင်တတ်တာဆိုတော့ ..."

"ဒီမယ် ဒေါ်ညွန့် သတိပြုဖို့က ရုံးတော်အနေနဲ့ အဓိကအချက်အလက်တွေကိုသာ စိတ်ဝင်စားပါတယ် ... အယူအဆသဘောတရားတွေကို ပြောနေဖို့ မလိုပါဘူး"

သည်မှာပင် တရားလိုရှေ့နေကြီးက တစ်ဘက်စားပွဲမှထ၍ ...

"ကန့်ကွက်ပါတယ် တရားသူကြီးမင်းခင်ဗျား ... တစ်ဘက်က တရားခံရှေ့နေကြီးက ကျွန်တော့်သက်သေနဲ့ လွတ်လပ်ခွင့်ကို ပိတ်ပင်ဖို့ကြိုးစားနေလို့ပါ ... ရုံးတော်က လိုအပ်တဲ့အချက်အလက်တွေအနေနဲ့ကလဲ တရားခံအသုံးပြုခဲ့တဲ့ မော်တော်ကား၊ သေနတ်၊ မီးကာအင်္ကျီစသဖြင့် စုံနေပြီမဟုတ်လားခင်ဗျ"

တရားခံရှေ့နေကလည်း အားကျမခံ ပြန်နှံ့သည်။

"ဒီလိုဆိုရင် တစ်ဖက်က ပညာရှိရှေ့နေကြီးအနေနဲ့ အခုလက်ရှိသက်သေ နှစ်ယောက်ရဲ့ ထွက်ချက်တွေ ဆန့်ကျင်ကွဲလွဲနေတာကိုရော သတိပြုမိမှာပေါ့ ခင်ဗျ၊ တစ်ယောက်က ဟုတ်တယ်၊ တစ်ယောက်က မဟုတ်ဘူး ... ရုံးတော်က ဘယ်ဟာအမှန်လို့ကောက်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါကျတော့ အဖိုးကြီးက ကဗျာကရာ ဒေါကြီးမောကြီး။

"ကျုပ်က မဟုတ်ဘူးပြောလို့လား၊ ဟုတ်တယ်လို့သာ မပြောခဲ့တာပါ"

သည့်နောက် တရားလိုရှေ့နေကြီးက ဉာဏ်ဆင်ပြန်၏။ ရှေ့နေဆိုသည့် လူစား လုပ်သက်ရင့်လာသည်နှင့်အမျှ ဉာဏ်နီဉာဏ်နက် ပိုထုဖ်လာတတ်သည် မဟုတ်ပါလား။ ဝင်းလတ်မှာတော့ တစ်ခါလာလည်း မိုးကာအင်္ကျီ၊ တစ်ခါလာလည်း မိုးကာအင်္ကျီနဲ့ တဆိတ်ရှိဒါပဲ ယိုးမယ်ဖွဲ့နေကြတာပဲဟု စိတ်တိုမိ၏။

"ကိုင်း ... ဒါဖြင့် ဒီပြဿနာရှင်းသွားအောင် ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ကိုဝင်းလတ်ကို မိုးကာအင်္ကျီဝတ်ခိုင်းပြီး အကဲခတ်ကြည့်ကြရင် ပိုပြီး သဲသဲကွဲကွဲ ခွဲခြားနိုင်လိမ့်မယ်ထင်တယ်၊ တရားသူကြီးမင်းခင်ဗျား ... သက်သေထင်ရှားအောင် ကိုဝင်းလတ်ကို မိုးကာအင်္ကျီဝတ်ပြစေချင်ပါတယ်"

သို့ဖြင့် တရားသူကြီး၏ ခေါင်းညိတ်ခွင့်ပြုချက်ဖြင့် ကိုဝင်းလတ်က မိုးကာအင်္ကျီကို ဝတ်ပြရပြန်သည်။ မိုးကာဦးထုပ်ပါဆောင်းလိုက်ရသေးသည်။

"အို ... ဒီလူပဲ ဒီလူပဲ ... ကျွန်မတို့ဆီလာတည်းသွားတဲ့လူဟာ ဒီလူဆိုတာ မှားစရာ လုံးဝမရှိပါဘူးရှင့် ... ကဲ ကိုဖိုးထောင် ... ရှင်လဲကြည့်အုံးလေ၊ သေသေချာချာကြည့်ရင် ဟိုလူနဲ့တစ်ယောက်ထဲပဲဆိုတာ ရှင်မှတ်မိလာမှာပါ"

အဖွားကြီးက မဆိုင်းမတွ အပိုင်ပြောလိုက်ပေမယ့် အဖိုးကြီးကတော့ နှုတ်ခမ်း ကိုက်တွေဝေနေရင်းမှပင် ...

"ပြောရခက်လိုက်တာ မယ်ညွှန့်ရာ ... ငါက စိတ်ထဲရှိတဲ့အတိုင်း ပြောချင် တယ်၊ လိမ်လဲမပြောတတ်ဘူး၊ အမှန်ကတော့ ဟိုလူက တို့ဆီစရောက်ကတည်း ကိုက မှောင်ရိပ်ခိုချောင်ကွယ်လာတာ မျက်နှာလွှဲနေတာ၊ သူ့ကို လူမြင်မခံချင်တဲ့ သဘောနဲ့မဟုတ်လား"

"အို အဲ့ဒါကိုက ရှင့်လူဟာ လူသတ်မှုကျူးလွန်ဖို့ကြံနေခဲ့တာ ထင်ရှားနေ တာပေါ့ ... ကျုပ်တို့သူ့မှတ်မိပြီး ခြေရာခံမလိုက်နိုင်အောင် ရှောင်ကွယ်နေခဲ့တာ သေချာပါတယ် ... ရှင်က နားမလည်ပါးမလည်နဲ့ လျှာရှည်မနေစမ်းပါနဲ့"

အဖွားကြီးနှင့် အဖိုးကြီး တကျီကျီနှင့် အချီအချထဖြစ်ပြန်သည်။

ကိုဝင်းလတ်က အဖိုးကြီး၏ စကားထဲတွင် သူ့အတွက်လွတ်ပေါက်တစ်ခုဝါ သွားသည်ကို တွေ့လိုက်မိသည်ထင်၏။ သူ့ရှေ့နေကိုယ်တိုင်ပင် မတွေ့သော လွတ်ပေါက်ဖြစ်ပါ၏။ သူက အပိုင်တွယ်လိုက်မယ်ဆိုပြီး အဖွားကြီးလင်မယား စကားအတိတ်တွင် ဖမ်းထ၍ ...

"တရားသူကြီးမင်း ခင်ဗျား ... ခုန ဦးဖိုးထောင်ကပြောခဲ့ပါတယ် — ကျွန်တော်ဟာ သူတို့ဆိုင်ထဲကို စရောက်ကတည်းကိုက လူမြင်မခံဘဲ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လွှဲနေပါတယ်တဲ့၊ ကျောက်ကုန်သည် ဦးသီဟဆိုတာက ဆိုင်ရောက်ပြီးလို့ နောက်တစ်နေ့မှတွေ့ရတာဆိုတော့ ဒေါ်ညွန့်ပြောသလို ဦးသီဟကိုသတ်ဖို့အတွက် ကျွန်တော်က ကြိုတင်ကြံစည်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ... ဒီတော့ ... သူတို့ပြောတာ အခြေအမြစ်မရှိသလို လူသတ်သမား ကျွန်တော်မဟုတ်ဘူးဆိုတာ ပေါ်လွင်သွားပြီထင်ပါတယ် ..."

ကိုဝင်းလတ်က အားရပါးရ ထုချေလိုက်ပြီး တယ်ဟုတ်တဲ့ငါပါလားဟု ကျေကျေနပ်နပ်ကြီး ပြန်ထိုင်နေလိုက်ပါသည်။ သူ့စကားကို တရားသူကြီးပင် ခေါင်းညိတ်စဉ်းစားနေခဲ့ရပါသည်။ သို့သော် ... အစိုးရရှေ့နေလုပ်သူက ထလာပြန်ပြီး။

"ခင်ဗျားရဲ့ပြောစကားကို အတည်ယူလက်ခံရမယ်ဆိုရင်တော့ တရားသူကြီး မင်း ခင်ဗျား ... တရားခံဟာ ဦးသီဟကို မသတ်ဘူးငြင်းနေပေမယ့် မြဝတ်မှုံ ထမင်းဆိုင်ကို ရောက်ခဲ့ကြောင်းတော့ ဝန်ခံလိုက်ပါပြီ"

"ဟာ ... ကျွန်တော် အပြောမှားသွားလို့ပါ၊ ဒီလိုကိုမဟုတ်ပါဘူး ..."

"တရားသူကြီးမင်းခင်ဗျား၊ ဝန်ခံတာမဟုတ်ပါဘူးတဲ့ အပြောမှားသွားလို့ပါ တဲ့၊ ကဲ ဘယ့်နှဲလဲ ဆရာကြီး ... ခင်ဗျားတပည့်က သူ့တွင်းသူတူးနေလိုက်ပါရော လားဗျ"

တရားလိုရှေ့နေကြီးက အကျအနကောက်၍ တရားသူကြီးထံအော်ပြောလိုက် ရင်း သူ့ရှေ့နေကိုပါ ဆက်ရိုပါသည်။ ဝင်းလတ်မှာ ဆတ်ဆော့မိသော သူ့ပါးစပ် ကို ဓားနှင့်လှီးပစ်လိုက်ချင်စိတ်ပေါက်သွားပါ၏။ သူသည် ဝက်ခြံလေးထဲတွင် ခေါင်းငိုက်စိုက်ကျနေရသည်။

နှစ်ဘက်ရှေ့နေများ အပြန်အလှန် စစ်ထိုးပွဲဆက်နေသံတွေကို ကြားယောင် ရင်းမှလည်း စိတ်ထဲက ကြိတ်ပြုံးနေခဲ့၏။ တပြိုင်ထဲ၌လည်း သူဝတ်ထားသော မိုးကာအင်္ကျီကြယ်သီးတန်းတစ်လျှောက်ကို လက်ကစားနေမိရာမှ အံ့သြတကြီးပင် ဟစ်အော်မိပါလေသည်။

"အား ... ဒီမှာ ကျွန်တော့်မိုးကာအင်္ကျီ ရင်ဘတ်ကြယ်သီးအလုံးပြုတ်နေတယ် ဗျ ..."

တရားသူကြီးနှင့် ရှေ့နေကြီးများက သူ့အော်သံကြောင့် ဝိုင်းကြည့်လာကြ သည်။ ပြီးတော့ ... တရားလိုရှေ့နေကြီးက လေအေးကလေးလှမ်း၍ ...

"သိပ်လဲ အလန့်တကြားမဖြစ်ပါအုံးနဲ့ဗျာ၊ အဲဒီကြယ်သီးကိုလဲ ကျွန်တော်တို့ ရှာတွေ့ထားပြီးသားပါ"

"ဗျာ ... ရှာတွေ့ထားတယ်ဟုတ်လား၊ ဘယ်ကတွေ့တာလဲ ... ကားထဲက လား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ကားထဲကတွေ့ရမှာလဲ၊ ခင်ဗျားလက်ချက်နဲ့ ဒုတိယမြောက် သေတဲ့ အမျိုးသမီးလက်ထဲကဗျ ... သူ့လက်ထဲမှာဆုပ်ထားတာ"

သွားပါလေရော ... ကိုဝင်းလတ်ရဲ့ မျှော်လင့်ချက်ကလေးတွေ။

နောက်တစ်နေ့ရုံးချိန်းတွင်

သူစာနွယ်ကို တရားလိုပြသက်သေ ၃–အဖြစ် ကိုဝင်းလတ်၏ ရှေ့မှောက် မှာပင် စစ်ဆေးခဲ့ပြန်ပါ၏။ ကိုဝင်းလတ်က နှစ်ညနှင့်တစ်ရက်အတွင်း မိုးကာ အင်္ကျီမဝတ်ခဲ့ပါဟု ငြင်းခဲ့သည့်ပြဿနာနှင့်ပတ်သက်၍ မေးခဲ့ရာမှ ...

"ကျွန်မ ထင်တာတော့ အဲဒီညက ဆရာကိုဝင်းလတ်ဟာ ဂျာကင်အင်္ကျီကြီး ဝတ်ရက်နဲ့ သူ့အခန်းထဲမှာ ကျန်ရစ်ခဲ့တယ်လို့ပါပဲ။ ဒါပေမဲ့ ... သောကြာနေ့ ရုံးပြန်ဖွင့်တဲ့မနက် ကျွန်မရုံးကိုလာတော့ ... ဒီစာလေးကိုတွေ့ပါတယ်"

သူစာနွယ်က ကိုဝင်းလတ် ပင်မင်းဆိုင်ပေးရန် ရေးချိတ်ခဲ့သည့် ဂျာကင်အင်္ကျီ ပေါ်မှ စာလေးကို ထုတ်ပြခဲ့ပါသည်။ ထိုစာအရဆိုတော့ ဂျာကင်အင်္ကျီကို သူမဝတ်ခဲ့ရဘဲ ဗုဒ္ဓဟူးညကတည်းက ရုံးခန်းထဲမှာ ထားပစ်ခဲ့ရာရောက်သွားသည်။

သူငြင်းခဲ့သမျှ အလကားဖြစ်၍၊ သူ့ကိုယ်ပေါ်တွင် မိုးကာအင်္ကျီဝတ်ထား ခဲ့ကြောင်းသာ ထင်ရှားသွားတော့သည်။

သို့ပေမဲ့ သူက စောဒက တက်မိပြန်သေးသည်။

"တရားသူကြီးမင်းခင်ဗျား ... ကျွန်တော်ဟာ ဗုဒ္ဓဟူးနေ့ညက ဂျာကင်အင်္ကျီ ကို ဝတ်ထွက်သွားပြီး၊ သောကြာနေ့မနက်မှာ ရုံးခန်းထဲကို သူစာနွယ်မရောက်ခင် ပြန်လာရာက ပင်မင်းပေးဖို့ ချိတ်ထားခဲ့တယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား"

"ဒီနေရာမှ စဉ်းစားစရာဘဲ ကိုဝင်းလတ်၊ သူစာနွယ် မရောက်ခင် ရုံးကိုလာ ရအောင်က ဒီဂျာကင်အင်္ကျီထားဖို့သက်သက်ပဲလား ... ဒီ့ပြင်ကိစ္စရှိလို့လား"

"ကျွန်တော့်အလုပ် အရေးသိပ်ကြီးနေလို့ ဆိုပါတော့"

"ကဲ ... ဖြစ်နိုင်ပြီပဲထား၊ ခင်ဗျားရောက်နေခဲ့တယ်ဆိုတာ ဘယ်သူက သက်သေလာခံမလဲ"

"ရုံးစောင့် စံငြိမ်းဆိုတာ အဲ့ဒီမနက်က ကျွန်တော်ရောက်နေတာသိပါတယ်"

သည့်နောက်တော့ သူ့ကို ထောင်ထဲပြန်ပို့ထားလိုက်သည်။

နောက်တစ်ခါ ရုံးထုတ်လာသောအခါ၊ စံငြိမ်းနှင့် မျက်နှာချင်းဆိုင်ရ တရားသူကြီးနှင့် ရှေ့နေကြီးက စံငြိမ်းကို မေးခွန်းထုတ်၏။ ပထမတော့ သူတို့အသည်းစွဲ အပ်ကြောင်းထပ်နေပြီသော မိုးကာအင်္ကျီဓာတ်ပြားကြီးဖွင့်သည်။

"စံငြိမ်း မင်းနဲ့ ကိုဝင်းလတ်နဲ့ ရုံးမပိတ်ခင် နောက်ဆုံးတွေ့လိုက်ရတဲ့ည ကိုဝင်းလတ်ဝတ်ထားတာ မိုးကာအင်္ကျီလား၊ ဂျာကင်အင်္ကျီလား"

www.burmeseclassic.com



"ဒါတော့ ကျွန်တော် သတိမထားလိုက်မိပါဘူး ခင်ဗျာ"

ကျေးဇူးတင်ပါတယ် စံငြိမ်းရယ် ... ကိုဝင်းလတ်က တိုင်ပင်ခဲ့သည်မှီသည်။

"ကောင်းပြီ၊ ဒါနဲ့နောက်နေ့ တစ်နေ့လုံးရုံးပိတ်တယ်ကွာ၊ အဲ ... ရုံးပိတ်ပြီး နောက်တစ်ရက်မနက် ... မင်း ရုံးလာဖွင့်တဲ့အခါမှာ ကိုဝင်းလတ်နဲ့ တွေ့ရသေးလား"

"လူကိုတော့မတွေ့ရဘူး ... ဒါပေမဲ့ သူ့ကားရုံးရှေ့မှာ ရပ်ထားတာတွေ့ခဲ့ရပါတယ်"

"ဒါဖြင့် ... ကိုဝင်းလတ် အဲဒီမနက်က သူ့ရုံးထဲမှာ ရှိနေခဲ့တယ်လို့ကောင်းပြောနိုင်သလား"

"ပထမတော့ ရှိလိမ့်မယ်လို့ထင်ခဲ့ပါတယ်။ ဒါနဲ့ ... ကျွန်တော် သူ့ရုံးခန်းကို တက်တောင်ကြည့်ပါသေးတယ်၊ အဲဒီတော့လဲ တံခါးသော့ခတ်ထားပြန်ပါတယ်"

"ကဲ ... မင်းရုံးသွားဖွင့်တဲ့အချိန်ကရော ဘယ်အချိန်လဲ"

"ထုံးစံအတိုင်း မနက် ၆–နာရီလောက်ရှိပါပြီ"

အမေးအဖြေဆုံးတော့ တရားသူကြီးက ဝင်းလတ်ဘက်မြားဦးလှည့်လာသည်။

"ဘာပြောချင်သေးလဲ ကိုဝင်းလတ် ... အဲဒီမနက်က ခင်ဗျား ရုံးခန်းသော့ခတ်ထားပါတယ်တဲ့ ... ကားကိုတွေ့တာတော့ ခင်ဗျား တခြားက မိုးလင်းမှလာရပ်ထားခဲ့ပြီး တစ်နေရာရာ ပြန်သွားနေလို့ဖြစ်မှာပေါ့"

"စံငြိမ်းတို့ရောက်လာတဲ့အချိန်မှာ ကျွန်တော် ကျွန်တော့်ရုံးခန်းထဲမှာရှိနေတာတော့အမှန်ပါပဲ၊ လူလာတံခါးခေါက်တာလည်း ကျွန်တော် သိခဲ့ပါတယ်"

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ဖွင့်မပေးခဲ့လဲ၊ ဒီအချိန်မတော်ကြီး ဘာကြောင့်ရုံးထဲရောက်နေရသလဲ ... ရုံးစောင့်ဖြစ်တဲ့လူတောင် မလာသေးဘဲနဲ့ ဒီရုံးထဲ ဘယ်လိုနည်းနဲ့ ခင်ဗျားဝင်နေသလဲ"

"ဟုတ်ကဲ့ ... ဘာကြောင့်ရောက်ပြီး ဘယ်လိုဝင်ခဲ့ရသလဲဆိုတော့ ..."

ကိုဝင်းလတ်ပါးစပ်မှာ အာစေးထည့်ပိတ်ထားလိုက်သလို ဖြစ်သွားရပါတော့၏။ ချောက်နှုတ်ခမ်းဘေး ကြိုးတန်းလျှောက်မိချေပြီတကား။

သည်တော့လည်း ချောက်ထဲမကျအောင် သူ့ကိုယ်သူ ကြိုးစားထိန်းထားလိုက်ရသည်ပဲပေါ့။

ဘယ်လဲမတိမ်းသာ၊ ဘာလဲနွဲ့မရ။

ပထမတုန်းက မြဝတ်မှုံလူသတ်မှုမှာ သူ့အလိုလိုပြေရှင်းသွားမည်ဟု ထင်ခဲ့သည်။ တကယ့်လက်တွေ့ကျတော့ သူထင်သလောက်မလွယ်၊ ကြိုးသထက်ကြပ် ခက်သထက်ခက်လာသည်ကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မြဝတ်မှုံလူသတ်မှုကလွတ်အောင် ရှောင်မည်ဆိုတော့လည်း ဦးခင်ငွေသတ်မှုမှာ သွားငြိလိုက်ရ၏။ ဦးခင်ငွေသတ်မှုကို မဖော်ပြန်လျှင်လည်း မြဝတ်မှုံလူသတ်မှုနှင့် ခံရပေတော့မည်။

သည်လိုအန္တရာယ်ထောင်ခြောက်နှစ်ဖက်ကြားက တခြားလွတ်ပေါက်ကို ရှာပြန်တော့လည်း လွတ်ပေါက်မရှိ၊ ပိတ်မိနေရပြန်သည်။

ပမာဆောင်ရလျှင် ... သုံးဖက်ရှူး သုံးဖက်သွားနှင့် တောင်တက်ချိတ်ကြီးပမာ အလားပါတကား။

ရဲအရာရှိ ကိုဇော်ဦးကိုစစ်၏။

ကိုဇော်ဦးက မွေးတို့ လူပျောက်လာတိုင်စုံမှအစ၊ ဖမ်းမိပုံအလည် ကိုအေးမြင့်ထံမှ သိခဲ့ရသော ကိုဝင်းလတ်အကြောင်းတွေအဆုံး တင်ပြခဲ့သည်။

ကိုဝင်းလတ် မြာပွေတာတ်သည်။ မြင်းပွဲလောင်း ဖဲကစားသည်။ မြင်းပွဲရှုံး၍ အကြွေးပတ်လည်ဝိုင်းနေသည်။ သည်အကြွေးကိစ္စတွေကိုလည်း ကိုဝင်းလတ်အိတ်မှ သိမ်းယူစစ်ဆေးသော စာရင်းစာအုပ်များအရ သိရသည်ဆို၏။

ထိုစာရင်းစာအုပ်များကိုလည်း ရုံးသို့သက်သေခံတင်ပြ၏။ တချို့စာအုပ်များမှာလည်း စာရင်းလိမ်တွေဖြစ်နေသည်။

ကိုဇော်ဦး၏တင်ပြချက်များအရ အကြွေးထူ၍ ငွေလိုနေသော ကိုဝင်းလတ်သည် ကျောက်ကုန်သည် ဦးသီဟကို သတ်ဖြတ်မည်ဟု ယုံကြည်လောက်စရာ အကြောင်းအချက်ခိုင်လုံလာ၏။ မြာပွေသူအနေနှင့်လည်း အရပ်ပျက်မလေး မေသကြိန်ကို တိတ်တိတ်ပုန်းခေါ်သွား ပျော်ပါး၍ သတ်ဖြတ်ပစ်ကြောင်း အသိုင်းအဝိုင်းအထောက်အကူဖြစ်လာသည်။ ကိုဇော်ဦး၏ တင်ပြချက်မှာ ပြစ်မှုဖြစ်နိုင်စရာအလားအလာ (MOTIVE) ကို ပြဆိုခဲ့၏။ ရုံးတော်မှ ရှာဖွေရရှိခဲ့သော မျက်မြင်သက်သေနှင့် ပစ္စည်းသက်သေ WITNESSES AND CLUES တွေကလည်း ပြစ်မှုကျူးလွန်ကြောင်း သိသာနိုင်သည်။

အလည်တွင် ပြစ်မှုကျူးလွန်ပုံအဖြစ်အပျက်များသာ ကြားလပ်နေ၏။ ဒါကလည်း ကာယကံရှင် ဝင်းလတ်ဖွင့်ပြောမှ သိရပေမည်။ ဝင်းလတ်ကလည်းမပြော။ ရုံးတော်အနေနှင့်လည်း တရားခံကိုယ်တိုင်ဝန်ခံချက်ကို အရေးထားရယူလို၏။ ဝင်းလတ်ကလည်း မပေး။ ခက်နေပါပြီ။

သို့သော် ... ကျူးလွန်စရာ အလားအလာနှင့် ကျူးလွန်ကြောင်း သိသာသော အထောက်အထားများ ရှိနေပြီဆိုလျှင်ပင် တရားခံတစ်ယောက်ကို ပြစ်ဒဏ်ပေးနိုင်ပြီဖြစ်သည်။

သို့ရာတွင် ဥပဒေထုံးစံနှင့်အညီ တရားခံပြသက်သေများကို စစ်ဆေးမေး

www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်ပါသည်။ ကိုဝင်းလက်ဘက်မှ တရားခံပြသက်သေကား တစ်ယောက်တည်းသာရှိ၏။ ထိုတစ်ယောက်ထဲကလည်း ကိုအေးမြင့်၏ ဇနီး၊ ကိုဝင်းလတ်၏ ခယ်မဝမ်းကွဲ မနှင်းဆီသာလျှင်တည်း။

မနှင်းဆီသည် သူ့ကိုစစ်ရန် ခေါ်ထုတ်လိုက်၍ ရုံးတော်ရှေ့မှောက်ရောက်ပြီဆိုသည်နှင့် ကိုဝင်းလတ်ကိုလှမ်း၍ ငိုမလိုရယ်မလိုမျက်နှာထားအသံဖြင့် ...

"ကိုလတ်ရေ ... နှင်းဆီတော့ လူကြီးတွေအားလုံးကို ဖွင့်ပြောလိုက်ပါပြီ ... အဲ့ဒီအမှုဖြစ်တဲ့ညက အိမ်မှာနှင်းဆီနဲ့ ကိုလတ်တစ်ညလုံးအတူရှိနေတယ်ဆိုတာ အသိပေးလိုက်ပြီ ... တရားသူကြီးမင်းရှင့် ... အမှုဖြစ်တဲ့အချိန်က ကိုဝင်းလတ်ဟာ ကျွန်မရဲ့အိပ်ရာထဲမှာ ရောက်နေတယ်ဆိုတာ အတည်ပြောကြားပါရစေရှင်"

မနှင်းဆီ၏ စကားကြောင့် ကိုဝင်းလတ်မျက်စေ့ရှေ့တွင် တိမ်သလ္လာဖုံးသလို လုံးလုံးကြီးမှောင်ကျသွားရ၏။ မနှင်းဆီ ဘယ်လိုများပြောလိုက်တာပါလိမ့်၊ ရူးများရူးနေပလား။ မမျှော်လင့်သော စကားကို မမျှော်လင့်သော နားတွေမှ မမျှော်လင့်စွာကြားလိုက်၍ မမျှော်လင့်သည့် အာမေဋိတ်သံများ တရားခွင်တစ်ခုလုံးလွှမ်းသွားရပါတော့၏။

"မှန်ပါတယ် တရားသူကြီးမင်းခင်ဗျား ... မူလက ကျွန်တော့်တရားခံဟာ အခင်းဖြစ်တဲ့ညမှာ မြဝတ်မှုံထမင်းဆိုင်ကို မရောက်ခဲ့ဘူးလို့သာဆိုပြီး ဘယ်သွားနေတယ်ဆိုတာကို ထုတ်ပြောဖို့ ငြင်းဆန်ခဲ့ပါတယ်။ ဒါဟာလဲ ယခု ရုံးတော်ရှေ့မှောက်မှာ သက်သေစာရင်းသွင်းပြီး ကိုယ်တိုင်လာအစစ်ခံတဲ့ ယောဒီ မနှင်းဆီရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာထောက်ထားလို့သာဖြစ်ပါတယ်။ ဒီတော့ မနှင်းဆီရဲ့စကား မှန်မမှန်ကို ရုံးတော်က အဆုံးအဖြတ်မပေးခင် တွဲဘက်ကာယကံရှင်တစ်ယောက်ဖြစ်တဲ့ ကိုဝင်းလတ်အနေနဲ့ ရုံးတော်ရှေ့မှောက်မှာပဲ အတည်ပြုဝန်ခံစေလိုပါတယ်။ ကဲ ... ကိုဝင်းလတ် ... မနှင်းဆီပြောတာ ဟုတ်တယ်မဟုတ်လား"

သူ့ရှေ့နေကြီးက လမ်းကြောင်း၍ ပေးလိုက်ပါသည်။ ငရဲအိုးနှစ်ခု ဆူပွက်နေသော ဝင်းလတ်၏ ဦးနှောက်တွေက ရုတ်တရက် ဘာပြန်ဖြေရကောင်းမှန်းမသိ။ သူမနည်းကြီး ချင့်ချိန်စဉ်းစားရသည်။ သူသည် ရေနစ်တဲ့လူတစ်ယောက်။ နစ်တာမှ လှိုင်းထန်နေတဲ့ ပင်လယ်ပြင်မှာ တွယ်ရာမဲ့ နစ်မျောရတော့မှာပါ။ သည်အထဲကမှ မနှင်းဆီသည် ရေသင့်ရာပါလာသော အသက်ကယ်ဖောင်လေး တစ်စင်း။ နောက်ဆုံးတော့ ဒီရေမှာ သည်လှေကိုမှ မတွယ်လျှင် ဝင်းလတ်ရေ နင် နစ်သေလိုက်ပါတော့ဟုလို့ သူ့ကိုယ်သူ အားပေးရင်း ...

"ဟုတ်ပါတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူဖြေချလိုက်မိပါတော့သည်။ ဖြေပြီးပြီးချင်း သူ့နောက်ဖက်သို့ မလုံမလဲ လှည့်ကြည့်လိုက်မိသည်။ မွေးသားမှ ကိုအေးမြင့် မျက်နှာဝှက်၍ ဇက်ကျိုးကျသွားသည်ကို ဖမ်းမြင်လိုက်ရ၏။ အို ... သူဘာလို့ ကိုအေးမြင့်ဆိုတဲ့ သူတော်ကောင်းကြီးကို နှိပ်စက်လိုက်ရပြန်ပါလိမ့်။ သူ့စကားတစ်ခွန်းက ကိုအေးမြင့်တို့၏ မိသားစုတစ်ခုလုံးကို မီးလောင်တိုက်သွင်းလိုက်တာပဲ မဟုတ်ပါလား။

သို့နှင့် ကိုအေးမြင့်သည် ခုံတန်းလျားလေးပေါ်တွင် ထိုင်မှိုင်သွားရာက စိတ်ရိုင်းဝင်သွားသလို ဂမူးဂရူးထပြီး မနှင်းဆီအား လက်ညှိုးငေါက်ငေါက်ထိုး၍ အော်ကြီးဟစ်ကျယ် လှမ်းကြိမ်းခဲ့ပါတော့၏။

"တောက် ... မိုက်ရိုင်းတဲ့ မိန်းမကွာ၊ သစ္စာဖောက်လောက်မ မြောက်မထားစရာရှားလို့ ဒီလိုခွေးကောင်ကိုမှ ရွေးခဲ့ရသလားဟင်၊ မင်းဒီလို အကျင့်ယုတ်မယ်မှန်းသာသိရင် ငါသတ်ပစ်တာ ကြာလှပြီကွ။ ခုတော့ကြည့်စမ်း၊ အရှက်မရှိဘာမရှိ လင်ငယ်ဖောနဲ့ လူတောထဲမှာ လာပြောနေလိုက်တာ၊ အေး မင်းတော့ ပြန်မှသိမယ် သိလား"

"အို ... ဒါတွေ ရှင်ပြောစရာ မလိုပါဘူး၊ ကျွန်မသဘောနဲ့ကျွန်မ ကိုမြင့်ရဲ့ ရှင်မကျေနပ်ရင် ကွာပစ်လိုက်"

လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ်က ဖြစ်ရသည်တွင် တရားသူကြီးဖြစ်သူက ဝင်တားဆီးရပါ၏။ အခြေအနေမှန်တိုင်းငြိမ်သွားတော့မှ တရားလိုရှေ့နေကြီးက ပြန်လှန်မေးခွန်းထုတ်ခွင့်တောင်းကာ ...

"ခုမှ မနှင်းဆီတင်ပြသွားတဲ့ အချက်မှာ နားမရှင်းစရာတွေ့ရပါတယ်၊ တရားခံ ကိုဝင်းလတ် မနှင်းဆီအိပ်ရာထဲရောက်နေတယ်ဆိုတာမှာ ဘယ်ညကပါလဲ"

"ကိုဝင်းလတ်ပျောက်တယ်ဆိုတဲ့ ဗုဒ္ဓဟူးနေ့ညကဖြစ်ပါတယ်။ ကျွန်မနဲ့ ကျွန်မယောက်ျားဟာ တစ်ခန်းစီ ခွဲအိပ်ပါတယ်။ ကလေးနှစ်ယောက်နဲ့ အိမ်ဖော်မလေးကလဲ တစ်ခန်းသပ်သပ် အိပ်ပါတယ်။ ကိုအေးမြင့်နဲ့မွေးတို့ ကိုဝင်းလတ်ကို ထွက်ရှာနေတုန်းမှာ ကိုဝင်းလတ်ရောက်လာလို့ ကျွန်မ ခြင်ထောင်ထဲနေတုန်းမှာ ကိုဝင်းလတ်ရောက်လာလို့ ကျွန်မခြင်ထောင်ထဲ ခေါ်သွင်းထားလိုက်တာပါပဲ"

"တရားသူကြီးမင်းခင်ဗျား ... မနှင်းဆီရဲ့ထွက်ဆိုချက်က ဗုဒ္ဓဟူးနေ့ညဖြစ်ပါတယ်။ အချင်းဖြစ်ပွားတာက ကြာသပတေးနေ့ညဖြစ်ပါတယ်။ ဒီကွဲလွဲချက်ကို ရုံးတော်က မှတ်တမ်းတင်ထားဖို့တောင်း ..."

"အို ... အဲဒီ ကြာသပတေးနေ့ညမှာလဲ သူ ကျွန်မအခန်းထဲမှာပဲရှိနေတာပါ"

"ဒါဖြင့် ... တစ်ရက်နဲ့နှစ်ညစလုံး ခင်ဗျားအခန်းထဲမှာ ပုန်းအိပ်ခဲ့တယ်ပေါ့။ ဒါဆိုရင်တော့ မလွန်ဘူးလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ညဘက် မိုးချုပ်တော့မှသာ လာအိပ်တာပါ။ နေ့ဘက်က အပြင်ထွက်နေပါတယ်"

တရားလိုရှေ့နေကြီး၏ ရင့်သီးသော ငေါ့လုံးက မနှင်းဆီအား မထိခိုက်သလိုရှိခဲ့သော်လည်း ကိုအေးမြင့်၏ ရင်ပြင်ကို ကျွဲခတ်သွားသလောက် ပြင်းထန်ခဲ့ပါစေ၏။ ဒါပေမဲ့ ကိုအေးမြင့်က ရှက်ရှက်နှင့်ဘာမှမပြော။ တရားခံရှေ့နေကသာထ၍။

"တရားသူကြီးမင်းခင်ဗျား၊ တစ်ဖက်ကရှေ့နေကြီးဟာ မနှင်းဆီရဲ့အခန်းထဲမှာ ကိုဝင်းလတ် တစ်နေ့နဲ့နှစ်ညစလုံးရှိနေတာကို သဘောကျ လက်ခံလိုက်ဟန်ရှိပါတယ်။ ဆရာဝန်ရဲ့ဆေးစာအရ အလောင်းအသီးသီးအား မစစ်ဆေးခင် နာရီပိုင်းလောက်ကပဲ သေခဲ့ကြရတာလို့ သိရပါတယ်။ ကိုဝင်းလတ် နေ့ခင်းဘက်အပြင်ထွက်နေလို့လဲ ဒီအမှုနဲ့ပတ်သက်စရာ မရှိပါဘူး။ အချင်းဖြစ်ပွားတဲ့ညမှာပဲ မနှင်းဆီနဲ့ရှိနေခဲ့တယ်ဆိုတာ အလီဘိုင် ရပါပြီ၊ ဒီတော့ ... ဒီတစ်ချက်ထဲနဲ့တင် ကျွန်တော့တရားခံကို တရားသေ လွှတ်ပစ်ဖို့ ကောင်းနေပါပြီ"

လျှောက်လဲချက် အရိပ်အမြွက်ပေးလိုက်ပြီးသည့်နောက် တရားခွင်ကို ရက်ချိန်းသတ် ရုတ်သိမ်းလိုက်ပြန်ပါသည်။

သည့်နောက်တော့ ... ကိုဝင်းလတ်ခမျာလည်း ထောင်ကြီးချုပ်သို့ တပ်ခေါက်ခဲ့ရသည်။ ကျားခေါင်းတံခါးမှ ငုံ့ဝင်၍ သံကွန်ချာအထပ်ထပ်ကြားထဲ ပြန်သွားနားလိုက်ရပါတော့၏။

ဒါပေမဲ့ ... ကိုဝင်းလတ်၏ ရင်ထဲမှာ ပျော်သလိုလို မြူးသလိုလိုဖြစ်ခဲ့ရသည်။ မနှင်းဆီ၏ သက်သေခံချက်နှင့် သူ့ရှေ့နေ၏ လျှောက်လဲချက်တို့ကြောင့် အသက်ရှူလမ်းပွင့်၍ မျှော်လင့်ချက်ပေါ်လာရပြီ မဟုတ်ပါလား။

ထို့ကြောင့်လည်း ... ကိုဝင်းလတ်နားတွင် 'တရားခံဝင်းလတ်အား အပြစ်ကင်းစင်ကြောင်း တွေ့ရှိရ၍ တရားသေလွှတ်လိုက်ပြီ'ဟူသော တရားသူကြီးအမိန့်ချသံကိုသာ ကြားယောင်နေခဲ့လျက် ...

သူ အမှုက ကွင်းလုံးကျွတ်လွှတ်ခဲ့ပြီ ... လို့ အိပ်မက်တွေလည်း အခါခါမက်နေလိုက်ရပါတော့သည်။

သူ့အိပ်မက်ထဲက မျှော်လင့်သည့်အတိုင်း၊ တကယ်ရော ဖြစ်နိုင်ပါမတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း | ၁၆ |

တကယ့်တကယ်ကျတော့ ...

မနှင်းဆီက ကိုဝင်းလတ်ကို ဖွက်ထားပေးသည်ဆိုခဲ့ခြင်းမှာ၊ သူတို့ရှေ့နေကြီးနှင့် နှစ်ယောက်ပေါင်းကြိတ်ကြံ၍ လည်စယ်ထွက်ဆိုခဲ့ခြင်းသာဖြစ်၏။

ထိုထက်ရှင်းအောင်ဆိုရပါလျှင် ... ကိုဝင်းလတ်ကို ကယ်ဆယ်ရန် မတရားသက်သေလုပ်ခဲ့မိသည်လို့ဘဲ ပြောရပေတော့မည်။

သည်အဖြစ်ကို ကိုအေးမြင့်မသိခဲ့၍လည်း အာဠာဝကဝင်စီးသလို ဘိန်းဆောင်းခြောက်ပေါက်နှင့် ထွက်မိခဲ့ခြင်းဖြစ်၏။

မနှင်းဆီနှင့် ဝတ်လုံဖြစ်သူက ဖွင့်ပြော၍ သိပြန်တော့လည်း ကြိုတင်မတိုင်ပင်ရကောင်းလားဟု အမျက်တော်ရှ၏။ လူပုံအလည်တွင် အရှက်ခွဲရကောင်းလားဒေါပွလို့မဆုံးခဲ့သလို၊ ကျဆင်းသွားသော ဂုဏ်သိက္ခာကို ပြန်ဆယ်ဖို့ ကြိုးစားသည်။ မွေးက ငိုငိုယိုယို တောင်းပန်သည့်ကြားမှပင်၊ သူက ကြိုးစားသည်။

သည့်အတွက် ကိုအေးမြင့်ကိုလည်း အပြစ်မဆိုသာပါချေ။ ကိုအေးမြင့်သည်ရေနံတွင်းရိုး တွင်းစားမျိုးဖြစ်သလို အခြေကြီးလှသည်။ ရွှေတောင်ကြားလမ်းသို့နေရာတွင် ဧကလေးဆယ်ကျယ်သော ခြံကြီးနှင့် တိုက်နှင့်ကားနှင့်နေ၍ လူမလိုင်ခံအတန်းအစားတွင် ကျင်လည်နေရသူဖြစ်၏။ သူလိုလူက အသက်သာ အသေခံချင်ခံမည်။ အရှက်တော့ အကွဲခံမည် မဟုတ်။

သို့နှင့် ... သူတို့အိမ်မှ အိမ်စေမလေးအား တရားလိုဘက် သက်သေအနေနှင့် ရုံးတင်၍ မနှင်းဆီ၏ ထွက်ချက်ကို ချေဖျက်နိုင်းခဲ့ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အချင်းဖြစ်ပွားစဉ်ကာလအတွင်း ကိုဝင်းလတ် သူတို့အိမ်သို့ မလာပါ၊ ကိုအောင်မြင့်နှင့် မွေးတို့မှာလည်း နှစ်ညစလုံးအပြင်သွားမနေပါ ... ဟု ထွက်ဆိုခိုင်းခဲ့သည်။

ထိုသောအခါ ... မနှင်းဆီမှာလည်း တရားခံ၏ လွတ်ရာလွတ်ကြောင်း လိမ်ညာပြောမိခဲ့ပါသည်လို့ ဝန်ခံရသည့်ဘဝသို့ ရောက်သွားရပါတော့၏။

နိဂုံးချုပ်အားဖြင့် ... ကိုဝင်းလတ်၏ မျှော်လင့်ချက်ကမ္ဘာကြီး အစိပ်စိပ်အမွှာမွှာ ပေါက်ကွဲပျက်စီးခဲ့ရပါလေပြီတည်း။

ရုံးချိန်း ရုံးချိန်းနှင့် ချိန်းပြီးရင်း ချိန်းရင်း ... ယမန်တွေလည်း အထပ်ထပ်ကြာခဲ့ရပါလေပြီ။ အမှုကတော့ မဆုံးသေး။

သူကလည်း ခုချိန်ထိ ငြင်းနေမိဆဲ။

"အိုဗျာ ... ခင်ဗျားတို့ပြောတဲ့စော်ဘွားကြီးကုန်းက မြဝတ်မှုံထမင်းနဲ့ တည်းခိုဆိုင်ဆိုတာ ရောက်ဖူးဖို့မပြောနဲ့၊ ဘယ်လိုသွားရတယ် ဘယ်မှာ ရှိတယ်ဆိုတာတောင် ကျွန်တော် မသိဘူး"

ထို့နောက်တော့ ... ဘာအဓိပ္ပာယ်မှန်းလည်း ဝင်းလတ်မသိ။ သူတို့က ထူးထူးဆန်းဆန်းအလုပ်တစ်ခုလုပ်ခိုင်းပြန်သည်။ ဝင်းလတ်ကို ဝက်ခြံထဲမှ ထုတ်သည်။ မိုးကာအကျီကြီးဝတ်ပေးသည်။

တရားသူကြီးက ခုံမြင့်ကြီးမှ လှမ်းပြောကြားသည်။

"ကဲ ... ကိုဝင်းလတ်၊ ခင်ဗျားဟာ ခင်ဗျားကားထဲမှာ ထိုင်နေတယ်ဆိုပါတော့ ခင်ဗျားဘေးနားမှာလဲ အမျိုးသမီးလေးတစ်ယောက်ရှိနေပြီထား၊ အဲ ... ကားက ရပ်ထားတာနော်၊ ဒီတော့ ... ခင်ဗျားဘေးက အမျိုးသမီးကို လက်ထဲက သေနတ်နဲ့ ချိန်ထားရာက ပစ်လိုက်စမ်း ... နှစ်ချက်ဆင့်ပစ်လိုက်"

သူက ခိုင်းတဲ့တိုင်း လိုက်လုပ်မိသည်။ ဘေးကို ထိုးချိန်လိုက်ပြီး မောင်းညှစ်ချလိုက်သည်။ ချောက်ခနဲ၊ ချောက်ခနဲ။

"သူမောင်းဆွဲပုံက နှေးနေတယ်၊ နှစ်ချက်စလုံးတော့ ဆက်မထိနိုင်ပါဘူး၊ မိန်းခလေး အလောင်းဒဏ်ရာက ကျည်ဝင်ပေါက်ချင်း သိပ်ကွာလှတာမဟုတ်ပါဘူး။ ဒီတော့ တကယ်လက်သွက်တဲ့လူက စိမ်ပြေနပြေပစ်သွားတာဖြစ်ရမယ်၊ ကိုဝင်းလတ်ပစ်ပုံမျိုးနဲ့ဆိုရင်တော့ တစ်ဖက်က သေနတ်ကိုလုဖို့ ပုတ်ချဖို့အထိ အရေးရနိုင်သားပဲ"

"ဒါပေမဲ့ ... တစ်ချက်ပြီးမှ တစ်ချက် ပစ်ချခဲ့တာကော မဖြစ်နိုင်ဘူးလား တရားခံရှေ့နေကြီးရဲ့၊ ပထမတစ်ချက် ထိသွားပြီး ကြောက်အားလန့်အား ရုန်းကန်ရင်း ဆွဲမိဆွဲရာ ဆွဲရာက ကောင်မလေးလက်ထဲ မိုးကာအကျီကြယ်သီး ပြုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သွားတာ မဟုတ်လား၊ ဒီနောက်မှ နောက်တစ်ချက်ထပ်ပစ်ပြီး မသေသေအောင် သတ်လိုက်မယ်ဗျာ"

သည်လိုနှင့် ရှေ့နေကြီးတွေ အငြင်းပွားကြရပြန်သည်။ သေနတ်ကို ဝင်လုလို့ ပစ်လိုက်တာလား၊ သွေးအေးအေးနှင့် ပစ်ခဲ့တာလား ဒါမှတဆင့် အမှု၏အလေး အပေါ့နှိုင်းဆတွက်ချက်ကြလိမ့်ဦးမည်။ သေနတ်ပစ်နေစဉ် သူမျက်နှာသွင်ပြင်ကို ကြည့်၍လည်း လူတစ်ယောက်အသက်ကို ရက်ရက်စက်စက်သတ်ဝန့် မသတ်ဝန့် အကဲခတ်ကြဦးမည်ထင်ပါရဲ့၊ ဝင်းလတ်မှာ နဂိုရိုကမှ စိတ်တွေ ထွေပွေ နေရသည့်အထဲ သူတို့တွေ အာချောင်နေတာကြောင့် ခေါင်းနောက်လာရသည်။ သည်ကြားထဲမှ တရားသူကြီးက နောက်တစ်ကြိမ်ထပ်စမ်းသည့်အနေနှင့် အော်ပြော လိုက်သည်။

"ဟေ့ ကိုဝင်းလတ် ... ဘာငိုင်နေတာလဲ ... ရှေ့မှာ မေသကြန် ပစ်လေ ... ပစ်လေ ... ပစ်လိုက်လေ ..."

ကိုဝင်းလတ်လည်း ကြောင်တက်တက်ကြီးဖြစ်နေရာမှပင် ဖြုန်းခနဲခုန်ထ လိုက်ပြီး ပြောင်းဝကို တရားသူကြီးမျက်နှာတည့်တည့်သို့ ဟန်နှင့်ပန်နှင့်မြှောက် ချိန်လိုက်ရင်း တပြိုင်ထဲ ဒိုင်းသြောင့်ဟု ပါးစပ်က ကျူးအော်ပစ်လိုက်တော့သည်။

ဝင်းလက်လုပ်ပုံကြောင့် တရားခွင်တစ်ခုလုံး ဝါးလုံးကွဲရယ်ချလိုက်ရသည်တွေ ဝေါခနဲနေသွားသည်။

တကယ်စင်စစ် တရားသူကြီးက သူ့ကို ခလုတ်ဆွဲ၍ ပစ်ခိုင်းခြင်းမျှသာဖြစ် ပါ၏။ ခုတော့ ... သူက ခလေးတွေ သူခိုးပုလိပ်လုပ်တမ်းကစားရင်း ပါးစပ် သေနတ်ပစ်သလို ပစ်ခဲ့ခြင်းပါပေတည်း။

ဝင်းလတ် ရူးကြောင်ကြောင်ဖြစ်သွားရပါပြီတဲ့။ သြော် ... ဖြစ်မှဖြစ်ရလေ ဝင်းလတ်ရယ်။ ဆရာဝန်တစ်ယောက်ရောက်လာပြီး ဆေးတစ်လုံးထိုးပေးလိုက် တော့မှ အိပ်မောကျသွားရရှာသည်။

နောက်တစ်နေ့တွင် တရားသူကြီးနှင့် ဆရာဝန်များလာ၍ သူ့ကျန်းမာရေးကို စစ်ဆေးကြရသေးသည်။ စိတ္တဇရောဂါဝေဒနာရှိကြောင်းနှင့် အားဆေးတွေထိုး ပေးသွားသည်။ စိတ်ဓာတ်ကျနေသူတစ်ယောက်အတွက် အားဆေးသည် ဘယ်မျှ အသုံးကျပါဦးမည်နည်း။

"ကဲ ... ဒီနေ့တော့ အမှုစစ်ရက် အဆုံးသပ်မဲ့နေ့ဆိုတော့ ... ကိုဝင်းလတ်ကို အံ့သြစရာလေးတစ်ခုပြရဦးမယ်'

တရားသူကြီးထံမှ ပြခဲ့သည်က မိန်းမပျိုတစ်ယောက် ဓာတ်ပုံလေးတစ်ပုံ ဖြစ်ပါသည်။ ထိုမိန်းမပျိုက ရွှေသမင်မျက်လုံးလေးများနှင့် ပုံမည်ကျော့ ရှပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတစ်ယောက်၏ နှာမည်ကျော် နှုတ်ခမ်းလေးမျိုးနှင့်၊ ပိုနီတေးလ်ဆံပင် ပုံစံနှင့်။

ကိုဝင်းလတ်သည် ဓာတ်ပုံကိုစေ့စေ့ကြည့်လျက်မှ တရားသူကြီးကို ပြန်မေးခွန်းထုတ်မိသည်။

"ကျွန်တော် သူ့ကိုသိလို့လား"

တရားသူကြီးလုပ်သူက ခေါင်းတညိတ်ညိတ်ပြုံးလိုက်ရင်းက ...

"ခင်ဗျား သူ့ကို သတ်ခဲ့တာပဲဟာ ..."

ဝင်းလတ်၏ ရှေ့နေက တစ်စုံတစ်ရာဝင်ပြောမည် ပြင်လိုက်သေးသည်။ တရားသူကြီးက အသာငြိမ်နေရန် လက်ဖဝါးရမ်းပြလိုက်ကာ ဝင်းလတ်ကို တဆက်တည်း ရှယ်စူး၍ ...

"ကိုဝင်းလတ် ... ဓာတ်ပုံရှင်မိန်းခလေးကို လုံးဝမမှတ်မိဘူးလား၊ ခင်ဗျားကို သူနဲ့အတူတွေ့ခဲ့တဲ့ မျက်မြင်သက်သေသုံးယောက်တောင် ရှိနေတယ်နော် ... အဲဒီသုံးယောက်က ... ထမင်းဆိုင်ရှင်လင်မယားရယ်၊ ခင်ဗျားဇနီးမွေးရယ်ပါပဲ၊ မွေးကို ခေါ်ပါ"

မွေး ... မွေး ... မွေး ...

ကိုဝင်းလတ်တစ်ကိုယ်လုံး လျှောင်ကျသွားရပါတော့၏။ ထို့နောက် ... ကိုအေးမြင့်ကာတစ်ဖက်မှ ဖေးတွဲလျက် မျက်လွှာချဝင်လာသော မွေးကိုတွေ့ရပါ၏။

တရားသူကြီးပြသော ဓာတ်ပုံကို မွေးကကြည့်ပြီးသည့်အဆုံး "ကိုဝင်းလတ်ရဲ့ ကားထဲမှာ ကျွန်မတွေ့လိုက်တဲ့ မိန်းခလေးနဲ့ တစ်ယောက်ထဲပါပဲ"

မွေးက တည်ငြိမ်အေးစက်သော လေသံဖြင့် တိုးတိုးညင်းညင်းလေးမျှ ဖြေခဲ့ရှာပါသည်။ ကိုဝင်းလတ်က အလုအယက်လှမ်းမေးလိုက်မိသည်။

"မွေး ... မင်း ဘာတွေလျှောက်ပြောနေတာလဲကွ၊ ဟော ... ဒီမယ် မင်း မင်း ... သိထားဖို့က မောင်ဖြစ်သမျှဒုက္ခသုခတွေအားလုံးဟာ မင်းအတွက်ကြောင့်ပါကွ ..."

ဒါပေမဲ့ မွေးက ကိုဝင်းလတ်ပြောခဲ့သည့်စကားတွေကို နားမလည်ခဲ့သလို ကြောင်စီစီလေးဖြစ်သွားရင်းမှသာ တရားသူကြီး၏ အမေးကို ပြန်ဖြေခဲ့ရှာပါ၏။

"ကျွန်မ ဒီအမျိုးသမီးကို ဘာကြောင့်မှတ်မိသလဲဆိုရင် ... သူ့ဆံပင်က ပိုနီတေးလ်ပုံစံဖြစ်နေတာ မြင်ခဲ့ရလို့ပါပဲရှင်"

သည်လိုနှင့် ... မွေး၏အစစ်ခံချက် ပြီးဆုံးသွားရပြီဆိုမှ၊ မွေးက ကိုဝင်းလတ်ဘက်လှည့်လာသည်။ ကိုဝင်းလတ်ရှေ့ကပ်လာသည်။ လက်ထိပ်ခတ်ထားခြင်းခံရသော ကိုဝင်းလတ်၏ လက်အစုံကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လာ၍...

www.burmeseclassic.com

www.burmeseclassic.com



"မွေးကို ခွင့်လွှတ်ပါ ကိုကို ... မွေးတကယ်မြင်တာမို့ မြင်တဲ့အကြောင်းနဲ့သာ ပြောခဲ့ရတာပါ။ ပထမတော့ မွေးမပြောတော့ဘူးလို့ပါပဲ၊ ဒါပေမဲ့ ... ကိုကိုသိတဲ့အတိုင်း မွေးဒီလို ရုံးတွေ ဂါတ်တွေ တစ်ခါမှလဲ ရောက်ဖူးတာမဟုတ်တော့ စိတ်ထဲက ငြင်းမယ်ကြံပေမဲ့ ပါးစပ်က ငြင်းလို့မရဘူးဖြစ်နေတယ်။ ခုထက်ထိ မွေး ဒူးတွေ တုန်နေရတုန်းပါ ကိုကိုရယ်"

"တော်စမ်းပါ မွေးရာ ... သေတော့မှ လွမ်းသူ့ပန်းခွေပို့မနေပါနဲ့တော့။ မင်း ... မင်း ... ငါ့အရင်က ပွေခဲ့မိုက်ခဲ့ရကောင်းလားဆိုပြီး ဂလဲ့စားပြန်ချေခဲ့တာပဲ မဟုတ်လား ဟင်"

"မဟုတ်ရပါဘူး ကိုကို၊ တကယ်စင်စစ် မွေး ကိုကို့ကို ဘယ်တော့မှ မမုန်းပါဘူး၊ ကိုကို့ကို မွေး ... ခုထိ ချစ်နေရတုန်းပါ ကိုကိုရယ်။ မွေးပြောတာကို ယုံပါနော် နော် ..."

"ယုံပါတယ် မွေး ... မင်းငါ့ကို အသေသတ် ချောက်တွန်းခဲ့တယ်ဆိုတာတော့ ယုံပါတယ်"

"အို မွေးကို ကိုကို အထင်လွဲနေပါလားကွယ်၊ ကိုကို့အတွက် မွေး — မွေး ဘယ်လိုခံစားခဲ့ရတယ်ဆိုတာတွေ မြင်ခဲ့စေချင်"

မွေးသည် ကိုဝင်းလတ်ကို အသေအလဲ ဖြေရှင်းတောင်းပန်ရင်းကြားမှ ကိုဝင်းလတ်ကလည်း သူ့ဖြေရှင်းချက်ကို ခေါင်းတွင်တွင်ခါနေသည့်အဆုံး၊ မြန်းခနဲ ခွေခနဲ မေ့လဲကျသွားရရှာပါတော့၏။

သည်တော့မှ ကိုဝင်းလတ်ခမျာ လက်ထိပ်ကြီးတန်းလန်းနှင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဝက်ခြံကလေးထဲတွင် ဟိုပြေးဒီပြေးနှင့် ဆွေ့ဆွေ့ခုန်လျက် —

"မွေး ... မွေးရေ ... ဘယ်လိုဖြစ်သွားတာလဲ မွေးရယ်"

လို့သာ တကျော်ကျော်အော်နေမိပါလေသည်။

ကိုအေးမြင့်နှင့် အနီးအနားရှိ လူတွေကလည်း မွေးကို အပြေးအလွှား ဝိုင်းဝန်းပြုစုပြီး၊ တဖြေးဖြေးသတိပြန်လည်လာသည်ဆိုတော့မှ တရားခွင်နောက်ဆွယ်သို့ ခေါ်သွားကြတော့သည်။

ထို့နောက်တော့ တရားလိုရှေ့နေကြီးဖြစ်သူနှင့် မျက်နှာချင်းပြန်ဆိုင်ခဲ့ရပြန်ပါလေ၏။

"ကဲ ... ကိုဝင်းလတ် ခတ်ပုံရှင် မိန်းကလေး ဘယ်သူဆိုတာ မင်းများနည်းနည်းမှ မသိတော့ဘူးလားဗျ ဟင် ..."

"ကျွန်တော် တစ်သက်နဲ့တစ်ကိုယ် လုံးဝမမြင်ဘူးခဲ့ပါဘူး။ သူ ဘယ်သူလဲ လို့"

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူရှာလဲဗျ...အမှုဖြစ်တဲ့အချိန်ပိုင်းအတွင်းက ခင်ဗျားရဲ့တိုးတိုးဆော်ဖြစ်ခဲ့တဲ့ မေသကြိန်ဆိုတဲ့ မိန်းကလေး၊ ခင်ဗျားသတ်လို့ သေခဲ့တဲ့ မိန်းကလေး"

ဒီမယ်ရှေ့နေကြီးခင်ဗျား ... အဲဒီမိန်းကလေးကို အခုသွားခေါ်လာစမ်းပါ၊ ပြီးတော့ သူ့ကိုသတ်တာ ကျွန်တော်လားလို့ မေးကြည့်။ ဒီပြဿနာကို ရှင်းဖို့ ဒီထက်ကောင်းတဲ့နည်းမရှိတော့ဘူး"

တရားလိုရှေ့နေကြီး မျက်ခုံးနှစ်ဖက် ပင့်တက်သွားပုံက သိကြားမင်းနားရွက်တက်ချိတ်တော့မလောက်ပင် ဖြစ်ပါ၏။

နောက်တော့ ... တရားလိုရှေ့နေကြီးက နှစ်ဖက်သက်သေများ၏ ထွက်ချက်အားလုံးကို အခြေခံပြန်လှန်သုံးသပ်ကာ ကိုဝင်းလတ်ပြစ်မှုကျူးလွန် ထင်ရှားနေကြောင်းနှင့် နိဂုံးချုပ်ကောက်ချက်ဆွဲ လျှောက်လွှဲခဲ့တော့သည်။ တဆက်တည်း၌လည်း ပြစ်မှုကျူးလွန်ပုံကို အကြမ်းဖျင်းအားဖြင့် မှန်းဆတင်ပြခဲ့သည်။

၄င်း၏ တင်ပြချက်ကို အတိုချုပ်လိုက်ပါက ...

ကိုဝင်းလတ်သည် မေသကြိန်နှင့် တိတ်တိတ်ပုန်းစခန်းသွားရန် ချိန်တွေ့ခဲ့ရာမှ မြဝတ်မှုံထမင်းဆိုင်သို့ မတော်တဆ ရောက်သွားပြီး ကျောက်ကုန်သည် ဦးသီဟကိုတွေ့သည်။ ငွေလိုနေသော ကိုဝင်းလတ်သည် မေသကြိန်နှင့် ပေါင်း၍ ဦးသီဟကို တိတ်တဆိတ် ဓားထိုးသတ်၍ ပြေးခဲ့ကြသည်။

ထိုနောက်မှ လမ်းတွင် မေသကြိန်ကို သေနတ်နှင့်အသေပစ်ကာ ပုန်းရှောင်ခဲ့တာဖြစ်ရမည်ဟူ၍ပင်ဖြစ်၏။ မေသကြိန်ကို သတ်ရသည့်အကြောင်းတွင်မူ အဝေမတဲ့လို့လား ... မေသကြိန်က ကိုယ်ဝန် ၃-လ ရှိနေသည်ကို ပြဿနာလုပ်ခဲ့၍ပဲလားဟု မသိကြောင်းနှင့် အဆုံးသတ်သွားခဲ့၏။

ဤတွင် ... တရားခံရှေ့နေကြီးကလည်း တရားခံကိုဝင်းလတ်အနေနှင့် နာမည် နေရပ်လိပ်စာတွေကို အတိအကျပေးပြီးမှ ဦးသီဟကိုသတ်ပြေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဟု ချက်ကောင်းကို ထောက်မေးသည်။

တရားလိုရှေ့နေကြီးက လူသည် လောဘလွန်လာလျှင် ဘာမျှဆင်ခြင်စဉ်းစားတော့မည်မဟုတ်ကြောင်း တည်းခိုဆိုင်တွင် ဦးသီဟရှိနေလိမ့်မှန်းမသိခဲ့၍လည်း နာမည်လိပ်စာပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ မျက်မြင်သက်သေနှင့် ပစ္စည်းတွေအရ ကိုဝင်းလတ်သာ လူသတ်သမားဖြစ်ကြောင်း ချေပသည်။

အို ... သူတို့ဘယ်လောက်ပဲ ဘာတွေပြောနေပြောနေ ... ကိုဝင်းလတ်ကတော့ ဒီအမှုကို သူမကျူးလွန်ဘူးဆိုတာ သူ့ကိုယ်သူသိနေသည်။ ဒါပေမဲ့ ပင့်ကူအိမ်ထဲက ပိုးဟပ်တစ်ကောင်ပမာ ဒီအမှုက ဘယ်လိုနည်းနှင့်မှ မလွတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချုပ်မိနေရသည်။ တစ်ပေါက်တည်းသော လွှတ်ပေါက်မှာလည်း ... ကြောက်စရာကောင်းသော ဂျောက်ကဗားကြီးဖြစ်နေ၏။ ထို့အပြင် ... တရားလို ရှေ့နေကြီး၏ တင်ပြချက်များအရ မေသကြိန်သည် ကိုယ်ဝန်သုံးလရှိနေရုံမက ဆင်းရဲနွမ်းပါးလှရှာသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း၊ မေသကြိန်မှာ သောင်းထိုက်စိုးဆိုသည့် ချစ်သူ လူငယ်တစ်ယောက်လည်းရှိ၍ သူ့အိမ်တွင်မရှိဘဲ ခရီးထွက်နေသည်မှာ တစ်လခန့်ရှိပြီဖြစ်ကြောင်း သိခဲ့ရတာလည်း ရှိသေးသည်။

သို့နှင့် ... နောက်ဆုံးတွင် ...

ဦးခင်ငွေသတ်မှုဆိုသည်မှာ ဦးသီဟနှင့် မေသကြိန်ကို သတ်မှုထက်စာလျှင် တော်သေးသည်ဟု နှိုင်းယှဉ်မိပါလေတော့၏။ ဟုတ်တယ်လေ ... ဦးခင်ငွေအ ပေါ်သွားလို့ကတော့ သူက လောဘလွန်လူသတ်သမားသာဖြစ်ရမည်။ ဦးသီဟနှင့် မေသကြိန်ဆိုလျှင်တော့ ရက်စက်လွန်းသော လူမဆန်လွန်းသော ယုတ်မာလွန်းသော ဝိသေသနများချီလျက် အောကြောလန် လူသတ်သမားကြီးဘဝ ရောက်သွား ရပေတော့မည်။

သူ့မှာ ရှိစုမဲ့စု သိက္ခာလေးတွေတော့ ကုန်ရပါလိမ့်မည်။ သူ့အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် ဖြစ်ရပါလိမ့်မည်။

ဆင်းရဲသူမလေး မေသကြိန်ကို ဖျက်လိုဖျက်ဆီးလုပ်၍ ... ကိုယ်ဝန်ကြီး ပါလျက်နှင့် သတ်ပစ်ခဲ့သည်ဆိုသော လူဆိုးတစ်ယောက်ကို ဘယ်သူခွင့်လွှတ်နိုင် ပါဦးမည်နည်း။

ဒါတွေကို သူစဉ်းစားတွေးတောရင်း ခေါင်းရှုပ်မူးဝေနေသည့်ကြားထဲ တရားလိုရှေ့နေကြီးကလည်း ဦးသီဟ၊ မေသကြိန်သတ်မှုကို အမှန်အတိုင်းဝန်ခံ အတင်းအဓမ္မ တောင်းဆိုနေခဲ့လေသည့်အဆုံးတော့ ...

"ဒါဖြင့်လဲ ကျွန်တော် အမှန်အတိုင်း ဖွင့်ပြောပါတော့မယ်"

ကိုဝင်းလတ်၏ နှုတ်မှ လွှတ်ခနဲ ထွက်သွားခဲ့ရပါတော့သည်။ သည်အတွေး သူ့ကိုယ်သူပင် မယုံအံ့သြဖြစ်လိုက်ရပါသေး၏။

တရားလိုရှေ့နေကြီးသည် ပါးစပ်အဟောင်းသားဖြစ်သွားရာမှ ပြန်ပိတ်ဖို့ မေ့သွားရသလိုရှိ၏။ တရားသူကြီးကိုယ်တိုင်ပင် ခုံမြင့်ကြီးပေါ်တွင် လှုပ်လှုပ် ရှားရှားဖြစ်သွား၏။ တရားရုံးတစ်ခွင်လုံးရှိ ပရိသတ်တွေကြားမှာတော့ ပွက်လော ညံနေရလေတော့၏။ လက်နှိပ်စက်လိုက်ရိုက်သံတဖျောက်ဖျောက်ကြားရ၏။

"ဟုတ်ပါတယ်ခင်ဗျာ ... အမှုဖြစ်နေတာနဲ့တပြိုင်ထဲမှာ ... ကျွန်တော်ပါ ကျွန်တော့ ကုမ္ပဏီတိုက်ကြီးထဲက ဓာတ်လှေခါးထဲရောက်နေပါတယ်"

ဝင်းလတ်က ဆက်ပြောခဲ့သည့်နောက် လက်နှိပ်စက်ရိုက်သံပြန်ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။ တရားခွင်တစ်ခုလုံး ငြိမ်ကျသွား၏။ တရားလိုရှေ့နေကြီး၏ ဟနေသဲ ပါးစပ်လည်း ပြန်ပိတ်သွား၏။ တရားသူကြီးက ခုံမြင့်ကြီးပေါ်မှ ကိုယ်ကြွ၍ ရှေ့တိုင်းလာသည်။

"ရုံးတော်ကို လှည့်စားဖို့ကြံဦးမလို့လား ကိုဝင်းလတ်"

တရားသူကြီးဖြစ်သူ၏ အမေးမှာ ကိုဝင်းလတ်၏ ရင်ပြင်ကို တူးဆွ၍ မြှုသိပ်ခံစားရမှုများကို ဖောက်ထုတ်ပေးလိုက်သလို ဖြစ်သွား၏။ ကိုဝင်းလတ်က ဒေါကြီးမောကြီး လက်သီးလက်မောင်းတန်းပြီး ...

"တကယ်ပါဗျ ... ကျွန်တော်သတ်ခဲ့တာက ဦးခင်ဌေး၊ ဦးခင်ဌေးဆိုတဲ့လူကို သာ ကျွန်တော်သတ်ခဲ့တာ ... အဲဒီလို သတ်မိလို့လဲ ဓာတ်လှေခါးထဲမှာ ပိတ်မိနေခဲ့တာ ..."

တရားခွင်ကြီးတစ်ခုလုံး ဟာခနဲဖြစ်သွားရသည့်နောက် ... ကိုဝင်းလတ်က ဦးခင်ဌေးကို သတ်ခဲ့ပုံ၊ ငွေချေးစာချုပ်နှင့်ငွေတွေယူခဲ့ပုံ တိုက်ပေါ်မှပြန်အဆင်းတွင် တောင်တက်ချိတ်ကြီးတန်းလန်းမေ့ထားမိခဲ့ပုံ၊ ချိတ်ကြီးကိုပြန်ဖြုတ်ဖို့ ဓာတ်လှေကားကအသွား လမ်းခုလတ်တွင် မီးပြတ်၍ ဓာတ်လှေကားရပ်သွားပုံတို့မှ အစ မနက်ဘက် စံငြိမ်းတို့လာတော့မှ လွတ်ခဲ့ရပုံတွေအဆုံး အားလုံးကုန်ဖွင့်ချပစ်လိုက် ပါတော့သည်။

တရားသူကြီးနှင့် ရှေ့နေကြီးများမှာ သူပြောခဲ့သည့်စကားများကို စိတ်ဝင် တစားနားထောင်ပြီး ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားဦးမည်ဆိုကာ တရားခွင်ကို နှစ်ရက် ရွှေ့လိုက်ပါသည်။

ကိုဝင်းလတ်လည်း နရသိမ်စံအိမ်ကွန်းသို့ ပြန်မြန်းဝင်စံရပါလေသည်။ တရား ရုံးတော်က ယုံတာမယုံတာအပထား။ သူ့ရင်ထဲမှာ အကြိတ်ကြိတ်အခဲခဲဖြစ်အောင် လွယ်ထားရသော ပြဿနာအထုပ်အထွေးကြီးကို ဖွင့်ထုတ်ပစ်လိုက်ရသဖြင့် တော် တော်တော့ ပေါ့သွားရပြီဖြစ်ပါ၏။

ရင်ငြိမ်း၍ စိတ်အေးသက်သာရသွားခဲ့သည်။

စင်စစ်တော့လည်း သူက အမှန်ကိုဝန်ခံခဲ့သည်မို့ပဲလေ။

နှစ်ရက်အကြာမှ တရားခွင်အတွင်းသို့ ကိုဝင်းလတ်တစ်ယောက် ခေါင်းမော့၍ ခပ်တင်းတင်းပင် ဝင်လာခဲ့မိပါသတည်း။

အမှန်တရားကို ဆုပ်ကိုင်မိပြီဖြစ်တဲ့ သူ့အဖို့တအားတက်နေခဲ့ရခြင်းကြောင်းပဲ ဖြစ်ပါသည်။

တရားလူကြီးလုပ်သူက တရားခွင်စဖွင့်လိုက်သည်ဆိုလျှင်ပင် ကိုဝင်းလတ်၏ စကားအတွက် ထင်မြင်ဆုံးဖြတ်ချက်ပေးပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


"တရားခံ ကိုဝင်းလတ် ကိုဝင်းလတ်ဟာ ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်ခဲ့ပါတယ်လို့ တမြန်နေ့က ဖွင့်ဟထွက်ဆိုခဲ့တာဟာ လက်ရှိရင်ဆိုင်နေရတဲ့ ပြစ်မှုကို လမ်းလွှဲတိမ်းရှောင်ဖို့ ကြံရွယ်ခဲ့တာဘဲလို့ ရုံးတော်က ယူဆပါတယ်"

အိုး ... ဒီလိုပြောလိုက်ရုံလောက်နဲ့ ဝင်းလတ်တို့က စိတ်မပျက်သေးပါဘူး။ ငါ့မှာ မျှော်လင့်ချက်တွေ တစ်ပုံတစ်ခေါင်းကြီးရှိပါသေးတယ်လို့ ဝင်းလတ်အား တင်းထားသည်။ လက်ထိပ်ခတ်ထားတဲ့ လက်နှစ်ဖက်ကို ဝက်ခြံတန်းပေါ်တင်ပြီး ... တရားသူကြီးကို မျက်တောင်မခတ်ကြည့်နေခဲ့မိသည်။

သူ့ပုံက မထုံတက်တေးနိုင်လွန်းလှသည်။ သူ့မျက်နှာကလည်း စွဲနဘဲကြီးစွာ စောင့်စားနေသူတစ်ယောက်၏ မျက်နှာကား။ သူ့ကို စေ့စေ့ကြည့်ရင်း တရားသူကြီးက ဆက်လက်မိန့်ပြောပါသည်။

"ဒါပေမဲ့ ... ကိုဝင်းလတ်ကို အခွင့်အရေးတစ်ခုပေးပါ့မယ်။ အဲ — အဲဒါကတော့ ကိုဝင်းလတ်ရဲ့စကားကို ရုံးတော်က ... တရားဝင်လက်ခံနိုင်လောက်မယ့် သက်သေခံအထောက်အထားပြဖို့ပါပဲ ... ရုံးတော်ကလဲ အဲဒီအထောက်အထားပေါ်မှာ အသက်ညှာဆုံး စဉ်းစားပေးပါ့မယ် ... ဘယ်နဲ့လဲ ပြနိုင်ရဲ့လား ကိုဝင်းလတ် ..."

"ဒါတော့မရှိဘူးခမျ၊ အဲ ... မရှိတော့ဘူး၊ ကျွန်တော် ခုလို မေသကြိန်တို့ သတ်မှုနဲ့ လာပတ်သက်နေရလိမ့်မယ်လို့မှ မသိခဲ့တာ ... ကျွန်တော့်အမှုတို့ ခြေရာလက်ရာတွေ အားလုံးဖျောက်ပစ်တာပေါ့"

သို့ရာတွင် တရားသူကြီးက သူ့ကိုအဆုံးမစီရင်သေးပါ။ တရားလိုရှေ့နေကြီးကိုသာလှမ်း၍ ...

"ကဲ ... ကိုဝင်းလတ်စကားကို ဘယ်လိုသဘောရသလဲ ရှေ့နေကြီး —

"တရားသူကြီးမင်းခင်ဗျား ... ကျွန်တော် ဖြောင့်ချက်ပေးနေတာပါ — တရားခံကိုယ်တိုင်က ဖြောင့်ချက်ပေးနေတာပဲဥစ္စာ ... သက်သေအထောက်အထား ပြစရာတွေ လိုသေးလို့လားဟင် ..."

ဤတွင် တရားလိုရှေ့နေကြီးက ခပ်အေးအေးပင်ထ၍ ...

"သူ့ပြဿနာနဲ့ပတ်သက်လို့ကတော့ တရားသူကြီးမင်း စိတ်တိုင်းကျ ဆုံးဖြတ်နိုင်ပါတယ် ... ကျွန်တော့်အမှုမှာတော့ သူကျူးလွန်တယ်ဆိုတာ သက်သေ အထင်အရှား အထောက်အထားအခိုင်အလုံရှိနေပြီးသားပါ..."

"အို ... အဲဒါတော့ ခင်ဗျားတို့ ကလိန်ကျအမှုဆင်တာဘဲ ကျုပ်က ဘာမသိဘာမသိ ကြားချောင် တန်ဆာခံ ... ခင်ဗျားတို့ မတရားဘူး၊ ခင်ဗျားတို့ ကျုပ်ကို အသားလွတ်ဖမ်းထားတာ၊ ကျုပ်ကို ခုချက်ချင်းလွှတ်မလား၊ မလွှတ်

www.burmeseclassic.com

www.burmeseclassic.com



သွားသား၊ ကျုပ် ဦးခင်ငွေကလွဲလို့ ဘယ်သူမှ မသတ်ခဲ့ဘူး၊ ခင်ဗျားတို့ဟာ ဘာတရားသလဲ ဟင် ...”

“ခင်ဗျားစကားတွေက ရုံးတော်ကို မထီလေးစား စော်ကားရာကျနေပြီ ကိုဝင်းလတ် ... ကျွန်တော်တို့က ဥပဒေဘောင်အတွင်းက လုပ်နေတဲ့လူတွေပါ”

“အိုဗျာ ... ဥပဒေတွေ ဥပဒက်တွေ ကျုပ်နားမလည်ဘူး၊ ရှုပ်တယ် ... ကျုပ်နားလည်တာက ဦးခင်ငွေ ဒါပဲ”

“ကိုဝင်းလတ် ... ဦးခင်ငွေဟာ သူ့သေနတ်နဲ့ သူ့ကိုယ်သူသတ်သေတာမှန်လို့ အမှုတောင်ပိတ်လိုက်ပြီ ...”

“ကျွန်တော် မရူးဘူး၊ ရူးနေတာက ခင်ဗျားတို့မှအစစ်၊ ဦးခင်ငွေ သူ့ကိုယ်သူ သတ်သေတယ်ထင်ရအောင်ကို ကျွန်တော်ကြံခဲ့ပါတယ်လို့ ပြောပြီးသားပဲ”

“အဲဒီလို ကြံခဲ့တယ်ဆိုတာ ထင်ရှားအောင် ခင်ဗျားဘာပြနိုင်တာရှိလို့လဲ ကိုဝင်းလတ်”

ဟုတ်ပါရဲ့ ... ကိုဝင်းလတ် ဘာသွားပြမလဲ။ ဦးခင်ငွေအခန်းထဲမှာ သူ့ခြေရာလက်ရာတွေအားလုံး ခြေမှုန်းဖျက်ဆီးပစ်ခဲ့ပြီးသား မဟုတ်လား။

ဦးခင်ငွေ သူ့ကိုယ်သူသတ်တယ်လို့ ထင်ရအောင်ကိုလည်း ... အပိရိအတိကျဆုံး ဖန်တီးထားပစ်ခဲ့လေတော့ ငိုင်လိုက်ရပေသကော။

မှိုင်လိုက်ရချေပကော။

သူ့ရှေ့နေဖြစ်သူကတော့ ဝင်းလတ်ကို ချောက်ထဲမှကယ်ဆယ်ဖို့ အစွမ်းကုန် ကူညီပါသေးသည်။

“တရားသူကြီးမင်းခင်ဗျား ... ကျွန်တော့်တရားခံ ကိုဝင်းလတ်အနေနဲ့ ဦးခင်ငွေကိုသတ်ကြောင်း သက်သေမပြနိုင်တော့ဘူးပဲထားပါ။ ဦးခင်ငွေ သူ့ကိုယ်သူ သတ်သေတယ်ဆိုတာကရော ထင်ရှားသိခဲ့လို့လား၊ ဥပမာ ... ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသွားတဲ့ အမှုမှန်ရင် ဟိုလူ့မှာ ဒီလူ့မှာနဲ့ ရေးထားခဲ့တဲ့ စာလေးတွေတော့ ရှိတတ်စမြဲပါပဲ၊ ခုဦးခင်ငွေက သူ့ကိုယ်သူသတ်သွားတယ်သာဆိုတယ်။ ဘာစာမှ ရေးမထားခဲ့ပါဘူး။ ဒါဟာ ကိုဝင်းလတ်သတ်ခဲ့လို့ဘဲ ဖြစ်ပါလိမ့်မယ်”

“ဟာ ... ဒါမှန်တာပေါ့၊ တရားခံရှေ့နေကြီးပြောတာ ရာခိုင်နှုန်းပြည့် လက်ခံပါတယ်”

တရားသူကြီးကလည်း လိုလိုချင်ချင်ပင် ထောက်ခံခဲ့ပါလေသည်။ သည်တော့လည်း ... သူ့ရှေ့နေကြီးက ဘာမှမပူနဲ့ ကိုယ့်တပည့် ဆရာတစ်ယောက်လုံးရှိတယ်ဆိုသည့် သဘောမျိုး၊ ကိုဝင်းလတ်အား ခပ်ကြွားကြွားလေး ခေါင်းညိတ်ပြခဲ့သလို၊ ဝင်းလတ်ကိုယ်နှိုက်မှာလည်း ပီတိကလေးဖြစ်သွားခဲ့ရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြွေမှန်လျှင် တွင်းဝင်ဖြောင့်ရမည်။ ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း အရောင်းကား မညစ်။ အမှန်တရားဟူသည် ထားဝရ အလင်းရောင်ပါကလား လို့ ...။

ဒါပေမဲ့ ... အရောင်သန်းလာရုံကလေး ရှိပါသေးသည်။ အမှောင်လွှမ်းခဲ့ရပြန် ပါပြီ။ တရားသူကြီးလုပ်သူက ပြုံးပြုံးလေး မှောင်ချခဲ့ခြင်းကြောင့်သာ ဖြစ်ပါ၏။

"အဲ ... တရားခံရှေ့နေကြီးပြောတာကို ရာနိုင်နှုန်းပြည့်လက်ခံတယ်ဆိုရာမှာ ချွင်းချက်ကလေးတော့ ရှိရပါလိမ့်မယ်၊ ကိုဝင်းလတ်ဟာ ဦးခင်ငွေကိုသတ်ပြီး ဓာတ်လှေကားထဲ ပိတ်မိနေခဲ့တယ်ဆိုမယ့်အစား ငပလီကို နေ့ချင်းပြန်သွား အနားယူတယ်ဆိုရင် ပိုယုတ္တိရှိမှာပေါ့လေ၊ ဆိုလိုတာက ကိုဝင်းလတ်အနေနဲ့ ဦးခင်ငွေကို သတ်ပြီးတဲ့နောက် စော်ဘွားကြီးကုန်း မြဝတ်မှုံထမင်းဆိုင်ကိုရောက် သွားနိုင်စရာရှိနေတယ်။ ကဲ ... ကိုဝင်းလတ် ခင်ဗျားမှာ လက်ရှိလူသတ်မှုနှစ်မှု အပြင်၊ နောက်တစ်မှုထပ်တိုးချင်သေးသလား၊ ဒါမှမဟုတ် ဒီနှစ်မှုထဲနဲ့ပဲ ကျေနပ် မှာလား"

"တရားသူကြီးမင်း မယုံပေမဲ့ ကျွန်တော်ဓာတ်လှေကားထဲမှာ ပိတ်မိနေတယ် ဆိုတာ တကယ်ပါ၊ ဘုရားစူး"

"မယုံဘူးဆိုတဲ့ စကားကို ပြောရင်တော့ ဓာတ်လှေကားထဲ ရောက်နေတယ် ဆိုတာတင်မကာ ဦးခင်ငွေကို သတ်တယ်ဆိုတဲ့အချက်ပါ ပြန်ပါသွားရလိမ့်မယ် ကိုဝင်းလတ်"

တကယ့်လက်တွေ့အားဖြင့်လည်း မယုံနိုင်စရာတွေချည်းဘဲမဟုတ်လား —

"ခင်ဗျားရဲ့လက်နိပ်စက် စာရေးမလေး သူဇာနွယ်က ရုံးမပိတ်ခင် ညနေ ၅–နာရီခွဲက ၆–နာရီခွဲအတွင်းမှာ ခင်ဗျားဟာ ခင်ဗျားရုံးခန်းလေးထဲမှာပဲ ရှိနေတယ်လို့ အခိုင်အမာ သက်သေထွက်သွားတာကို မမေ့ပါနဲ့။ ဖြစ်နိုင်တာက ရုံးကပြန်ပြီးတော့ မြဝတ်မှုံထမင်းဆိုင်ကို ရောက်ခဲ့ကြတာ"

"နေပါဦး ... ကျွန်တော် ဦးခင်ငွေဆီက ယူလာတဲ့ငွေစက္ကူတွေကို ရုံးခန်း အံဆွဲထဲမှာ ထည့်ထားခဲ့တာ ရှိနေသေးတယ်လေဗျာ"

"ရုံးတော်အနေနဲ့ သွားရှာတဲ့အခါမှာတော့ တစ်ရွက်မှမတွေ့ခဲ့ပါလား ကိုဝင်း လတ်"

"ဟာ ... ဒါကတော့ သူဇာနွယ်ခိုးထားလိုက်တာ ဖြစ်မှာပေါ့ ..."

"အဲဒီအတွက် နောက်ကြုံတဲ့အခါမှ သူဇာနွယ်ကို မေးကြည့်လိုက်ပါ၊ ကိုဝင်း လတ်"

"ပြီးတော့ ... တောင်တက်ချိတ်နဲ့ကြိုး"

www.burmeseclassic.com

www.burmeseclassic.com


"တောင်တက်ချိတ်ကြိုးကို ခင်ဖျားပဲ ရန်ကုန်မြစ်ထဲ ပစ်ချလိုက်ပြီဆို"

ဒီအပြင် ငွေရေးစာချုပ်ကိုလည်း ပြာချလိုက်ပါပြီ။ ခေတ်လေ့ကားထဲမှာလည်း ရှင်းလင်းထားခဲ့ပါသည်။ ဦးခင်ငွေအခန်းထဲက လက်ဗွေခြေရာတွေကိုလည်း တက်တက်စင်သုတ်သင်ခဲ့တာဘဲဆိုတော့ ...။ ကဲ ... ကိုဝင်းလတ် ဘာတတ်နိုင်ဦးမလဲ။

ကိုယ့်ရှူးကိုယ်ပတ်နေတဲ့ ဝင်းလတ်။

သနားစရာကောင်းလိုက်တဲ့ ဝင်းလတ်။

ဥပဒေကို တစ်ပတ်ရိုက်ချင်တဲ့ ဝင်းလတ်။

အထက်တန်းစား လူသတ်သမား ဝင်းလတ်။

ဩော် ... ဘယ်ပြေးပြေး၊ မင်း မလွတ်တော့ပါလား ... ဝင်းလတ်ရယ် ...။

ကိုဝင်းလတ်သည် တရားသူကြီးနှင့် ရှေ့ဆက်ငြင်းမနေတော့။ အားလျှော့၍ လက်မြှောက်ပြီး အရှုံးပေးလိုက်ပါတော့သည်။ တရားသူကြီးပဲ မှန်သလား၊ သူပဲမှန်သလားဆိုတာလည်း သူမစဉ်းစားနိုင်တော့ပါချေ။

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက် ငြိမ်ကျသွားသည်။ ဒါပေမဲ့ ... ကြောက်ရမှန်းလည်း မသိတော့။ တုန်လှုပ်ခြင်းလည်း မရှိတော့။

သူ့မျက်လုံးတွေ ကြောင်စီစီဖြစ်နေ၏။ သူ့မျက်နှာကမူ ဖြစ်ပျက်လာသမျှ အရာရာတိုင်းကို ရင်ဆိုင်လက်ခံရန် အသင့်ပြင်လျက် တင်းမာနေခဲ့သည်။ နှုတ်ခမ်းအစုံကလည်း တင်းတင်းစေ့ ပတ်နေပါပြီ။ အသွေးတွေ ခမ်း၍ အသားတွေ ခြောက်ကပ်ကုန်ပြီထင်ရသည်။

သူ့ဦးနှောက်ထဲမှာတော့ လုပ်တာကျန်၊ မလုပ်တာ ခံရတော့မှာပါလား ... ဟူသော အတွေးတွေကသာ ပွက်လောရိုက်နေ၏။

သူ့မျက်လုံးတွေထဲတွင်ကား တောင်တက်ချိတ်ကြိုးကြီးတန်းလန်းနှင့် ကြိုးကွင်းကြီး တွဲလောင်းဆွဲနေသည်များကိုသာ မြင်ယောင်နေလျက် ...

ရုတ်တရက် သူ့တစ်ကိုယ်လုံး တုန်တက်သွား၍ တရားရုံးကြီးတစ်ခုလုံး ဟိန်းထွက်အောင် စိတ်ရှိလက်ရှိ အော်ထွက်လာသည်က ...

"ဇောဗျို့ ဇော ..."

ဟူသော အော်သံကြီးပင်ဖြစ်ပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ချစ်လှစွာသောစာရှုသူ . . .

ဤတွင် ... စာရေးသူ၏ ဇာတ်လမ်းအဆုံးတိုင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ လူတိုင်းတွင် သူ့အကြိုက် ကိုယ့်အကြိုက်ဟူ၍ ရှိကြပါသည်။

ဤဇာတ်လမ်းနှင့်ပတ်သက်၍ ... အချို့သော စာဖတ်သူနှင့် စာရေးသူသဘော ဆန္ဒချင်း ကိုက်ညီကောင်းကိုက်ညီမည်ဟု ယုံကြည်ပါသော်လည်း — အချို့စာဖတ်သူနှင့် သဘောထားကွဲလွဲနိုင်စရာရှိကြောင်း စာရေးသူတွေးမိပါသည်။ စာရေးသူ၏ စေတနာအမှန်မှာ စာဖတ်သူအားလုံး၏ ဆန္ဒကို ဖြည့်စွမ်းနိုင်ရန်သာဖြစ်ပါ၏။

သို့ပါ၍ ... အောက်ပါအတိုင်း ဇာတ်လမ်းကို ပြန်ဆက်ရေးမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၅ |

သောင်းထိုက်စိုး ...

တောင်ကြီးမြို့ ...

ပြီးတော့ ... ညတစ်ည ...

ထိုညကား ကိုဝင်းလတ်အား ဦးသီဟနှင့် မေသကြၤန်သတ်မှုဖြင့် ကြိုးဒဏ်စီရင်ချက်ချခဲ့ပြီး နောက်နှစ်ရက်အကြာမှ ည။

ည ...

ညတို့၏ ထုံးစံအတိုင်း မှောင်ရီဆိုင်းနေပါသည်။ သို့မို့လည်း သောင်းထိုက်စိုး၏ ရှေ့တူရူလမ်းကို လှမ်းမမြင်သာလောက်အောင် ဖြစ်နေရပါသည်။ သည်ကြားထဲမှပင် တည်းခိုအိမ်မှ မိတ်ဆွေ လင့်ရှိဗားကားကိုမောင်းလာရင်း သောင်းထိုက်စိုး အတွေးနယ်ချဲ့လာမိပါသည်။ သူ့မျက်နှာတွင် ကျေနပ်ခြင်းအတိဖြင့် ပီတိတွေ လွှမ်းနေခဲ့သည်။

ဟုတ်တယ်လေ ... သူကျူးလွန်ခဲ့သည့်ပြစ်မှုနှစ်ခုစလုံးမှ မျှော်လင့်အကွက်ဆင်ခဲ့သည့်အတိုင်း တစ်သက်စာလွတ်မြောက်ခဲ့ပြီကောလို့။ သူ့အစား ဝင်းလတ်က တာန်ဆာခံသွားပြီဆိုတာကို ရုံးတင်စစ်ကတည်းက သူဖတ်ခဲ့သော သတင်းစာထဲမှာ မနေ့က တွေ့လိုက်ရပြီ မဟုတ်ပါလား။

သည်တော့ ... နောက်တစ်ရက်ဆိုလျှင် သူ ရန်ကုန်ပြန်ဆင်းပါတော့မည်။ သူမှာပါလာသမျှ ဦးသီဟဆီကရခဲ့သော ငွေတွေမှာလည်း ဖြုန်းလို့ သုံးလအတွင်း ကုန်ခဲ့ပြီမို့ အတော်ပဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သောင်းထိုက်စိုး၏ လင့်ရှိဗာ တောင်ကြီးမြို့အဝင် ကရင်မရေထွက်ကို မှန်မှန်လေးတက်ခဲ့ပြီးနောက် ... ညောင်ပင်သာအနီးအရောက်တွင် ...

သူ့ကားလေး၏ ရှေ့မလှမ်းမကမ်း ကားမီးရောင်အောက်၌ အမျိုးသမီးတစ်ယောက်ထွက်တားနေသည်ကို တွေ့လိုက်ရပါတော့၏။

ထိုအမျိုးသမီးမှာ ကလေးငယ်လိုလို အဝတ်ထုပ်ကလေးကို ပိုက်ထားပါသည်။ မေသကြိန်နှင့်တူလှလွန်းကြောင်း မြင်လိုက်ရသည်နှင့်တပြိုင်နက် ...

သောင်းထိုက်စိုးသည် ကားကို အရှိန်တင်၍ ထိုအမျိုးသမီးကို ဝင်တိုက်ဖို့ကြိုးစားလိုက်မိပါလေ၏။

ဤတွင်ပင် မေသကြိန်က ဖျောက်ခနဲ ပျောက်သွားပြီး သောင်းထိုက်စိုး၏ကားမှာလည်း လမ်းဘေးသစ်ပင်ကြီးကို ဝင်ဆောင့်ခဲ့ရပါလေတော့သည်။ စင်စင်တော့ ... အတိတ်မှ မကောင်းမှုအရိပ်သည် မသိစိတ်တံခါးမှထွက်၍တန်ပြန်ခြောက်လှန့်ခဲ့ခြင်းသာဖြစ်ပါ၏။ ဒါပေမဲ့ ... သူကတော့ မေသကြိန်၏ ဝိညာဉ်တဂလဲ့စားချေခဲ့သည်လို့ပဲ မှတ်စွဲသွားရာမှ ...

စပ်စပ်ထွန်းဆေးရုံကြီးပေါ်တွင် သေလုမျောပါးဒဏ်ရာနှင့် ရောက်ခဲ့ရသည့်အဆုံး ဂယောင်ဂတန်းကြားမှ နောင်တတွေ တပွေ့ကြီးရခဲ့ပါလေတော့၏။ သူက မေသကြိန်ကို တစ်သက်ရယ်လို့သတ်ခဲ့သော်လည်း မေသကြိန်၏ ကိုယ်ဝန်ပါ အပြစ်ကင်းမဲ့ရှာသော သူ့ရင်သွေးငယ်နှင့်ဆိုလျှင် နှစ်သက်ဖြစ်သွားပြီကောနောက် ... ဦးသီဟတစ်သက်ပါ ထပ်ပေါင်းလိုက်တော့ သုံးသက်ဖြစ်ခဲ့ရပါပြီ။ သူ့လောက်ရက်စက်ရိုင်းစိုင်းသူ ဒီဇမ္ဗူမှာ ရှိပါဦးမလား။

စသည်ဖြင့် တွေးခဲ့မိရာမှ မသေခင်ကလေးတင် ရန်ကုန်တွင် ဦးသီဟနှင့် မေသကြိန်ကိုသတ်ခဲ့သည့် သူသတ်သမားမှာ သူသာဖြစ်၍ ကိုဝင်းလတ်မဟုတ်ကြောင်း အဖြစ်စုံကို တရားလူကြီးတစ်ဦးထံတွင် ဖြောင့်ချက်ပေးသွားပါလေ၏။

သို့ဖြင့် ...

သေဒဏ်ကို အယူခံဝင်ထားသော ကိုဝင်းလတ်မှာလည်း ဦးသီဟနှင့် မေသကြိန်သတ်မှုမှ သူ့အမှုမှန်အတိုင်း ဦးခင်ဌေးသတ်မှုသို့ ပြောင်းလွဲခံရပါတော့သည်။ သေဒဏ်မှလျော့၍ ထောင်ဆယ်နှစ်သို့လည်း အသစ်စီရင်ခြင်းခံရပါ၏။

ဆယ်နှစ်တာကို ကျေကျေနပ်နပ်ကြီးခံစားနေခဲ့ရာမှ လွတ်ရက်ကိုမျှော်နေရင်းဖြင့် ၂-နှစ်နီးပါးကြသည့်နောက် ... မမျှော်လင့်သော ဖြစ်ရပ်များနှင့် ဆက်တိုက်ကြုံခဲ့ရပြန်ပါ၏။

၁၉၆၂-တွင် တော်လှန်ရေးအစိုးရတက်လာပြီး ... ၁၉၆၃-ခုနှစ်အတွင်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့ရာမှ ကိုဝင်းလတ်လည်း ရောပါလာရပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆေမဲ့ ကိုဝင်းလတ်၏ဘဝရှေ့ရေးကြမ္မာမှာ ဘယ်သို့ဖန်ရပါလေမည်နည်း။ လူသတ်သမားကြီးတစ်ယောက်ဖြစ်ခဲ့သော သူ့ကို ဘယ်သူက ဂရုဏာ မေတ္တာ ထားကြပါတော့မည်နည်း။ သူဘယ်သွားလို့ ဘယ်လာရမှန်းတောင်မသိတော့ ပါလားကွယ် ...။

ကိုဝင်းလတ်ခမျာ အမျိုးမျိုးတွေးပူရင်း ထောင်ဗူးဝမှ ထွက်ခဲ့လေရာ သူ့မျက်စေ့မှ သူမယုံနိုင်အောင် ဖြစ်သွားရပါတော့သည်။

အို ... ကြည့်စမ်း

သူမမျှော်လင့်ဘဲ သူ့ကို မွေးနှင့် ကိုအေးမြင့်တို့ လာကြိုနေကြပါလားလို့ ကိုဝင်းလတ်နှုတ်ဖျားက လွှတ်ခနဲ အော်ခေါ်လိုက်မိရာမှ ...

"မွေး ..."

"ကိုကို ..."

မွေးသည် ကိုအေးမြင့်တို့နှင့် ဖောက်ဆောလ်ကားလေးဘေးတွင်ရပ်နေရာမှ ကိုဝင်းလတ်ဆီသို့ ဝမ်းသာအားရပြေးလာရှာသလို ကိုဝင်းလတ်ကလည်း မွေးရှိရာသို့ ပြေးလာမိပါ၏။ သူတို့နှစ်ယောက် ရင်ချင်းဆုံမိကြသည့်နောက်တော့ ...

မျက်ရည်နဲ့အပြုံးများ နားလည်မှုဖြင့် လှပသော နှလုံးသားကိုယ်စီမှ မေတ္တာပန်းလေးများ ဤကမ္ဘာအနှံ့ ရန့်ကြိုင်လှိုင်ဝေခဲ့ရပြီပဲ မဟုတ်ပါလား ...။ ●

www.burmeseclassic.com

www.burmeseclassic.com


သင်ဟာ ချစ်ခြင်းမေတ္တာကို မယုံကြည်သူတစ်ယောက်ဆိုရင် ဒီဝတ္ထုကို ဖတ်အပြီးမှာ
ချစ်ခြင်းက ပြောတဲ့ ဘာသာစကားကို နားလည်လာပါလိမ့်မယ်။
သင်ဟာ ချစ်ခြင်းမေတ္တာကို ယုံကြည်သူတစ်ယောက်ဆိုရင်လည်း ဒီဝတ္ထုကို ဖတ်အပြီးမှာ
ချစ်ခြင်းရဲ့ သိမ်မွေ့ လျှို့ဝှက်၊ နူးညံ့တဲ့ ဘာသာစကားကို ပိုပြီး နားလည်လာပါလိမ့်မယ်
'ခရမ်းပြာ'၊ 'နှင်းစက်ရိုဝေ'၊ 'လရိပ်ငယ်' တို့ရဲ့ ချစ်ခြင်းမေတ္တာကို ရေးဖွဲ့ထားတဲ့
လူငယ်စာရေးဆရာမ

**သွေး (စစ်ကိုင်း)** ရဲ့

# 'ခရမ်းပြာ အာနမ်းရှင့် နှင်းစက်များ'

လုံးချင်းဝတ္ထုကို မကြာခင် စာဖတ်ပရိသတ်ဆီ လက်ထဲ ပို့ဆောင်ပေးတော့မှာပါ။



ဝတ္ထုအစကနေ အဆုံးအထိ ဆွဲဆောင်နိုင်တဲ့ ...
သည်းထိတ်ရင်ဖိုမှုတွေကို အမှန်တကယ် ပေးစွမ်းနိုင်တဲ့ ...
ဘဝဆန်တဲ့ လျှို့ဝှက်သည်းဖို ဝတ္ထုတွေ ဖတ်ချင်သူတွေအတွက် ...
ဉပဒေဘက်တော်သား အလွတ်စုံထောက် 'ဇော်ထွန်းအောင်'၊
'ရွှေ' သို့မဟုတ် 'လှမျက်ခြယ်'နဲ့
ဂိုဏ်းရာဇာအဖွဲ့တို့ကြားမှာ ဘာတွေဖြစ်လာမလဲ ...

**စစ်ကိုင်းအေးလွင်** ရဲ့

# 'ဇော်ထွန်းအောင် နှင့် ဂိုဏ်းရာဇာ'

လုံးချင်းဝတ္ထု မကြာခင် ထွက်ရှိလာပါတော့မယ်။


www.burmeseclassic.com